
www.burmeseclassic.com

# လရောင်ကျူးရင်

## အပိုင်ရမှဖြစ်မယ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၈၈)၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်
၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
လရောင်ကျူးရှင့်
အပိုင်ရှမှ ဖြစ်မယ်/ လရောင်ကျူးရှင့်၊ ရန်ကုန်၊
ရွှေသမင်စာပေ၊ ၂၀၁၂။
၂၈၀– စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) အပိုင်ရှမှ ဖြစ်မယ်




BURMESE CLASSIC .com

## အခန်း (၁)

ချစ်တဲ့သူနဲ့ ခွန့်စားမယ်ဆိုသည့် ဆုံးဖြတ်ချက်နှင့် ထွက်လာခဲ့တုန်းက မရှဲ့မတွန့်ပေ။ ဒါပေမယ့် တောရိပ်တောင်ရိပ်နှင့် ဖုန်းဆိုးလမ်းဆိုသည့် ဖုန်တထောင်းထောင်း၊ နွယ်မြက် အစိုအခြောက်နှင့် ထပ်တလဲလဲ မြင်ကွင်းတို့က စိတ်ကို တစ်မျိုးတစ်မည်တော့ ဖြစ်စေ၏။

"ဒီလောက်ထိတော့ မစွန့်စားပါနဲ့ မွေး ရယ် .. တွေ့ကြတာလည်း ဘာမှ ကြာသေးတာမဟုတ်ဘူး၊ သူ့အကြောင်းကို သူ ပြောပြတာထက် မွေး ဘာပိုသိလို့လဲ၊ မိဘနဲ့ ဒီလောက်အဝေးကြီးမှ 'အမလေး' ဆိုရင် ဘယ်သူမှ ဘာမှတတ်နိုင်မှာ မဟုတ်ဘူး၊ မမမိုး လည်း အပြစ်မကင်း ဖြစ်ရမှာ"

မမမိုး သတိပေးတာလည်း သူ ဂရုမစိုက်ခဲ့။ ဒေါက်တာ မိုးမိုးမြတ် က မွေး ရဲ့အစ်ကို မြတ်မင်းဖြူ နဲ့လက်ထပ်တော့မည့် ဓနီးလောင်း၊ ကိုကြီးက စီးပွားရေးလောကမှာ အောင်မြင်သည့်လူငယ်ဖြစ်ကာ မမမိုးကတော့ သူ ဝါသနာပါသည့် ဆရာဝန်အလုပ်နှင့် တာဝန်ကျရာကို မညည်းမညူ လိုက်ပါ ထမ်းဆောင်တတ်သူ ..၊



www.burmeseclassic.com

www.burmeseclassic.com



တို့ကြောင့် လူကြီးချင်း သဘောတူသလို ကိုကြီးတို့ကိုယ်တိုင်လည်း သဘောကျ နှစ်သက်ကြပါလျက်နှင့် ဒီနေ့ထိ လက်မထပ်ဖြစ်ခဲ့ကြပေ။ ခုတစ်ခါ ရန်ကုန်မှာ တာဝန်ပြန်ကျရင်တော့ လက်ထပ်ပေးဖို့ လူကြီးတွေက ကြိုးစားနေကြ၏။ ဖွေး က မမမိုး တာဝန်ကျသည့် မန္တလေးတောပိုင်းက ကျေးသဲရွာမှာ အလည်အပတ်လိုက်လာရင်း ချစ်သူတွေ့ခဲ့၏။

"ဂျိမ်း .."

"အ!.."

ရုတ်တရက် ကားတစ်စီးလုံး ဆောင့်ခုန်သွားသဖြင့် ဖွေး ပစ်စလက်ခတ် ဆောင့်မိကာ စိတ်ကူးတွေလည်း ပြတ်တောက်ကုန်၏။ ပန်းချင်းကပ်ထိုင်နေသည့် ကောင်း က ဖွေး လက်ကလေးကို ဆုပ်ကိုင်လိုက်ပြီး ရယ်ကာ ...

"ဖွေး .. ခေါင်းဆောင့်မိသွားသလား"

"အင်း .. ရပါတယ်"

ဆောင့်မိတာက ခေါင်း မဟုတ်ပေ။ ဘာတွေ ထုပ်ပိုးထားမှန်းမသိသည့် အိတ်ရှည်မာမာကြီးတွေကြားမှာ ထိုင်ရတော့ တင်ပါးကို ဖိကြိတ်တိုက်လိုက်သလို နာကျင်သွားတာ ဖြစ်သည်။

ဒီဘက်မှာ ဒီလိုကားမျိုးတွေပဲ ရှိတယ်ဆိုတော့လည်း မတတ်နိုင်..၊ လမ်းကကြမ်းသလောက် ကားကြီးတွေက အကြမ်းစားတွေ ဖြစ်၏။ ထို့ပြင် လူထိုင်ဖို့ခုံ မပြောနှင့် ဖင်တစ်နေရာကောင်းကောင်း ချထိုင်ဖို့တောင် နေရာက မလွယ် ...။

စီးပွားရေးသမားပုံစံ ခပ်သန့်သန့် ခန့်ခန့်ဆိုလို့ တစ်ယောက်နှစ်ယောက်လောက်ပဲပါကာ တိုင်းရင်းသားတွေပဲ များ၏။

ပစ္စည်းတွေက ကျပ်၊ လူကကျပ်နှင့် တစ်ခါတစ်ခါမှာ ဖုန်တွေအလုံးလိုက် တက်လာသေးသည်။ ရှုံ့မဲ့တာမဟုတ်ပေမယ့် ဖွေး မျက်





နှာလေး ပျက်သွားတိုင်း ကောင်း က လှည့်ကြည့်တက်ကာ ...

"ဖွေး တစ်ခုခု အတွေးလွန်သွားတာ ဖြစ်မယ်၊ ကားဆောင့်တော့မယ်ဆိုရင် သိသာပါတယ်"

"ကောင်း တို့က သွားလာဖူးတော့ သိမှာပေါ့"

"မသွားလာဖြစ်တာ ကြာပါပြီ၊ ကောင်း က တောမှာမွေးပေမယ့် တောမှာ မပျော်ဘူး၊ အဲဒါကြောင့် မန္တလေးမှာပဲ နေဖြစ်တာ များတယ်၊ ဆယ်တန်းဖြေပြီး တစ်ခေါက် ပြန်တယ်၊ နောက်ပိုင်း မရောက်တော့ဘူး၊ ခုမှ ဆွေပြမျိုးပြလေ .. ကိုယ့်မိန်းမ အချောအလှလေးကို .."

သူက ကြည်နူးစရာတွေ ပြောနေနိုင်သေးသည်။ ဖွေး ကတော့ ဒီကား ဘယ်တော့ ဆင်းရမလဲဆိုတာပဲ စိတ်ဝင်စားမိနေ၏။

မြို့မှာ ကားတွေ မော်ဒန်အမျိုးမျိုး ထည့်လဲစီးသည်၊ အရောင်မကြိုက်တာတောင် လဲပေးပါလို့ ချက်ချင်း ပူဆာခဲ့တာ၊ လူကြီးတွေ ဘယ်လိုဆုံးရှုံးခံပြီး ကိုယ့်စိတ်ကြိုက် ဖန်တီးပေးရသလဲဆိုတာ တစ်ချက်မှ တွေးမကြည့်မိခဲ့ ...။ မိတဆိုးလေးမို့ ဒက်ဒီနဲ့ ကိုကြီးက အလိုလိုက်သည်။ လက်ထပ်ဖို့တောင်မှ မမမိုး ကို ဖွေး က ချစ်ပါသည်လို့ ကျေကျေနပ်နပ် လက်ခံမှ ကိုကြီးက ခေါင်းညိတ်ခဲ့တာ ဖြစ်၏။

ခုတော့ ကိုကြီးတို့ သဘောမတူနိုင်မှန်းသိလျက်နှင့် ဖွေး တစ်ကိုယ်ကောင်းဆန်စွာ ဆုံးဖြတ်ပြီး ထွက်လာခဲ့သည်။

ငါ မှားပြီလားဆိုသည့် နောင်တမျိုးတော့ မဟုတ်ပါ။ သို့သော် ကိုယ့်အပေါ် လိုလေသေးမရှိ ငဲ့ညှာဦးစားပေးခဲ့သည့် ဒက်ဒီနဲ့ ကိုကြီးတို့ကို တွေးမိတိုင်း ရင်ထဲမှာ မကောင်း ...။

"ရောက်ပြီ ဖွေး .."

"ဟုတ်လား .."

လူတွေတော့ ဆင်းကုန်ကြပြီဖြစ်ကာ ဘယ်ကိုကြည့်ကြည့် အိမ်လည်း တစ်လုံးမှ မမြင် ...။



www.burmeseclassic.com

www.burmeseclassic.com



"လမ်း နည်းနည်းလျှောက်ရဦးမှာ ဖွေး ရဲ့ .. ဟိုဘက်မှာ ဖုန်သိပ်မရှိပါဘူး၊ ဖွေး မြင်ချင်တဲ့ တောနဲ့ တောအလှတွေကို ခံစားပြီး အေးဆေး လမ်းလျှောက်တာပေါ့၊ မေး .. ဖွေး ရဲ့လွယ်အိတ်"

"နေပါစေ ကောင်း ရဲ့ .. စက္ကတ်တွေ ဘောင်းဘီတွေ ပါတယ်"

"ပါပါစေ ဖွေး ရယ် .. လမ်းခရီး သွားတာပဲဟာ"

အိတ်က သိပ်တော့ မကြီးမားပါ။ ဒါပေမယ့် သူ့မှာ အိတ်နှစ်လုံး ဖြစ်နေတော့ အားနာသည်။

"ကားပေါ်မှာ လူကျန်သေးတယ်နော် .. ပစ္စည်းတွေက ဘယ်မှာ ချမှာလဲ"

ဖွေး က ကားကို မော့ကြည့်ပြီး မေးတော့ ကောင်း က ဖွေး လက်ကိုဆွဲ၍ ထွက်ခဲ့ရင်း ...

"မိုးကောင်းထိ ဆက်သွားမှာပဲ၊ ဟိုဘက်မှာ လမ်းက ဒီ့ထက်ပိုဆိုးတယ်၊ ကောင်း တောင်မှ အဖေက ရှုပ်ရှုပ်ချုံချုံ ဖောက်ထွက်သွားနိုင်လို့ မြို့မှာ အခြေကျ အနေကျ ရပ်တည်နိုင်တာ၊ ဒီဘက်မှာ တောင်ယာအလုပ်တွေ၊ ကျောက်တူးသမားဘဝတွေနဲ့ ရောယောင်ပါသွားရင် ဒီလိုဖြစ်လာမှာ မဟုတ်ဘူး"

လမ်းက လူသွားလမ်းသာသာဖြစ်ကာ ကားသွားထားသည့် လမ်းကြောင်းရာတော့ရှိပြီး ကားလမ်းလည်း မဟုတ်ပေ ...။ ဖွေး တို့ နောက်က လင်မယားနှစ်ယောက်ပုံစံ အထုပ်အပိုးတွေနှင့် ပါလာကြကာ သိပ်မကြာခင် ရှေ့ကို ကျော်တက်ပြီး ပျောက်ကွယ်သွားကြ၏။

"သူတို့က ဘာဖြစ်လို့ ဒီလောက် မြန်မြန်ကြီး သွားနေကြတာလဲ ကောင်း .. လမ်းက သစ်ပင်ရိပ်တွေနဲ့ သိပ်လည်း မပူဘဲနဲ့"

"ဒီလောက် အလေးအပင်တွေ ထမ်းရွက်ထားကြတော့လည်း ဒီလောက်လျှောက်မှ မြန်မြန်ရောက်ပြီး သက်သာမှာပေါ့ ဖွေး ရဲ့ .."

"ကောင်း ရော.. အိတ်တွေနဲ့လေးနေမှာပေါ့၊ ဖွေး ကို ပြန်ပေးပါ"





"မလေးပါဘူး .. ဖွေး မျက်နှာလေး လှည့်ကြည့်လိုက်ရင် ဘာအမောမှ မရှိတော့ဘူး"

ဖွေး က မျက်နှာငုံ့ ရယ်ရင်း ပြုံဆင်းလာသည့် ဆံပင်တွေကို လက်နဲ့ ပြန်သပ်တင်သည်။

"ဖွေး က အရမ်းလှတာပဲကွာ .. ဘုရားကြီးခြေရင်းမှာ မိုးချုပ်ခါနီး အဖြူရောင်ဂါဝန်လေးနဲ့ မြင်လိုက်ရတော့လေ လူမှ ဟုတ်ရဲ့လားလို့ ကောင်း သတိလက်လွှတ် ငေးနေမိတာ"

"ဟုတ်လား .. ဘာနဲ့တူနေလို့လဲ"

"ဥစ္စာစောင့်လို့ ပြောရရင်တော့ မမိုက်ပါဘူး၊ ကောင်း အတွက် ကြွေကျလာတဲ့ ကြယ်ကြွေနတ်သမီးလေးပေါ့"

ဖွေး က ကောင်း ကို ကြည့်ပြီး ရယ်နေသည်။ သူ့ကိုယ်သူ ကောင်း လို့ပဲ ထည့်ပြောတတ်သော လမ်းသစ်ကောင်း သည် ဖြူသွယ်သောကိုယ်ဟန်ရှိကာ မနိမ့်လွန်း မမြင့်လွန်းသော အရပ်အမောင်းဖြင့် လမ်းလျှောက်ပုံကိုက ကြည့်ကောင်းနေတဲ့သူ ...။

လူကိုမြင်ပြီး လမ်းသစ်ကောင်း ဆိုသည့်နာမည်ကို သိလိုက်ရုံနှင့် လူကိုရော နာမည်ကိုပါ ဖွေး နှစ်သက်သွားခဲ့သည်။

မိဘက ကျောက်အရောင်းအဝယ်လုပ်ကာ နေထိုင်ပုံ အသင့်အတင့်နှင့် မကြွယ်ဝရင်တောင် ပြည့်စုံမှုရှိသည့်အသိုင်းအဝိုင်းပဲ ဖြစ်၏။ ထို့ပြင် တချို့ကျတော့ ရှိတာထက် ပိုကြွားတတ်သလို ရှိတာကို မရှိသလိုနေပြီး လူအထင်ကြီးခံရတာကို မနှစ်သက်သူတွေလည်း ရှိတော့ ကောင်း တို့မိသားစုကို ဒုတိယလူတန်းစားထဲမှာ ထားကြည့်မိ၏။

ဘာဖြစ်လို့လဲဆိုလျှင် ကောင်း က ဝတ်စားပုံ စမတ်ကျသည့်ပြင် အရည်အသွေးမြင့် တန်ဖိုးကြီးသော ရတနာတွေကို ထည့်လဲဝတ်နေတာဖြစ်၏။

ယောက်ျားလေးတစ်ယောက်က လက်ဝတ်လက်စား ဝါသနာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးတာ သိပ်တော့မကောင်းပေမယ့် လက်စွပ်နဲ့ ဆွဲကြိုးမှာ လော့ကတ်တပ်ဝတ်တတ်သည့် ကောင်း ကိုတော့ ဖွေး ခွင့်လွှတ်နိုင်ခဲ့၏။ ဒက်ဒီတို့ သဘောမတူလောက်စရာ အဆင့်အတန်းတော့ မဟုတ်ဘူးဆိုတာ ကိုယ့်ဘာသာ အကဲခတ်ပြီး သုံးသပ်ကြည့်လိုက်တာ ဖြစ်သည်။

ထို့ပြင် သူ့မှာ အမေ မရှိတော့သလို ဖွေး မှာလည်း အမိမဲ့မို့ ဘဝခံစားပုံချင်းလည်း တူနေနိုင်၏။

"ဖွေး .."

"ဟင် .."

"ခလုတ်တွေလည်း တိုက်ကုန်ပြီ .. ဘာတွေ စဉ်းစားနေတာလဲ၊ လမ်းကြမ်းကြီးကို ဖြတ်ကျော်ရင်း စိတ်ညစ်နေတာလား ဒါမှမဟုတ် နောင်တရနေတာလား"

ရှေ့မှာ အိမ်ပုံစံ အစုအဝေးလေးတွေကို မြင်နေရပြီ ဖြစ်သည်။ ဒါပေမယ့် လမ်းက ကောင်းကွက်တစ်ကွက်မှ မတွေ့သေးပေ။

"ပြောလေ ဖွေး .. ထွက်လာကတည်းက ဖွေး မျက်နှာ သိပ်မရွှင်ပျသလိုပဲ၊ ကောင်း စိတ်ထင်နေတာလားတော့ မသိဘူး"

"ဒါကတော့ ခုမှ ခိုးရာလိုက်လာတဲ့ဟာ စမ်းတဝါးဝါးခရီးမှာ ချစ်သူကိုကြည့်ပြီး ဘယ်သူက လမ်းနောက်ပြန် လျှောက်ရဲမှာလဲ၊ သတိထားရတာတွေ .. စိုးရိမ်နေတာတွေတော့ ရှိတာပေါ့"

"ကြိုက်သွားပြီကွာ .. ဖွေး ကတော့ တကယ်ပဲ ကောင်း ထင်တာထက် ပိုပြတ်သားတယ်၊ နူးနူးညံ့ညံ့လေး လှသလောက် ပြတ်သားရဲရင့်တယ်"

"ဒီလောက်လည်း အထင်မကြီးနဲ့ ကောင်း၊ ကိုယ် လုပ်ချင်တာ လုပ်လာပြီး ခုမှ အမျိုးမျိုး အားပေးနေရတာ၊ အိမ်မှာ ဖွေး က အငယ်ဆုံးဆိုပြီး တစ်သက်လုံး ဆိုးနွဲ့လာတာ၊ အားလုံးက ဖွေး အကြိုက်ဘာမဆို ဖန်ဆင်းပေးကြတာလေ၊ ကိုယ့်ကျတော့ ဘယ်သူကြိုက်ကြိုက်





မကြိုက်ကြိုက် ထင်ရာလုပ်သလိုကြီး .."

ကောင်း က အိတ်နှစ်ဖက်ကို တစ်ဖက်စီမှာ ချိတ်လွယ်ထားပြီး ဖွေး လက်ကလေးတစ်ဖက်ကိုလည်း လှမ်းကိုင်ကာ ...

"ဒါကတော့ အချစ်နဲ့ ထိတွေ့လာရင် ရင်ဆိုင်ကျော်ဖြတ်ရဲတဲ့ သတ္တိတွေ အလိုလိုရှိလာကြတာပဲ၊ ဖွေး တစ်ယောက်တည်း မဟုတ်ပါဘူးကွာ .. အဖေဆိုရင်လည်း ကောင်း ကို ခုထိ အိမ်ထောင်မပြုစေချင်သေးဘူး၊ သူ့လုပ်ငန်းမှာပဲ ငါးနှစ်လောက် ကူညီစေချင်တာ၊ အချစ်ကိုတွေ့ခြင်း မတွေ့ခြင်းက အချိန်ကန့်သတ်ထားလို့မှ မရတာ၊ ပြီးတော့ ကျောက်တွင်းလုပ်ငန်းဆိုတာ .."

စကားသံနှေးကျသွားကာ ကောင်း က ဆက်မပြောဘဲ ရပ်ပစ်၏။

"ပြောလေ ကောင်း .. ဖွေး က အဲဒါတွေ အရမ်း စိတ်ဝင်စားတာ၊ ကောင်း တို့ရဲ့ အဓိကလုပ်ငန်းက ကျောက်တွင်းလုပ်ငန်းလား၊ အရောင်းအဝယ်သက်သက်လား၊ အဲဒါ နှစ်ခုက အတူတူ မဟုတ်ဘူးလားဟင် .."

ဖွေး သိချင်တာတွေ များနေတော့ ကောင်း က လှည့်ကြည့်ပြီး ပြောရခက်သည့်မျက်နှာနှင့် ...

"ဘယ်လိုပြောရမလဲ .. ကောင်း အဖေက အဲဒါတွေ လုပ်နေပေမယ့် ကောင်း က သိပ်နားမလည်ဘူး၊ နားမလည်တာထက် ဝါသနာမပါဘူးလို့ပဲ ပြောရမလား၊ နားလည်သလောက် ပြောရရင် အရမ်းပင်ပန်းပြီး တက်လမ်းမရှိတဲ့ အလုပ်ပဲ"

"ဘယ်လို .."

"ဟုတ်တယ် .. တို့ အဲလိုပဲ မြင်တယ်၊ ရိုးရိုးသားသားပဲ တူးဆို တူး၊ ဆင်းဆို ဆင်းနေရတဲ့ဘဝတွေက ဒီတိုင်းပဲလေ၊ ဒီလောက မှာ ကျော်တက် ဖြတ်စားနိုင်မှ ကြီးပွားတာ"

"ကြီးပွားနေတဲ့လူတွေ အားလုံး ဒီတိုင်းပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး .. ဒါပေမယ့် ရှုလည်တွေချည်းပါပဲ"

"ကောင်း ရဲ့အဖေရော .."

ဖွေး ဖျတ်ခနဲ မေးလိုက်တော့ ကောင်း အံ့သြသွားသလို လှည့်ကြည့်သည်။ ပြီးမှ ရယ်လိုက်ကာ ...

"ဖွေး မေးမှပဲ သတိရတော့တယ် .. ပြောနေရင်း ကိုယ့်အဖေကို ကွဲရဲ့နေသလိုပဲနော်၊ ဒါပေမယ့် .."

ကောင်း အသံ တုံ့ဆိုင်းဆိုင်း ဖြစ်သွားပြန်ကာ ...

"အဖေက သစ္စာရှိတယ်၊ အဲဒါကြောင့် သူဌေးက ယုံကြည်ပြီး အရင်းအနှီးနဲ့ ထူထောင်နိုင်တဲ့အထိ ဖြစ်လာတာပါ၊ အစက တို့သားအဖလည်း ဒီရွာလေးမှာ ချို့တဲ့ခဲ့ကြတာ"

"ကောင်း က ငယ်ငယ်လေးတည်းက အမေ မရှိတော့တာလား"

"ဟုတ်တယ် .. မြင်တောင် မမြင်လိုက်ရဘူး၊ ဒါပေမယ့် အမေ မရှိခဲ့တဲ့ဘဝကို ကောင်း လက်ခံနိုင်တယ်၊ ဆင်းရဲနေရတာကို မခံစားနိုင်ဘူး၊ ကလေးအရွယ်တွေဆိုတာ စာနာညှာတာတာတွေ သိပ်မရှိကြဘူးလေ၊ စိတ်ထဲရှိသလိုပဲ ပြောတတ်ကြတာ၊ ကစားဖော်တွေနဲ့ မတည့်တိုင်း အနှိမ်ခံရတာကို နေ့စဉ် စိတ်ဆင်းရဲတတ်လာတယ်၊ ပြောရရင် ကောင်း က ငယ်ငယ်တည်းက ချမ်းသာချင်တာ၊ အဖေက ဘာပြောလဲ သိလား .."

တွေတွေငေးငေး ပြောနေရင်း ကောင်း မျက်နှာ ချက်ချင်း တက်ကြွကာ ဂုဏ်ယူရယ်မြူးခြင်းတွေ ဖြစ်လာလျက် ...

"ငါ့သားက ချမ်းသာရမယ့်ကောင်တဲ့၊ သူ့ကြောင့် ငါ လုပ်တိုင်း အောင်မြင်ပြီး တိုးတက်လာခဲ့တာတဲ့ .."

"ဟွန်း .."

"ဒါပေမယ့် သိပ်တော့ မချမ်းသာသေးပါဘူး၊ မြို့ပေါ်က တကယ့်လူကုံထံဆိုတဲ့စာရင်းထဲမှာ ပါဖို့ အဝေးကြီး လိုသေးတယ်၊





အဖေက ပိုက်ဆံကို စုတာလား၊ လူအထင်ကြီးမှာကိုပဲ ကြောက်တာလား ဘာမှန်းတော့ မသိဘူး၊ လူနေမှုအဆင့်အတန်း မြင့်မားဖို့အတွက် ဘယ်လို သုံးစွဲမယ် .. ဘယ်လို နေထိုင်မယ်ဆို အမြဲ ခေါင်းခါတယ်၊ ကိုယ့်မှာရှိတာ ကိုယ်သိရင် ပြီးတာပဲတဲ့"

"ဟုတ်တာပဲ ကောင်း ရဲ့ .. ကိုယ် လိုချင်တာ ပြည့်စုံနေရင် ပြီးတာပဲ"

"ဒီလိုလည်း မဟုတ်ဘူးလေ .. အိမ်ကိုလာရင် အိမ်နဲ့ ခြောက်၊ လမ်းထွက်ပြီဆို လူနဲ့ခြောက်တဲ့၊ ရှိတာကို သိအောင်တော့ သူ့နေရာနဲ့ သူ သုံးစွဲသင့်တာကို သုံးရမှာပဲ၊ အဖေနဲ့ ကောင်း က အယူအဆ နည်းနည်းစီ ကွဲနေကြတာ"

"အဲဒါကြောင့် ကောင်း က မန္တလေးက အဒေါ်တွေနဲ့ သွားနေတာပေါ့"

"ဟုတ်တယ် .. အန်တီတို့က အဆင့်အတန်းမြင့်မြင့် နေတတ်တယ်၊ ကောင်း တို့က ကိုယ်ပိုင်ကားစီးနိုင်ပေမယ့် မစီးရဘူး၊ အန်တီတို့ကျတော့ မစီးနိုင်ပေမယ့် စီးတယ်၊ ကားဝယ်စီးပြီး တခြားနေရာမှာ ချွေတာလိုက်တာပေါ့၊ စားတာသုံးတာ လူမမြင်ဘူး၊ လူမြင်တာကိုပဲ အရောင်တင်ရမှာတဲ့ .. ဒါ အမှန်ပဲလေ"

ကောင်း ရဲ့ အယူအဆသဘောတချို့ကို ဖွေး တစ်စစ နားလည်လာ၏။ တစ်ယောက်အကြောင်း တစ်ယောက် သိအောင် အချိန်ယူပါ၊ လေ့လာပါဆိုတာ ဒါတွေကို ပြောတာလား ..၊

ဖွေး နဲ့ ကောင်း တို့အဖြစ်က ခုတွေ့ ခုချစ် ..။

တစ်နယ်စီ ဝေးကြရမယ့်လူတွေမို့ ချစ်ပြီးမှတော့ အဝေးမခံနိုင် ဆိုသည့် ဆုံးဖြတ်ချက်နှင့် တက်ညီလက်ညီ စွန့်စားခဲ့ကြတာ ဖြစ်သည်။

ခု ခဏလေးအတွင်းမှာ သိလိုက်ရတာက ဖွေး ကိုယ်တိုင် မကြောက်မရွံ့ ကျင်းနက်နက်ထဲကို ခုန်ချခဲ့ပေမယ့် ကောင်း ကတော့



www.burmeseclassic.com

www.burmeseclassic.com



ကျင်းနက်ထဲကနေ မြင်နေရသည့် ကောင်းကင်ပြာကို မော့ငေး တမ်းတနေသူ ..၊ ဒါတောင် ဖွေး ရဲ့ဘဝ ဘယ်လိုအဆင့်အတန်းဆိုတာကို ကောင်း သေချာ မသိသေးပေ။ ပြောဖြစ်ကြတဲ့အခါ သူ့အကြောင်း ကိုယ့်အကြောင်း ပြောရင်း ခက်ခဲမှာတွေ လွယ်ကူမှာတွေကို လက်တွဲ စဉ်းစားမည်၊ ဖြေရှင်းမည်။ စိတ်ကူးထားခဲ့တာ ဤသို့ ..။

ခုတော့ ပြောရခက်သွားတာ သေချာသွားသလိုပင်။ အဘယ်ကြောင့်ဆိုလျှင် 'ငါ သူဌေးပဂေးကြီးရဲ့သမီးကို ရခဲ့တာပါလား' လို့ သိလိုက်ပြီး ကောင်း ပျော်သွားမည့်ပုံကို မမြင်ချင်။ ဘာမှမပါသည့်အချစ်ကိုပဲ လိုချင်သည်၊ ပါတာ မပါတာကို ဂရုမစိုက်သည့်အချစ်သာ ဖြစ်ချင်၏။

"ရောက်ပြီ .. ဒီအိမ်ပဲ"

လို့ ကောင်း ပြောလိုက်တာနှင့် ဖွေး ရဲ့စိတ်တွေ ပစ္စုပ္ပန်ကိုပြန်ရောက်လာသည်။ ခပ်ကျဲကျဲ အိမ်ခြေ တဲတန်းတွေထဲမှာ သိပ်မထူးခြားသည့် သုံးပင်မြေစိုက်အိမ်လေး ..၊

"လာပါ ဖွေး ရဲ့ .. ဒါ ကောင်း တို့ သားအဖ နေခဲ့ဖူးတဲ့ အိမ်လေးရယ်၊ မနေရင် ပိတ်ထားတာပဲ .. တခြားလူ ဘယ်သူမှ မနေဘူး"

"ဒါနဲ့ ကောင်း တို့ ဆွေမျိုးတွေဆီ လာတာဆို၊ ကောင်း အဖေလည်း ရှိတယ်ဆို .."

"ဟုတ်တယ်လေ .. အဲဒီကို မနက်ဖြန်ကျမှ ဆက်သွားမှာ"

"ဟင်!..."

"ဖွေး လည်း ပင်ပန်းနေပြီမို့လား .. ဒီည ဒီမှာပဲ ကောင်း တို့ နားမယ်လေ၊ ဟန်းနီးမွန်းလို့ပဲ သဘောထားလိုက် .. ဒီမှာ ဘယ်လောက် လွတ်လပ်သလဲ"

ဖွေး မပြုံးနိုင်ပါ။ ဒီအချိန်မှာ လိုချင်တာ လွတ်လပ်ခြင်းတော့ မဟုတ် ..။





## အခန်း (၂)

"ညည့်သည်တွေ ပါလာတာကို၊ ဒီမှာ ဘာဖြစ်လို့ ညအိပ်စခန်းလုပ်ရတာလဲ လမ်းသစ်ကောင်း ရယ် .. ဒီအချိန်ဆို တို့ဘက်မှာ အခြေအနေက သိပ်ကောင်းတာ မဟုတ်ဘူး"

ညနေဘက်မှာ အိမ်နီးချင်းတချို့က သဘော်သီးထောင်းတွေ လုပ်ပြီး လာပို့ကြသည်။ တချို့က ထမင်းဟင်းပါ ပါ၏။ ထို့ပြင် ငှက်ပျောသီးနဲ့ထန်းလျက်ခဲတွေ ပါသည့် အချိုမုန့်တွေက တစ်ပုံကြီး..။

"စားဟဲ့ ကောင်မလေး .. ငါတို့တွေက ခင်တော့ ခင်တတ်ပါတယ်၊ ဒါပေမယ့် ကိုယ့်ဝမ်းနာ ကိုယ်တာသိ ဆိုတာလိုပေါ့၊ တခြားမတတ်နိုင်တဲ့ကိစ္စတွေဆိုရင် ဝေးဝေးက ရှောင်ကြရတာ"

"ဟုတ်တယ် .. ဒီရွာက ဖြတ်လမ်းကြမ်းလေ၊ ဖြတ်တဲ့လူကလည်း လူကောင်းသူကောင်း သိပ်မရှိဘူး၊ ဥပဒေနဲ့ အလှမ်းဝေးတဲ့ နေရာဆိုတော့ နီးရာဓားကို ကြောက်ရတာပေါ့"

စကားဝဲဝဲနှင့် လူတချို့စကားကြောင့် ဖွေး ထိတ်လန့်သွား၏။

"အန့်တီ .. အဲ .. အမိုးတို့ ပြောတာက ဒီနားမှာ ဓားပြတွေ ရှိတာကိုလားဟင် .. တကယ်ရှိတာလား .."



www.burmeseclassic.com

www.burmeseclassic.com



"ဓားပြရှိပေမယ့် ဓားပြက တချို့ဆို ရွာသားတွေနဲ့တောင် ထန်းရည် ဝင်သောက်နေသေးတာ၊ သူတို့က သူတို့ ခြေကုပ်ယူထားတဲ့ နယ်ပယ်ကို ဓားပြ မတိုက်ဘူး"

"ဒါဆို .. မကောင်းတဲ့လူတွေက ဘာလဲဟင်"

"မသိတာပဲ ကောင်းတယ် ကလေးမ၊ ည စောစောအိပ်၊ မိုးလင်းတာနဲ့ ခရီးဆက်ကြပေါ့၊ လမ်းသစ်ကောင်း က မင်းအဖေနဲ့ ဒီမှာတွေ့ဖို့ ချိန်းထားတာလား"

ခေါင်းပေါင်းနှင့်လူကြီးက မေးတော့ ဖွေး ရဲ့ဘေးမှာ တစောင်းလဲပြီး လက်ထောက်ထားသည့် ကောင်း က ဝမ်းလျားမှောက် ပြင်လှဲကာ ...

"မချိန်းပါဘူး .. အဖေ မိုင်းကျင်းရွာမှာ ရှိနေတယ်ပြောလို့ လိုက်လာတာ၊ ကြာပြီဆိုတော့ လမ်းတွေလည်း ကောင်းလောက်ပြီ ထင်လို့လေ .. ပင်ပန်းလိုက်တာ တအားပဲ"

"မင်းက ညည်းညူနေတယ် ဟုတ်လား .. ဒီမှာ မိန်းကလေးက မညည်းရဘူး"

"အဟုတ်ပဲ ဒီကောင် .. နေပုံကိုက တုံးလုံးပက်လက်နဲ့ ကျောရိုးမရှိတာ ကျနေတာပဲ၊ မိန်းကလေးက ဘေးမှာ ငုတ်တုတ် .."

"စာဆိုရှိတယ်လေ 'ယောက်ျားပျင်း ကျောခင်း'တဲ့"

"ဟာဗျာ .. ဘွားလေးတို့ကလည်း"

ရယ်သံတစ်ဝက်နှင့် လှဲနေရာကနေ လူးလဲထထိုင်သည်၊ ပြီးတော့ ဖွေး ကို ရယ်ကျဲကျဲနှင့်ကြည့်၍ ...

"ကျောဖြင့် မခင်းရသေးဘဲ ညောင်းလွန်းလို့ ခဏလှဲလိုက်တာကို တကယ်ပဲဗျာ .. မိန်းမကတောင် ဘာမှမပြောဘူး"

"ဘယ်ပြောမလဲ .. ချစ်စခင်စဆိုတာ အပြစ်မမြင်သေးဘူးလေ"

"ဟုတ်လား ဖွေး .. နောက်ဆို အပြစ်မြင်မှာလား"





ဖွေး လက်လေးကို ဆွဲယူကာ နှုတ်ခမ်းမှာ ကပ်နမ်းလိုက်တော့ လူကြီးနှစ်ယောက် စိတ်တိုကာ လူငယ်တွေက ရယ်ကြ၏။

"သယ် .. ဒီပေါက်စ လက်ကလည်း သရမ်းပါ့၊ ပြန်မယ် .. ပြန်မယ်၊ မျက်စိနောက်လာပြီ"

ပြောပြီးတာနှင့် ချက်ချင်း ထပြန်ကြ၏။ လူငယ်တချို့ စနောက်ကြရင်း ပြန်ခါနီးမှ ပြောသွားကြသေးသည်။

"ကိုလမ်းသစ်ကောင်း မိန်းမက လှတယ်၊ နှစ်ယောက်စလုံး လိုက်တယ်"တဲ့ ..။

ကောင်း သွားအဖြီးသားနှင့် ဖွေး လက်လေးကို ထပ်နမ်းသည်၊ နောက်တစ်ခါ နမ်းဖို့ပြင်တော့ ဖွေး လက်ကို ပြန်ရုန်းလိုက်၏။

ပြောစရာတွေလည်း ရှိပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

"လာပါ ဖွေး ရယ် .. အဲကွန်း မွှေးရာနဲ့ မြို့က အိပ်ခန်းတွေလို မခမ်းနားပေမယ့် ဒါ ကောင်း တို့ရဲ့ မင်္ဂလာဦးညလေ .. ဘယ်သူ့ဘက်ကမှ ပကာသနမပါဘဲ ဒီလို သဘာဝကျတဲ့ ဘဝစစ်မှာ .."

"ကောင်း .."

ဖွေး မျက်နှာလေးက ဘယ်လိုပုံဖမ်းရမှန်း မသိလောက်အောင် တည်ငြိမ်နေခဲ့လျက် ...

"ဖွေး ကို ကောင်း တန်ဖိုးမထားတော့ဘူးလား"

မထင်မှတ်သည့်မေးခွန်းမို့ ကောင်း က ကြောင်တောင်တောင် ပြန်ကြည့်သည်။ နှစ်ယောက်ရဲ့အလယ်မှာ မှန်အိမ်မီးလေး တလက်လက်နှင့် တစ်ယောက်မျက်နှာတစ်ယောက် ခဏကြာအောင် ကြည့်နေမိကြ၏။

မတိုမရှည်ဆံပင် မျက်နှာသွယ်သွယ်နှင့် ကောင်း က အပြာပွင့်တွေ ရင်ဘတ်မှာပါသည့် ထိုင်းမိတ်ရှပ်အင်္ကျီကို ဝတ်ထားသည်။ ရင်ဘတ်ကြယ်သီးတွေကို အကုန်ဖြုတ်ထားသဖြင့် အတွင်းခံစွပ်ကျယ်နှင့် ရင်အုံပြေပြေကို မြင်နေရ၏။ ဖွေး က ခုတင်ပေါ်မှာ မဟုတ်ပေ..။





အခန်းတံခါးမှာ ရှိနေသည့် ဝါးကုလားထိုင်လေးပေါ်မှာ ဖြစ်သည်။ တံခါးဝမှာ ထိုင်နေတာတောင် အပြင်ကို ကြည့်နေပါလျက်နှင့် ဘာကိုမှ မမြင် ...။

ရွာမလေးက ဒီလိုပဲတဲ့ ...၊ ည မိုးချုပ်တာနှင့် မီးမှုတ် အိပ်ကြသည်လို့ ဆိုသည်။ ဒါ အမှန်ပဲဆိုရင်တောင် မိုးစုပ်စုပ်ချုပ်ရုံလေးပဲ ရှိသေးသည်။ ဘယ်မှာမှ မီးရောင်မမြင်ရတော့ခြင်းက စိတ္တဇဆန်လွန်းပါ၏။

ကြမ်းတမ်းတဲ့နယ်မြေဆိုတာ သိထားတော့ စိတ်ထဲမှာ လုံခြုံသည် မထင် ...၊ ရောက်လာသည့် ညသည်တွေ ပြန်သွားကတည်းက ကိုယ့်ကိုယ်ကိုယ် ရပ်ရွာတစ်ခု ရောက်နေသည်မထင်တော့ဘဲ တောကြီးမျက်မည်းထဲမှာ မျက်စိလည် လမ်းပျောက်နေတာမျိုး ...။

ဒီလောက် ခြောက်သွေ့ပြီး ဒီလိုထိ သီးခြားဖြစ်နေသည့်နေရာမျိုးကိုမှ ကောင်း ဘာဖြစ်လို့ ခေါ်တာလဲ ...၊ မြို့သားပုံစံ ခေတ်မီမီ ဝတ်စားနေထိုင်ခဲ့သည့်သူ့ကို ဒီလိုနေရာမျိုးက မွေးဖွားခဲ့သည်လို့တောင် ထင်ချင်စရာ မရှိ ...။ ကိုယ့်ရပ်ရွာဒေသမို့ ကြည့်မြင် ထိတွေ့စေချင်တယ်ဆိုရင်တောင် ခုမှ လက်ထပ်ခဲ့တဲ့ မြို့သူတစ်ယောက်ကို ဒီနေရာမျိုးမှာ ပျားရည်ဆမ်းခရီး ဖြစ်သင့်ဆုံးပါလို့ သူ ပြောဖို့မကောင်း ...။

"ဖွေး ရယ် .."

အဆင်မပြေမှုတွေကို တန်းစီတွေးနေတုန်း ဖွေး ရဲ့ဘေးကို ကောင်း ရောက်လာသည်။ ပြီးတော့ မြေပြင်မှာ ဒူးတစ်ဖက်ထောက်ထိုင်ကာ ဖွေး လက်လေးကို ဆုပ်ကိုင်၍ ...

"ကောင်း ကို ဖွေး ဘယ်လိုမေးလိုက်တာလဲကွာ .. ချစ်တဲ့သူကို ပိုင်ဆိုင်ချင်လာရင် .. ပိုင်ဆိုင်ရဖို့ တကယ်ကြိုးစားလာပြီဆိုရင် အဲဒီကောင် ရင်ထဲမှာ သူ့ချစ်သူက ဘယ်လောက်ထိ တန်ဖိုးကြီးနေသလဲဆိုတာ ပြောပြရုံနဲ့တောင် မလုံလောက်နိုင်တဲ့အရာပါ"

"ကောင်း ပြောသလိုဆိုရင် သူ့ချစ်သူကိုရဖို့ သိပ်ပြီး မကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



အားမထုတ်လိုက်ရဘဲ ပိုင်ဆိုင်ခွင့်ရသွားတာမျိုးကျတော့ ဘယ်လိုပြောနိုင်မလဲ"

မီးရောင်ကို ကျောပေးထားသလို ဖြစ်နေသည့် ကောင်း မျက်နှာကို မမြင်ရပေမယ့် အသံတိတ်သွားတာကို ဖွေး က ပြုံးလိုက်ကာ ...

"မေးကြည့်တာပါ .. ဖွေး လည်း ကောင်း ရဲ့နောက်ကို လွယ်လွယ်လေး ပါလာခဲ့တာဆိုတော့ .."

"ကောင်း အတွက်ကတော့ လွယ်လွယ်လေး မဟုတ်ပါဘူး ဖွေး ရယ် .. ဖွေး နဲ့ ကောင်း စပြီး ချစ်မိကြကတည်းက ဒေါက်တာ မိုးမိုးမြတ် နဲ့ သူ့ရဲ့လက်တံတွေကို ရှောင်ရှားရတယ်၊ ဖွေး က ညှို့သည်ဖြစ်နေတဲ့အတွက် ဌာနေကို ပြန်ထွက်မသွားခင် ကောင်း က လက်ထပ်ခွင့်ရဖို့ ဘယ်လောက် စိုးရိမ်ပူပန်ခဲ့ရသလဲ"

"ဖွေး ကတော့ အဲဒီလို မထင်ဘူး၊ ကောင်း စိုးရိမ်ချိန် မရလိုက်ခင် ဖွေး က ပါလာခဲ့တာ"

"ဖွေး ကလည်းကွာ .."

ကောင်း က ဒူးနှစ်ဖက်စလုံးထောက်၍ ခါးမတ်လိုက်ကာ ဖွေး ရဲ့ခါးလေးကို ဖက်လိုက်၏။ ကိုယ်က အမြင့်မှာပေမယ့် လက်တင်တစ်ဖက် ပြုတ်ထွက်နေသည့် ဝါးကုလားထိုင်ပုပုလေးက ဖွေး တစ်ကိုယ်လုံးကို သူ့ရင်ခွင်ထဲ အံဝင်ဂွင်ကျ ထည့်ပေးလိုက်သလိုပင် ...။

ထို့ပြင် ခါးကို သူ ဖက်လိုက်တော့ ဖွေး ရဲ့ ရင်ဘတ်နုနုလေးနားမှာ သူ့မျက်နှာက မထိတထိ ...။

"ဖယ်ပေးပါ ကောင်း ရယ် .. ဆိတ်ကွယ်ရာအရပ်ဆိုတာ .."

"ဟာ .. ဖွေး ကလည်း ကောင်း တို့က သမီးရည်းစားမှ မဟုတ်တော့တာ၊ နှစ်ယောက်တည်း လွတ်လပ်ချင်လို့ ဟန်းနီးမွန်းတွေ ဘာတွေတောင် ထွက်ကြသေးတာ"

"ဟင့်အင်း .. ဖွေး အဲဒါတွေကို ခံစားလို့မရဘူး ဖြစ်နေလို့





လွှတ်ပါ ကောင်း ရယ် .. တောင်းပန်ပါတယ်"

နောက်ပြန်ဆုတ်သွားပေမယ့် ကောင်း သက်ပြင်းတချချ စုတ်သပ်လျက် ...

"ကောင်း သိတယ် .. ဒီတောကို ဖွေး လန့်နေတာ၊ ဖွေး ပဲ တောမလေ့ တောအလှတွေကို ကြည့်ချင်တယ်ဆို .."

"ဒီနေရာမှာ ဘာအလှမှမှ မရှိတာ၊ ကားကြမ်းကြီး စီးလာရတာလည်း ဖွေး ဂရုမစိုက်ဘူး၊ ကောင်း နဲ့အတူ ဖျာစုတ်စုတ်ပေါ်မှာ အတူအိပ်ရမှာ ကြောက်လို့ ပြောတာလည်း မဟုတ်ဘူး"

"ဒါဆို ဘာလဲ .. ပြောပါဦး"

ဖွေး နေရာမှ ထရပ်လိုက်ကာ မီးရောင်လက်နေသည့်ဘက်ကို နည်းနည်းတိုးလိုက်၏။ ထိုအခါကျမှ ဖွေး ရှိသည့်ဘက်ကို လှည့်လာသည့် ကောင်း ရဲ့မျက်နှာမှာ အလင်းရောင် ထင်၏။

"ဖွေး ကိုယ့်ကိုယ်ကိုယ် အပြစ်မကင်းဘူးလို့ ထင်နေတဲ့အချိန်မှာ စာရွက်နှစ်ရွက်ပေါ်မှာ လက်မှတ်တင်မိတဲ့အပြစ်တစ်ခုနဲ့ပဲ ခဏ ငြိမ်နေချင်သေးတယ်၊ ချစ်လို့ ခွန့်စားခဲ့ကြတယ်ဆိုတာ မှန်ပေမယ့် ကောင်း ကို ဘယ်လောက်ထိ .."

"ဘာ!... ဖွေး က ကောင်း ကို မယုံဘူး ဟုတ်လား ..၊ တို့က မချစ်ဘဲနဲ့ ဖွေး ကို လိမ်ညာခေါ်လာတယ်ပေါ့ .. အဲဒီလို ထင်တာလား"

"ဖွေး စိတ်ထဲမှာ အဲဒီလိုထင်နေတာဖြစ်နေရင် ဒီနေရာမှာ ကောင်း နဲ့ နှစ်ယောက်တည်း ရှိနေမလား ကောင်း .."

"ဒါပေမယ့် .."

သူ ဆက်မပြောခင် ဖွေး က ခေါင်းလေး ခါပစ်လိုက်ကာ ...

"ဖွေး ကို ကောင်း နားမလည်သေးတာ၊ အခု ကောင်း နောက်ကို ဖွေး လိုက်လာခဲ့တာ ဒက်ဒီတို့တောင် သိကြသေးရဲ့လား မသိဘူး၊ ဒီမှာ ကောင်း ရဲ့အဖေ ရှိသလားဆိုတော့လည်း သူ မရှိသေးဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဖွေး တို့ အကြင်လင်မယားဖြစ်ပြီးကြောင်း စာချုပ်နှစ်စောင်ထဲမှာပဲ ရှိကြသေးတာ၊ လောလောဆယ် သက်ဆိုင်နေကြပြီပဲ ကောင်း ရယ်.. ဒီအခြေအနေမှာပဲ အသားကျအောင် ခဏလေး လွတ်လပ်ခွင့် ပေးပါ၊ ဟိုမရောက်ဒီမရောက်နဲ့ ရွာငယ်လေးတစ်ရွာထဲက ခုတင်တစ်ခုပေါ်မှာ ဖွေး ဘဝကို ပုံချပြီး သာယာမှုရှာလည်း ဘာမှ ခံစားလို့ရမှာမဟုတ်ဘူး၊ အိမ်ထောင်သည်ဘဝထဲကို ရုတ်တရက်ကြီး ခုန်ဝင်လိုက်သလိုမျိုး.."

"ဖွေး ရယ် .."

ကောင်း က လက်ဝါးနှစ်ဖက် ဖြန့်၍ ပခုံးတွန့်ရင်း ဖွေး ရှေ့ထိ လျှောက်လာသည်။

"ကောင်း နားလည်ပါပြီ၊ ဖွေး စိတ်ချမ်းသာသလို နေပါ၊ ဒါပေမယ့် ခုဟင်ပေါ်မှာပဲ အိပ်ပါလို့ ကောင်း စကားကိုတော့ နားထောင်ပါကွာ၊ မွေ့ရာနဲ့ အိပ်ခင်းနဲ့ ကျကျနန မဟုတ်ပေမယ့် ကုလားထိုင်ကလည်း မကောင်းတော့ဘူး၊ အပြင်ဘက်မှာလည်း မိန်းကလေး ထွက်အိပ်ရင် မကောင်းဘူးလေ၊ ကောင်း အပြင်ထွက်အိပ်မယ်"

ဖွေး မျက်နှာလေး ချက်ချင်း ကြည်ကြည်လင်လင် ဖြစ်သွားသည်။ ကောင်း ကိုလည်း တောင်းပန်သလို ကြည့်ကာ ...

"ရပါတယ် ကောင်း ရယ် .. ဒီထဲမှာပဲ အိပ်ပါ၊ ဖွေး တို့ အိပ်နိုင်ကြမှာလည်း မဟုတ်ဘဲနဲ့ ခဏတဖြုတ် မိုးရုံလောက်ကတော့ ဘယ်မှာဖြစ်ဖြစ် ရတာပဲဟာ"

"အဲလောက်ထိရော ကောင်း ကို ယုံလို့လား"

"ကောင်း ကလည်း .. မငေါ့ပါနဲ့"

"မငေါ့ပါဘူး .. နည်းနည်း အံ့သြသွားတာ၊ ခိုးရာလိုက်ပြေးခဲ့ပြီးမှ အိမ်ထောင်သည် မဖြစ်ရဲတဲ့ ကိုယ့်ချစ်သူကို ဘယ်လို ကောင်မလေးလဲလို့ .."

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်မိကြသည်။ နီ





ကျင်ကျင် မှန်အိမ်မီးရောင်လေးက ရီဝေရွှန်းလက်နေသည့် ကောင်း ရဲ့အကြည့်တွေကို ဘယ်လို ညှို့အားတွေ ဖြည့်စွမ်းပေးနေသည် မသိ။

မီးရောင်တစ်ခြမ်းကျနေသည့် ကောင်း မျက်ဝန်းတွေကို မကြည့်ရဲတော့ဘဲ ဖွေး မျက်လွှာချပစ်မိ၏။ နှစ်ယောက်တည်းပါလားဆိုသည့် အသိနှင့် သူသာ မဆင်ခြင်လျှင် ဘယ်လိုငြင်းမလဲဆိုသည့် မေးခွန်းကို အထိတ်တလန့် တွေးလိုက်မိ၏။ ထိုစဉ် ကောင်း က ရှေ့တိုးလာပြီး ဖွေး ရဲ့ပခုံးလေးကို ဆုပ်ကိုင်လိုက်သည်။

"ကြောက်နေတာလား"

"မကြောက်ပါဘူး၊ ဟိုလေ .. ဒါပေမယ့် .."

"မကြောက်ပါနဲ့ ဖွေး ရယ် .. ကောင်း က ဖွေး ရဲ့သတို့သားပါ၊ လူကြမ်း မဟုတ်ပါဘူး၊ ချစ်တဲ့သူဆီက ဘယ်အရာကိုမှ မကြည်ဖြူဘဲ မယူဘူး"

"ကောင်း ရယ်.. မကြည်ဖြူတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့်.."

"ဟုတ်ပါပြီ .. ကောင်း နားလည်ပါတယ်၊ ဖွေး ခရီးပန်းလာတယ်မို့လား၊ ခုတင်ပေါ်မှာ ခြေဆန့်လက်ဆန့် သွားလှဲနေပါ၊ သူတို့ ပြင်ဆင်ပေးသွားတာ သန့်သန့်ရှင်းရှင်းလေးပဲ"

ဖွေး ခေါင်းညိတ်လိုက်တော့ ကောင်း က ဖွေး ရဲ့နဖူးလေးကို နမ်းသည်။ ပြီးတော့ မေးဖျားလေးကို မော့၍ မျက်နှာလေးကို စူးစိုက် ငေးနေစဉ် ...

"ဘုန်း .."

"အမလေး!..."

ပြတင်းပေါက်ကနေ ပစ်ဝင်လာသည့်အရာတစ်ခုက နှစ်ယောက် ခြေထောက်နားမှာ အရှိန်ပြင်းစွာ ကျ၏။ ကျယ်လောင်သည့်အသံကြီး နှင့်အတူ မြေသားတွေ ဖွာခနဲ စင်ထွက်ကုန်ကြသည်။ ကောင်း ရင်ခွင် ထဲ ရောက်သွားသည့် ဖွေး တစ်ကိုယ်လုံး တုန်ယင်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာ .. ဘာကြီးလဲ .."

"မြေစိုင်ခဲကြီးတွေ ဖွေး .. ဘာမှမဟုတ်ဘူး"

ဖွေး လှည့်ကြည့်လိုက်တော့ မှကြေနေသည့်မြေစိုင်ခဲကြီးက နည်းတာမဟုတ်ပေ။ ထို့ပြင် ရုတ်တရက် သတိမထားမိလိုက်သလိုရှိလျက် ခုကျမှ ခြေကျင်းဝတ်တစ်ခုလုံး နာကျင်နေတာ ဘာကြောင့်မှန်း သတိရ၏။ ခြေထောက်ကို ပြေးစင်သည့် မြေစိုင်ခဲအစတွေက ပွထလျက်...

"ဒါကြီး တမင်တကာ ပစ်ထည့်လိုက်တာကို ဘာမှ မဟုတ်ရမှာလား ကောင်း ရဲ့.. ဟို .. တောမှာ ညားကာစလင်မယားတွေကို ခဲဖိုးတောင်းတယ်ဆိုတာ ဒီလိုကြီးလားဟင်"

ကောင်း မျက်နှာက တစ်ခုခုကို စိုးရိမ်နေပုံမျိုးနှင့် ပြန့်ကျဲနေသည့် မြေစိုင်ခဲတွေကို ငေးကြည့်နေပြီး ဘာမှ မပြောနိုင် ...။

အပြင်ကို လှမ်းကြည့် နားစွင့်တော့လည်း ဘာမှမမြင်၊ ဘာသံမှလည်း မကြား ...။ ဒီအရပ်ဒေသမှာ ခဲဖိုးတောင်းကြ၊ စားသောက်ပျော်ရွှင်ကြတာမျိုး ဓလေ့မရှိခဲ့တာ သူ သိသည်။

စုဝေးနေထိုင်ကြသူတိုင်းဟာ တစ်ဝမ်းတစ်ခါးကို ကျောရောရင်ပါ ပူအောင် တစ်နေကုန် ရုန်းကန် ရှာဖွေကြရသည်။ အပိုငွေထွက်စရာ မရှိကြသလို သူများဆီက ဘာအတွက်နဲ့မှ အသားတင် တောင်းယူကြတာမျိုးလည်း မလုပ်ကြပေ။

ပြောရလျှင် ပျော်ရွှင်ခြင်းမဲ့သည့်နေရာ ...။ ဟိုတုန်းက မဖွံ့ဖြိုးကြသည့်အရပ်မို့ မစည်ကားသလို ခုလည်း ဒီတိုင်းခြောက်သွေ့နေဆဲ...။

"ကောင်း .. ကောင်း .. ဘာစဉ်းစားနေတာလဲ"

"ဘာမှမသိလို့ စဉ်းစားနေတာ၊ ဒါ ခဲဖိုးတောင်းတာ မဟုတ်ဘူး ဖွေး .."

"ဟင်!.. ဒါဆို မကျေနပ်တဲ့လူက ပစ်တာပေါ့၊ ဘာကို မကျေနပ်လို့လဲ၊ ညနေက ကောင်း စကားပြောမှားလိုက်တာ ရှိလို့လားဟင် ..





ဒါမှမဟုတ် တခြားရှာသားလား"

ဒုက္ခရောက်လို့ရော ပြေးတိုင်စရာ ရွာလူကြီး ရှိရဲ့လား မသိ..။ ကောင်း မျက်နှာ ရှုပ်ထွေးနေတာကိုမြင်ရလေ၊ ဖွေး ထိတ်လန့်လာလေ။

"ဘာသံမှ မကြားတော့ဘူးဆိုတော့ .."

"ဘုန်း .."

"အား!..."

ထိတ်လန့်နေသည့်အရှိန်နှင့်မို့ နောက်ထပ် ဒီကိုင်း ထပ်ကျလာတော့ ဖွေး တအား အော်လိုက်မိ၏။ ပိုကြီးမည် ထင်ရသော မြေစိုင်ခဲကြီးက ထိုနေရာမှာပဲ ထပ်ကျကာ ဒီတစ်ခါ 'ကောင်း နဲ့ ပိုနီးသွားသဖြင့် ကောင်း ရဲ့ခြေထောက်ကို ဖြတ်ရိုက်ပစ်လိုက်သလို အရှိန်သည်..၊

"အား .. ကျွတ် .. ကျွတ် .."

ခြေထောက်ကို မြှောက်ကိုင်ရင်း ခြေတစ်ပေါင်ကျိုး နှစ်ချက်လောက် ခုန်သွား၏။ ကောင်း မျက်နှာ ရှုံ့မဲ့သွားကာ အပြင်ဘက်ကို ခေါင်းထောင်ကြည့်၍ ...

"ဘယ်သူလဲကွ .. အား .. ခြေဆစ်လွဲပြီလား မသိဘူး"

"မလွဲသေးပါဘူးကွာ .. ယောက်ျားဖြစ်ပြီး အသည်းပျော့လှချေလား၊ ချာတိတ်မကို ထိသွားတာတောင် မင်းအသံမျိုး မထွက်ဘူး"

ပြောရင်း လျှောက်လာပုံရှိသည့်အသံက လူနှင့်အတူ ပြတင်းပေါက်မှာ တစ်ပိုင်းပေါ်လာ၏။ အိမ်က ခပ်နိမ့်နိမ့် မြေစိုက်ပုံပေမယ့် ဒီပြတင်းပေါက်မှာ ကောင်း ရပ်နေတုန်းက အနေတော်ပဲဖြစ်၏။ သူ့ကျမှ ဆောင်ဆောင်ကို ကိုင်၍ အထဲကို ခပ်ငုံ့ငုံ့ကြည့်နေရကာ ...

"မင်း ထွက်လာမလား .. ငါ ဝင်လာရမလား"

ဒါ ဘယ်သူတွေလဲ ...၊ ကောင်း နဲ့ အသိတွေလားလို့ ကြည့်လိုက်တော့လည်း ကောင်း မျက်နှာက ထိုလူကို သိနေပုံ မပေါ် ...။ သူ့နောက်မှာ လူတွေရှိနေသေးတာကို မြင်နေရကာ ဖွေး ရင်တွေတုန်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ဘယ်သူလဲ .. ခင်ဗျားကို ကျွန်တော် မသိဘဲနဲ့ –"

"ဦးလမ်း ရဲ့သား လမ်းသစ်ကောင်း .. ဟွန်း.. မင်း ငါ့ကို သိဖို့ မလိုပါဘူး"

သူက ပြောပြီးတာနှင့် နောက်ကို တစ်ချက် ပြန်ကြည့်ကာ –

"ဒီကောင် အပြင်ထွက်ချင်ပုံ မပေါ်ဘူး .. သွားဆွဲထုတ်ခဲ့"

ဘယ်သူတွေ ဘယ်လိုလှုပ်ရှားလာမှာလဲ တွေးမိကာ သူ့နောက်က အရိပ်တွေကို မမြင်မစမ်း လှမ်းကြည့်နေမိစဉ် ပိတ်ထားသည့် ထရံတံခါးက ဝုန်းခနဲ ဆောင့်ပွင့်သွား၏။ ဝင်လာကြတာ သုံးယောက်။

အားလုံး လူငယ်တွေ ဖြစ်ကာ ခေါင်းဆောင်နှင့်တူသော ထိုလူမှ လွဲ၍ ရှမ်းဘောင်းဘီပွပွတွေကို ဝတ်ထားကြသည်။

ကောင်း က သူတို့ကို ကြည့်လိုက် ပြတင်းပေါက်ဘောင်ပေါ်မှာ တင်ပါးလွှဲထိုင်လိုက်သည့် ခေါင်းဆောင်လူကို ကြည့်လိုက်နှင့် နောက်မသိမသာ ဆုတ်၏။ ဖွေး လက်ကို ကိုင်ထားသော်လည်း အလယ်လူက ခါးကြားက နမ်ဂျက်ကူလို တုတ်တိုနှင့် ကောင်း ရဲ့ လက်ကောက်ဝတ်ကို ဖမ်းထောက်လိုက်ပြီး ...

"မိန်းမတွေနဲ့ ရှင်းရမှာ မဟုတ်ဘူး၊ မင်း ရှေ့ကို ထွက်"

လက်ကို ဘာလုပ်လိုက်မှန်း မသိပေမယ့် ကောင်း မျက်နှာ မဲ့ခနဲ ဖြစ်သွားသည်။

"ဦးလမ်း က တော်တော်လျှိုတာပဲကွ .. သားကိုတော့ ဆင်ထားတာ လက်တစ်ဖက်တည်းမှာ ထောင်ကျော်ဖိုးပဲ"

ပြောလိုက်သည့်လူက ပြတင်းဘောင်ပေါ်မှာဖြစ်ကာ ပီကေဝါးနေရင်း စီးကရက် ခဲထားသေးသည်။ ဘေးခွဲဆံပင်ရှည် ခပ်အုပ်အုပ်က မျက်နှာကို ဖရိုဖရဲ ဖြတ်ကွယ်ထားပေမယ့် မေးဖျားနဲ့ နှုတ်ခမ်းတွေပေါ်မှာ အနက်ရောင်လုအောင် စိမ်းမှောင်နေသည့် မွေးညှင်းရာတွေက ထင်းနေသည်။





အကယ်၍ ကော့ထင်းနေသည့် နှာတံရှုံ့သော နည်းနည်းပြားလိုက်ပြီး ကြေးနီရောင်သမ်းသည့် အသားရောင်က ဖြူဝင်းသွားမည်ဆိုလျှင် သူ့မျက်နှာ လေးထောင့်ဆန်ပုံက ဂျပန်ပုံပေါက်သွားမှာ မလွဲ ..။ ယိုချက်နှာကိုစေ့စေ့ကြည့်ကာ သူ့ပြောစကားကို ဖွေး စဉ်းစားကြည့်မိပြီး...

"ရှင်တို့ ဘာလိုချင်လို့လဲ .. ကျွန်မဆီမှာလည်း လက်ဝတ်လက်စားတွေ ပါသေးတယ်၊ အားလုံးယူပြီး အေးအေး ထွက်သွားကြပါ"

ထိုသူ့မျက်လုံးတွေ ဖွေး ဆီ တန်းခနဲ ရောက်၏။ စူးရဲသည့်မျက်လုံးတွေကို မှန်းတီးကာ ဖွေး က နှုတ်ခမ်းကို သိသာအောင် မဲ့လိုက်ပြီး ဂရုမစိုက်စွာ ပြန်ကြည့်၍ ...

"ဒါ ရှင်တို့ ကျက်စားနေတဲ့ နယ်မြေ .. လူနှစ်ယောက်တည်းကို ကျားကိုးစီးစားမကုန်တဲ့ပုံတွေနဲ့ ဒီလောက် အင်အားသုံးဖို့ မလိုဘူး"

"မင်းက စွာလှချေလား"

ပီကေဝါးနေသည့် နှုတ်ခမ်းခပ်လှုပ်လှုပ်နှင့် ခုမှ သတိထားမိသလိုမျိုး ဖွေး တစ်ကိုယ်လုံးကို မိုက်မိုက်ရိုင်းရိုင်း ကြည့်သည်။

အဖြူရောင်ကိုပဲ နှစ်သက်သည့် ဖွေး သည် အဖြူရောင် ဂျင်းကွာတားဘောင်းဘီလေးနှင့် ခါးရှည်လက်ရှည် ဆွဲသားအဖြူရောင်လေးကို ဝတ်ထား၏။ အင်္ကျီက ခါးမှာ ခါးပတ်ပုံစံ ရှုံ့ကွင်းလေးတွေပါသည်မို့ ခါး တင် ရင်၏အလှကို ကျကျနန ဖော်ကျူးနေကြ၏။

"ဟွန်း .."

ခပ်လွန့်လွန့် အပြုံးတစ်ချက်နှင့် စိုက်ကြည့်နေရင်း စီးကရက်မှိုက်၏။ ဆံပင် ပခုံးအောက်လေးမှာ ပါးရိုးလေးမှာ အထပ်တွန့်လေးတွေ ပြေပြေကျလျက် ဖွေးနုဝင်းစက်နေသည့် ကောင်မလေး ..။

"တော်တော်လှတာပဲ၊ ဟွန့် .. မင်းဆီက လိုချင်စရာ ရှိလာရင်လည်း ရတနာပစ္စည်းတော့ ဖြစ်မှာမဟုတ်ဘူး"

"ဆရာ .. ဒီကောင်က သူ့အဖေနဲ့ မချိန်းဘူးလို့ ပြောနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



လှမ်းပြောသံကြောင့် ဖွေး ကို ကြည့်နေသည့်မျက်နှာပေါ်က မထိတရိအပြုံးတွေ ဖျတ်ခနဲ ပျောက်ကုန်၏။ သူ လှမ်းကြည့်လိုက်တာနှင့် ကောင်း က ပျာပျာသလဲ ခေါင်းခါလျက် ...

"ကျွန်တော် တကယ် ဘာမှမသိဘူး၊ အဖေနဲ့ အဆက်အသွယ်ပြတ်နေလို့၊ လောလောဆယ် သူ ဘယ်မှာရှိမှန်းတောင် မသိဘူး"

"ဒါဆို အခု မင်း ဘယ်ကိုလာတာလဲ"

"အဖေ့ဆီကိုပဲ .. ဒါပေမယ့် ချိန်းထားတာ မဟုတ်ဘူး၊ ကျွန်တော် မိန်းမခိုးလာတာ"

"ဟိတ်ကောင် .. ငါတ်စမ်း"

တားဆီးသံနှင့်အတူ လက်က မြန်သည်၊ ကောင်း ကို တစ်ဖက်က ဆွဲချုပ်ထားလိုက်ပြီး လက်ပြန်တစ်ချက် ရိုက်ပစ်၏။ ကောင်း မျက်နှာ စိုက်ကျသွားသဖြင့် ဖွေး မျက်လုံးတွေ ပြာသွားသည်။ ပြန်မော့လာသည့်မျက်နှာမှာ သွေးစတွေ ဖြစ်လာတော့ ပိုဆိုး၏။

"လူတစ်ယောက်ကို ချုပ်ထားပြီးမှ ရိုက်ရလား .. ထိုးချင် ဒီတိုင်းထိုးလေ၊ သူ မခံနိုင်ရင် တစ်ပြန်တစ်လှန် ချကြေးပေါ့၊ ရှင်တို့ ဗလအင်အားကြီးတွေနဲ့ အနိုင်ကျင့်တာ မရှက်ဘူးလား"

"အံမာ .."

"မလုပ်နဲ့ .."

ဘေးကတစ်ယောက် လွှားခနဲ ကပ်လိုက်တာနှင့် ထိုသူက ထိုင်လျက်ကနေ လှမ်းတားကာ ...

"ဟိုကောင့်ကို လွှတ်လိုက်"

အမိန့်ရတာနှင့် တပည့်ဆိုသူက ချက်ချင်းလွှတ်လိုက်သည်။ ထိုသူက ဆက်မေးဖို့ မေးဆတ်ပြမှ ...

"မင်းက မြို့ပေါ်မှာနေတာ၊ မင်းအဖေနဲ့ အချိန်းအချက်မလုပ်ဘဲ ဒီလိုနေရာကို ရောက်လာမှာ မဟုတ်ဘူး၊ မှန်မှန်ပြောနော် ဟိတ်ကောင်..





ဒီတစ်ခါဆို မင်း သွားတွေကို ရိုက်ချိုးပစ်မှာ"

"ကျွန်တော် တကယ် ပြောနေတာပါ .. အဖေ့သားပေမယ့် အဖေ့လုပ်ငန်းတွေအကြောင်းလည်း ဘာမှ မသိခဲ့ပါဘူး၊ အဖေကလည်း ဘာမှ မပြောခဲ့ပါဘူး .. မလိမ်ပါဘူးဗျာ"

"မင်း လိမ်နေတာပဲ ခွေးသူခိုး .. မင်းအဖေ လုပ်ငန်းကြောင့် အခု အန္တရာယ်ရှိနေမှန်းတော့ သိနေပြီမို့လား၊ ဒါကြောင့် ဒါကို မသိဘူး ထည့်ပြောနေတာ"

"နှပ်ကိုက မိန်းမလျာလိုလို မင်းသားလိုလို ကန့်ကလျ .."

တစ်ယောက်က ဖောင်းခနဲ လက်ပြန်ဝင်ရိုက်၏။ ဒီတစ်ခါ မောင်း ဒူးညွှတ်ကျသွားသည်။ ဖွေး အသားတုန်အောင် စိတ်တိုသွားသော်လည်း ကောင်း က ဒူးထောက်[illegible]ကနှင့် မော့ကြည့်ကာ ...

"ကျွန်တော် လိမ်ပြောနေတာ မဟုတ်ဘူး"

ရှင်းပြဖို့ ကြိုးစားရင်း ဖွေး ကို လှမ်းကြည့်၍ ...

"ကျွန်တော်တို့နှစ်ယောက် သူ့မိဘတွေ သဘောမတူမှာစိုးလို့ ထွက်ပြေးလာတာပါ၊ ဒီဘက်မှာ အေးအေးရှောင်နေမယ်ဆိုပြီး အဖေ့ကိုလည်း တွေ့ရင်းနဲ့ပါ၊ အဖေ ဒီမှာ .."

"မင်းအဖေ ဒီမှာ ရှိမှန်း မရှိမှန်း မသိဘဲနဲ့ ဒီလိုနေရာကို မိန်းမခိုးလာတယ် ဟုတ်လား .. ယုံအောင် ပြော ခွေးမသား"

"ရှင်တို့ မိဘကို ထိခိုက်မဆဲပါနဲ့ .. ရှင်တို့ကို မွေးထားတာရော"

"ဟိတ် .. တိတ်စမ်း၊ ငါ လုပ်လိုက်ရင် သေဦးမယ်"

လက်ရွယ်လိုက်သူက ထိုင်နေသူထံ မျက်လုံးရောက်ပြီးမှ ရွယ်သည့်လက်ကို ပြန်ချ၏။ ပြီးတော့ ဖွေး ကို မကျေမနပ်ကြည့်၍ ...

"သွေးထွက်နေတဲ့ကောင်က အမြီးကုပ်နေတယ်၊ နင်က ခွေးလိုကိုက်နေတယ် ဟုတ်လား၊ ဒီကောင် ဘာကောင်လဲ သိလား .. သူ့အဖေက .."



www.burmeseclassic.com

www.burmeseclassic.com



"ဖော်ထက် .."

ခေါ်သံကြားပါနှင့် ဖော်ထက် တိတ်ကျသွား၏။ ထိုသူက စီးကရက်ကို ထရံနဲ့ ဖိချေပစ်ပြီးမှ အိမ်ထဲကို ခြေတစ်ဖက်ချ၍ ကိုယ်လှည့်ဆင်းသည်။ ပြီးမှ တစ်လှမ်းချင်း လျှောက်ဝင်လာကာ ...

"အခု မင်းအဖေနဲ့ မတွေ့ဘူး၊ ကဲ .. ဘယ်ဆက်သွားမှာလဲ"

"ကျွန်တော် .."

ကောင်း က နှုတ်ခမ်းက စီးကျနေသည့်သွေးတွေကို လက်ခုံနဲ့ ကပ်သုတ်ရင်း ဘာမှ ဆက်မပြောဘဲ နေ၏။ သူက ပြုံးနဲ့ခနဲ မဲ့၍ ...

"မင်းက နာမည်နဲ့မှ မလိုက်ဘဲကွ .. လမ်းသစ်ကောင်း ဆိုပြီး မကောင်းတဲ့လမ်းကို မိန်းမခိုးလာရသလား"

"ကျွန်တော် မညာပါဘူး ဆရာ၊ တကယ်ပါ .. အဖေနဲ့ လုံးဝ မဆက်သွယ်မိသေးပါဘူး"

ဘာဆရာမှန်း မသိဘဲ ဆရာ ခေါ်နေကာ တွင်တွင် တောင်းပန်နေသည့် ကောင်း ကို ဖွေး စိတ်တိုလာ၏။ လူက ဂေါ်ဇီလာပုံ ပေါက်နေတာနဲ့ပဲ ဒီလောက် ကြောက်ပြနေရောလား ...။

မနိုင်လို့ အရှုံးပေးရရင်တောင် ဘာဖြစ်လို့ နှစ်ခါ သေခံရမှာလဲ...။ ကြောက်လွန်းရင် နှစ်ခါသေတယ်ဆိုတာကို တွေးမိကာ ဖွေး နှုတ်ခမ်း စေ့ထားရင်း တက်ခေါက်မိသည်။

"လမ်းသစ်ကောင်း"

ထိုသူ့ ခေါ်သံကြောင့် ဖွေး ခေါ်သတွေ ပြတ်တောက်ကုန်၏။ တစ်ယောက်က မှန်အိမ်မီးစာကို မြှင့်တင်လိုက်သဖြင့် အိမ်ထဲမှာ မီးလင်းအား ပိုကောင်းသွားလျက် ...

"မင်းရဲ့လက်မှာ စွပ်ထားတဲ့ ပတ္တမြားအကြောင်းရော မင်းအဖေက ပြောဖူးလဲ .."

ကောင်း မျက်နှာပျက်သွား၏။ ထိုသူက ပီကေဝါးနေသည့် နှုတ်





ခမ်းတို့ကို မဖွင့်ဘဲ မဲ့လိုက်ကာ ...

"ဘာမှမပြောဖူးပါဘူးလို့ ပြောလိုက်တာနဲ့ မင်းရဲ့ ဘယ်ဘက်က သွားတစ်ကန်း ခုန်ပျံထွက်လာလိမ့်မယ် .. ငါ့ကို ညာဖို့ မကြိုးစားနဲ့"

"ရှင်က ခြိမ်းခြောက်နေတာပဲ၊ ဒါပဲဖြေပါ ဆိုမှတော့ .."

"ဟိတ် .. မင်း တိတ်တိတ်နေစမ်း"

"မနေနိုင်ဘူး"

"တောက် .."

"အား!..."

ထိုသူ ဖျတ်ခနဲ ဆောင့်ဆွဲလိုက်သည့်လက်ထဲမှာ ဖွေး အရုပ်လေး တစ်ရုပ်လို ပါသွား၏။ ရင်ဘတ်က အင်္ကျီစကို မညှာမတာ ဆုပ်ဆွဲ၍ ကိုယ်ကို မြောက်ကြွနေအောင် ပင့်ထားသဖြင့် ဖွေး ခြေဖျားလေး မြေပြင်နဲ့ ထောက်မိရုံ ...။

"မိန်းမမို့ ဦးစားပေးမယ် မထင်နဲ့ .. ငါတို့ ကိုယ့်အလုပ် ကိုယ် လုပ်နေတာ"

မျက်နှာရှေ့မှာ ဆွဲကပ်ထားသဖြင့် သူ့နှုတ်ဖျားမှ ပီကေနံ့နှင့် စီးကရက်နံ့ရောကာ မျက်နှာကို ပြေးဟပ်နေသည့် လေငွေ့နွေးက ရွံ့စရာ ...။

"ဒီမှာ .. မင်း သိထားရမှာက ငါတို့က တောတွင်းဓားပြတွေ မဟုတ်ဘူး .. သူပုန်တွေလည်း မဟုတ်ဘူး"

"မဟုတ်ဘူး .. ရှင်တို့ကို မြင်လိုက်ကတည်းက လူဆိုးတွေမှန်း သိပြီးသား"

ဖွေး ကလည်း အံကြိတ်ပြောသည်။ သူကလည်း စကားများများ မပြောတတ်သူမို့ စွာလွန်းသည့်မျက်နှာကို လက်ပြန်တစ်ချက်လောက် ရိုက်ချလိုက်ချင်စိတ်ကလေး ချက်ချင်း ဖြစ်လာသည်။

သို့သော် ခေါ်သံကြောင့်လား နှုတ်ကည်းက ဒီတိုင်းလား မသိ



www.burmeseclassic.com

www.burmeseclassic.com



သော သန္တာရောင်နှုတ်ခမ်းနှင့် ပါးမို့မို့ နှင်းဆီပြင်လေးမှာ စိတ်က ညွတ်ခနဲ ဖြစ်၏။ ပြီးတော့ ကော့နက်သော မျက်တောင်ပါးလေးတွေ ရံနေသည့် မျက်ဝန်းလက်လက်တွေ ..။

"တောက် .."

စူးစိုက်ကြည့်နေပြီးမှ ဘာကို စိတ်ဆိုးသွားမှန်း မသိဘဲ သူမကို တွန်းလွှတ်ပစ်လိုက်၏။ ဖွေး အရှိန်နဲ့လွင့်ထွက်သွားသော်လည်း တစ်စုံတစ်ယောက် ရင်ခွင်ထဲကို အင့်ခနဲ ပစ်ကျသွားသဖြင့် အနာတရတော့ မဖြစ် ..။

"ဖယ် .. မထိနဲ့"

လူဆိုးတွေလက်ကို ရှုံ့ရှုံ့ရှာရှာ ဖယ်ချကာ ဖွေး အတင်းပြန်ရုန်းမိသည်။

"အဲဒီတစ်ယောက်ကို ပါးစပ်ပိတ်ထားလိုက်စမ်း .. ငြိမ်ငြိမ်မနေသေးရင် ကြိုးတုပ်ထား"

"အို!... မလုပ်နဲ့ .. ရှင်တို့နော် .."

ဖွေး လူနှစ်ယောက်လက်ထဲမှာ ဘယ်လိုရုန်းရုန်း မရတော့ဘဲ လက်တွေကို ကြိုးတုပ်ခံလိုက်ရ၏။

"ဟော့ .. တိတ်ပ်နဲ့ မပိတ်နဲ့"

မျက်နှာရှေ့မှာ တိတ်ပ်ခွာလိုက်တာမြင်တော့ ဖွေး မျက်လုံးပြူးသွား၏။ ထိုလူ့ထံမှ အမိန့်တစ်ရပ်သာ ထပ်ရောက်မလာလျှင် ...

"အား!.."

ဖွေး နောက်ဆုံးအော်သံလေး ထွက်သွားလျက် ပါးစပ်မှာ အဝတ်စည်းခံလိုက်ရ၏။ ကောင်း သည် လှုပ်ရှားနေသမျှကို လည်ပင်းလိမ်အောင် လိုက်ကြည့်နေလျက် ဒူးထောက်ကျနေသည့်ပုံအတိုင်း ထရပ်ဖို့လည်း မကြိုးစားပေ ..။

"သူ့ကို ဒုက္ခမပေးကြပါနဲ့ .. ကျွန်တော် ဘာမှ မညာခဲ့ဘူးဆိုတာ





ယုံပါဗျာ .."

ဒါပဲ ထပ်ပြောသည်မို့ အားလုံးအကြည့်တွေ သူ့ဆီ ပြန်ရောက်လာကာ ...

"ဒီပတ္တမြားအကြောင်း မင်း မသိဘူးလို့ ပြောမယ်ကြံနေတာကရော မညာဘဲနဲ့လား"

နောက်ထပ် မျက်နှာပျက်သွားတာကို ကြည့်ပြီး ထိုသူ့မျက်နှာ တင်းသွား၏။

"အဲဒီ လုံးချော ကိုးလုံးထဲက နှစ်လုံး စုံလိုက်ပျောက်သွားတယ်၊ မင်းဆီကို ဒီလက်စွပ် ရောက်လာတာ ပြီးခဲ့တဲ့ အောက်တိုဘာလက.. ဟုတ်တယ်မို့လား"

"ဒါပေမယ့် အဖေကိုယ်တိုင် လာပေးတာ မဟုတ်ပါဘူး"

"ဟုတ်ဟုတ်မဟုတ်ဟုတ် မင်း ဘာတွေ ညာထားထား ငါတို့ သိတယ်၊ ဒီပစ္စည်းအကြောင်း မပြောဘဲ မင်းလက်ထဲကို မင်းအဖေ မထည့်ဘူး၊ ရွှေထဲမှာမြှုပ်ပြီး မသိသာအောင် လုပ်ထားပေမယ့် ထုတ်မဝတ်ဖို့လည်း မင်းကို ပြောမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မင်း ဝတ်လိုက်တဲ့အတွက် အခု မင်း ဘယ်လိုညာညာ မရတော့ဘူး"

ကောင်း မျက်စိမျက်နှာပျက်ကာ စကားသံလည်း ထွက်မလာတော့ပေ။ ခုတင်ပေါ်မှာ ထိုင်လျက်လေး ရှိနေသည့် ဖွေး မျက်ဝန်းတွေက တစောင်းမြင်နေရသည့် ကောင်း မျက်နှာဆီကိုပဲ ရှိနေကာ ခေါင်းငုံ့သွားလိုက်၊ ပြန်မော့လိုက်နှင့် ဘာကိုပြောဖို့ ကြိုးစားနေမှန်း မသိသော ကောင်း ကို ကြည့်ရင်း အားမလိုအားမရတွေ ဖြစ်နေခဲ့၏။

ထိုပြင် သူ့ဆီက မဟုတ်ဘဲ ခေါင်းဆောင်လူဆီကပဲ နောက်ထပ် ပြောသံ ထွက်လာခဲ့လျက် ...

"လက်စွပ်ကိစ္စ ထားလိုက်တော့ .. ဒီလုံးချောတွေကို လုံးဝ ပျောက်စဖျောက်နိုင်ကတည်းက သူ့အရည်အချင်းကလည်း မသေးဘူး၊ အခု



www.burmeseclassic.com

www.burmeseclassic.com



မင်းအဖေ ဘာလုပ်သွားလဲ သိလား ..."

"ကျွန်တော် တကယ်ပါ .."

"ဖြောင်း .."

လက်ပြန်ရိုက်ချက်က လက်သီးထက် ပြင်းထန်ပုံရကာ ကောင်း ဒူးထောက်လျက်ကနေ တုံးခနဲ လဲ၏။ ဘယ်သူမှလည်း ကိုင်မထား၊ ကြိုးတုပ်ထားတာလည်း မဟုတ်ဘဲ ဘာဖြစ်လို့ အစင်းသား စံနေရတာလဲ ..။ ဖွေး ဘာမှမပြောနိုင်သော်လည်း ကောင်း မျက်နှာက သွေးတွေကို မြင်နေရကာ ကိုယ်တိုင် နာကျင်လာသလို ခံစားနေမိ၏။

နောက်မှ ဖြစ်ချင်ရာဖြစ် သူသေကိုယ်သေ တိုက်ခိုက်ချင်စိတ်တွေပဲ တဖွားဖွား ဖြစ်လာခဲ့၏။ မဲပြုံးနှင့်ကြည့်နေသူတွေက 'မင်းကောင် ဖြစ်နေတာ မြင်ပြီလား'ဆိုသည့် အကြည့်တွေနှင့် ဖွေး ကို ကြည့်တာ မကျေနပ် ရန်လိုစွာ ..။

"မင်းအဖေက ပထမတစ်ခါ အောင်မြင်သွားတော့ နောက်ထပ် အချိုကြီး ကြံသွားတာ .. ကျန်တဲ့ လုံးချော ခုနစ်လုံးနဲ့ အဖြူအနီတွေ ထပ်ကြံသွားတာ၊ အကြမ်းဈေးနဲ့ တွက်ရင်တောင် ရှစ်သောင်းကျော် သေးတယ်"

"ဟင်!..."

ဒီတစ်ခါ မှသားမပါဘူး ထင်သည်၊ ကောင်း ဖျတ်ခနဲ မော့လာကာ မျက်လုံးတွေ အစွမ်းကုန် ပြူးကုန်လျက် ...

"အဲ့ဒါတွေ .."

"မင်းအဖေ ဖြတ်ရိုက်သွားတာပဲ၊ အခု ဝိတ်ဆို့ခံနေရတော့ မင်းကို ချောင်ကပ်ပြီး မှာလိုက်တာ၊ မင်းနဲ့ ဘာမခံမှာဆုံဖို့ ချိန်းထားတယ်မို့လား"

ကောင်း ခေါင်းခါလိုက်သည်။ ပါးစပ်ကနေတော့ ဘာသံမှ ထွက်မလာခဲ့ဘဲ ဘာကို ခေါင်းခါနေမှန်း မသိဘဲ ...





"ကျွန်တော် .. ကျွန်တော် .."

စကားသံက ထိုမှ မဆက်နိုင် ..၊

လဲကျနေရာက အနိုင်နိုင် ထရပ်ကာ ရပ်နိုင်ကာမှ ယိုင်ခနဲ ခြေလှမ်းထပ်ပျက်၏။ ဖူးယောင်နေသည့် မျက်နှာမှာ မြင်လို့မကောင်းတော့ဘဲ သုတ်ပစ်နေသည့်ကြားက သွေးထွက်နေတာမို့ ပို၍ ရုပ်ပျက်ဆင်းပျက် ဖြစ်နေ၏။

"မင်းကို ဘာမှမပြောဘဲ မှာလိုက်တယ်မို့လား၊ အဲဒါကြောင့် မင်း မိန်းမခိုးလာပေါ့"

ခေါင်းဆောင်လူကို အံ့ဩသည့်မျက်ဝန်းတွေနှင့် လှည့်ကြည့်ကာ ကောင်း ငိုင်တွေနေ၏။ ဘယ်ဟာ အမှန်တရားလဲ ..၊ ကောင်း တစ်ခုခုကို စိုးရိမ်သွားတာလား၊ နောင်တရနေတာလား ...။

တစ်ခြမ်းမြင် တစ်ခြမ်းပျောက်နေသည့် မီးအလင်းရောင်ကြောင့် ကောင်း မျက်နှာကို မြင်နေရတာ ဖွေး မချင့်မရဲ ဖြစ်နေမိ၏။

ထိုသူက ကောင်း ကို တစ်ချက်စိုက်ကြည့်ပြီး ဝီကေဝါးနေသော ခပ်လှုပ်လှုပ်မေးဖျားကို ဖိဝိတ်၍ အံကြိတ်သည်။

"ဘယ်လောက်တော်တဲ့ သူခိုးဖြစ်ဖြစ် ခြေရာမပျောက်နိုင်ဘူး လမ်းသစ်ကောင်း.. ငါတို့က ခိုးဆိုးတိုက်ခိုက်နေတဲ့ကောင်တွေ မဟုတ်ဘူး၊ မင်းအဖေလို လူတွေကိုပဲ ဆုံးမချင်တာ၊ သူများရဲ့ သွေးချွေးတွေနဲ့ ရင်းထားရတဲ့ပစ္စည်းတွေကို အသာလေးယူပြီး လွတ်ရာလွတ်ကြောင်းမှာ အေးအေးငြိမ့်နေချင်တာ .. ညစ်ဖို့ ကြိုးစားတဲ့အတွက် ပတ်တာပဲ၊ မော်ထက် သူတို့ကို ဆွဲလာခဲ့ .."

"ညတွင်းချင်း တက်မှာလား ဆရာ"

"ခုပဲ .."

"ဆရာ .. ဆရာ စောလေးပါ"

ဆောင့်ဆွဲခေါ်လိုက်သည့် လက်ထဲကနေ ကောင်း က ရုန်းကာ



www.burmeseclassic.com

www.burmeseclassic.com



ငြင်းလျက် ...

"ကျွန်တော် တစ်ခုလောက် ပြောပါရစေ"

"ဟိတ်ကောင် .. ကြာတယ်"

"ခဏလေးပါဗျာ .. ဆရာ့ကို ပြောပါရစေ"

ခေါင်းဆောင်လူက အပြင်ရောက်သွားပြီမို့ နှုတ်ခမ်းနာနေတာကို လက်နဲ့ထိန်းဖိပြီး ကောင်း က အသံမြှင့် အော်သည်။ ဟိုလူတွေက စိတ်မရှည် ...။

"ပြော .. ငါ့ကိုပဲ ပြော၊ ဆရာက စကားကို နှစ်ခါ မပြောဘူး"

ကောင်း က ခေါင်းဆောင်ကို ပြောခွင့်မရမှန်း သိလိုက်ကာ သူ့နောက်မှာ မညှာမတာ ဆွဲခေါ်လာခြင်း ခံနေရသည့် ဖွေး ကို လှည့်ကြည့်ကာ ...

"ကျွန်တော် .. ကျွန်တော်နဲ့ သူ ခိုးပြေးလာကြပေမယ့် ခုချိန်ထိ လင်မယားမဟုတ်ကြသေးပါဘူး"

"အဲဒီတော့ ဘာလုပ်ပေးရမှာလဲ .. မင်းတို့ကို လင်မယားဖြစ်ခွင့်ရအောင် အခန်းတစ်ခုထဲ ထည့်ပိတ်ပေးရဦးမလား"

"မဟုတ်ပါဘူးဗျာ .. သူက ဒီပြဿနာနဲ့လည်း ဘာမှ မဆိုင်ပါဘူး၊ သူ့ကို လွှတ်ပေးခဲ့ပါ"

"ဘာကွ!..."

"ဒီရွာထဲမှာ သူ့ကိုသိတဲ့လူတွေ ရှိပါတယ်၊ နောက်နေ့ သူပြန်ဖို့အတွက် သူတို့ စီစဉ်ပေးကြမှာပါ"

"မင်း ရူးနေလား ခွေးကောင် .. တစ်မှုကို မရှင်းနိုင်သေးခဲ ငါတို့က နောက်တစ်မှုရှုပ်အောင် မီးစချန်ခဲ့ရမလား .. မင်းတော့ ဆရာ့ရှေ့မှာပြောရင် နက္ခတ်တာရာပြခန်းထဲ ရောက်တာထက် ဆိုးဦးမယ်"

ကြားနေရသည့် ဖွေး ရင်ထဲမှာ ဆတ်ခနဲ ခါသွား၏။

ကောင်း ဘယ်လို ပြောလိုက်တာလဲ ...၊





စေတနာနဲ့ပဲ ဖြစ်ဖြစ် .. ကရုဏာတွေပဲဖြစ်ဖြစ် သူ ဘယ်လိုဘဝ ရောက်နေနေ ဖွေး က တောကြိုအုံကြား လူစိမ်းတွေထဲမှာ နေခဲ့ရဲပါ့မလား ...။

ဒီလူတွေက ပြဿနာတစ်ရပ်နောက်ကို လိုက်နေကြတာမှန်လျှင် မဆိုင်သည့်လူကို ဒုက္ခပေးဦးမှာတဲ့လား ...၊ လူဆိုးသူခိုးတွေမို့ ဒုက္ခပေးလာရင်တောင် ချစ်သူနဲ့ကျောချင်းကပ်ပြီး 'ကောင်း ရေ..' လို့ အားကိုးတကြီးခေါ်ရင်း ကျရှုံးသွားပါစေ ...။

ဒီမှာ အထုပ်တစ်ထုပ်လို ဒီတိုင်း ချထားခဲ့ဖို့တော့ စိတ်မကူးသင့်ဘူး ထင်သည်။ အပေါ်ယံကြည့်လျှင် ညှာတာသလို ထင်ရသော်လည်း ဖွေး ရင်ထဲမှာတော့ နာကျင်သွားခဲ့၏။

မောင့်တစ်မျက်နှာ တစ်ရွာထင်ပြီး လိုက်ခဲ့သူပါ။

ဟိုဘက်ဒီဘက် နှစ်ဖက်မှာ ဘယ်ဘက်ကမှ လူကောင်းတွေမဟုတ်ကြဘူးဆိုရင်လည်း ကိုယ့်ချစ်သူ ရှိနေတဲ့ဘက်မှာပဲ ဖွေး ရှိနေချင်မယ်လို့ မတွေးမိဘူးလား ...။

ဒီမှာ ထားခဲ့ရင် ဖွေး လွတ်မြောက်မှာပဲလို့ ဘာလို့ ထင်တာလဲ...၊ မပြောနိုင်သည့်ရင်ထဲမှာ နာကျင်မှုတွေ ဆင့်ကဲလျက် မေးခွန်းတွေက တစ်ခုပြီးတစ်ခု ...၊

ဘာတစ်ခုမှလည်း အဖြေမရှိခဲ့ဘဲ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ခပ်စုတ်စုတ်ဂျစ်ကားပေါ်မှာ ဝက်ခြံလို နောက်တွဲကပ်ထားသဖြင့် ထိုထဲမှာ ဖွေး နဲ့ ကောင်း ကို လက်ချင်းပူးချည်ပြီး အတူထည့်ထားသည်။ အလယ်မှာ နှစ်ယောက်၊ ရှေ့ခန်းမှာ ခေါင်းဆောင်နှင့် ကားမောင်းသူက ဇော်ထက် ဆိုသူ ဖြစ်သည်။

ဖွေး ကို ပါးစပ်မှာ အဝတ်စည်းထားလျက်နှင့် ကြိုးတုပ်ထားတာဖြစ်ကာ ကောင်း က ဒီတိုင်း ပါလာတာ ဖြစ်၏။ ဖွေး ဘာမှမပြောနိုင်ပေမယ့် ကောင်း အများကြီး ပြောလို့ရသည်။

ဒါပေမယ့် တစ်လမ်းလုံး ဘာမှမပြောခဲ့ဘဲ ဖွေး နဲ့ လက်ချင်းယှက်နေသည်မို့ ဖွေး လက်လေးကိုပဲ ပွတ်သပ်လိုက် ဖိဆုပ်ပြီး အားပေးသလို ဖြစ်လိုက်နှင့် ...

"ဟား!... တော်တော် နားအေးတာပဲနော်"

အလယ်လူတွေ ရယ်သံတစ်ဝက်နှင့် ထပြောသည်။ တစ်ယောက်က နောက်ကို လှည့်ကြည့်ကာ ...





"ဟိုတစ်ကောင်လည်း ပါးစပ်ကြီး အားနေပေမယ့် ဆရာ့ရိုက်ချက်ကြောင့် မဟနိုင် မဖွနိုင် ဖြစ်နေတာကွ .."

"ဘာဖြစ်ဖြစ်ကွာ .. ငါဆိုရင်တော့ ဒီလို ပူပူနွေးနွေးလေးကို ပါးစပ်ရော လက်ရော အသေထားပြီး ငြိမ်မနေနိုင်ပါဘူး"

"ဘာလဲကွ .. ပူပူနွေးနွေး"

"နုမှ နိုးလာတာလေ .. ဘာမှလည်း မဘာရသေးဘူး"

"ဇော်နိုင် .."

"ဗျာ .. ဆရာ"

"ထူးမနေနဲ့ .. မင်းပါးစပ်ပိတ်လိုက်ရင် ပြီးပြီ"

"ဟုတ် .."

စကားသံတွေ တိခနဲ ရပ်သွားသည်။ ခေါင်မိုးဖွင့်ထားသည့် ဂျစ်ကားစုတ်စုတ်က ခုန်ပေါက်ပြေးလွှားနေတာတောင် စက်သံကြမ်းပေမယ့် ကျောင်းကျောင်းပြေးနေ၏။ တစ်ညလုံး ပြေးနေသည့်ကားပေါ်မှာ ကောင်း ထံမှ စကားလေးတစ်ခွန်းတောင် မကြားခဲ့ရပါ။ ထိုစဉ် ...

"ကားရပ်ဦး"

စကားသံနှင့်အတူ ကားက ချက်ချင်း အရှိန်သေသွားသည်။ ဖွေး လှမ်းကြည့်လိုက်တော့ ညအမှောင်ထဲမှာ စခရင်န်လင်းနေသည့်ဖုန်းကို ဗျတ်ခနဲ မြင်လိုက်ရကာ ...

"ဟုတ်တယ် .. ငါပဲ"

"... ... ..."

"ရောက်တော့မယ် .. ထပ်မဆက်နဲ့၊ အဲဒီမှာ လိုင်းမမိဘူး"

"... ... ..."

"တွေ့တယ် .. ခေါ်လာတယ်၊ ပေါလန်ကြီးကို ပြောထားလိုက်ဘူတာနှစ်ခုလုံး ပိတ်ထားလိုက်လို့"

သူ ဖုန်းပြောပြီးတာနှင့် ကားပြန်ထွက်တော့ စက်သံကြမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာကာ ရှေ့တိုးသွားလိုတ် တုံ့သွားလိုက် ..။

"ဘာဖြစ်တာလဲ .."

"ခဏလေး ဆရာ .. ကျွန်တော် ဆင်းကြည့်လိုက်မယ်"

ဖော်ထက် က ခွာတ်မီးကိုင်ပြီး ဆင်းသွား၏။ သူက စီးကရက် ထုတ်သောက်ပြီး မီးခိုးငွေ့တွေနှင့် မျက်နှာ နောက်ကို လှည့်လာတာ...

"ပါးစပ်ပိတ်ထားတဲ့တစ်ယောက်ကို ခဏဖွင့်ပြီး ဘာလုပ်ချင်လဲ မေးဦး၊ ပြီးရင် ပြန်ပိတ်ထားလိုက်"

သူ အမိန့်ပေးလိုက်မှ ဖွေး ပါးစပ်စည်းထားသည့်အဝတ်ကို ဖြေပေး၏။

"ရေသောက်ချင်တယ်"

"တိုက်လိုက်"

ဖွေး ပြောလိုက်တာနှင့် ရှေ့ကနေ လှည့်မကြည့်ဘဲ သူပဲ အမိန့်ပေးသည်။ ပွန္နေးနေသည့် ရေသန့်ဘူးကြီးကို နှုတ်ခမ်းဝမှာ လာကပ်ပေးတော့လည်း ဆာနေတာ့ ဟန်မဆောင်နိုင် ..။

"သူ့ကို တိုက်လိုက်ပါဦး၊ ဒဏ်ရာတွေနဲ့ .."

"အဲဒါ နင့်အလုပ် မဟုတ်ဘူး၊ သူ့မှာ ပါးစပ်ပါတယ်"

"ရပါတယ် .. တို့ ရေမျိုချနိုင်မှာ မဟုတ်ဘူး"

စကားသံက ဒဏ်ရာရနေမှန်း သိသာပေမယ့် သူ စကားတော့ ပြောနိုင်နေတာကို သိလိုက်ရကာ ဖွေး ဝမ်းနည်းသွားမိသည်။

တော်ရုံနဲ့ ငိုလွယ်ရယ်လွယ်ဖြစ်တတ်တဲ့အကျင့် ဖွေးမှာ မရှိခဲ့ပါ။ ဒါပေမယ့် ငိုချင်လာတာတော့ သေချာ၏။

"ဖွေး နေရတာ အဆင်ပြေရဲ့လားဟင်"

အဆင်ပြေစရာ မရှိနိုင်တာကို မေးစရာလား ..၊ တိုယ် ကြားချင်တာ ဒီစကား မဟုတ်ပေမယ့် ပါးစပ်ကို ပြန်စည်းခံလိုက်ရတော့ ဖွေး သူ့ကို ဘာမှ ပြောခွင့်မသာခဲ့ပါ။





သူ့ထံမှလည်း ဘာမှထပ်ပြောမလာတော့ဘဲ ကောင်း ခေါင်းငိုက်စိုက်ဖြစ်ရင်း ငြိမ်သက်သွားပြန်၏။ ဒါကို ဖွေး ဘာမှမမေးနိုင်ပေမယ့်...

"ယောကျ်ားဖြစ်ပြီး မေးကွဲ ဖူးယောင်တာလောက်နဲ့ ဖြစ်နေလိုက်တာကွာ .. မကြာခင် တိုင်နဲ့ခေါင်းနဲ့ ပြေးဆောင့်သေတော့မှာ ကျနေတာပဲ၊ အသည်းယားယားနဲ့ ဖွဲ့အိတ်ကြီးလို ထိုးပစ်လိုက်ရရင်တော့.."

တစ်ယောက်က အံကြိတ်ကြိမ်းဝါးကာ လက်သီးတပြင်ပြင်နှင့်...

"ဘာဖြစ်သွားတာလဲ ဖော်ထက် .. ငါ လာကြည့်ရမလား"

"ရပါတယ် ဆရာ .. ခဏပါ၊ ဆရာ ဝိုင်လေးမော့ပြီး ကောင်းကင်ကို ခဏငေးနေလိုက်၊ သန်းခေါင်ကျော်ပေမယ့် ကောင်းကင်က ဒီအချိန် အလှဆုံးပဲ"

"အလှအပတွေ ရှုတ်မနေနဲ့ ဟေ့ကောင်.. သွားစရာရှိသေးတယ်၊ ငါ စက်နှိုးကြည့်မယ်"

"ဩော် .. ရပါတယ်ဆို ဆရာရယ် .. အင်ဂျင် နည်းနည်းလေး စိတ်ကောက်နေတာ ချော့လိုက်ရုံပဲ"

"ဒါဆိုလည်း ဝိုင်လောက်တော့ ရတယ်မို့လား ဆရာ၊ ကျွန်တော်တို့ တောလမ်းထဲမှာ ညအလှလေးကို နတ်စည်းစိမ်နဲ့ ခဏလေး မော့ငေးပါရစေ"

နှစ်ယောက်စလုံး ဝိုင်းပြောကြတော့ သူကိုယ်တိုင်လှမ်းယူပေးကာ...

"နည်းနည်းပဲကျန်တာကို သတိရနေကြတယ်၊ ဖော်ထက် .. မင်းရော ချဦးမလား"

"ဒီမှာ ယူလာတယ် ဆရာ .. ဆရာ့ခွင့်ပြုချက်ရတာနဲ့ မော့မလို့"

"ခွေးကောင် .. အဲဒါကြောင့် ငါ့ကို တိုက်တွန်းနေတာ"

သူတို့ပြောသည့် ညအလှမှာ ကောင်း နဲ့ ဖွေး တို့အတွက်မပါဝင်ရဲပဲ ဖြစ်၏။ ဖွေး မျက်နှာလေးကို ငုံ့ကြည့်မိတိုင်း ခေါင်းတစ်ခုလုံးကနာကျင်မှုကို စာမဖွဲ့နိုင် ..။



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဒုစရိုက်လုပ်ငန်း လုပ်နေတာ မဟုတ်ပါဘူး၊ မင်းက ဘာဖြစ်လို့ ဖအေနဲ့အတူနေပြီး ကူညီရိုင်းပင်းဖို့ စိတ်မကူးရတာလဲ၊ ငါ ရှာနေတာ မင်းအတွက်နော် ကောင်း၊ အဲဒါလည်း သတိရဦး"တဲ့...။

မွေးသဖခင်ကြီး၏ မျက်နှာကို လမ်းဘေး ကိုင်းဘောတွေထဲမှာ မြင်လာမိသည်။

"မင်းအဖေက ရွာမှာ ဆုံမယ်လို့ မှာလိုက်တယ်၊ သူပြောတဲ့ရက်ကို အတိအကျရောက်ပစေလို့ အထပ်ထပ်မှာတာ မလွဲစေနဲ့"လို့ အဖေ့ လူယုံက အရေးတကြီးပုံစံနှင့် သတင်းပေးသွားခဲ့သည်။

လက်စွပ်ပေးသည့်နေ့ကလည်း အဖေပြောသွားတာ ရှိသေးသည်။

"လောကမှာ မြင်တတ်ရတယ်တဲ့၊ မြင်တတ်တွေးတတ်မှ ရယူနိုင်တာ၊ မင်းလည်း ဖအေ့လုပ်စာလေး မျှော်စားပြီး တင်းတိမ်မနေနဲ့၊ မိန်းမယူခင် မိဘကို ကူညီဖို့ စဉ်းစား ..."

ထိုစကားတွေဟာ ဒီနေ့ သိလိုက်ရသည့်ပြဿနာနှင့် လုံးဝ သက်ဆိုင်နေပြီဆိုတာ ဒီလူတွေမျက်နှာကို မြင်လိုက်ရတည်းက သိသည်။ အဖေ တကယ်ပဲ သူတို့ပြောတဲ့ပမာဏကို လုပ်ကြံသွားခဲ့သည်လား...။

ကိုယ့်ကိုယ်တော့ မိန်းမခိုးလာတဲ့ကောင် မသိတတ်လေခြင်းဆိုပြီး တစ်နေ့ရာက အံကြိတ်ကြည့်ပြီး ကျောခိုင်း ထွက်ခွာသွားခဲ့ပြီလား။

အဖေဟာ နိုင်းချင်တာမျိုးထက် 'သား'ဆိုသည့်အင်အားနှင့် ရုန်းကန်ချင်တာ ဖြစ်သည်။ သူ့ကို ပြောသမျှ စကားထဲမှာလည်း မိန်းမယူတော့ ဆိုတာမျိုး ဘယ်သောအခါမှ မပါဘူးပေ ...။

သူ့သာလျှင် မရည်ရွယ်ပါဘဲ အချစ်ကို ရှာခဲ့တာ ဖြစ်၏။

"မင်း ရည်းစားထားတယ်လို့ ငါတို့ကြားတယ်နော် ဖိုးကောင်း၊ ကျီးသဲကိုသွားတာလည်း ဆိုင်ကယ်လိတာရာတွေ ပွန်းရှကုန်ပြီလား မသိဘူး၊ ဖအေက တစ်နေရာ တစ်ရပ်ရွာမှာ ရုန်းကန်နေရတာ၊ ကိုယ့်ဘဝကို နားလည်"တဲ့ ...။





အန်တီတို့ကလည်း သတိပေးခဲ့၏။

"မင်းတို့သားအဖ ဘဝကို ဘယ်လိုရုန်းကန်ခဲ့ရသလဲ၊ အဆင်ပြေလာပြီလည်းဆိုရော မိန်းမကောက်ယူပစ်လိုက်တာပဲဆိုရင် နင့်ကို မောင်းထဲ ထည့်ထောင်းမှာ"

လို့ တည့်တည့်ခြိမ်းခြောက်၏။

အဖေနဲ့သူ ဘယ်လောက်ထိ ကြီးပွားနေသည်၊ အဖေ လာလာပေးသည့်ငွေတွေ လက်ဝတ်ရတနာတွေကအစ ဘယ်လောက် တန်ဖိုးကြီးသည်၊ ဒါတွေကို အန်တီတို့ သေချာမသိ ...။

သူကတော့ တကယ်ပဲ မောင်းထဲထည့်ထောင်းခံလိုက်ဖို့ကောင်းတဲ့ သားပါ။ မွေး ရဲ့အလှမှာ သူ ကျရှုံးခဲ့သည်။ အချစ်ဆိုသည့် တောင်တံတိုင်းကို မကျော်နိုင်ဘဲ ဘဝအတွက် စုဆောင်း ငွေ့ရည်ဖွဲ့ခဲ့သမျှ အရှည်ပျော် သွန်ချခဲ့၏။ ခုယောက်ဆို လောဘသင်္ကာယတွေနဲ့ ပြေးလွှားမောပန်းနေရှာသည့် အဖေ ဘယ်လိုနေမလဲ ...၊

မွေး မျက်နှာလေးကိုကြည့်ပြီး သူ ရင်ခုန်နေစဉ်မှာ အဖေ့ ရင်ခုန်သံတွေက နောက်ဆုံးထွက်သက် ဖြစ်နေနိုင်သည်ပဲ။

"ဘာတွေလုပ်နေသလဲဆိုတာ သားကို နည်းနည်းပါးပါး အသိပေးခဲ့ဖို့ကောင်းတယ် အဖေရယ် ..."

ရင်ထဲမှာ ညည်းတွားရင်း အံကြိတ်မိတော့လည်း နှာကျင်မှုက စူးစူးရှရှ။ ဒါပေမယ့် ဒီဒဏ်ရာတွေထက် ရင်ထဲက နာကျင်နေတာက ပိုဆိုးနေ၏။

မွေး ကို အားပေးဖို့ထက် သူ့ခေါင်းထဲမှာ အချိန်ပြည့် ပူလောင်နေတာက အဖေ့အကြောင်းတွေပဲ တွေးနေခြင်းကြောင့် ဖြစ်သည်။

'အဖေတစ်ခု သားတစ်ခု' ဘဝကို အဖေ တတွတ်တွတ်ပြောနေတုန်းက ခံစားဖို့ သတိမရဘဲ ခုကျမှ ပြေးလွှားပြိုလဲနေသည့် အဖေ့ ပုံရိပ်တွေပဲ မြင်ယောင်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖွေး နဲ့ သူ့ကိုမြင်ပြီး ကွယ်ရပ်တစ်ခုကနေ မောပမ်းအံကြိတ်နေရှာသည့်မျက်နှာကို ပုံဖော်မြင်နေရသဖြင့် ထိုအာရုံတွေက နှိပ်စက်၏။ ထိုစဉ် ...

"ပူး .."

စက်နှိုးသံနှင့် သိမ့်ခနဲဆောင့်ခါသွားမှ ကောင်း ရဲ့စိတ်တွေ ညှို့နက်နက်လမ်းပေါ် ပြန်ရောက်လာသည်။

"ရှေ့မှာ အဆင်းလမ်းလေးနဲ့ ငါတို့ သွေးပူနေတာလေး ရောသမမွှေလိုက်ရင် တော်တော်ဂွတ်င်မှာပဲ၊ ဒီနေ့ကျမှ ငါတို့ဆရာ သဘောကောင်းပြီး နည်းနည်းမော့ခွင့်ပြုမိုက်တာ နတ်စည်းစိမ် ရလိုက်သလိုပဲကွာ"

"ဒါတောင် အာစွတ်ရုံပဲ ကျန်တော့လို့ .."

"တော်တော့ ပော့ကောင်တွေ၊ မင်းတို့ကိုယ်မင်းတို့ အပျော်ခရီးထွက်လာတယ် မှတ်နေလား"

"ဆရာကလည်း .."

ဆိုပြီး လေသံပျော့ပျော့လေးနှင့် တိတ်ကျသွား၏။ ဇော်ထက်က ကားပေါ်ပြန်ရောက်လာမှ ...

"ဒီကောင်တွေ ဆရာက မျက်နှာသာပေးနေလို့ အူမြူးနေကြတာပါ ဆရာရယ် .. ဆရာက .."

"မင်းလည်း ဟိုဘက်မှာ သွားထိုင်၊ သောက်ထားပြီးမှ .."

"ရပါတယ် .. ဆရာကလည်း"

"ဖယ်စမ်းပါကွာ"

ဆရာတပည့်တွေ စကားပြောပုံက ရင်းနှီးနေကြမှန်းလည်း သိသာကာ ကြောက်ရွံ့ရိုသေသည့်အရှိန် မသေးမှန်းလည်း ပေါ်လွင်၏။

ကားက လမ်းပေါ်မှာ နဂိုအတိုင်း အရှိန်နှင့်ပြေးနေပြီး ကုန်းဆင်းတွေမှာလည်း ဒီတိုင်းပဲမို့ ကားပေါ်ကလူတွေ အတုန်လုံး ခလောက်ဆန်နေတော့သည်။





ဒဏ်ရာတွေနဲ့ ကောင်း က ပိုပြီးအထိနာသည်။ လူက ထိုင်နေပေမယ့် တစ်ခါဆောင့်ခုန်သွားတိုင်း မေးချင်းရိုက်မိလိုက်၊ လျှာကိုက်မိလိုက်။ ဒဏ်ရာတွေကို တမင်တကာ ထစ်ပြီး ရိုက်နှက်နေတာနှင့်လည်း တူ၏။ ကားမောင်းကျွမ်းကျင်မှန်း သိသာပေမယ့် တလကြမ်းဖြစ်နေတာက ဒုက္ခပေးနေခဲ့သည်။

အုပ်ခဲနေသည့်တောကို ဖြတ်လိုက်၊ ကုန်းဆင်းတွေမှာ ပြုတ်ကျသွားသလိုဖြစ်လိုက်နှင့် ညဘက်မှာတောင် ဝိုးတဝါး အလင်းရောင်ကို လုံးဝဆုံးရှုံးကာ ပိန်းပိတ်မှောင်ကျသွားတာ ခဏခဏ။

"ဟာ!..."

ရုတ်တရက် တလကြမ်း မြောက်ခုန်သွားကာ ခေါင်းဆောင်၏ စိုးရိမ်သံ ထွက်လာ၏။

"ဘာဖြစ်လို့လဲ ဆရာ"

"ဘရိတ်မမိတော့ဘူး"

"ဟင်!..."

"ဘာမှမငြိတော့ဘူး"

ကားက ကုန်းဆင်းမှာ ဝေါခနဲ စိုက်ဆင်းသွားကာ ...

"ဒုန်း .."

"အား .."

သူ ကားကို တတ်နိုင်သမျှ ကိုင်းတောတွေဘက် ထိုးဆင်းပစ်လိုက်သဖြင့် လွင့်ကျသွားသည့်လူတွေ သက်သာနိုင်သော်လည်း ...

"အ .."

သူ့ခေါင်းမှာ ပူခနဲ တစ်ချက်ထိကာ အလင်းရောင်တွေ ဖြာထွက်ကုန်၏။ ဒါပေမယ့် သူသိနေသည်။ မိုးမလင်းသေးသည့်အတွက် ဒါက 'ည' ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"အမေ .."

"ဟုတ်တယ် .. အားတင်း ထလိုက်၊ သွားမယ် .. အချိန်မရှိဘူး"

"အမေ သူ့ကို ကျွန်တော် .."

"ဟောကောင်.. မင်းကိုခေါ်ထုတ်သွားဖို့တောင် ငါ ဘယ်လောက်ထိ ရင်းနှီးပေးဆပ်ခဲ့ရလဲ သိလား .. အချိတ်အဆက်တွေ အားလုံး ဒီမှာ ကွက်တိမိတာ ကံကောင်းလို့"

"ဒါပေမယ့် .."

"လမ်းသစ်ကောင်း .. မင်းရဲ့လမ်းကောင်းဖို့ ငါ ဒီလောက်ပဲ ဖွင့်ပေးလို့ ရတယ်၊ လာခဲ့ .. ယောက်ျားလေးတစ်ယောက် ခေါ်တဲ့နောက်ကို ရဲရဲဝံ့ဝံ့လိုက်လာတဲ့သူ့မှာ ဘယ်လိုဆက်လျှောက်မယ်ဆိုတဲ့ သတ္တိတော့ ရှိမှာပဲ .. ထားခဲ့လိုက်"

"ကောင်း .. ကောင်း .. အဲဒီလို မလုပ်ပါနဲ့၊ ဒီမှာ ထားခဲ့မယ့်အစား ဖွေး ကို သတ်ပစ်လိုက်ပါ"



"ကောင်း၊ ကို ခွင့်လွှတ်ပါ ဖွေး ရယ် .."

"ဒါ သည်းခံခွင့်လွှတ်ရမယ့်ကိစ္စ မဟုတ်ဘူး ကောင်း၊ ဖွေးကို တာဝန်မယူချင်ရင် ပြန်သွားလို့ရအောင်တော့ ကူညီပါ၊ ရှင် မရက်စက်ပါနဲ့"

"ဖွေး .. ထားခဲ့စမ်း၊ ဓ ဆိုတဲ့ကောင်က နေရာတကာမှာ ဓ ရှိပေမယ့် မိန်းမတစ်ယောက်ကို ချောင်ပိတ်စော်ကားတဲ့အကျင့်တော့ မရှိဘူး၊ အဲဒါ ငါ အသိဆုံး၊ သူ့အတွက် မင်း မပူနဲ့"

"ကောင်း .."

"ဖယ်စမ်း .."

"အား!..."

အတင်းပြေးကပ်လိုက်သည်။ ...က်ကြမ်းတစ်စုံနှင့် ပခုံးကနေ ပြန်ဆောင့်တွန်းလိုက်တော့ ဖွေး နောက်ပြန်လဲကျကာ ...

"ဟော .. ထစမ်း၊ မင်း .. အား .."

ကိုယ်ကို လှုပ်ခေါ်နေတာ သိလိုက်ပေမယ့် ရုတ်တရက် ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်နေမှန်းမသိခြင်းက ခေါ်နေတာကို မတုံ့ပြန်နိုင်..။

"ဟဲ့ဟဲ့ .. မင်း သတိရနေပြီမို့လား"

သူမကို စည်းထားသည့်အဝတ်ကို ဖြေနေရင်း ကိုယ့်ခေါင်းက တဒိန်းဒိန်းနိုပ်စက်တာကိုလည်း ခံနေရ၏။ အရေးထဲမှာ သူမက လူးလွန့်နေပြီး တုံ့ပြန်သံ မပြု။

"အား .. ကျွတ် .. ကျွတ် .."

ဆက်... ခေါ်နိုင်တော့ဘဲ သူ နေရာမှာပဲ ထိုင်ချလိုက်ကာ ခေါင်းကို လက်တစ်ဖက်နဲ့ ဖိကပ်ထားမိ၏။

သွေးထွက်များနေပြီဆိုတာ သိလိုက်သဖြင့် လက်မနွာရဲဘဲ သူမ ပါးစပ်က ဖြေချလိုက်သည့်အဝတ်စကို သတိရမှ ပြန်ကောက်ယူပြီး ခေါင်းမှာ ဖိကပ်ထားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တိမ်းစောင်းနေသည့်ကားနှင့် လူတွေအားလုံး ဘေးမှာစဉ်ကျကာ အတုံးအရုံးငြိမ်သက်နေကြပုံက ခေါင်းကဒယ်ရာထက် ပိုနှိပ်စက်နေ၏။

နံနက်ခင်း လင်းရောင်ခြည်က ဝိုးတဝါး လက်ကျန်အမှောင်ထုကို အောင်နိုင်စွာ ဖြိုခွင်းနေ၏။ လေပြည်နုနုက တောရိုင်းပင်တွေကို တိုးတိုက်ကျီစယ်ကာ တဖျောဖျောအသံတွေကို ဖြစ်စေ၏။

လမ်းကြမ်းကြမ်းပေါ်မှာ ကားနဲ့လူတစ်စု၏ အနိဋ္ဌာရုံမြင်ကွင်းကတော့ အားလုံး အလှအပသာယာမှုတွေကို အသံတိတ် ဖျက်ဆီးနေခဲ့၏။ အကုန်လုံးထဲမှာ သူတစ်ယောက်သာ ပထမဆုံး သတိရလာသူဖြစ်ကာ အတုံးအရုံးလဲကျနေသူတွေကို ကြည့်တော့ လမ်းသစ်ကောင်း ပျောက်နေခဲ့၏။

ကားမှောက်ခဲ့တာက ကိုယ့်ကြောင့်ပေမယ့် ဒီအချိန်မှာ လမ်းသစ်ကောင်း ကို ကွက်တိခေါ်ထုတ်သွားနိုင်တာ ဘယ်လိုဆက်စပ်မှုတွေနဲ့လဲ...၊ ကိုယ်က နာနေသည်။ ခေါင်းမှာ သွေးသံရဲရဲမို့ အစီအရီပေါ်လာသည့် အတွေးတွေနှင့် မတ်တတ်ရပ်နိုင်တာတောင် ယိမ်းထိုးနေသေးသည်။ ကြည့်လိုက်တော့ သူမက မျက်လုံးအကြောင်သားနှင့် သူ့ကို ငေးလျက် ...

"မင်း ဘာဖြစ်သွားသေးလဲ"

"ချုပေါ်ကျတာဆိုတော့ ဘာမှမဖြစ်ဘူး ထင်တယ်၊ ခေါင်းတော့ မူးနေတယ်"

"လမ်းသစ်ကောင်း ကို ဘယ်သူခေါ်ထုတ်သွားလဲ မင်း သိလိုက်လား"

သူမ အသံတိတ်နေ၏။ သူလည်း ဆက်မမေးတော့ပါ။ အားလုံး သတိလစ်နေကြတာကို သူကိုယ်တိုင် သူမကို နှိုးရတာဖြစ်သည်။ သိစရာအကြောင်းမရှိဟု သတ်မှတ်ကာ ကိုယ့်ဘက်မှာ ဟာကွက်ဖြစ်ရသည့်အကြောင်းပေါ်မှာပဲ မချင့်မရဲ ခံစားနေရ၏။





ထိုစဉ် ထောင့်ချိုးလမ်းကွယ်ကနေ ဆိုင်ကယ်လ်တွေ တဝေါဝေါ ထွက်လာကြ၏။ ခဏအတွင်းမှာ သူတို့နား ရောက်လာကြကာ ဆိုင်ကယ်လ်သုံးစီးနှင့် လူခြောက်ယောက်က လဲကျနေသူတွေကို ဆွဲထူကြ၊ ခေါ်ဆေးကြနှင့် ...

"ကိုဇ .."

"မမေးနဲ့ .. မင်းတို့ကို ဘယ်သူလွှတ်လိုက်တာလဲ"

"ပေါလန်ကြီးပဲ"

သူတို့အားလုံး ဇ ရဲ့ဘေးမှာ ဝိုင်းရံရပ်လိုက်ကြကာ ...

"အချိန်တန်လို့ ရောက်မလာကြတာနဲ့ ကျွန်တော်တို့ လှမ်းအကြောင်းကြားရတာလေ၊ အဲဒါ ပေါလန်ကြီးက အရေးပေါ် ချက်ချင်းပြေးကြည့် ဆိုလို့ .."

"ကိုဇ အားလုံး သေကုန်ကြပြီ၊ ဘာတွေဖြစ်ကုန်တာလဲ"

"ဘာ!..."

ဇ အသံ ကျယ်သွားသည်။ လဲကျနေကြတာ ကိုင်းတောထဲမှာ ပြစ်လျက် ...

"သွေးထွက်သံယို ဘာမှမဖြစ်ကြဘဲနဲ့"

တစ်ယောက်က ထပ်ပြောလိုက်တော့ တိတ်ဆိတ်ခြင်းက ကြောက်စက်ဖွယ် ဖြစ်သွား၏။

"ဒါနဲ့ ကိုဇ .. ဦးလမ်း ရဲ့သားက ဘယ်မှာလဲ"

လိမ္မော်ရောင်ပြေကျသွားပြီဖြစ်သည့် ကောင်းကင်ကို လှမ်းကြည့်ရင်း ဇ အံကြိတ်သည်။

တစ်သက်မှာတစ်ခါ ပေးဆပ်လိုက်ရသည့် ဆုံးရှုံးခြင်းက တစ်ခါဆိုသလောက် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"ဦးရခိုင် .. ခင်ဗျားပြောတာတွေကို နားထောင်နေတာ ကျွန်တော် ဝန်ခံနေတာ မဟုတ်ဘူးနော်၊ ဖြစ်နိုင်ခြေရှိနေတာတွေပဲ ပြော .. မစွပ်စွဲနဲ့"

သူ့မျက်နှာက နီရဲတာထက် ပိုလာ၏။ ဦးရခိုင် ဆိုသော ခပ်မည်းမည်းလူထွားကြီးက အထက်စီးဆန်သည့်အကြည့်များနှင့် ထိုင်နေရင်းကနေ ခြေချင်းချိတ်သည်။ ပြီးတော့ ဇ ရဲ့နောက်မှာ ဖြူဖြူပုံ့ပုံ့လေး ထိုင်နေသည့် ဖွေး ထံ ဝေ့ခနဲ ကြည့်၍ ...

"မင်းအတွက် စုတ်ရောလာဘ်ရော ဝင်တာပဲ ဇ၊ ပေါလန် ကလည်း မင်းကို အပြစ်မလုပ်ချင်ဘူး .. သွားတော့လို့ပြောတာ မင်း ဘာများ နစ်နာလို့လဲ"

"ကျုပ်ရဲ့ဂုဏ်သိက္ခာတွေကို တစ်သက်လုံး သုံးစားမရအောင် နင်းချေပစ်လိုက်တာတောင် မနစ်နာဘူးလို့ ခင်ဗျားက ပြောသလား"

"ဂုဏ်သိက္ခာ .. ဟား .. ဟား ..."

ဦးရခိုင် က မလိုအပ်ဘဲ ပခုံးတွေ တမင်လှုပ်ပြပြီး ရယ်သည်။





"အပ်တိုတစ်ချောင်းတောင် မခိုးခဲ့ဖူးဘူးလို့ ပြောကြတဲ့စကားလိုပေါ့၊ အပ်တိုပဲတွေ့တော့ တန်ဖိုးမရှိတာကို ဘယ်ယူမလဲကွ၊ မင်းရဲ့ ဂုဏ်သိက္ခာတွေက ကျောက်တွင်းထဲက ခဲသလဲတွေပေါ်မှာ ကြီးမားခဲ့တဲ့ သိက္ခာတွေပါ၊ အခု မက်လောက်စရာတွေကျတော့ ကိုယ်သေဆိုသေ .. ရှင်ဆိုရှင်ခဲ့တဲ့ တပည့်တွေကိုတောင် မင်း သတ်ပစ်တယ်"

"တောက် .."

ဇ ရှေ့ကိုတိုးလိုက်တာနှင့် သူ့ရှေ့မှာ တန်းစီရပ်လိုက်ကြတာ နှစ်ယောက် ...။

"ဖယ်စမ်း .."

"ဝုန်း .."

"ဖောင်း .."

တစ်ယောက်ကို လွှဲရိုက်ကာ အရှိန်နှင့် နောက်တစ်ယောက်ကို ကန်ထုတ်ပစ်လိုက်၏။ ကာဆီးသူတွေ ပြိုလဲကုန်သည်နှင့် ဦးရခိုင် ရှေ့မှာ ခြေတစ်ဖက် လှွားခနဲတင်လိုက်ပြီး ငုံ့ကြည့်၍ ...

"ဒါ လုပ်ကြံမှုသက်သက်ပဲ .. ကျုပ်လက်ချက်လို့ ထင်လောက်စရာ အကြောင်းအချက်တွေ ဘယ်လောက်ခိုင်လုံနေနေ ကျုပ် မဟုတ်တဲ့အတွက် ဝန်မခံနိုင်ဘူး"

"ဝန်မခံတော့ မင်းက ဘာလုပ်ချင်သေးလို့လဲ ဇ"

အသံက သူ့ဘေးကဖြစ်ကာ ပေါလန် ၏မျက်နှာ ဖြူပြည့်ပြည့်ကြီးက မှုန်ကုတ်တင်းမာနေလျက် နောက်ပါးမှာ ကိုယ်ရံတော်တွေ ဝန်းရံပါလာကြ၏။

မကြီးမားသော့်လည်း ခမ်းနားစွာ ပြင်ဆင်ထားသည့် တိုက်ခန်းကျယ်ကြီးထဲမှာ ဆရာထက် တပည့်တပန်းတွေက ပိုများနေကာ လက်ချစ်တစ်ချက် ခတ်လိုက်တာနှင့် သိသိ မသိသိ မည်းမည်းမြင်ရာ မြေခတ် တိုက်ခိုက်ကြဖို့ အဆင်သင့် ...။ ဦးရခိုင် က အကျဲအနဲ မြင်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကနေ ဖျတ်ခနဲ ထရပ်လိုက်ပြီး ကိုယ်ကို ရို့သည်။

ပေါလန် က ဇ ကိုပဲကြည့်၍ မျက်နှာချင်းဆိုင် ရပ်လိုက်ကာ...

"မင်းကို ငါက ကိုယ့်တူပေမယ့် သားလို အားကိုးခဲ့တာ၊ အဲဒါ မင်းရဲ့ဂုဏ်သိက္ခာကို ယုံကြည်လို့"

"ပေါလန် ဒီကိစ္စမှာ .."

"မင်းလိုလူကို မင်းကိုယ်တိုင်ပါတာ မဟုတ်ဘဲ ဘယ်ကောင်မှ အကွက်ရွှေ့လို့ မရဘူး ဇ၊ အဲဒါကို အားလုံး သိပြီးသား၊ ဦးလမ်းကို မင်း ဆက်သွယ်ပြီး မင်းကိုယ်တိုင် လွှတ်ပေးလိုက်တာ၊ သူ့သားကိုပါ ထည့်ပေးလိုက်တာကတော့ မင်းစိတ်ကူးထဲမှာ မင်း သိမှာပါ"

ဖွေး ဆီကို လှမ်းကြည့်သည့်မျက်လုံးကြောင့် ဇ မျက်နှာ ညို့ခနဲ မှောင်သွားသည်။

"ငါတို့အလုပ်က ဥပဒေနဲ့မလွတ်ကင်းတဲ့အလုပ် မဟုတ်ပေမယ့် တောကြိုချိုကြားမှာ သူ့ထက်ငါ မိုက်ရဲတိုက်ရဲရတယ်၊ ဒီထဲမှာ မင်းက အတော်ဆုံးလူပါ၊ ခေါင်းပုံဖြတ်နေကြတဲ့လူတွေထဲမှာ ငါကလည်း ငါ့အလုပ်ကို မှန်မြတ်တဲ့အလုပ်ဆိုပြီး ငါ့တူအားကိုးနဲ့ ငါ ခေါင်းမာနေခဲ့တယ်၊ အခုတော့ အားလုံး သွားပြီ၊ ဖြစ်တယ် ဇ .. မင်းအသံ မင်းအရိပ်ကို မမြင်ရတော့ရင် ငါ ကျေနပ်တယ်၊ ဖြစ်လာမယ့်ပြဿနာတွေကို ငါ ရှင်းမယ် .. မင်း သွားတော့"

"ကျွန်တော် မသွားနိုင်ဘူး"

ဇ က တုံးတိပြောချသည်။ ပေါလန် မျက်နှာကြီး တင်းမာသွား၏။ **သေးက ကိုယ်ရံတော်နှစ်ယောက် လှုပ်လှုပ်ရှားရှား ခြေလှမ်းပြင်တာကို လက်ကာတားလိုက်ပြီး ...**

**"မင်း ဘယ်လိုကောင်စားဖြစ်ဖြစ် မင်းရဲ့သတ္တိတွေ ငါ့ကို မပြသင့်ဘူး ဇ၊ ဒီနေရာကနေ ကောင်းကောင်းသွားခွင့်မရဘဲ လူသတ်မှုတွေနဲ့ မင်း ထောင်ထဲရောက်သွားလိမ့်မယ်"**





"ရောက်စမ်းပါစေ .. သူများလုပ်ကြံတာခံရလို့ ခင်ဗျားကို ကျေးဇူးတွေထပ်တင်ပြီးမှ ဇီးကွက်လို သစ်ခေါင်းထဲအောင်းနေဖို့ ကျုပ် ဘယ်တော့မှ မစဉ်းစားဘူး"

"ဇ .."

ပေါလန် သည် ပြည့်ဖောင်းသည့်ပါးပြင်ကြီးနှစ်ဖက် တလှုပ်လှုပ်ဖြစ်လာတဲ့အထိ အံကြိတ် လက်သီးဆုပ်၍ ...

"မင်း .. မင်းက ငါ့ကို အများနည်းတူ ဆက်ဆံလိုက်တာပေါ့ ဟုတ်လား"

"ဆောရီးပဲ.. အများနည်းတူ ကျုပ်ကိုမယုံကြည်တဲ့ထဲမှာ ခင်ဗျား ထိပ်ဆုံးက ဖြစ်နေလို့ပါ၊ ဒီကိစ္စတွေ ကျုပ်လုပ်တာ မဟုတ်ဘူး"

"ဘာလို့မဟုတ်ရမှာလဲ .. ကားကို မင်းမောင်းလာတာ၊ သေကုန်တဲ့ကောင်တွေ အဆိပ်မိအောင် စည်းကမ်းကြီးခဲ့တဲ့ မင်းလိုကောင်က အဲဒီညမှာ အရက်တွေ သောက်ခွင့်ပြုခဲ့တယ်၊ အားလုံးကို ငါတို့ သေချာစစ်ပြီးပြီ ဇ .."

"အဲဒါတွေကို .."

"မင်းလုပ်မှ ဖြစ်တာတွေချည်းပဲ၊ မင်း အရက်မသောက်ဘဲ သူတို့ကိုပဲ တိုက်တယ်၊ ကားမှောက်လို့သေတဲ့ပုံစံ ဖြစ်အောင် မင်း အနာခံပြီး တမင်လုပ်တာ၊ ဒါပေမယ့် မင်းကိုယ်မင်း အထင်ကြီးလွန်းတယ် ဇ၊ အဲဒါ မင်းရဲ့ဟာကွက်ပဲ .. မသမာမှုဆိုတာ သတ္တိရှိတိုင်း ကျူးလွန်လို့ရတာ မဟုတ်ဘူး၊ ငါ့ရဲ့လုပ်ငန်းတိုင်းမှာ မင်း မရှိလို့မဖြစ်ဘူး၊ ငါက မင်း ဘာလုပ်လုပ် ခွင့်လွှတ်နေရမယ့်လူပဲလို့ မင်း တွက်ခဲ့တာ .."

"ခင်ဗျား ထင်တာတွေ လျှောက်မပြောနဲ့"

"မြင်တာတွေ ပြောနေတာကွ၊ မင်းမှာ ငြင်းစရာ ဘာသက်သေ ရှိသလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဇ ခဏငြိမ်သွားပြီးမှ ...

"သက်သေဆိုတာ လုပ်ယူလို့လည်း ရတယ် .. ဖျောက်ပစ်လို့လည်း ရတယ်၊ အမှန်တရားက ကျုပ်ရင်ထဲမှာရှိတယ် ပေါလန်၊ အခုချက်ချင်း ဒီပြဿနာကို မရှင်းနိုင်သေးပေမယ့် ကျုပ် ဝန်မခံဘူး"

"ရတယ်.. မင်းကို ငါ နောက်ဆုံးဝမ်တိန်ပေးခဲ့ပြီးပြီ၊ မင်း အခုထွက်သွားမလား .. ရဲကို ဖုန်းဆက်ရမလား၊ ဆယ့်ငါးမိနစ်အတွင်း.."

ဇ နှုတ်ခမ်းမဲ့သည်။ ဘောင်းဘီအိတ်ထဲ လက်ထည့်ပြီး နောက်ကိုခပ်နဲ့နဲ့ ဆုတ်လိုက်၏။

"အခု သွားမယ် .. မကြာခင် ပြန်လာမယ်"

"မင်းပြန်လာရင် ဆယ့်ငါးမိနစ် မပြောနဲ့ ငါ့ခြံရိပ်ကို ဖြတ်လျှောက်ခွင့်တောင် မရှိတော့ဘူး၊ မင်း သွားရမယ့်လမ်းကို မြင်သာတဲ့အောင် စဉ်းစားလိုက် .."

"ဟွန့် .."

ဇ ချာခနဲ ကျောခိုင်းသည်။ နောက်မှာ ဝိုင်းပတ်ထားသည့်လူတွေ ဇ ပြန်လှည့်လိုက်တာနှင့် ရှဲခနဲ ဆုတ်ပေးကြ၏။ ရင်ထဲမှာ တဆစ်ဆစ်တိုးဆောင့်နေတာ မာနနှင့်ဒေါသတွေလား။ ဘယ်လိုမှ စဉ်းစားမရသည့်ပြဿနာမို့ သူ ဘာမှမပြောနိုင်ပေမယ့် သွေးက ပွက်ပွက်ဆူနေ၏။

ထိုစဉ် နားထဲမှာ ညင်သာသည့် လှုပ်ရှားမှုတစ်ခုကို ခံစားလိုက်မိကာ ခြေလှမ်းတွေ တုံ့သွား၏။ လှည့်ကြည့်လိုက်တော့ သူ့နောက်မလှမ်းမကမ်းမှာ ဖွေး ...၊

သူ့အတွက် အထပ်ထပ်ရစ်ပတ်နေသည့် စိတ်ရှုပ်စရာတွေကြောင့် ဇ မျက်နှာမဲ့သွားကာ ကျွတ်ခနဲ ပြန်လှည့်၏။

ဘာမှလည်း မဆိုင်ခဲ့ဘဲ ...၊





## အခန်း (၇)

မီးနီးရောင်ခပ်ညစ်ညစ် တိုက်ခံပျဉ်ထောင်နှင့် တစ်ထပ်တိုက်ပြားလေး နှစ်လုံးသုံးလုံးလောက် ရှိသည်။ ရွာပြင်ကျကျနေရာမှာ ရှိသည့် ပေါလန် ဆိုသည့်လူကြီးရဲ့ ခြံဝင်းကျယ်နှင့် နှစ်ထပ်တိုက်ပြားလေးကတော့ အကြီးဆုံးလို့ ပြောရမည်သာ ...။

ပြီးတော့ ခြံဝင်းကို သံပြားထူတွေနှင့်ခတ်ထားကာ အတွင်း ပရိဘောဂတွေကအစ တောနဲ့မတန်အောင် ခမ်းနား၏။

တခြားအိမ်တွေကတော့ တိုက်ပုလေးတချို့ရှိတာတောင် မြေပြင်ပတ်လည်ဝိုင်းလျက် တချို့က မြင်းဇောင်းတွေနှင့် ပေပွညစ်ပတ်နေ၏။

တချို့ ခြေတံရှည်အိမ်တွေကျတော့ ထော်လော်ဂျိတွေ၊ နွားတင်းကုပ်တွေ၊ ခြံရှိတာတချို့၊ ခြံခတ်မထားတာတချို့နှင့် ချိုင့်ခွက်ရွှံ့ဗွက်တွေက ဆယ့်နှစ်နာရီလုံးလုံး ရေဝပ်နေတတ်တာမျိုး၊ ကျယ်ကျယ်ပြန့်ပြန့်နေရာယူထားတာတွေလည်း ရှိသေးသည်။

တောတော့ တောပုံစံပဲဖြစ်ကာ မြို့နဲ့သိပ်အလှမ်းမဝေးသည့် တောလို့ ထင်မှတ်လည်း ရှိ၏။ သို့သော် ...



www.burmeseclassic.com

www.burmeseclassic.com



အိမ်ခြေကျဲကျဲ နည်းနည်းလေးပဲရှိကာ ဘေးပတ်လည်မှာ လွင်ပြင်တချို့၊ တောအုပ်တချို့၊ ရှာနီးချင်းတွေ ရှိသလား၊ မရှိဘူးလား မသိသော်လည်း ဇ သွားနေသည့်လမ်းကတော့ ရွာထဲကထွက်နေပြီဖြစ်ကာ ကားလမ်းမကျ လှည်းလမ်းမကနှင့် တောလမ်းကလေးပဲ ဖြစ်လာ၏။ ဘေးကို ကွေ့ထွက်သွားသည့် လမ်းခွဲလေးတွေရှိတာလည်း ဇ က တည့်တည့်ပဲသွားနေကာ ...

"အား .."

ခေါင်းထဲမှာ ကျိန်းစက်နာကျင်သွားကာ ကိုယ့်အခြေအနေကို သိလိုက်သဖြင့် ခြေလှမ်းတွေကို ရပ်ပစ်လိုက်၏။

"ရှင့်ဒဏ်ရာမှာ သွေးတွေကျနေတယ်"

လမ်းပေါ်ကို နေရောင်တိုက်ရိုက်မကျပေမယ့် နေ့လယ်ခင်းမို့ အပူက ရင့်သည်။

"သိပ်အဝေးကြီးသွားနေရင် သွေးထွက်လွန်ပြီး ရှင် လဲသွားလိမ့်မယ်"

နောက်ထပ်စကားသံနှင့်အတူ သူ့ဘေးမှာ အဖြူရောင်အရိပ်လေး ပေါ်လာသည်။ ခရီးအထပ်ထပ်နှင့် ဒုက္ခတွေ အလီလီ ဖြတ်သန်းခဲ့ရပေမယ့် နွမ်းနေသည့်မျက်နှာလေးက ဝင်းနုလှပနေ၏။

ချွေးတွေသံတွေ စိုလိုက်ခြောက်လိုက်နှင့် သံသရာလည်ခဲ့ရပြီး သူမကိုယ်က ဝေ့လာသည့်ကိုယ်သင်းနံ့က ဆွတ်ပျံ့နေဆဲ ..၊

သူမမျက်နှာလေးကို စူးစိုက်ကြည့်နေမိစဉ် မျက်လုံးထဲမှာ ထုံစပ်စပ် မကြည်မလင် ဖြစ်လာ၏။

"မင်း .. ဘာဖြစ်လို့ ငါ့နောက် လိုက်လာတာလဲ"

"ဘယ်သွားရမှန်းမှ မသိတာ"

"ငါက မင်းထက် ပိုဆိုးတယ်"

"အဲဒီတော့ ဖွေး က ဘာလုပ်ရမှာလဲ"





"သူတို့ဆီမှာနေရင် မင်းကို ပြန်ဖို့ တစ်ခုခု စီစဉ် .."

"ဒီလူတွေက ဘာမို့လို့ ရှင့် ဒီစကားပြောတာလဲ၊ ဘာမှမသိတဲ့ ယောကျ်ားတွေကြားထဲမှာ ကျွန်မက .."

သူမအသံတွေ အက်ကွဲလာကာ စကားက ဒီမှာပဲရပ်၏။ လှုပ်ခတ်တုန်ယင်နေသည့် နှုတ်ခမ်းသားလေးကို ဖိကိုက်ထားရင်း ပြည့်သိပ်လာသည့်မျက်ရည်တွေနှင့် မျက်ဝန်းညိုလေးက တလက်လက်ဖြစ်နေခဲ့လျက် ...

"ကျွန်မ .."

စကားပြောဖို့ ကြိုးစားလိုက်၊ နှုတ်ခမ်းလေး ပြန်ပိတ်ပြီး ဖိကိုက်ထားလိုက် ..၊

"မင်းနဲ့သိတဲ့ ယောကျ်ားကရော အခု ယုံစားလို့ရလား၊ ဘာဖြစ်ဖြစ် ကိုယ်လုပ်ခဲ့တာကို ကိုယ်ခံရမှာပဲ"

"ဟုတ်တယ် ဖွေး လုပ်ခဲ့တာ .. အဲဒါကြောင့် အခု မငိုမိအောင်၊ မကြောက်တတ်အောင် အားတင်းထားတယ်၊ သူတို့နဲ့တော့ မနေခဲ့နိုင်ဘူး"

"ငါနဲ့ ဘာဖြစ်ခဲ့သလဲ မင်း မမြင်ဘူးလား၊ ငါကရော ဘာတောင်လဲ၊ အခု သွားစရာမရှိလို့ ဒဏ်ရာနဲ့ ဒီတိုင်းလမ်းလျှောက်နေရတယ်"

"ဖွေး လည်း လျှောက်နေမယ်"

"မင်း ငါ့ကျတော့ ဘာကိုယုံကြည်ပြီး လိုက်လာတာလဲ"

"မသိဘူး .."

"ကျွတ် .."

ဒဏ်ရာသည် စုတ်သပ်မိတာတောင် စူးရှစွာနာကျင်သွားခဲ့လျက်...

"မင်းကို ငါ တာဝန်မယူ .. အား!..."

ပြောချင်တာမဆုံးလိုက်ခင် လူက ဘေးတိုက် ယိုင်ထွက်သွား၏။ သူမက လှမ်းဆွဲလိုက်တာကို သိတော့ ကိုယ်လဲသွားလျှင် သူမ ပါတော့



www.burmeseclassic.com

www.burmeseclassic.com



မှာကိုလည်း သိလိုက်၏။ သတိလွှတ်မသွားအောင် မရမက ချုပ်တီးကာ ကြွက်နာတစ်ကောင်လို ဘေးတိုက်ယိုင်ဆွဲလျက် လမ်းဘေးက သစ်ပင်ငယ်တစ်ပင်မှာ ကျောကပ်မိမှ ရပ်၏။

"အား!... အရမ်းမူးတာပဲ .. မင်း ဖယ်စမ်း"

"ဖယ်လိုက်ရင် ရှင် လဲသွားမှာပေါ့"

"ရတယ် .. ဖယ် .."

"အမလေး!..."

ဖယ် .. ဆိုလို့ ဖယ်လိုက်တာနှင့် သူ့ကိုယ်ကြီး ခွေခနဲကျသွား၏။ မနိုင်ဘဲနဲ့ အမှတ်တမဲ့ လှမ်းဆွဲလိုက်သဖြင့် ဖွေး ပါ ရောလဲသွားလေသည်။ သူမလည်း ခြေထောက်တစ်ဖက်နာနေတုန်းပဲဖြစ်ကာ သူ့ကိုယ်ကြီးတစ်ခုလုံး ပေါင်ပေါ်မှာ ဖိထပ်မိကျနေသည်နှင့် ဘယ်လိုမှ ပြန်မထနိုင်တော့ရပေ ..။

ဘောင်းဘီဖြူဖြူလေးလည်း ဘာရုပ်ပေါက်နေပြီ မသိတော့ဝါ။ ကိုယ့်အဖြစ်ကို မတွေးဖြစ်အောင် ကြိုးစားရင်း လက်နှစ်ဖက်နဲ့ထောက်၍ ဘေးကသစ်ငုတ်မှာ မှီလို့ရအောင် ဖင်ရွှေ့ရသည်။

သူမ ရွှေ့လျားနေတဲ့အတိုင်း ဓ ရဲ့ကိုယ်တစ်ပိုင်းက ပေါင်ပေါ်မှာ လှဲနေသျက်အတိုင်း ပါနေ၏။ ကိုယ် နေရာကျမှ သူ့ကိုယ်ကို သက်သောင့်သက်သာပုံဖြစ်အောင် ပြင်ပေးလိုက်တော့ မသိလျှင် လမ်းဘေးမှာ ကြည်နူးချမ်းမြေ့စွာ အနားယူနေကြတာမျိုး ..။

မျက်နှာပေါ်မှာ အုပ်ကွယ်လုလု ဖရိုဖရဲပြန့်ကျနေသည့်ဆံပင်ကို ကိုင်မည်ပြင်ပြီးမှ မကိုင်ဖြစ်ပေ။ ဒဏ်ရာရှိနိုင်သည့် နောက်စေ့နေရာကို မြင်ရအောင် အသာလေးတွန်းကြည့်လိုက်တော့ ဖွေး မျက်လုံးပြူးသွား၏။ သွေးတွေ သူမဘောင်းဘီဖြူဖြူလေးမှာ စွန်းထင်းကုန်တာ နည်းနည်းပါးပါး မဟုတ် ..။

သူ့လည်ဂုတ်မှစီးသော သွေးတွေက ကျောပြင်ထဲထိ ဘယ်လောက်





များပြားနေမှန်း မသိ၊ ဖွေး လက်ချောင်းလေးနဲ့ တို့ကြည့်တဲ့အထိမှာ စိုရွှဲ စေးပျစ်နေ၏။ ဂျာကင်ကို မပေါက်တာပဲ တော်သေး၏။

ဒီလူ ဒီတိုင်းသွားရင်တော့ ဒုက္ခများတော့မှာပါ။ ဒဏ်ရာကို စမ်းမိနေသဖြင့် သွေးတိတ်အောင် တစ်ခုခုနဲ့ပတ်စည်းပေးထားဖို့ စဉ်းစားတော့ အင်္ကျီရဲ့နောက်သိုင်းချည်တဲ့ကြိုးပြားတွေကို သတိရလိုက်၏။

ဒါပေမယ့် ဘာနဲ့ဖြတ်ရမှန်းမသိ၊ သူ့ တစောင်းမကျတကျ လှဲနေသဖြင့် ရင်ဘတ်တစ်ခြမ်းကို မြင့်နေရကာ သူ့ဂျာကင်အင်္ကျီတစ်ဖက်မှာ စတီးကွင်းလေးတွေနှင့် အနက်ရောင်ရှည်မျောမျောလေးတွေ သုံးတန်းစီ ပါနေ၏။ ကွင်းလေးတစ်ကွင်းကို ဆွဲကြည့်လိုက်တော့ ထွက်ပါလာတာ လက်ခနဲ ..။

"ဟင် .."

လေးလက်မအရှယ်လောက် ဓားပါးလေး၊ ထူထူတစ်တစ်နှင့် အသွားက မြနေ၏။ ဖွေး မရဲတရဲ ထပ်ဆွဲကြည့်တော့ သူ့ရင်ဘတ်နှစ်ခြမ်းမှာ ဓားလေးတွေ ခြောက်ချောင်းတိတိ။ ဂျာကင်မှာ အိတ်လေးတွေနှင့် သံလိုက်သုံး၍ ကပ်ထည့်ထားတာ ဖြစ်သည်။

ဒါတွေဆောင်ထားပြီး တပည့်တပန်းတွေနဲ့နေကြတာ ဘယ်လိုလူတွေမို့လဲ။ လူဆိုးသူခိုးတွေ မဟုတ်ကြဘူးဆိုပြီး လူကောင်းတွေနဲ့လည်း မတူ။

ဖွေး ကြာကြာထိတ်လန့်နေချိန်မရဘဲ ဓားလေးနဲ့ ခါးစည်းကြိုးတွေကို ဖြတ်ယူလိုက်သည်။ တတ်သလောက် မှတ်သလောက်တော့ ကိုယ့်ဟာကိုယ် လုပ်သွားနိုင်ခဲ့ပေမယ့် သတိလစ်နေတဲ့သူကို ကြွပါဦး၊ 'မ'ပါဦး ပြောမရတော့ ပိုပင်ပန်းသည်။

ဆေးလေးဝါးလေးထည့်ပေးချင်ပေမယ့် သူမ တတ်နိုင်သော ဒီလောက်ပဲမို့ ဘာဆက်ဖြစ်လာမလဲဆိုတာကတော့ ထိုင်ကြည့်နေရုံသာ။

ဖွေး လက်လေးတွေ တွဲလွဲကျသွားကာ သွေးတွေပေနေတာကို



www.burmeseclassic.com

www.burmeseclassic.com



လည်း သန့်စင်အောင် သုတ်မနေနိုင်။ ပေါင်ပေါ်မှာ သတိလစ်နေသည့် လူကိုလည်း အခြေအနေ ဘယ်လိုလဲလို့ မကြည့်ချင်တော့ဘဲ ကံကိုပုံချလိုက်သည်။ ပြီးတော့ ပင်စည်သေးသေးလေးမှာ ပစ်စလက်ခတ်မှီကာ မျက်လုံးတွေကို မှိတ်ထားလိုက်မိသည်။

တောန့်တသင်းသင်းနှင့် တိုးဝှေ့ကျီစယ်နေသည့် လေနုအေးကြောင့် သူမမှာ အေးမလာဘဲ မှိတ်ထားသည့်မျက်ဝန်းထောင့်ကနေ မျက်ရည်တွေ စီးကျလာခဲ့သည်။

"ကောင်း ကို ခွင့်လွှတ်ပါ ဖွေးရယ်"တဲ့ ...။

ဟုတ်ပါတယ် .. ခွင့်လွှတ်ရမှာပါ၊ ကိုယ်က ဆင်ခြင်မဲ့စွာ ခေါင်းညိတ်လွှယ်ခဲ့သည်ပဲ။

"ယောကျ်ားလေးတစ်ယောက်နောက်ကိုတောင် ရဲရဲဝံ့ဝံ့ လိုက်ခဲ့သေးတာ၊ သူ့မှာ သစ္စာရှိတယ်"

လို့ ပြောသွားသေးသည်။ ဦးလမ်း ဆိုသည့်လူကြီးသည် သားဖြစ်သူလက်ကို မလွှတ်တမ်းဆုပ်ကိုင်လျက် ဖွေး အတင်းထလိုက်ရင်လည်း တွန်းထိုးထားရစ်ခဲ့မည်သာ ...။

သားရဲ့ဇနီးအဖြစ် သို့မဟုတ် ကိုယ့်သားနဲ့ပါလာသည့် မိန်းကလေးတစ်ယောက်အဖြစ် ငဲ့ညှာစာနာဖို့ ဘယ်တုန်းကမှ ထည့်မတွက်ခဲ့သော ရက်စက်ပြတ်သားဖို့ အသင့်ပြင်လာသည့် ဥပေက္ခာများနှင့်...

"ထားခဲ့စမ်း .."

"သူ့အတွက် မပူနဲ့ .."

"ဖယ်စမ်း .."

အဖြစ်တွေက ရုပ်ရှင်ပြကွက်တွေလို တရှပ်ရှပ် ပြေးနေခဲ့၏။ တကယ်တမ်းအဖြစ်တွေမှာ ကောင်း ရဲ့နောက်ကို ဖွေး ပြေးမလိုက်နိုင်ခဲ့ပါ ...။

ကားမောက်သွားသည်နှင့် မူးမိုက်နာကျင်သွားကာ လူက သတိ





လစ်တစ်ချက် မလစ်တစ်ချက်နှင့် လူးလွန့်နေခဲ့သည်။

ယောကျ်ားလေးတွေထဲမှာဆိုသည့်သတိက ကိုယ့်ကိုယ်ကိုယ်စောင့်ရှောက်ဖို့အတွက် မေ့မြောခွေခေါက်သွားဖို့ ခွင့်မပြုနိုင်ဘဲ တင်းခံနေခဲ့၏။ ထိုစဉ် လူရိပ်လိုလို .. စကားသံလိုလို။

ပြီးတော့ ကောင်း နဲ့ ပူးချည်ထားသည့်လက်ကို လာကိုင်သည်။ ကြိုးကိုဖြေထုတ်နေတာ သိလိုက်၏။ ထို့ကြောင့် ဖွေး သတိကို စုစည်းကာ မျက်လုံးတွေ ပွင့်လာခဲ့တာ ဖြစ်သည်။

အထိနာနေသည့် ကောင်း လည်း ဒယိမ်းဒယိုင်ပါ၊ ကောင်းက အဖေလို့ခေါ်လိုက်သဖြင့် ဒီလူကြီးက ဦးလမ်း ပဲဆိုတာ သိခဲ့သည်။

သူတို့ပြောနေသံတွေကို ကြားသောကြောင့် ကိုယ့်ကိုထားခဲ့တော့မည်မှန်း နားလည်လိုက်သည်။ ဒါပေမယ့် မြင်နေရတာပဲရှိ ဘာ ဖွေးပါးစပ်ပိတ်ခံထားရသဖြင့် ဘာမှမပြောနိုင် ...။

ပြောနိုင်ဦးမည်ဆိုရင်တောင် ချစ်ရတဲ့သူကိုယ်တိုင်က နှုတ်ဆက်နေပြီမို့ နာကျင်နေသည့်ရင်ဘတ်က လိုက်ပါရစေလို့ သနားခံမိလိမ့်မည် မထင်။

သူ နှုတ်ဆက်နေတာကို ကြားလျက်နှင့် ကျောခိုင်းထွက်သွားတဲ့အထိ ဖွေး ဒီတိုင်းကြည့်နေခဲ့ရ၏။ အတွင်းကြေ အပြင်ကြေ ဒဏ်ရာများနှင့် ကိုယ်ခန္ဓာဟာ သူတို့ပျောက်ကွယ်သွားသည်နှင့် သတိလစ်ခြင်းသို့ရောက်ကာ အသိစိတ်ရဲ့ ဟိုတစ်ဖက်မှာတော့ ကောင်း တို့နောက်ကို ပြေးလိုက်နေခဲ့သည်။

'မထားခဲ့ပါနဲ့ .. မလုပ်ပါနဲ့ .. ခေါ်ပါ ယူပါ'တစာစာနှင့် တောင်းပန်နေမိ၏။ ဦးလမ်း ဆိုသည့်လူကြီး ရက်စက်စွာ ကြိမ်းမောင်းတွန်းထိုးပစ်လိုက်လေမှ ...၊ ဖျတ်ခနဲ သတိရလိုက်လျှင် ဇ သူမကို လှုပ်နှိုး နေတာ ဖြစ်နေခဲ့သည်။

ဇ ဆိုတာ သူ့နာမည်မှန်း ဦးလမ်း ပြောသွားလို့ သိရတာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘယ်လိုနာမည်မှန်း မသိပေမယ့် ဒီရောက်လာတော့လည်း အားလုံးက ဇ လို့ပဲ ခေါ်နေကြ၏။

သူမအဖြစ်က ဗြဟ္မာကြီးဦးခေါင်းလို ပစ်လို့မရ၊ သိမ်းလို့မရဘဲ ဘယ်သူမှလည်း လက်မခံချင်သော စိတ်ပျက်ဖွယ် အထုပ်တစ်ထုပ်။

ဘယ်လိုပြန်မလဲ .. ပြန်လို့ရော ရမလား၊ မိဘမောင်ဘွားလက်ထဲကို အကောင်းတိုင်း ချောချောမောမောပြန်ရောက်ဖို့ ဖြစ်နိုင်ချေ ဘယ်လောက်ရှိလဲ ..။

ပါးပြင်ထက်သို့ မျက်ရည်ပူတွေ တလိမ့်လိမ့်ဆင်းနေတာ မကုန်နိုင် မခန်းနိုင်။ မငိုနဲ့ ဖွေး၊ နင် ဒူးထောက်တာတောင် နင်ချစ်တဲ့သူက သနားညှာတာခဲ့လို့လား ..၊ ဖြစ်သလို အဆုံးစွန်ထိ လျှော့ချလိုက်ဖို့လည်း နင်က မိန်းကလေး ..၊ အားတင်းထားစမ်း ..၊ ဘဝမှာ သေဆုံးခြင်းထက် မွန်မြတ်တာတွေ အများကြီးရှိသေးတယ်။

နှုတ်ခမ်းကို မှချီတရိဖိကိုက်ရင်း မျက်ရည်တွေကို သုတ်ပစ်မိ၏။ ထိုအခါ သွေးညှီနံ့က ထောင်းခနဲပါကာ သူ့ဒဏ်ရာကို ကိုင်တွယ်ထားသည့်လက်က သွေးတွေ မျက်နှာမှာ မျက်ရည်နဲ့ရောသမမွှေပြီမှန်း သိလိုက်၏။ ပါးပြင်ကို အထပ်ထပ်ပွတ်ပစ်သော်လည်း မျက်ရည်သာ ခြောက်သွားသည် ညှီနံ့က နှိပ်စက်နေဆဲ ..။

"ဝရော .."

ဆိုင်ကယ်လ်သံတွေ ဆူညံသွားသည်။ တလကြမ်းမောင်းလာသည့်ဆိုင်ကယ်လ်သံက ကိုယ့်ရှေ့မှာရပ်လိုက်တာတောင် စက်သံမရပ်သဖြင့် သူ့ကိုယ်ကြီးပါ လူးလွန့်လာ၏။

"ဇ .."

ဆိုင်ကယ်လ်နှစ်စီးရပ်သွားကာ တစ်ယောက်က မဆင်းဘဲ တစ်ယောက်က ဆင်းလာ၏။

စောစောက အိမ်ထဲမှာ ဒီလူတွေကို ဖွေး မမြင်ခဲ့မိပါ။ နှုတ်ခမ်း





မွေးစစ ဘောင်းဘီရှည် ကုတ်အင်္ကျီရှည်တွေနှင့် ...

"ဇ .. ဟော့ကောင် .."

"ကျွတ် .. ပြော .."

ဇ က သတိတော့ကောင်းသည်။ သူ့ပခုံးကိုကိုင်လှုပ်လိုက်တာနှင့် ထိုလက်ကို ပုတ်ချပစ်ကာ ထထိုင်ဖို့ ကြိုးစား၏။

ပြီးတော့ မျက်နှာမဲ့သွားကာ ခေါင်းကိုဖိတော့ ပတ်တီးကိုကိုင်မိ၏။ ပြန်ကြည့်လိုက်တော့ ခြေထောက်တစ်ဖက်ကွေး တစ်ဖက်ဆန့်နှင့် ထိုင်နေသည့် ဖွေး ရဲ့ပေါင်ပေါ်မှာ သွေးတွေ ..၊ သူ ဖွေး ကို အံ့သြသွားသလို မျက်မှောင်ကုတ်ကြည့်ပေမယ့် ဘာမှမပြောဖြစ် ..။

"မင်း တစ်နေရာမှာ လဲနေမှာပဲဆိုတာ ပေါလန် သိတယ်၊ အဲဒါကြောင့် မိုးမချုပ်ခင် မင်းကို ဒီပတ်ဝန်းကျင်က ထွက်သွားဖို့ လာပြောခိုင်းလိုက်တယ်၊ မတတ်နိုင်ဘူးဆိုရင် ငါတို့ခေါ်သွားပေးမယ်၊ နောက်ပြီး ဟိုကောင်မလေး .."

လက်ခုံတွေ လက်ကောက်ဝတ်တွေမှာ လက်ပတ် လက်စည်း အကာဝ်အထပ်နှင့် လက်ညှိုးတစ်ချောင်းကတော့ ဖွေး မျက်နှာလေးဆီ တည့်မတ်စွာထိုးလျက် ...

"သူ့ကို ပြန်ခေါ်ခဲ့ဖို့ မှာလိုက်တယ်"

"အို .. ဘာဆိုင်လို့လဲ၊ ကျွန်မ လိုက်ချင်မှလိုက်မှာပေါ့"

ဖွေး ခေါသနှင့်အော်ပစ်လိုက်ပြီးမှ စူးနင့် နာကျင်သွားမိသည်။ ခုချိန်မှာ ဒီယောကျ်ားတွေ ဘယ်လိုဆုံးဖြတ်မလဲ၊ သူမ ဘာဖြစ်မလဲ ဆိုတာ ..။

"မင်း မလိုက်ချင်လည်း ခေါ်ခဲ့ဖို့ အမိန့်ပါတယ်၊ အဲဒါ တစ်မျိုး မထင်နဲ့ .. ငါတို့ဆရာကြီးက မင်းကို သေချာစောင့်ရှောက်ထား၏၊ အချိန်အခါကောင်းရင် ဦးလမ်း တို့ သားအဖ ပြန်ရောက်လာရင် လာမယ် .. မလာလည်း မင်းကို ပြန်ပို့ပေးနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး .. ပြန်ဖို့ကိစ္စရော၊ ကောင်း တို့ ပြန်လာတာ မလာတာရော အဲဒါ ကျွန်မကိစ္စ"

ဖွေး က ထိုလူတွေကို မကြောက်မရွံ့ ပြန်ကြည့်ကာ ...

"ကျွန်မမှာ ဆုံးဖြတ်ခွင့်မရှိဘူး .. ရှင်တို့ အနိုင်ကျင့်တာ ခံရမယ်ဆိုရင်လည်း အသာတကြည် ထလိုက်လာမယ်တော့ မထင်နဲ့"

ဖွေး က သူမအနားမှာ ချထားသည့်ဓားလေးကို လက်ပြန်ကိုင်၍ ဆုံးဖြတ်ချက်ကို မြင်အောင် ပြလိုက်သည်။

အနားမှာရပ်နေသူက ဆိုင်ကယ်လ်ပေါ်ကလူကို လှမ်းကြည့်ကာ တိုင်ပင်သည့်အကြည့်တွေ ဖလှယ်ကြသည်။

"စိုးအုပ် .."

ဓ မျက်နှာ မော့လာပြီး ခေါ်သည်။ ဆံပင်တွေကို လက်နဲ့သပ်တင်လိုက်တော့ ဖြူဖျော့နေသည့်မျက်နှာက ဒဏ်ရာရှိန်ရှိနေသော်လည်း နှုတ်ခမ်းတွေ တင်းစေ့နေသည်က မာန်အပြည့် ...။

"ဘာလဲ ဓ .. မင်းပုံစံက ဦးကျိုးပုံမရှိပါလား၊ ဆရာကြီးက မင်းကို လွှတ်ထားကြည့်လိုက်တာနော် .. လွှတ်ပေးတယ်မထင်နဲ့၊ သူ ဆုံးသွားတဲ့ပစ္စည်းတွေရော၊ ဟို လူယုတ်မာသားအဖကိုရော မင်းတို့ လှုပ်ရှားလာမယ့်နေ့ကို စောင့်နေတာ၊ မကောင်းမှုတွေ လုပ်ထားတာတောင် ငါ့ကို မထိရဲလို့လွှတ်ပေးလိုက်တာဆိုပြီး ဘဝင်လေဟပ်မနေနဲ့"

ဓ က ငုတ်တုတ်ထိုင်နိုင်သည့်အနေအထားမှာ ကျကျနနထိုင်နေပြလိုက်ပြီး ...

"ငါ လေဟပ်မဟပ် လာကြည့်တာ မဟုတ်ဘူးဆိုရင် မင်းတို့ ပြန်လိုက်တော့ စိုးအုပ်၊ အခုလောလောဆယ် ငါ အလိုရှိတာ အဲဒါပဲ"

"မင်းကို မိုးချုပ်တဲ့အထိ ဒီအနီးအနားမှာတွေ့ရင် မလွယ်ဘူးနော် .. အဲဒါရော သိလား"





"မင်းတို့ ပြန်ဖို့ ငါပြောနေတာ"

"ဟိုကောင်မလေးကို .."

"သူ မလိုက်ဘူးလို့ပြောတာ မင်း မကြားလိုက်ဘူးလား"

"ငါတို့က .."

ဆက်ပြောမည့်စကားက စူးစိုက်ကြည့်နေသည့် ဓ မျက်လုံးတွေကြောင့် ထစ်ငေါ့ကုန်ကာ ...

"ပြီးရောလေ .. မင်း ပြောဖို့ အချိန်ကုန်တဲ့အထိ အခွင့်အရေးမှ မရဆိုတာတော့ မသေချာတော့ဘူး၊ အဲဒါလည်း မမေ့နဲ့"

သူတို့ ဆိုင်ကယ်လ်ပေါ် ချက်ချင်းပြန်တက်ကြသည်။ အားလုံးပျောက်ကွယ်တိတ်ဆိတ်သွားမှ သူ့ခေါင်း ငုံ့ကျသွားပြီး ညည်းသံသဲ့သဲ့ထွက်၏။

"ရှင့်ခေါင်းက ဒဏ်ရာအကြီးကြီးပဲ၊ ဆက်လျှောက်နိုင်မှာမို့လို့လား"

"အဲဒါ မင်းအလုပ် မဟုတ်ပါဘူး"

ဓ စိတ်မရှည်သလိုပြောပြီး သစ်ပင်ကိုကိုင်ကာ အနိုင်နိုင် ထရပ်၏။ ဖွေး က ငုတ်တုတ်လေးအတိုင်း မထဘဲ မော့ကြည့်နေသဖြင့်...

"ဘာလဲ .. နေခဲ့မလို့လား"

"မဟုတ်ပါဘူး .. ရှင့်ကို စောင့်နေတာ"

နှစ်ယောက်စလုံး မှီခိုဖို့မလွယ်သည့် သစ်ပင်လေးမို့ ဓ မတ်တတ်ရပ်နိုင်ကာမှ ဖွေး နောက်ထပ်အားပြုပြီး ထရသည်။ သို့သော် ...

"အား .."

နာကျင်နေသည့်ခြေထောက်တစ်ဖက်က ညွတ်ခနဲ ပြန်ကျ၏။ ဓ က ဖွေး လက်မောင်းလေးကို ဖမ်းဆုပ်ထားလိုက်ကာ ...

"ဒဏ်ရာဖြစ်ထားတာလား"

"နည်းနည်းပါ .. ရှင့်ကို ပေါင်ပေါ်တင်ထားလိုက်တာ ကြာသွား



www.burmeseclassic.com

www.burmeseclassic.com



လို့ ခုမှ ပိုနာသွားတာ”

“ဘာလို့တင်ထားလဲ.. ဒီတိုင်း မြေကြီးပေါ်တွန်းချလိုက်ပါလား”

“ဟုတ်ပါတယ်.. ကျွန်မက တင်ထားချင်လွန်းလို့ဆိုတော့ တောင်းပန်ပါတယ်”

မျက်လုံးချင်းဆုံပြီးမှ ဖွေး အံလေးကြိတ်၍ ဆတ်ခနဲ မျက်နှာလွှဲသည်။

“မင်း နာသွားတာကို ငါ့ကြောင့်ထင်လို့ပါ .. ဆောရီး”

သူက လမ်းလေးကို လှမ်းမျှော်ကြည့်လိုက်ပြီး ခြေလှမ်းကို တရွေ့ရွေ့ တိုးကြည့်သည်။

“ငါ မင်းပေါ်ကို လဲကျသွားတာ ထင်တယ်”

သူ မကြည့်ဘဲ မေးသလို ဖွေး ကလည်း မဖြေ ..။

“အားလုံးအတွက် ကျေးဇူးပဲ”

ဖွေး အသံမထွက်ပေမယ့် နှုတ်ခမ်းလေး လွန့်ခနဲ မဲ့သွားသည်။

“မင်းနာမည် ဖွေး တစ်လုံးတည်းလား၊ မင်းကိုယ်မင်း ပြောတာ ကြားမိလို့”

ဖွေး က မဖြေတော့ သူ လှည့်ကြည့်သည်။

“ပြန်ဖြေပါ .. ဒီတိုင်းလျှောက်ရင် ငါ့ဝေဒနာတွေကို ငါ သိနေမှာစိုးလို့”

“ဟုတ်တယ် .. ကျွန်မနာမည် ဖြူဖွေးဖွေးဖြူ”

သူ အသံတိတ်သွားကာ ညည်းသံသဲ့သဲ့ ထွက်လာလိုက်၊ ညွတ်ခနဲ ဖြစ်လိုက် ..။

“ရှင် ဘယ်ထိသွားနေမှာလဲ .. ဖွေး ကို တွဲလေ”

“ရတယ် .. မင်းလည်း နာနေတာပဲ”

“ဖြစ်ပါတယ်”

ဖွေး က သူ့လက်မောင်းသေးမှာ မထိတထိ ကပ်ပေးသည်။ ဇ





ခဏလေး စဉ်းစား၏။ ပြီးတော့ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုမှမဟန်တာလည်း သိနေသည်မို့ ဖွေး ရဲ့ပခုံးလေးပေါ် လက်တင်လိုက်ရ၏။

“ငါ မင်းကိုယ်ပေါ် ဒီတစ်ခါ ထပ်ပိကျရင် နှစ်ယောက်စလုံး ပြန်ထနိုင်မှာ မဟုတ်တော့ဘူး၊ အဲဒီတော့ ငါ သတိလက်လွှတ် ပြိုကျလာပြီထင်ရင် တွန်းပစ်လိုက်ပါ”

ပြောပုံက လူတွေကို သနားကရုဏာစိတ်မရှိတဲ့ စက်ရုပ်တွေမှတ်နေသလား မသိ။ ဒါမှမဟုတ် ဒီဒေသ ဒီပတ်ဝန်းကျင်မှာ ရှိသမျှလူတွေအားလုံး ဥပေက္ခာပါရမီတွေနဲ့ ပြည့်ဝနေကြသလား ..။

“တခြား လျှောက်တွေးမနေနဲ့နော် .. ငါနဲ့မင်း နှစ်ယောက်စလုံး လဲသွားလို့မဖြစ်ဘူး တစ်ယောက်တော့ ကျန်နေမှဖြစ်မှာ၊ အဲဒါကြောင့်...”

ဖွေး စိတ်ကူးလိုက်တာကို သူက ရိပ်မိသွားသလို ထပ်ရှင်းပြသည်။

“ရှေ့မှာ လမ်းကြားလေး ရှိတယ်၊ လူတစ်ကိုယ်ပဲ သွားသာတာ၊ မိုင်ဝက်သာသာလောက်ကျရင် လမ်း လုံးဝမရှိတော့ဘူး၊ အဲဒါ ကျင်းပေါင်းတွေဘက် ဖောက်ထားတဲ့လမ်း ကျင်းတွေပြန်ပိတ်လိုက်လို့ လမ်းပြန်ဖျက်လိုက်တာ”

“ကျင်းဆိုတာ ဘာလဲ ..”

“မိုင်းကျင်းတွေပေါ့ .. ကျောက်တူးတာ တချို့နေရာတွေမှာ မိုင်းခွဲရတယ်၊ ရိုးရိုးကျောက်ကျင်းတွေလို သိပ်နီးနီးထားလို့ မရဘူး”

သူ့လေသံက အတက်အကျမညီပေမယ့် စကားပြောနေဖို့ လိုသည်မို့ သူ့ကို ငှဲမနေတော့ဘဲ ဖွေး က သိချင်တာကို မေးသည်။

လက်မောင်းတစ်ဖက်လုံး ပခုံးပေါ်တင်ထားရသည့်ပြင် လမ်းက ကျဉ်းလာရင်းကနေ ပျောက်သွားသဖြင့် အကိုင်းအခက်တွေကို ရှောင်ရင်း ကျော်ခွသွားရင်း ဇ နဲ့ ဖွေး ပိုပိုပြီး ပူးကပ်သွား၏။

“အ ..”

“ဘာဖြစ်တာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်"

ခြေထောက်က နာလိုက်၊ တစ်ခါတလေ မျက်နှာကို သစ်ကိုင်းလာပုတ်လိုက်နှင့် ဖွေး ပုံလဲချင်စိတ် ပေါက်လာမိ၏။ ဒီကြားထဲ တချို့မြေကြီးတွေက သစ်ရွက်ဆွေးတွေလိုလို၊ ရေစိုနေသလိုလိုနှင့် ဖိခနဲ ဖြိခနဲ ...။

"ခဏပါ .. ဟိုဘက်လွန်ရင် လယ်ကွင်းတွေထဲ ရောက်ပြီ၊ သူတို့ ပြောတဲ့ပတ်ဝန်းကျင်ဆိုတာက လွတ်သွားပြီလို့ ပြောလို့ ရပြီ"

"လယ်ကွင်းထဲမှာရော ဘာရှိလို့လဲ၊ ရှင့်ဒဏ်ရာနဲ့ သွေးပြန်စိမ့်လာပြီ ထင်တယ်"

"ရတယ် .. အဲဒီမှာ နားလို့ရတဲ့နေရာ ရှိတယ်"

"ပြီးတာပါပဲ .. ရှင် လဲသွားမှာစိုးလို့ ပြောတာ"

"ငါကလည်း မင်းရှိနေလို့ စိတ်ကိုဆွဲဆန့်နေတာ၊ ဒီနေရာလောက်ဆိုရင် ငါ နှစ်ရက်လောက် လှဲအိပ်နေလို့ ရပြီ"

ပြောနေရင်း တောလမ်းကို လွန်မြောက်ခဲ့ကြကာ ဖွေး က မော့ကြည့်၏။

"နှစ်ရက်လောက်လို့ ဘယ်သူပြောတာလဲ၊ သွေးထွက်လွန်ပြီး သေသွားရင် ရှင် ဘယ်တော့မှ ပြန်နိုးမှာ မဟုတ်တော့ဘူး"

"ဟွန့် .."

မထင်မှတ်စွာ ဇ မျက်နှာက မာနနှင့် မဲ့ပြုံးကို မြင်လိုက်ရ၏။

"ဒီ မသမာမှုကို မဖော်ရဘဲ ငါ သေမှာမဟုတ်ဘူး၊ အဲဒါ ဘယ်သူမှ မသိနိုင်တဲ့ ငါ့ရဲ့ ဇ"

ဟုတ်မှာပေါ့ .. အတွာတွေပြည့်သိပ်နေတဲ့ ဇ ...။





## အခန်း (၈)

"ဘာ .. ဘာ .."

"ဟင်!..."

ဝါးစိမ်းချောင်းတွေကို ရေစိမ်နေသည့်မျက်နှာ ဖျတ်ခနဲ လှည့်လာ၏။ ပြီးတော့ ဘာမှမပြောဘဲ ပြန်လှည့်သွားသည်။

ဖော်ရွေမှုနည်းသည့်မျက်နှာမှာ လိုက်လှဲသောအပြုံးကို တွေ့ရခဲပေမယ့် ဦးပိုက်ထွေး ဆိုသည့်လူကြီးဟာ တည်ကြည်ဖြောင့်မှန်သူမှန်းတော့ သိသာသည်။ နဖူးပြောင်ပြောင်၊ ပုပုဖိုင့်ဖိုင့်ကိုယ်ရှိကာ ကွမ်းဝါးနေတာ မတွေ့ရဘဲ နှုတ်ခမ်းထူထူကြီးတွေမှာ ကွမ်းစားတဲ့သူတွေလို နီရဲနေတာ အမြဲတမ်း ...။

"ကောင်လေး အိပ်သွားပြီလား"

"ဟုတ်ကဲ့ .."

ရေတော့ကိုင်ထားသည့်လက်ကို ရှမ်းဘောင်းဘီပွပွကြီးမှာပဲ ပွတ်သပ်သုတ်ပစ်ကာ မြေစိုက်တဲလေး၏ အမိုးရိပ်အောက်ကို ဝင်လာထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



တဲရဲ့ပတ်လည်မှာ ရာဝင်စဥ့်အိုးကြီးတွေ လေးငါးလုံးလောက် အစီအစဥ်မကျစွာ ရှိနေလျက်၊ ထန်းတုံးကိုဖောက်ထွင်းကာ အညာဒေသမှာ နွားစားခေါင်းလုပ်ကြသည့်ပုံစံအတိုင်း ရေတာစ်ဝက်လောက် စိန့်ခြံစည်းရိုးကာသလို ဝိုင်းပတ်ထားသေးသည်။

တဲငယ်လေးက သေးသေးကုပ်ကုပ်နှင့် ရာဝင်အိုးတွေ ထန်းလုံးရေကန်တွေက စည်းရိုးသဖွယ်ရှိနေသဖြင့် ရှင်းပြောင်နေသည့်မြေပြင်က မညီညာပေမယ့် ချမ်းမြေ့စရာပင် ..။

ထို့ပြင် ဘေးပတ်လည်မှာ ညို့မှောင်နေသည့်တောတန်းတွေပဲ ဖြစ်လျက် တခြားလူနေအိမ်ခြေလည်း မမြင် ..။

"ညည်း ရေချိုးချင်ရင် မြောက်ဘက်တောထဲမှာ စမ်းချောင်းလေး ရှိတယ်၊ ရေနည်းပေမယ့် တစ်ခါမှ ခန်းတယ် မရှိဘူး၊ ချိုးလို့သုံးလို့ကောင်းတယ်"

"ဟုတ်ကဲ့ ဘဘ၊ အကျီလဲဖို့လည်း မပါတော့ သိပ်မထူးပါဘူး"

"သွေးတွေချွေးတွေနဲ့ ဘယ်ကောင်းမလဲ .. ဇ အိပ်နေတဲ့အခန်းလေးထဲက ခြေရင်းက ဖာထဲမှာ သူ့အကျီတွေ ရှိတယ်၊ တစ်စုံတော့ ယူဝတ်လိုက်တော့၊ သူကြိုက်မှာတော့ မဟုတ်ဘူး၊ ဒါပေမယ့် ဒီအခြေအနေမှာတော့ ဘာမှပြောမှာ မဟုတ်ပါဘူး"

ဖွေး အံ့ဩသွားသည်။ ဒီတဲလေးကို မြင်ရတဲ့အထိ ဇ ရောက်အောင် လာခဲ့၏။ တောစပ်မှာပဲ နွမ်းဖတ်ခွေကျသွားကာ ...

"မင်းဆီမှာရှိနေတဲ့ ငါ့ဓားလေးကို ယူသွားပြီး ဟိုးမှာမြင်ရတဲ့ တဲလေးထဲကလူကြီးကို အဲဒီဓား ပြလိုက် .."

"ဘာ!... ဖွေး က လူကြီးကို ဒီဓား ပြပြီး .."

"ဟာ .. မင်းကို ငါက ဓားပြတိုက်ခိုင်းပါ့မလား၊ ဒီဓားမြင်ရင် သူ တန်းလိုက်လာလိမ့်မယ် .. သွား"

ဤနည်းဖြင့် သူမ ဦးပိုက်ထွေး ဆိုသည့်လူကြီးကို ခေါ်လာခဲ့ရ





သည်။ လူကြီးသာဆိုပေမယ့် ဇ ကို ပခုံးပေါ်တွဲတင်ကာ ပေါ့ပါးစွာ ခေါ်သွားလိုက်တာ လူငယ်လေးတွေလိုပင် ..။

ဒီလူကြီးနဲ့ ဇ ဘာတော်မှန်းမသိပေမယ့် မိဘနဲ့သားသမီးလို ဖြစ်နေတာ တွေ့သည်။ အပြုံးအရယ်နည်းသည့်မျက်နှာမှာ စိုးရိမ်ကြင်နာခြင်းတွေအပြည့်နဲ့ ဖြစ်၏။

ဇ ဘယ်လောက်ထိ ဝေဒနာပြင်းထန်ခဲ့မှန်း ဒီကိုရောက်လာမှ သိသည်။ ဖျဥ်ကြမ်းတွေခင်းထားသည့်ကြမ်းပေါ်မှာ လှဲလိုက်ပြီဆိုကတည်းက ခေါ်ရင် ထူးသည်။

မျက်လုံးတွေကတော့ လုံးဝပွင့်မလာတော့ဘဲ လှုပ်ရှားလိုက်တိုင်း ညည်းသံသဲ့သဲ့နှင့် ရှုံ့မဲ့သွားသည့်မျက်နှာက တော်တော်နှင့် နေရာမကျဘဲ ရှိတတ်၏။

ဦးပိုက်ထွေး က ဆေးဝါးကျွမ်းကျင်ပုံလည်း ပေါ်တာ သဘာဝဆေးမြစ်များနှင့် ကိုယ်တိုင်ဖော်စပ် စုဆောင်းထားသည့် ဆေးတွေကို ပုလင်းကြီးငယ်တို့နှင့် သေချာသိမ်းဆည်းထားတာ ဖြစ်သည်။

ထို့ကြောင့် ခုချိန်မှာ ဇ အိပ်ပျော်သွားတာက သက်သက်သာသာနဲ့ ဖြစ်လိမ့်မည်။

"ညည်းနာမည် ဘယ်သူ .."

"ဖွေး ပါ .. နာမည်အပြည့်အစုံ .."

"ရပါပြီ .. ညည်းနဲ့ ဇ က သူပြောတဲ့အတိုင်းပဲလား"

"ရှင် .. ဟုတ် .."

ဖွေး ခေါင်းညိတ်လိုက်သည်။ ဇ က ဦးပိုက်ထွေး ကို တွေ့ကတည်းက ဖွေး ကို ဦးလမ်း တို့ သားအဖနဲ့ပတ်သက်ပြီး ဒုက္ခရောက်လာလို့ ကူညီခဲ့ကြောင်း ပြောပြထားသည်။

ဘယ်လိုပတ်သက်တာ ဘာညာတွေ ပြောပြနိုင်ခဲ့တာ မဟုတ်ဘဲ အိပ်ပျော်သွားတာမို့ ဦးပိုက်ထွေး စုံစုံစေ့စေ့ မေးလာလျှင် ဘယ်လိုပြော



www.burmeseclassic.com

www.burmeseclassic.com



ရမှန်း မသိ ...။ ဇ က ပြောချိန်မရှိလို့ မပြောခဲ့တာလား၊ မပြောစေချင်တာလား၊ ဘာမှန်းမသိတာကို အပြေးအလွှား တွေးနေမိဆဲ ...

"အင်း .. ဇ ဆိုတဲ့ကလေးက စိတ်ဓာတ်မာကျောသလောက် ဆုံးဖြတ်ရဲတယ်၊ သတ္တိရှိပြီး မိုက်ရူးရဲမဆန်တာလေးကြောင့် လူမိုက်လေး ဖြစ်မလာတာ"

"သူက အတန်းပညာ မသင်ရဘူးလား ဘဘ"

ဦးပိုက်ထွေး ဖွေး ကို လှည့်ကြည့်ပြီး အေးစက်စက်မဲ့သည်။

"ဟုတ်တယ် .. ဒီလိုနေရာ သူနေတဲ့ပုံစံနဲ့ ညည်းမေးတာ မေးသင့်ပါတယ်၊ ကားစီးနိုင်တဲ့လူပဲ မြို့လမ်းမပေါ် ဖြတ်ဖူးတာလေ၊ မြို့နဲ့ အလှမ်းကွာတာမဟုတ်ဘဲ တောကြိုအုံကြားမှာ စီးပွားရှာကြရင်း အရိုင်းတုံးတွေဖက်ပြီး သေတဲ့လူက သေ၊ ကျေနပ်ပြီး ဒီအတိုင်းပဲ ခေါင်းချသွားတဲ့သူတွေက ချ"

ဦးပိုက်ထွေး က ပြောနေရင်း ခုတ်ဖြတ်ထားသည့် နှစ်ပေကျော်ကျော်လောက်ရှိသော ဝါးဆစ်ပိုင်းတစ်ခုကိုယူကာ မြေပြင်က ကျောက်ဖုကြီးပေါ်မှာ သွားခွဲလိုက်သည်။

နောက်ထပ် အစိပ်သေးသေးလေးတွေဖြစ်အောင် ထပ်ခွဲပြီးမှ ထန်းလုံးရေခွက်ကြီးတစ်ခုထဲ သွားထည့်၏။ ပြီးမှ ပြန်လာထိုင်တော့...

"ဘဘ အဲဒါတွေ ဟိုခွက်ကြီးထဲမှာလည်း စိမ်ထားတယ်နော်၊ ဘာလုပ်ဖို့လဲဟင် .."

"ဝါးကို ခွဲစိတ်ထားထားပြီး ရေစိမ်လိုက်တော့ နီးဝါးလောင်းလို့ ခေါ်တယ်၊ နီးဖြာတဲ့အခါ ဓားသွားလေးထိပြီး တွန်းလိုက်ရုံနဲ့ ဖြာထွက်သွားတယ်၊ ခနိုသက်ကယ်တွေနဲ့ မိုးတဲ့အိမ်တွေမှာဆို ဝါးနီးနဲ့ပဲ ချည်ကြတုပ်ကြတာလေ .. မြင်ဖူးတယ်မို့လား"

မမြင်ဖူးဘူးလို့ပြောလိုက်လျှင် တစ်ခါတည်းများ ကန်ချပစ်လိုက်မလား ...။ ဖွေး တကယ်မမြင်ဖူးပါ။ ချည်တယ် တုပ်တယ်ဆိုတော့





ဒီဝါးစိမ်းချောင်းတွေက ကြိုးဖြစ်လောက်အောင် သေးသွားလို့လား။ ဒါတွေအများကြီး နေ့တိုင်းလုပ်နေတာဆိုလျှင် ဘယ်အိမ်တွေမှာ သွားပြီးချည်မှာမို့လို့လဲ .. ဒါမှမဟုတ် ရွာတွေမှာ သွားရောင်းမှာလား။

တစ်ယောက်တည်း မေးချင်တိုင်း မေးချလိုက်တော့ မေးခွန်းတွေ တစ်ထောကြီး ထွက်သွားခဲ့သည်။ ပါးစပ်ကနေ တစ်ခွန်းမှမပါ။

"ညည်းကြည့်ရတာ နီးဆိုတာတောင် သိပုံမပေါ်ဘူး"

ဦးပိုက်ထွေး မျက်နှာကြီးက ရှားပါးသည့်အပြုံးနှင့် နှစ်လိုဖွယ်ဖြစ်နေ၏။ ဖွေး ခုမှ ရှက်ပြုံးလေးပြုံးမိကာ စိတ်ထဲမှ ...

"နီးဆိုတာ ဘယ်လိုပုံစံပဲဖြစ်ဖြစ် မသိချင်တော့ပါဘူး၊ ဘဘက မြန်မာနဲ့လည်း မတူ၊ စကားလည်းမဝဲဘဲ ရှိနေတာပဲသိချင်တာ" လို့..၊

ဒါပေမယ့် ဒါကိုလည်း မမေးရဲပါ။ ဦးပိုက်ထွေး ကို ဘာလူမျိုးမှန်း မသိခြင်းက ဇ နဲ့ ဘာတော်သလဲဆိုသည့်အဖြေနှင့် နီးစပ်တာမို့ အရေးတကြီး တွေးမိသော်လည်း ...

"အေးလေ .. ရှိတတ်ကြပါတယ်၊ ကိုယ်စားတဲ့ဆန်တောင် အပင်က ရတာလား .. နွယ်ကရတာလားလို့ မေးတဲ့သူ ရှိသေးတာ"

"ဒါတော့ ဖွေး သိပါတယ် ဘဘရဲ့ .. လယ်ကွင်းတွေထဲတောင် ဆင်းကြည့်ဖူးတယ်"

ဦးပိုက်ထွေး ခေါင်းညိတ်လိုက်ရင်း ...

"အင်း .. အဲဒါတွေ ထားလိုက်ပါ၊ ဇ နဲ့ ညည်းတို့ကို ကိုသိန်း ကိုယ်တိုင် ထွက်တွေ့လိုက်တာလား .. ဘာတွေဖြစ်ခဲ့တာလဲ"

"ကိုသိန်း ဆိုတာ .."

"သိန်းသန်း ကိုပြောတာ၊ အဲ.. ပေါလန်လို့ ခေါ်တာတော့ ကြားခဲ့တယ်မို့လား .."

"ဟုတ် .. တွေ့ခဲ့တယ် ဘဘ၊ သူပဲ .."

ဖွေး ဆက်မပြောဘဲ ရပ်သွားသည်။ ပြဿနာနှစ်ရပ်မှာ ကိုသိန်းက



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းခံရင်း ငှက်သင့်တဲ့သူလို့ ပြောမလား .. ကျွဲနှစ်ကောင်ခတ်တဲ့ ကြားက မြေဇာပင်လား ..။

မတူရင်တောင် ထိုပုံစံမျိုးဖြစ်မှာပါ။ ပေါလန် နဲ့ ဇ ဖြစ်ခဲ့တာကို ပြောပြဖို့ကျတော့ ကိုယ်နဲ့ ဆိုင်လို့လား ..။ ပတ်သက်တာပဲဆိုပြီး ပြောမယ်ဆိုရင်တောင် ကိုယ်သိတာ ဘာရှိလဲ ..။

"အဲဒါတွေ ကျွန်တော် ပြောပြမှာပါ"

"ဟင်!..."

"ဟ .. မင်း ကြည့်စမ်း၊ ဒဏ်ရာတွေနဲ့ကို .."

ဇ မျက်နှာက သိပ်မကြည်လင်ပါ။ ဒါပေမယ့် ခပ်လှုပ်လှုပ်ထွက်လာပြီး တဲရှေ့ ကပြင်မှာပဲ ဝင်ထိုင်လိုက်ကာ ...

"တစ်ခုခုကို အဖြေမရမချင်း ကျွန်တော့်မျက်လုံးတွေကို ဘယ်လိုမှ စိတ်ချလက်ချ မှိတ်ထားလို့ရမှာ မဟုတ်ဘူး"

"အဲဒါ ခက်တာပဲ လူလေး .. မင်း မသေသေးသရွေ့ ကြံစည်လို့ရတယ်၊ စိတ်ကူးနိုင်တယ်၊ အဓိကက မင်း ကျန်းမာမှ အကြံကောင်း ဉာဏ်ကောင်း ထွက်မှာပေါ့"

ဇ တွင်တွင်ခေါင်းခါသည်။ ပတ်တီးစည်းထားသည့်ဒဏ်ရာကို လက်ရောက်သွားတိုင်း စိတ်ပျက်သည့်မျက်နှာက မဲ့ကျသွားလျက်...

"ဒဏ်ရာပျောက်တဲ့အထိ အိပ်ရာထဲ လှဲနေလို့မရဘူး ဘာဘာကားကို သွားခွဲရဦးမယ်၊ ပြီးတော့ .."

"မင့်ကားကို ဘယ်သူမှ လက်ဖျားနဲ့မထိရဲဘူး ဇ၊ ငါပြောတာကို နားထောင်ပါ လူလေးရာ .. မင်း ဒီလို ရှုတ်တွတ်တွတ်လုပ်နေရင် ဒဏ်ရာက အကင်းမသေနိုင်ဘဲ ကြာရင် ပိုးဝင်သွားမယ်"

"ပိုးဝင်လို့ သေသွားလည်း ဒီကိစ္စကိုဖော်ပြီးမှသေရင် အသက်ကောင်းကောင်းထွက်ရတာပေါ့"

ဖွေး သူ့မျက်နှာကိုကြည့်နေရင်း အထူးအဆန်းဖြစ်လာသလိုပင်။





ပြီးတော့ နကောင်း ကို သတိရသွား၏။

"ကောင်း ကတော့ ဒီလိုနေရာမှာ ဘာမှလည်း မပူရဘူး၊ ဂရုစိုက်စရာလူလည်း မရှိဘူး၊ စားလိုက် အိပ်လိုက်၊ ချစ်သူမျက်နှာလေးကို ကြည့်လိုက်နဲ့ ပြန်ချင်ပါ့မလားကောင် မသိဘူး၊ တကယ့်လောကစည်းစိမ်ပဲ"

လို့ ပြောခဲ့ဖူးတာ ဟိုညက ..၊ ရွာသားတွေရောက်လာတုန်းကလည်း သူလှဲနေလို့ ဆူတဲ့လူက ဆူသွားသေးသည်။

"ယောက်ျားပျင်း ကျောခင်း"တဲ့။

ကျောမခင်းချင်တဲ့ယောက်ျားမျိုးကို ဘယ်လိုခေါ်မလဲ ..။

"ဖွေး .."

"ဟင် .."

"မင်း ဒီတိုင်း ရေမချိုးဘဲ နေတော့မှာလား"

ရုတ်တရက် ကိုယ့်ဘက်လှည့်ပြောလိုက်သဖြင့် ဖွေး ဘာပြန်ပြောရမှန်း မသိ ..။

"ငါ့ခြေရင်းမှာ ထန်းခေါက်ဖာလေး ရှိတယ်၊ ငါ ဒီကိုရောက်ရင်လဲတဲ့အဝတ်စားတွေ ထားတာ၊ အဲဒါ အဆင်ပြေမယ့်တစ်စုံ ယူသွား"

"ဟို .. ဖွေး က ဘယ်မှာသွားချိုးရမှာလဲ"

"တဲနောက်မှာ ရေလှောင်ထားတဲ့စည်ပိုင်းတွေ ရှိတယ်၊ အဲဒီမှာချိုး၊ စမ်းချောင်းရှိပေမယ့် မင်းကို လိုက်မပို့နိုင်သေးဘူး"

ဖွေး စိတ်ညစ်သွားမိသည်။ တဲလုံးလေးက လေကွယ်ရုံအတွင်းခန်းလေးတစ်ခန်းနှင့် ရှေ့ခန်းတစ်ခန်းနဲ့ ဒါပဲရှိကာ အတွင်းခန်းဆိုတာလည်း သုံးဖက်သာကာထားပြီး ခြေရင်းက ဒီတိုင်း ဟင်းလင်းပြင်။

မြေပြင်မှာ ဖိုခုံလောက်နှင့်လုပ်ထားသည့် မီးဖိုချောင်ကို ဝင်လိုက်တာနှင့် အိပ်ခန်းကို မြင်ရမှာဖြစ်သည်။ အကျီလဲနေတုန်း ဒီလိုဟာလာဟင်းလင်းကြီးမှာ ဘယ်လိုလုပ်ရမလဲ ..။



www.burmeseclassic.com

www.burmeseclassic.com



"ညည်း စိတ်ချလက်ချ ဝင်လဲပါ၊ ငါတို့ကို ယောက်ျားသားတွေ လို့မမြင်ဘဲ မိဘမောင်ဘွားလို့ပဲ သဘောထား၊ မီးဖိုပေါ်ကစင်ပေါ်မှာ ဆပ်ပြာမွှေးရော အကြမ်းရော ရှိတယ်၊ ငါကတော့ သဲဆပ်ပြာပဲသုံးတာ"

ဦးပိုက်ထွေး က လူကြီးပီပီ နေရာတကာ အလိုက်သိတတ်၏။ သဲဆပ်ပြာဆိုတာ ဘာမှန်းမသိပေမယ့် ဖွေး နောက်ခန်းထဲ ဝင်လာမိသည်။ သူတို့က တဲစက်မြိတ်အောက်မှာဖြစ်သော်လည်း ဘုရားခန်းရှေ့ ကပြင်မှာမို့ တစ်ခန်းခြား ဖြစ်သွား၏။

ရေလဲစရာ ထဘီမရှိ၊ တဘက်ပတ်စရာမရှိမို့ မီးဖိုချောင်ဆောင်းက ဒီတိုင်းကပ်ပြီး ဝါးကြိုးနဲ့ချည်ထားသည့် ဝါးကပ်ကို ကြိုးဖြေနေမိသည်။

ဒီတိုင်းပဲ ရေလောင်းချိုးမည်၊ ကိုယ်ပေါ်မှာပဲ အကျီနဲ့ဘောင်းဘီ ကိုလျှော်မည်၊ ဒီအပေါက်ကပဲ အသာပြန်ဝင်ပြီးမှ အကျီဘောင်းဘီ အခြောက်တွေကို လဲမလို့ ....၊

"မင်းလုပ်စရာတွေ ခုပြောနေသမျှကို လက်ချိုးရေထားရင်တောင် လက်ဆယ်ချောင်းမကတော့ဘူး ဇ၊ ငါပြောတာကို နားထောင်စမ်းဝါ ကွာ .. ဒီနေ့ မင်း နားလိုက်ပါ၊ မင်းရဲ့ကားက လမ်းပေါ်မှာလည်း မဟုတ်ဘူး၊ မင့်ကားကိုလည်း ဘယ်ကောင်မှ မထိရဲဘူး၊ အဖြစ်မှန်ဆို တာ နေ့ညနာရီတွေနဲ့အတူ ရွေ့လျားပျောက်ကွယ်သွားမှာမှ မဟုတ်ဘဲ ကွ .. အခု မင်းလိုအပ်တဲ့ အမှန်တရားက အသက်နဲ့ယှဉ်ရွေးရလောက် အောင် နောက်ဆုံးကံတရား မဟုတ်သေးပါဘူး၊ အဲဒါကြောင့် ဘုရင့် နောင် ဖောင်ဖျက်တဲ့ ရဲစွမ်းသတ္တိမျိုး မင်း ထားရမှာမဟုတ်ဘူး၊ အရေး ကြီးနေတာ စိတ်ခေတ်ခိုင်မာဖို့ပဲ၊ တစ်နေ့ကို ကန်စွန်းတစ်ညွန့်ပဲစားပြီး ထီးနန်းပြန်လုယူဖို့ အခွင့်အရေးကို ရက်လနှစ်ရှည်စောင့်ခဲ့တဲ့ နန်းကျ ဘုရင်ကြီးရဲ့ခွဲမျိုး ထားရမယ်၊ အဲဒီလို သည်းခံမျိုသိပ်နိုင်ရမယ်၊ စိတ် ရှည်စမ်းပါ လူလေးရာ .."

"ကျွန်တော် ဟိုကောင်မလေးကို ပြန်ပို့ဖို့ ရှိသေးတယ်"





"ဒါက မင်းကို အရောက်ပို့ပါလို့ လူကြုံပါးလိုက်တဲ့အထုပ် တစ် ထုပ်မှ မဟုတ်တာ .. ပြန်ပို့ပါလို့ သူ့ဘက်က အရေးဆိုခွင့် မရှိသလို မင်းကလည်း ကိုယ့်အတွက် ဘာအရေးကြီးဆုံးလဲဆိုတာ ရှိထားပြီး သား၊ သူလည်း နားလည်ရင် နေတတ်သွားမှာပါ"

အားလုံးကိုကြားခဲ့ရပြီး ရေစည်ပိုင်းဆိုသော ရာဝန်အိုးကြီးတွေ နားမှာ ဖွေး ကျောက်ရုပ်လေးလို ရပ်နေမိ၏။

ပြောတာလည်း မမှားပါ၊ ကိုယ်ဟာ လူကြုံပါးသည့် အထုပ်တစ် ထုပ်လောက်တောင် တန်ဖိုးမရှိတော့သော ကောက်ရပစ္စည်းတစ်ခု ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"ကားကို ဘရိတ်ဖြုတ်ထားတယ်"

"ဟော!..."

ဦးပိုက်ထွေး ငါးခြောက်ဖုတ်ကို ပန်းကန်လုံးထဲ ဖဲ့ချနေရင်း ရှေ့ကပြင်မှာ ထိုင်လိုက်သည့် ဇ ဆီ ခေါင်းထောင်ကြည့်၏။

"ထားခဲ့ ဘဘ .. ဖွေး လုပ်လိုက်မယ်"

"ဟိုထဲမှာ ဆီပုလင်း ရှိတယ် .. ဆမ်းထားလိုက်."

ဦးပိုက်ထွေး အပြင်ထွက်သွားကာ ...

"ဒါကို မင်းက ဘာလို့ မသိရတာလဲ"

ဒေါသထွက်နေသည့်အသံမှန်း သိပေမယ့် ဇ မဖြေနိုင်သေး။

ဖြစ်ပျက်ပုံတွေကို အစဉ်လိုက်ချကြည့်မည်ဆိုလျှင် ဒီလိုလုပ်ကြံမှုတွေ ရှိနေနိုင်သည်ဆိုတာ ဘယ်လိုမှ ပုံဖမ်းဖို့မလွယ်အောင် အချိတ်အဆက်တွေက မိလွန်း၏။ ကိုယ့်ရဲ့ခြေရာတိုင်း တစ်ထပ်တည်းနင်းကာ သေးထွက်အရိပ် ဘယ်လိုမှမထွက်စေဘဲ ပိပိရိရိအကွက် ရွှေ့သွားခဲ့တာ ဖြစ်သည်။





ဦးပိုက်ထွေး က ဘာမှထပ်မမေးသေးဘဲ ဇ ကိုပဲ စိုက်ကြည့်ပြီး ထိုင်လည်း မထိုင် ..။

"ကျွန်တော် မှားသွားတာ"

"အေးလေ .. အမှန်အတိုင်း ဖြစ်မလာတည်းက မှားနေလို့ပေါ့၊ လူယုံသတ်ရင် သေတယ်ဆိုတာ လူတိုင်း ကြားဖူးနားဝ ရှိထားကြပေမယ့် ခံလည်း ခံနေကြရတာပဲ၊ စိတ်ရှည်ရှည်ထားလိုက် ဇ၊ ကားကို ဒီကောင်တွေ ဘာမှမလုပ်ဘူးမို့လား"

ဦးပိုက်ထွေး ဒေါသကို သူ့ဟာသူ ပြန်ဖြေရင်း ဇ ကိုလည်း ဖြေသိမ့်ဖို့ ကြိုးစား၏။ ဇ က ခေါင်းခါ၍ ...

"မလုပ်ပေမယ့် ကားပြန်ဆွဲရမယ် ဘဘ၊ အဲဒီအတွက် အင်ချက် စိန်ဝင်း ကို နှိုင်းရမှာပဲ"

"စိန်ဝင်း က သူ့ရဲ့ လိုက်ထရပ်နဲ့ လာဆွဲပေးရဲ့မလား"

"ရပါတယ် .. ကျွန်တော် အခု သွားမှာ"

"ဘာ!..."

"ညကျမှပါ"

"ဇ .. မင်း ပြောလေ ကဲလေပါလား၊ ကြည့်စမ်း .. ခေါင်းမှာ သွေးတောင်ကျနေပြီ၊ ညကလည်း အိပ်ပါဆိုလို့ အိပ်တယ်၊ တချောက်ချောက်နဲ့ အိပ်ပျော်တဲ့ပုံ တစ်ချက်မှမရှိဘူး"

ဇ ကိုယ့်ခေါင်းကိုပြန်စမ်းကာ သွေးပေလာသည့်လက်ကို ဒီတိုင်း လက်ချောင်းချင်း ပွတ်ချေပစ်၍ တက်ခေါက်၏။

"ဇော်ထက် ဆိုတဲ့ကောင် .."

"ဇော်ထက် .."

"ဟုတ်တယ် .. ကျွန်တော့်လက်ရုံးပဲ"

"မင်းပြောတော့ အားလုံး သေကုန်ပြီဆို .."

ဇ ခေါင်းခါလိုက်ရင်း ဘာမှလည်း ရင်းပြချင်စိတ်မရှိဘဲ ချက်နှာ



www.burmeseclassic.com

www.burmeseclassic.com



က ရှုံ့မဲ့နေ၏။

"ကျွန်တော် ကားမှောက်လို့ ခေါင်းကွဲတာ မဟုတ်ဘူး၊ တမင် ရိုက်ခွဲခံရတာ"

ဦးပိုက်ထွေး အသံကောင်း မထွက်တော့ဘဲ တောင့်မတ်စွာ ရပ်ကြည့်နေ၏။

ခေါင်းကိုထိပြီး သတိလစ်မသွားခင်အထိ အားလုံးကို ၈ ပြန်တွေးခဲ့သည်။ တွေးထားသည့်အတိုင်းပဲ ဦးပိုက်ထွေး ကို ပြောပြလိုက်ကာ ...

"ဘယ်ကိစ္စမှ ကျွန်တော် ပျာယာမခတ်တာ ဘဘာ သိပါတယ်"

ဦးပိုက်ထွေး က ခေါင်းညိတ်၏။

"ကားကိုထိန်းမရပေမယ့် အကျသက်သာအောင် သစ်တောထဲ ဆွဲချပစ်လိုက်တာ ကြိုးတုပ်ခံထားရတဲ့လူတွေတောင် သွေးထွက်သံယို ဖြစ်ခဲ့တာ မဟုတ်ဘူး"

ဝိုပြီးနားလည်လာသည့် မျက်နှာနှင့် ဦးပိုက်ထွေး ခေါင်းတညိတ်ညိတ်လုပ်ရင်း ငါးခြောက်ဖုတ်ကိုင်လာသည့်လက်ကို လက်ဝါးချင်း ပွတ်သပ်နေ၏။

"ဖော်ထက် .. သစ္စာဖောက်တာ .."

"ဒါဆို သူတို့သေတယ်ဆိုတာ မဟုတ်ဘူးပေါ့"

"အဲဒီကိစ္စကို ကျွန်တော် ခုည သွားရှင်းမယ်"

"ဟုတ်ပြီ ရှင်းရမယ် .. ဒါပေမယ့် ဒီည မလိုသေးပါဘူး"

ဦးပိုက်ထွေး က လက်ကာပြောရင် အထဲကိုလှမ်းကြည့်ကာ...

"ဖွေး ဘုရားစင်အောက်က ဆေးအိတ်လေး ယူလာပေးဦး"

"လာမယ် .. ဘဘ"

ဖွေး ယူလာပေးတော့ ဒဏ်ရာကို ဆေးထည့်ဖို့လုပ်ရင်း ...

"ပြီးရင် ထမင်းစားရအောင်ဟေ့၊ ညည်းလည်း ဆာနေရောပေါ့"





ဖွေး နဲ့ ၈ မျက်လုံးချင်းဆုံသွားသည်။ ဖွေး ဝတ်ထားသည့် အဖြူအနက် ကွင်းကွက်ရှပ်အင်္ကျီနှင့် ဘောင်းဘီရှည်ခေါက်တင်ထားတဲ့အထိ ဆေ့ခနဲ ကြည့်ပြီးမှ ...

"မင်း အဆင်ပြေတယ်မို့လား"

"ဟုတ် .. ပြေပါတယ်"

"ရှပ်အင်္ကျီတွေ အရမ်းကြီးနေရင် စပို့ရှပ်တွေရှိတယ်၊ ယူဝတ်ပေါ့၊ သုံးစုံလောက် သပ်သပ် ဖယ်ထားလိုက်"

ခေါင်းညိတ်ရင်း ဖွေး အိမ်ထဲသို့ ချက်ချင်း လှည့်ဝင်ခဲ့မိသည်။ ဘာမှသက်ဆိုင်ကြတာမဟုတ်ဘဲ သူ့အင်္ကျီတွေ ယူဝတ်ထားရတာကို သူ့မျက်နှာမြင်မှ ရှက်ရမှန်း သတိရသည်။

ထို့ပြင် အတည်ပေါက်ကြီး မေးချလိုက်သည့် ဦးပိုက်ထွေး ရဲ့ မေးခွန်းကြောင့် ...

"တကယ် ရက်ရောနေတာလား .. ငါက မင်း မကြိုက်မှာစိုးလို့ ဝတ်ပါစေလို့တောင် ပြောပေးဖို့ စဉ်းစားထားတာ၊ ဖော်ထက် တို့ ပါလာတဲ့အခါဆိုရင်တော့ မင်းက ကိုင်တာတောင် မကြိုက်ခဲ့ဘူးကိုး"

"သူ့မှာ အပိုတစ်စုံမှမပါတာကို မကြိုက်လို့ ရမလား၊ ဘဘက လည်း တစ်မျိုး .."

"မတစ်မျိုးပါဘူးကွာ .. နည်းနည်းဆန်းပြားနေလို့ပါ"

ဦးပိုက်ထွေး နောက်ပြောင်နေသည့်မျက်နှာမျိုးတော့ မဟုတ်ဘဲ တကယ်ပဲဆန်းနေတယ် ထင်တာလိုလို ..။

"ဖွေး ရေ .. ထမင်းစားဖို့ပြီးပြီလား"

"ရှင် .. ဟုတ် .."

သူများပြောတာတွေ နားစွင့်နေမိသဖြင့် ဖွေး ဘယ်သူ့မှမမြင်ဘဲ လက်တုန်ခြေတုန်တွေ ဖြစ်နေမိသည်။

"ဖွေး .. ညည်း ငါးခြောက်ဖုတ်ကို ဆီမဆမ်းဘူးလား



www.burmeseclassic.com

www.burmeseclassic.com



ဆေးပုလင်းတွေ အိတ်ထဲပြန်ထည့်သိမ်းနေရင်း ဦးပိုက်ထွေး က ဖွေး ယူလာသည့်ပန်းကန်ကို ငုံ့ကြည့်မေးသည်။

"ဆမ်းထားပါတယ် ဘာဘရဲ့ .."

"မဆမ်းပါဘူး .. ဘယ်မှာလဲ"

ပန်းကန် သေချာကိုင်ပြီး ပြူးပြဲကြည့်တော့ ဖွေး ကပါ လိုက်ကြည့်ပြီး ငါးခြောက်ဖတ်လေးတွေကို လက်ညှိုးလေးနဲ့ညွှန်ပြ၍ ...

"ဒီအဖတ်လေးတွေ ပေါ်မှာလေ .. တစ်စက်နှစ်စက်စီ ဆမ်းထားတာ"

"ဟော!..."

တအံ့တသြကြီး လှည့်ကြည့်သည့်မျက်လုံးတွေကြောင့် ဖွေး မျက်နှာလေး ငယ်သွားကာ ...

"ဟို .. ဆီပုလင်းက သေးသေးလေးဆိုတော့ ကုန်သွားမှာစိုးလို့ပါ၊ ကုန်ရင် သွားဝယ်စရာဈေးလည်း မနီးတော့ .."

"ဟား .. ဟား .. ဟား ..."

ဦးပိုက်ထွေး က ပန်းကန်ကိုပြန်ချကာ မရယ်စဖူး ဟက်ဟက်ပက်ပက် ရယ်၏။

သူ့ကိုလှည့်ကြည့်လိုက်တော့ မျက်ခုံးခပ်တွန့်တွန့်နှင့် ပြုံး၍စိုက်ကြည့်နေသည့် မျက်ဝန်းတွေနှင့် ဆုံသွားသည်။

ဖွေး ရှိန်ခနဲ ပူနွေးသွားကာ ဒီတစ်ခါ ရှက်သည့်စိတ်က ဘယ်နေရာက ဆူပွက်သွားခဲ့မှန်း မသိ ..။

"ညည်းက အထင်သေးတာကိုး ရန်ကုန်သူရဲ့ .. ငါက ပဲဆီဖြစ်ဖြစ်၊ နှမ်းဆီဖြစ်ဖြစ် ကိုယ်တိုင်ကြိတ်တာ၊ နွားလည်း မလိုဘူး၊ စက်လည်း မလိုဘူး၊ အဲဒါတွေ နောက်တော့ ညည်းကို ပြထားဦးမယ်၊ ဆီထည့်ရမယ့်ဟာ ထည့်ရမှာပေါ့၊ မီးဖိုချောင်ဘေးက ခုံမြင့်ပေါ်မှာ တင်ထားတဲ့ စဉ့်အိုးပြားကြီး တွေ့လား .. တိုင်နဲ့ကပ်ပြီး ရာဘာကြိုး





တွေနဲ့ တုပ်ထားတာလေ"

"ဟုတ် .."

"အဲဒါ ဆီအိုးကြီးပဲ .. ရပြီလား"

ဖွေး လည်ပင်းလေးပွတ်ရင်း ခေါင်းငုံ့ရင်းနှင့် ပြုံးရမလိုလို၊ မဲ့ရမလိုလို ..။

"အခန်းထဲမှာ အိပ်ရာထဲ ပက်လက်လှန်ပြီး မော့ကြည့်လိုက်ရင် ခေါင်မိုးအောက်မှာ ထပ်ခိုးလေးရော တွေ့လား .. အဲဒီပေါ်မှာ မြို့က အသုံးအဆောင်ပစ္စည်းတချို့လည်း ရှိတယ်၊ ပြောရရင် လိုအပ်နိုင်တာတွေပေါ့၊ သွားလာရမလွယ်ကူပေမယ့် လိုတာရချင်ရင် ငွေရှိဖို့ပဲ လိုတာ၊ ငွေရှိနေရင် ဝယ်လို့ရနိုင်တဲ့ပစ္စည်း ဘယ်အရပ်မှာပဲရှိနေနေ လက်ထဲရောက်အောင် လုပ်လို့ ရတယ်၊ ညည်းကို ဆူနေတာမဟုတ်ဘူးနော်၊ ဆီမပါပြားမပါဟင်းတွေကို ညည်းက ပိုပြီးမစားနိုင်မှာပေါ့၊ နောက်ပြီး ငါ့ဆီမှာ ဆန်ကောင်းကောင်း ရှိတယ်၊ အသားငါး မပြတ်ဘူး၊ အဲဒါတွေက ယောဒီကောင်လေး အချိန်မရွေးရောက်လာတတ်လို့ မပြတ်အောင် ထားရတာ၊ ဇ ဆိုတဲ့ မိုက်တီးလေးက ဟင်းဆို တောချက်ချက်တာ မကြိုက်ဘူး၊ ငပိစော်နံရင် အသေမုန်းတာ .. အဲဒါလည်း ညည်းမှတ်ထားဖို့ လိုတယ်"

"ကဲပါ ဘာဘရာ .. စားဖို့မှုးခန့်မှာကျနေတာပဲ"

"သြော် .. မဟုတ်ပေမယ့် ဒီမှာပဲ အတူတူ ဘယ်လောက်ကြာအောင်နေကြရဦးမလဲ မသိဘူးလေ၊ မိန်းကလေးလက်ဆိုတာ ထမင်းဟင်းကိုင်ရင် ယောက်ျားလေးတွေထက်တော့ သာမှာပဲ၊ မင်းလည်း နောက်ဆို ငါချက်တာ ခံတွင်းမတွေ့ပါဘူး ဖြစ်လာနိုင်တာပဲ"

"ဟာ .. ရှုပ်ကုန်ပြီ"

"မရှုပ်ပါဘူး .. ငါက ပြောပြတာ၊ ခုပဲ သူ မနေတတ်လို့ [illegible]လုပ်နေပြီ၊ ကြည့်လိုက်ကတည်းက ဘာမှမရျက်တတ်ဘူးဆိုတာ ငါ သိ



www.burmeseclassic.com

www.burmeseclassic.com



ဘူးပဲ၊ ဒါပေမယ့် တတ်ချင်တဲ့စိတ်ရှိတော့ နည်းနည်းပြောပြလိုက်တာနဲ့ တတ်သွားတာပဲ၊ သူ့စိတ်ထဲမှာ မင်းကိုလည်း ခံတွင်းတွေ့စေချင်မှာပေါ့"

"တော်ပါပြီ ဘဘရာ .. တကယ်ပါပဲ"

ခ ကမူးရှူးထိုး ထထွက်သွားပုံကြောင့် ဦးပိုက်ထွေး နှုတ်ခမ်းမှာ ပြုံးယောင်သမ်းသွားသည်။

ဒါတောင် နှစ်ယောက်စလုံး ယောင်ယောင်မှားမှားတွေဖြစ်ကာ ကဲခါးဝတျဉ်းကျဉ်းကျပ်ကျပ်လေးမှာ ပြိုင်တူဘိုးဝင်မိကြပြီး ပခုံးချင်းတိုက် ယိမ်းယိုင်ကုန်တာတွေကို မမြင်သလို နေလိုက်လို့ ...၊

ပြောရမည်ဆိုလျှင် 'အဲဒီက စတာပဲ'လို့ ပြောလိုက်ချင်၏။

လူကြီးက မသိဘဲနေမလား .. ကိုယ်လည်း လူငယ်ဖြစ်ခဲ့တာ...။





## အခန်း (၁၀)

ညည်းသံကြားနေရတာ ကြာပြီထင်သည်။ မေးခနဲပျော်သွားပြီး ဖျတ်ခနဲ ပြန်ဖွင့်တော့ မျက်လုံးက တော်တော်နဲ့မပွင့် ...။

မရမကပွတ်သပ်ဖွင့်ပြီး ထထိုင်လိုက်တော့ ဖန်တွတ်တွတ်နှင့် ကျိန်းစပ်နေ၏။ နာရီမြှောက်ကြည့်တာတောင် ခါတိုင်းဆို မှောင်ထဲမှာ နာရီကြည့်နိုင်လျက်နှင့် ခုကျမှ အထုမြူတွေလင်းနေတာကပဲ အားနည်းနေသလိုလို ...။

ရုတ်တရက် ဝေဝါးနေကာ သေချာကြည့်တော့ မနက်လေးနာရီ။

လပြည့်ကျော် ဘယ်နှစ်ရက်မှန်းမသိဘဲ ဒီအချိန်ကျမှ လရောင်ကို မြင်နေရသေးသည်။

"အား .. ကျွတ် .. ကျွတ်"

နောက်ထပ်ညည်းသံ ကြားရတော့ ခြေရင်းမှာ အဆင်သင့်ထားသည့်မီးအိမ်ကို မီးထွန်းလိုက်ပြီး ဖွေး မြေပြင်ပေါ် ဆင်းသည်။ ညည်းသံဟာ ခ ရဲ့ညည်းသံပဲဖြစ်ကာ ဘဘ အသံကို မကြားရ ...။

ဟိုဘက်အခန်းလေးကို ကူးခဲ့ပြီး ဖိနပ်ခုံတန်းလေးပေါ် အရင်တက်ကာ မီးအိမ်ကို မြှောက်ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားစင်အောက်မှာ ဇ တစ်ယောက်တည်းပဲ ဖြစ်သည်။ ဓောင်က ခေါင်းအုံးနဲ့အတူ ခေါက်လျက်ရှိနေကာ ပက်လက်အိပ်နေသည့် ပုံက လက်ပိုက်ထားတာပေမယ့် လိုတာထက်ပို၍ ကျစ်နေ၏။

လက်ပိုက်အိပ်တတ်တာမဟုတ်ဘဲ ချမ်းလို့ပိုက်ထားတာမျိုး၊ ပြီးတော့ ဆန့်ထားသည့်ခြေနှစ်ဖက်က ချိတ်လျက်သား ..။

"ဟား!... ကျွတ် .."

ညည်းသံသဲ့သဲ့နှင့်အတူ ဓောင်းကိုစောင်းသွားပေမယ့် ပက်လက်ပဲ ပြန်ဖြစ်ကာ ရှုံ့မဲ့၏။ ဖွေး စိတ်မကောင်းဖြစ်သွားကာ အဆင့်ပေါ် လည်း တက်မသွားရဲဘဲ အကြံအိုက်နေမိ၏။

ညညဆို ဘဘ တောထဲမှာ ကြွက်ထောင်သွားတတ်သည်လို့ သိထားသည်။ တစ်ခါတလေ မိုးလင်းခါနီး ထသွားတတ်သည်တဲ့။

အခု အပေါ့အပါးသွားတာလား .. တောထဲသွားတာလား။

"ဘဘ .. ဘဘ .. အင်း .. ကျွတ် .. ကျွတ် .."

တကယ်နိုးနေတာလား၊ ယောင်ရမ်းခေါ်နေတာလား မသိ၊ နောက်ထပ်ကြားနေရတာလည်း ညည်းညူနေတာလား၊ ဘာတွေပြောနေတာလဲ ..။ ဖွေး ဆက်တွေးမနေတော့ဘဲ မီးအိမ်လေးကိုင်လျက် အဲဆင့်ပေါ် တင်ပါးလွှဲလေး အရင်တက်လိုက်သည်။

ပြီးမှ လက်ထောက် ဖင်ရွှေ့သွားရင်း ခေါင်းရင်းမှာ မီးအိမ်ကို ချလိုက်၏။ ဇ ၏ ကြေးနီရောင်သမ်းချင်သော အသားလတ်လတ်က အနီရောင်ဖြစ်နေတာ သိသာ၏။ မျက်ခုံးထူထူတွေကို ထိဆက်မတတ် ကုတ်ချထားကာ အံကြိတ်၍ ညည်းနေတာကို စိတ်မချမ်းသာဖွယ်ပင်။

ဖွေး သူ့မျက်နှာကိုငုံ့ကြည့်ရင်း မျက်နှာပေါ် ပြိုဆင်းလာသည့် ဆံပင်တွေကို နားနောက်မှာ ဖြစ်သလို ထိုးသိပ်ညှပ်လိုက်သည်။ ပြီးတော့ ကိုယ်ပူစမ်းကြည့်ဖို့စိတ်ကူးနှင့် သူ့မေးရိုးနားကို လက်ခုံနဲ့အသာလေး ကပ်ကြည့်လိုက်လျှင် ...





"ဟိတ် .."

"ခွပ် .."

"အား!..."

လက်ကိုပုတ်ထုတ်ပစ်ခြင်းနှင့် လက်ပြန်ရိုက်ချက်က ရိုပ်ခနဲ ..၊

ဖွေး ခေါင်းတစ်ခုလုံး ပြုတ်ထွက်သွားပြီဟုထင်လိုက်ကာ ခွေခနဲ သန်ကျသွား၏။ နောက်ထပ် ထင်တာမြင်တာတွေရော၊ ဇ ဘာလုပ်လိုက်လဲဆိုတာရော ဘာမှမသိတော့ဘဲ ဖွေး သတိလစ်သွားခဲ့သည်။

"ဟာ!... ဖွေး .. ဖွေး .. ဟိတ် .. ကျွတ် .. မင်း ဘာလာလုပ်တာ သဲကွာ .. ဘဘ .."

တစ်ကိုယ်လုံး တဆစ်ဆစ် ကိုက်ခဲနာကျင်နေသဖြင့် ဖွေး လဲကျနေတာကို ဆွဲထူလိုက်ဖို့ တော်တော်ကြိုးစားရသည်။ ထို့ပြင် ...

ကိုယ့်ကိုယ်ကိုယ် မီးကြီးမီးခဲတုံးကြီးလို့ ထင်လာမိတဲ့အထိ မျက်ခါ နား၊ နှာခေါင်း အားလုံးက ပူပြင်း ထူအမ်းနေ၏။

"ဖွေး .. ဖွေး .. ဆောရီးကွာ၊ ဟိတ် .."

ဖွေး ကိုယ်လေးကို ပခုံးကနေ ဆွဲထူလိုက်ကာ သူ့ဘက်လည်ကျလာသည့်မျက်နှာလေးကို ဆံပင်တွေ ဖယ်ကြည့်လိုက်မိ၏။ ထင်သည့်အတိုင်း ဖွေး ရဲ့နှုတ်ခမ်းထောင့်မှာ သွေးတွေ ..၊

"ကျွတ် .. ပြဿနာပဲကွာ"

သူ့ ခေါင်းတွေမူးလာကာ ဖွေး ကို ဖက်လျက်သားနှင့် လှဲမချလိုက်မိအောင် ဘယ်လိုထိန်းထိန်း မရ ..။ ချမ်းတုန်နေသည့်ကိုယ်က သူမကိုယ်လေးကို ပွေ့ပိုက်ထားလိုက်မိတော့ ဖြေဆေးတစ်ခုကို ရလိုက်တာမျိုး ..၊ ပြန်လွှတ်ဖို့ မေ့နေခဲ့၏။

သူ သတိလစ်တာမဟုတ်ဘဲ ဖွေး ကို ဖက်ထားရင်း နေရာမှာပဲ လဲကျသွားခဲ့သည်။ ပါးစပ်ကတော့ ဖွေး ကို ခေါ်ရင်း နိုးနေမိသဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"မင်း တစ်ရေးပြန်အိပ်လိုက်တော့ သက်သာရဲ့လား"

"သက်သာတယ် .. မူးနောက်နောက်ဖြစ်နေတာ တစ်ခုပဲ"

"ခြေလက်တွေရော ညောင်းနေသေးလား"

"ညောင်းတယ်"

ဦးပိုက်ထွေး က ခေါင်းညိတ်လိုက်ပြီး အသားကင်ဖို့လုပ်ထားသည့် ဝါးညှပ်တွေကို ရှေ့ကပြင်ပေါ် လှမ်းပစ်တင်လိုက်သည်။

ဧ ကိုယ့်ခေါင်းကဒဏ်ရာကို ပြန်စမ်းကြည့်ရင်း အကင်းမသေ၍ အနာရှိန်တက်ခြင်းဆိုတာကိုလည်း တီတီပပ ခံစားဖူးလိုက်ပြီမို့ မျက်နှာက အလိုလိုမဲ့၏။

"ဘာဖြစ်သွားတာလဲ"

"ဘာမှမဖြစ်ပါဘူး .. ဖွေး ကို ခဏခေါ်ပေးပါလား၊ ညက ကျွန်တော် သတိမလစ်ဘူး၊ သူ့ကိုရိုက်လိုက်မိတာ သိတယ်"

"အေး .. မင်း သတိမလစ်ပေမယ့် သူ့ခမျာ မေ့သွားရှာတာ"

"အဲဒါ ကျွန်တော် တောင်းပန်ချင်လို့ပါ"

"ဟင်း .."





ဦးပိုက်ထွေး က သက်ပြင်းရှည်ကြီးချလျက် သူ့ဘေးမှာ ဝင်ထိုင်လိုက်သည်။

"ငါကလည်း ဒီညကျမှ အိပ်လို့မရတာနဲ့ တောထဲထွက်သွားမိတယ်၊ ထောင်ချောက်တွေလှည့်ပတ်စစ်ရင်း လိုအပ်တာပြင်ဆင်ပြီး ပြန်လာဖို့ပါ၊ တစ်ယောက်တည်း အလုပ်ရှုပ်ပြီး ပြန်မထွက်ဖြစ်တော့တာ"

"အခု ဖွေး အိပ်နေတာလား .. ခဏ ခေါ်ပေးပါ၊ သူ့ကိုကျေနပ်အောင် တောင်းပန်လိုက်ပါ့မယ်"

"သူ ထွက်သွားပြီ"

"ဟင်!... ဘယ်လို .."

ဧ ကိုယ် မတ်ခနဲ ဖြစ်သွားသည်။

"သူ သတိရလာတော့ ပါးတစ်ခြမ်းရောင်ပြီး စကားမပြောနိုင်ဘူး"

"ကျွတ် .."

"ငါ သူ့ကို ရေနွေးကြပ်ထုပ်ထိုးပေးပြီး ဆေးလိမ်းပေးတယ်၊ အာရုံစုစည်းမှုပိုင်းနဲ့လေ့ကျင့်ထားတဲ့သူတွေ ဒီလိုပဲဖြစ်တတ်တာလည်း သေချာရှင်းပြခဲ့တယ်၊ မျက်ရည်လည်နေပေမယ့် သူ မငိုဘူး၊ ဘာမှလည်း ပြန်မပြောနိုင်တော့ ထွက်သွားလိမ့်မယ်လို့ ငါ လုံးဝ မထင်ဘူး"

"သူ ဘာမှသိတာ မဟုတ်ဘဲနဲ့ သွားလို့ ဘယ်ဖြစ်မလဲ၊ ဟိုလူတွေကလည်း ဘာတွေထပ်ကြံစည်ကြမယ် မသိဘူး၊ ကျွန်တော် လိုက်သွားမယ်"

"မင်း သွားလည်း မီမှာမဟုတ်ဘူး ဧ၊ အနာရှိန်နဲ့ ပြန်အိပ်နေတယ်ထင်လို့ ငါ ဒီတိုင်းပဲနေလိုက်တာ၊ ထွက်သွားမှန်း ခုနကမှ သိတာ"

"မီတယ် ဘဘ၊ သူ ဘယ်မှသွားတတ်မှာ မဟုတ်ဘူး၊ ဟိုကောင်တွေနဲ့မတွေ့သေးဘူးဆိုရင် လမ်းမှာပဲ တဝဲလယ်လယ် ဖြစ်နေမှာ"

ဧ အပြင်ကို ကမန်းကတန်းထွက်သွားရင်း တစ်ခါတည်း ဆွဲချလာသည့် အပေါ်ထပ်ဂျာကင်ကို ထပ်ဝတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးပိုက်ထွေး က အပြေးတစ်ပိုင်းလိုက်၍ ...

"လူလေး .. မင်း ဘာလို့ ဒီလောက်ပူနေတာလဲ၊ ကိုယ့်ကိုယ်ကိုယ် လူကောင်းမဟုတ်ဘူးဆိုတာလည်း သတိထားဦး၊ လေမ်းတောင်မှ တစ်ကောင်ကြွက်လိုလိုနဲ့ သားရှိနေတာကို နောက်ကျမှ သိကြရတာ၊ ဖွေး ကရော သူ့သားနဲ့ ခုမှ ခိုးရာလိုက်ပြေးလာတာ ဟုတ်ချင်မှ ဟုတ်မှာပေါ့၊ သူတို့ လင်မယားတွေဆိုရင် .."

"မဟုတ်နိုင်ဘူး ဘဘ"

ဇ ခြေလှမ်းတွေရပ်ပစ်ကာ ခပ်ရိုပ်ရိုပ်မှုးလာသည့်ခေါင်းကို ဘဘ ရှေ့မှာ ဘာမှမဖြစ်သလို ဟန်ဆောင် တင်းထားလိုက်၏။

"လင်မယားတွေဖြစ်နေလည်း ဘဘ ထင်သလို လင်မယားချင်း အချိန်းအချက်ရှိထားတယ်ဆိုတာ မဖြစ်နိုင်ဘူး၊ ဖွေး ပုံစံက အကြံတစ်ခုခုနဲ့ ကျန်နေခဲ့တဲ့ပုံစံ မဟုတ်ဘူး .. ချန်ခဲ့ခံရတာ၊ သူ ဒီလောက်ထိ ဝိပိရိရိ လိမ်ညာဟန်ဆောင်မယ့်မိန်းကလေး မဟုတ်နိုင်ဘူးဆိုတာ သေချာပါတယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော် တွေ့အောင်ပြန်ရှာမှ ဖြစ်မယ်"

ဇ ချာခနဲ ပြန်လှည့်၏။ ဦးပိုက်ထွေး ခြေလှမ်းတွေ နှေးကွေးစွာ ဆက်လိုက်ရင်း ...

"မင်း ဖြစ်ရဲ့လား လူလေး၊ ညက မင်း အရမ်းဖြစ်ထားတာနော်၊ စိုးရိမ်မှတ်ထိတက်နေလို့ ဆေးထိုးလိုက်ရတာ နှစ်လုံး .."

ပြောရင်း ရပ်ကျန်ခဲ့လေသည်။ ဇ ဝင်လာသည့်လမ်းကို သွားနေရင်း ခြေလှမ်း တုံ့ခနဲ ရပ်သွား၏။ ဒီတိုင်းပြန်ထွက်သွားတာမှန်လျှင် ခုလောက်ဆို ဖွေး ဟိုလူတွေလက်ထဲ ပါသွားမှာပဲမို့ လိုက်သွားလည်း ဘာမှမထူးနိုင် ..။ ထို့ကြောင့် စိတ်ထဲမှာခံစားမိလိုက်သည့်အတိုင်း သူ့ခြေလှမ်းတွေ ဦးတည်ချက် ပြောင်းသွား၏။





## အခန်း (၁၂)

ပါးပြင်က နာကျင်မှုကို နှလုံးသားတစ်ချက်ခုန်တိုင်း မှတ်တမ်းတင်နေသလိုမျိုး ..၊ နာကျင်တာကို စာဖွဲ့လို့ရနိုင်မည် မထင် ..။

ကိုယ့်ဘဝကို မြို့ကြီးသူ လူကုံထံသူဌေးသမီးဆိုတာတောင် ဟုတ်ခဲ့ရဲ့လား၊ အခု ဟုတ်သေးရဲ့လားလို့ ပြန်မေးချင်မိသည်။ ဒါမှမဟုတ်..၊ မိဘမဲ့ ကလေကချေတစ်ယောက်လို မိုက်ရူးရဲဆန်စွာ ထင်သလို ဆုံးဖြတ်လှမ်းထွက်ခဲ့သောခြေလှမ်းအမှားကြောင့် ပေးဆပ်နေရခြင်းလား။

နင့်အပြစ်အတွက် နင် ပေးဆပ်ရတာဆိုရင် တန်တယ် ဖွေး၊ လုပ်ရဲရင် ခံရဲရမှာပေါ့ ..၊ ယောကျ်ားတစ်ယောက်၏ လိမ်ညာလှည့်ဖြားခြင်းကို ခံလိုက်ရပြီးမှ မလိုလားသူအပေါ် ထပ်မံ အားကိုးစိတ်နှင့် ချက်နှာပြောင်တိုက်ခဲ့မိသည်။ နာကျင်နေဆဲ ပါးတစ်ဖက်ကို လက်ဖောင်းနဲ့ ပင့်ကပ်ထိမိကာ မျက်ရည်က ဝေ့ခနဲ တက်၏။ ပါးစောင်ကွဲသွားတာလား၊ နှုတ်ခမ်းထောင့်မှာ ကွဲသွားတာလား။

ဘယ်နေရာဆိုတာ သေချာအောင် လျှာနဲ့ စမ်းမကြည့်ရဲပေ။ အတွင်းပါးစောင်တစ်ပြင်လုံး ကြမ်းရှကာ ငန်ကျိကျိ ခံစားနေရသဖြင့် တစ်သက်နှင့်တစ်ကိုယ် မခံစားခဲ့ဖူးသည့် နင့်သီးသော ကြေကွဲမှုက



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းအဆမဲ့။ မိဘမောင်ဘွား၊ ဆရာသမားကအစ လက်နဲ့လည်း မရွယ်ခဲ့ဘူး၊ တုတ်တစ်ချက် မတင်ခဲ့ဖူးပါပဲ ခုကျမှ ...၊ ဖွေး ခြေလှမ်းလေး တုံ့သွားသည်။ ကောက်လျှောက်ကြည့်လာသည့်လက်ထဲက ဖုန်းကို ဝမ်းသာအားရ ငုံ့ကြည့်လိုက်တော့ စိတ်ပျက်သွား၏။

ဖျတ်ခနဲ Tone ပေါ်လာပြီးမှ ပြန်ပျောက်သွား၏။ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ကာ ဘယ်ဘက်ကိုဆက်သွားလျှင် လိုင်းမိမလဲလို့ စဉ်းစားနေမိ၏။ ကိုယ်ရပ်နေဟာကိုက လမ်းမဟုတ်သည်မို့ လမ်းပေါ်လည်း ရောက်ချင်သည်၊ ဖုန်းခေါ် လို့ရအောင် လိုင်းမိတာလည်း လိုချင်၏။

ရည်ရွယ်ခဲ့တာက ကားမှောက်ခဲ့သည့်နေရာကို ဖြစ်သည်။ ထိုနေရာကိုရောက်လျှင် ဇ ဖုန်းပြောသည့်နေရာကို ရောက်အောင်သွားမည်။ ထိုနေရာမှာတော့ ဖုန်းလိုင်းမိမှာ သေချာတာမို့ သူမ ဒီမှာရောက်နေတာကြောင့် ပြန်လာချင်တဲ့အကြောင်း မမမိုး ကို ပြောမည်။

ဖြစ်ပျက်နေတာတွေကို ပြောပြလိုက်လျှင် ဒက်ဒီတို့ နားထဲရောက်ကာ နောက်ထပ်သောကတွေ မပေးချင်တော့တာမို့ ဒါကို မျိုသိပ်ထားဖို့ ဆုံးဖြတ်ပြီးသား ...။ ဒက်ဒီနဲ့ ကိုကြီးတို့ကို သတိရလိုက်တိုင်း မျက်ရည်ဝေလာတတ်ကာ ဖွေး ဆင်းရဲကြီးစွာ ဖျောက်ဖျက်နေရ၏။ သူမ ဘယ်အရပ်မှာ ရှိနေသည်၊ သတိရနေသည်ဆိုတာကို ဒက်ဒီတို့ကို အသိပေးရုံနှင့် ကျေနပ်ဖို့ပါ။

ဒီအချိန်မှာ လူဆိုးလူကောင်း ဘယ်လိုလူနဲ့တွေ့ပစေ ခုလိုပုံစံနဲ့ ဖုန်းဆိုးလမ်းပေါ် မှာရှိနေတဲ့ မိန်းကလေးတစ်ယောက်အတွက် ကောင်းကျိုးဖြစ်လာဖွယ် ဘာမှမရှိ။ နောက်ထပ် ဘာတွေ ဘယ်လိုဖြစ်ဖြစ်–

ဖွေး ခြေလှမ်းတွေ ဆက်ရွေ့သည်။ ဝေလည်နေသည့်မျက်ရည်တို့ကို မျက်တောင်တွေနဲ့ ပုတ်ခတ်သိမ်းဆည်းရင်း မျက်လုံးတွေကို ဖုန်းဆီမှာပဲ စူးစိုက်ထားလိုက်၏။

လာရာန်းကအတိုင်း အဖြူရောင်ကွာဘား၊ ခါးရှည်အဖြူရောင်





ဆွဲသားအင်္ကျီလေးနှင့် ဖွေး လက်ထဲမှာ ဖုန်းတစ်လုံးကိုပဲ မြဲမြဲစွာဆုပ်ကိုင်ထား၏။ ဟင် .. မြှောက်ထားသည့်ဖုန်းကိုကြည့်ကာ ဝမ်းသာအားရ ဖြစ်သွားမိသည်။ Tone မိနေတာ ယှဲ့ယှဲ့လေး ...။

မမမိုး ကို လှမ်းခေါ်လိုက်တော့ ပျောက်သွားပြန်သည်။

စိတ်ပျက်စွာ မရမကခေါ်ရင်း မျက်လုံးတွေက ရှေ့ကို ဝေ့ဝဲကြည့်မိစဉ် လမ်းဆိုတာကို ဖျတ်ခနဲ သိလိုက်၏။ ဖွေး ဝမ်းသာအားရ ပြေးထွက်သွားမိ၏။ ရုတ်တရက်မို့ ကိုယ် ဘယ်ဘက်ကို သွားရမှန်းမသိဘဲ လမ်းအစအဆုံးကိုကြည့်၍ စဉ်းစားနေမိစဉ် ...

"ဝရော .."

ဆိုင်ကယ်လ်သံကို ကြားလိုက်သည်နှင့် ပြေးချိန်မရှိတော့ဘူးဆိုတာ သိလိုက်သည်။ ကောက်ကွေ့သောလမ်းအကွယ်ကနေ ဆိုင်ကယ်လ်တစ်စီးနှင့် လူသုံးယောက် ..။ ဖွေး နောက်ဆုတ်ရပ်လိုက်ပြီး အသက်ဝဝရှူရှိုက်ရင်း ရင်ဆိုင်ဖို့ ပြင်သည်။

"ဟိတ် .."

"မင်း လမ်းသစ်ကောင်း နဲ့ လိုက်လာတဲ့ ကောင်မလေးလား"

မျက်နှာမှာ မရိုးမသားဟန်မပြဘဲ အနားမှာ ဆိုင်ကယ်လ် ကပ်ရပ်ပြီးတာနှင့် တစ်ယောက်တစ်ခွန်း မေးသံတွေ ထွက်လာသည်။

"မေးနေစရာ လိုသေးလားကွာ .. ဒီလောက်လှတဲ့ cexy လေး ပတ်ဝန်းကျင် နှစ်ယောက်ရှိနိုင်တာကျနေတာပဲ"

အသက်သုံးဆယ်ကျော် လေးဆယ်လောက်နှင့် သုံးယောက်ထဲမှာ တစ်ယောက်ပဲ စကားသံဝဲဝဲဖြစ်လျက် ...

"ငါတို့က ဦးရခိုင် တို့အဖွဲ့နဲ့ မဆိုင်ဘူး၊ မိုးကောင်းအုပ်စု၊ မင်းတို့ လမ်းသစ်ကောင်း က ခေါ်ခိုင်းလို့ .."

ဖွေး မျက်နှာလေး ရဲခနဲ ဖြစ်သွားသည်။

"သူက ရခိုင်အုပ်စုနဲ့ ငြိထားတာရှိလို့ ကိုယ်လွတ်ရုန်းပြေးရတာ



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ အခု ခေါ်ခိုင်းလိုက်တာ ဘယ်လိုလဲ"

ဖွေး စူးစိုက်ကြည့်နေတာကို နောက်ဆုံးက မည်းမည်းလူက ရယ်လိုက်ပြီး ...

"မင်းလိုက်ဖို့အတွက် နောက်မှာ ဆိုင်ကယ်တစ်စီး လာဦးမှာပါ၊ မပူပါနဲ့ .. ဟိုမှာလည်း လမ်းသစ်ကောင်း က မင်းကို မျှော်နေတာ"

"ကျွန်မကို လမ်းသစ်ကောင်း နဲ့ ပါလာတာလို့ ဘယ်သူပြောတာလဲ"

"ဟမ် .."

သုံးယောက် ရယ်နေတာတွေ ရပ်သွားကြသည်။ ရှေ့ဆုံးလူက ဆိုင်ကယ်လ်ကို ဖွေး နဲ့ နီးအောင် ထပ်လိမ့်လာကာ ...

"မင်း ဘာပြောလိုက်တယ်"

"ကျွန်မက ခရီးသွားရင်း ဓားပြတိုက်ခံရလို့ လမ်းပျောက်နေတာ"

"ဟား .. ဟား .. ဟား ..."

တစ်ယောက်ကစ၍ သုံးယောက်စလုံး ရယ်ချလိုက်တာ ဝါးလုံးကွဲ။

"ဘာလဲ .. ငါတို့ကို မယုံလို့လား၊ မင်းကိုညာခေါ်သွားတာဆိုရင်လည်း လမ်းပေါ်မှာလိမ့်နေပြီး ဆင်းရဲငတ်ပြတ်နေရတာနဲ့စာရင် နတ်စည်းစိမ်လို့ ထင်သွားအောင် ငါတို့က ဖန်တီးပေးနိုင်ပါတယ်"

ကြေကွဲခံစားနေရတာတွေက ရုက်စိတ်မွန်သွားသဖြင့် ကိုယ့်အဖြစ်ကိုပါ မေ့၏။ ဖွေး ကိုင်ထားသည့်ဖုန်းနှင့် ပြောသည့်လူမျက်နှာကို တအားလွှဲပေါက်ပစ်လိုက်သည်။

"ဟာ .."

"ဒုတ် .."

"သေပြီကွာ .."

ရှေ့ကရှောင်လိုက်တော့ နောက်ဆုံးလူကို ဒုတ်ခနဲ မိတ်ဆက်သွားသည်။ နောက်ဆက်တွဲဒေါသတွေ လာတော့မှာကို သိလိုက်ကာ





ဖွေး ချက်ချင်း လှည့်ပြေး၏။ သို့သော် နောက်လှည့်လိုက်တာနှင့် လူတစ်ယောက်၏ရင်ဘတ်ကျယ်ထဲ အင့်ခနဲ ပစ်ဝင်လေသည်။

"ဇ .."

ဖွေး နာကျင်ထားသည့်မျက်နှာမှာ နောက်ထပ် နာကျင်သွားကာ ဖြူဖြူမည်းမည်း မော့မကြည့်ရသေးခင် နောက်က ခေါ်သံတွေ ထွက်လာတာ ဖြစ်၏။ မော့ကြည့်လိုက်တော့ တကယ်ပဲ ဇ ဖြစ်နေသည်။

ဆိုင်ကယ်လ်ပေါ်ကနေ တလွှားလွှားဆင်းလိုက်ကြပြီးမှ ဇ ကို မြင်လိုက်သဖြင့် နှစ်ယောက်စလုံး ရပ်သွားကြသည်။

"လမ်းသစ်ကောင်း ဆိုတဲ့ကောင် မင်းတို့ဆီ ရောက်နေတယ်လို့ ပြောလိုက်ဘာလား"

ဇ မေးတာကို ဘယ်သူမှမဖြေပေမ...့ သူတို့ချင်းတော့ သိနေသည်မှန်း ဖွေး တွက်မိလိုက်၏။

"ဟွန်း .. ခွက်ထဲကသွန်ချလိုက်တဲ့ရေ သူ့အလိုလို ပြန်တက်လာတယ်ဆိုတာ ယုံချင်စရာရှိသေးတယ်၊ ဇ ဆိုတဲ့ကောင်ကို ပခုံးပုတ်စသွားပြီးမှ ဦးလမ်း ဒီမှာနေရဲတယ်ဆိုရင် အဲဒါ မစင်စားပြောရင်တောင် ကြိုက်တတ်လို့ပဲ"

"မင်း သိပ်ဖွာမနေနဲ့ ဇ၊ ကိုယ့်ကိုယ်ကိုယ် ခွေးပြေးပြေးနေရတဲ့ဘဝ ရောက်နေတာ သတိထားဦး"

"ပျားသလက် စားချင်လို့ ပျားတုပ်မှာကြောက်ပြီး မောင်းထုတ်တာမျိုးပါ၊ ဘယ်သူတွေ ဘာလိုချင်လို့ ကြံသလဲဆိုတာ မကြာခင်ငါ ဖော်ထုတ်ပြမယ်.. အခု မင်းတို့ပြန်၊ အဲဒီမှာရောက်နေတဲ့ ဇော်ထက်ဆိုတဲ့ ခြေခွေးယုတ်ကို ပြောလိုက်၊ ဝဝစားပြီး ဝေးဝေးပြေးထားလို့.."

ရပ်နေသည့်လူနှစ်ယောက် မျက်နှာ ကွက်ခနဲပျက်လျက် ဆိုင်ကယ်လ်ပေါ်ကလူကို လှမ်းကြည့်၏။ ထိုလူက မဲ့ပစ်လိုက်ပြီး ...

"ဘာတွေ လာပြောနေတာလဲ.. ဘာ ဇော်ထက် မှ ငါတို့မသိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အခု ..."

"ဒီကောင်မလေးကို အဆီစား အသားမျှိမလို့ တောနင်းရှာနေတာ .. မင်းတို့ကို ဖော်ထက် လက်ထောက်ချလိုက်မှန်း ငါ သိတယ်"

"ဟိတ်ကောင် ဖော်ထက် က သေပြီကွ"

"ဘယ်သူ ပြောတာလဲ"

ဇ ရဲ့မေးခွန်းကြောင့် ထိုလူ ခပ်အမ်းအမ်းဖြစ်သွားသည်။ ထိုကိစ္စကို ဦးရနိုင် တို့ဘက်က ဘယ်လိုမှပေါက်ကြားစေမှာ မဟုတ်သလို ပေါက်ကြားသွားခဲ့ရင်လည်း ဒါဟာ ...

"ဟွန်း .."

ဇ ခါးထောက်လိုက်ပြီး မခိုးမခန့် ရယ်လိုက်သည်။

"ပြောလိုက် အဲဒီခွေးသူတောင်းစားကို .. ငါ အားလုံးသိနေပြီလို့၊ မပြေးနိုင်ရင်တော့ နေထွက်မယ့်အချိန်တိုင်း ဘုရား'တ'နေလို့"

သုံးယောက်စလုံး ငြိမ်နေသဖြင့် ဇ လက်တစ်ဖက်က ဂျာကင်ရင်ဘတ်မှာကပ်ထားသည့် ကွင်းလေးတစ်ကွင်းကို ဆွဲထုတ်လိုက်တာလက်ခနဲ ...။

"ဆိုင်ကယ်လ်နဲ့ ကောင်းကောင်းမပြန်ချင်ရင် ပြော .."

ဇ မျက်လုံးတွေ ဆိုင်ကယ်လ်ဆီ ဝေ့သွားတော့ အားလုံးလှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ ဇ နဲ့သူတို့ လက်ရုံးချင်း ယှဉ်ရမည်ဆို ဂရုမစိုက်ပေမယ့် အလှမ်းကွာသည့်နေရာတစ်ခုခုကနေ ရင်မဆိုင်ရဲပေ။ လူသတ်တဲ့လက် မဟုတ်ပေမယ့် ဇ ရဲ့ဓားက မှန်မှတ်နဲ့ ချိတ်ဆက်ပစ်သလား ထင်ရလောက်အောင် နေ့နေ့ညည နေရာမရွေး ဘယ်ကိုပစ်ပစ် တန်းခနဲ...။

မကျေနပ်ပေမယ့် အလျှော့ပေးရမှာကို သိကြသည်။ မျက်လုံးသုံးစုံက ဖွေး ဆီကို မချင့်မရဲ စူးစိုက်သွားပြီးမှ ကျောခိုင်းကြ၏။ ဆိုင်ကယ်လ်နဲ့လူတွေ မျက်စိအောက်ကပျောက်သွားမှ လှည့်ကြည့်လိုက်တော့ ဖွေး က လမ်းဘေးသစ်ပင်ရိပ်မှာ အကျအနထိုင်နေလျက် ...





"ရှင့်ကို ကျေးဇူးတင်ပါတယ်"

ဖွေး မျက်နှာလေးကိုအကဲခတ်ကာ ဖုန်ထဲမှာကျနေသည့် ဟန်းဖုန်းလေးကို သွားကောက်လိုက်သည်။ ပြီးမှ ပြန်လှည့်လာပြီး ...

"ဒီဘက်မှာ CDMA ပဲ မိတယ်၊ တခြား ဘယ်ဖုန်းမှမမိဘူး"

ပြောရင်း ဖုန်းကိုပြန်ပေးတော့ ဖွေး က ယူထားလိုက်ကာ ...

"ဖွေး ကို ခဏလေးစောင့်ပေးမယ်ဆိုရင် ကျေးဇူးတင်တယ်လို့ ထပ်ပြောချင်ပါတယ်"

"ဘာ!..."

ဖွေး မျက်နှာလေးက ဘယ်တုန်းကမှ မရင်းနှီးခဲ့သလို အေးစက်တည်ငြိမ်နေလျက် ...

"ကားတစ်စီးစီးလာတဲ့အထိ ပြောတာပါ၊ ဒီကနေ ကားတစ်စီးပေါ်တင်ပေးလိုက်ပြီးရင် ရှင့်အတွက်လည်း အမှိုက်တစ်ထုပ်ရှင်းသွားတာပေါ့"

"မင်း ငါ့ကို ရွဲ့ဖို့ မစဉ်းစားနဲ့ ဖွေး၊ ဒီနေရာကို မင်း ဘာမှတ်နေသလဲ"

"ရှင်တို့လိုလူတွေပဲ ကျွမ်းကျင်တဲ့နေရာဆိုတာ ဖွေး သိပါတယ်"

"နောက်ထပ်ရှိသေးတယ်၊ မင်း မြင်နေရတဲ့လမ်းကို ဘယ်ကနေဘယ်ရောက်သွားမယ်လို့ ထင်သလဲ"

ဖွေး သူ့မျက်နှာကိုမော့ကြည့်ပြီး နှုတ်ခမ်းလေးကို ဖိပိတ်ထား၏။

"ဒါ ဘယ်သူမှ အသိအမှတ်ပြုထားတဲ့လမ်း မဟုတ်ဘူး၊ ကျောက်တွင်းတွေတူးရင် သွားလာရလွယ်ကူအောင် သူဌေးတွေကိုယ်တိုင် ကိုယ့်စီးပွားအတွက် ကိုယ်ထွင်ထားတဲ့လမ်း၊ မင်းပြောတဲ့ ကားစောင့်စီးဖို့ဆိုတာ ဒီကနေ တလကြမ်းမောင်းသွားရင်တောင် လေးနာရီခွဲကြာတယ်"

"ဘာဖြစ်ဖြစ် ကျွန်မ .."

"ဘာဖြစ်ဖြစ် မင်းလိုက်မှာပဲဆိုရင် ခုနကကောင်မျိုးတွေ ဖြတ်သွားတဲ့အခါ တားပြီး တက်လိုက်သွား၊ ငါကတော့ စောင့်တင်ပေးမှာ



www.burmeseclassic.com

မဟုတ်ဘူး"

ပြောလိုက်ရတဲ့စကားက ဒေါသကို အရှိအတိုင်း ဖွင့်ချလိုက်ရတာ မဟုတ်သည်မို့ ပြောလည်းပြောရင်း ဇ တက်ခေါက်လိုက်မိသည်။ မိန်းကလေးတွေနဲ့ပတ်သက်လာခဲ့သမျှ သူ ဒီလောက်ထိ စိတ်ရှည်ခဲ့ဖူးတာ မရှိဘူးထင်သည်။ "ဟင် .." ဆိုရင် ပြန်လှည့်မကြည့်ချင်တတ်သည့်စိတ်က မိန်းမတစ်ယောက်အပေါ် တစ်ခါပဲ ရှုံရှာခဲ့ဖူးသည်။ နောက်ထပ် ဘယ်မိန်းမကိုမှ ကြည့်မရချင် ..။

မိန်းမတွေကို ဘယ်လိုဆက်ဆံရမလဲ၊ လိုက်နေတော့ ပြေးသည်၊ မလိုက်ဘဲနေလိုက်တော့ ရက်စက်စိမ်းကားပါသည်ဆိုပြီး မျက်ရည်ခံထိုး၏။ မျက်ရည်လက်နက်မှာ ယောကျ်ားတွေ နူးညံ့ကျရှုံးပြီဆိုလျှင် သူမတို့က ဟားတိုက်ရယ်ပြီး အဲဒါအားလုံးက သရုပ်ဆောင်တာတွေ ဖြစ်ကုန်၏။ မာယာတွေ သည်းကိုးဖြာတောင် ကရဲ့လားမသိ ..။

ပန်းပန်ချင်တော့ ချူပေးပါ ခူးပေးပါ။ ခူးပေးလိုက်တော့လည်း ပုရွက်နီတွေပါလာတာကို ရှင် မကြင်နာဘူး လက်ညှိုးထိုး၏။ ပန်းခူးပေးတဲ့လူက တမင်လုပ်ရအောင် ဒီပန်းလေး ပန်လိုက်ပါလို့ ကိုယ်က ပြောပြီး ပန်ပေးတာလည်း မဟုတ်။

သူ သမိုင်းရာဇဝင်တွေကို သတိရပြီး နာကြည်းနေတာ မဟုတ်ပါ။ အားလုံးဟာ သူကိုယ်တိုင် ရင်ဆိုင်နာကျင်ခဲ့ရတာတွေ ဖြစ်သည်။

မိန်းမတွေ ငိုရင် ချက်ချင်း၊ ရယ်ချင် ချက်ချင်း။ သူတို့ အမျိုးမျိုးပြောင်းလဲနေသမျှ ဖတ်ဖတ်မောအောင် အမှီလိုက် ဖြည့်ဆည်းမပေးနိုင်ရင် အဲဒီကောင်က အလကားကောင် ..၊ နောက်ထပ် တက်ခေါက်မိမလိုဖြစ်ပြီးမှ မျှီသိပ်ကာ သူမဘက်ကို ဖျတ်ခနဲ ပြန်လှည့်၍ ...

"မင်း .."

ပြောလိုက်တော့မည့်စကားက မျက်ရည်တွေ ပြည့်သိပ်နေသည့် မျက်ဝန်းလေးတွေကြောင့် ဆွံ့အသွားခဲ့၏။ ဒေါသတွေ မုန်တိုင်းလို





ဆန်ကာ ဥပေက္ခာတွေနဲ့ပစ်ပေါက်ဖို့ အသင့်ပြင်ထားလည်း သူဟာ ယောကျ်ားထဲကယောကျ်ားပဲ ဖြစ်နေခဲ့၏။

မျက်ရည်တွေကြောင့် စကားက ဒီနားမှာပဲရပ်သွားခဲ့လျှင် ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်စွာတွေးဖြစ်ရင်း ...

"မင်းကို ငါ ပြန်ပို့ပေးမှာ .. အဲဒါကို ယုံ၊ ငါတို့ကိုလည်း ယုံတယ်ဆိုရင် မင်း ခဏလောက်တော့ သည်းခံမှဖြစ်မယ် ဖွေး"

"တစ်ယောက်ကို ဖွေး ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ ခုချိန်မှာ ဖွေး ရဲ့ဘဝက လမ်းပေါ်မှာကြွေကျနေတဲ့ ပန်းတစ်ပွင့်ပါ၊ လူတိရစ္ဆာန်၊ ပစ္စည်း ဘယ်အရာကဖြစ်ဖြစ် ဖြတ်ကြိတ်နင်းချေမယ်ဆိုရင် အလွယ်တကူ .."

"မင်းပါးစပ်က ဒီလိုစကားတွေပြောနေပေမယ့် မင်းမျက်လုံးမှာ တိုက်ပွဲဝင်ဖို့ပြင်ဆင်နေတဲ့ မာနတွေ သတ္တိတွေ အပြည့်ပဲ ဖွေး၊ ငါ မြင်နေရတယ်"

ဖွေး က မျက်ရည်တွေကို မကျစေအောင် မျက်တောင်မခတ်ဘဲနေသလား၊ မျက်တောင်ကော့တွေကြောင့် မျက်ရည်က လျှောဆင်းဖို့ ခလွယ်ဘဲ ဒီတိုင်းရှိနေတာလား ..။

မျက်ရည်တွေ လှုပ်လီလှုပ်လဲ့တို့နှင့် သူ့ကိုကြည့်ပြီး မဲ့ကာ ...

"ဟုတ်တယ် .. ကျွန်မမှာ သတ္တိရှိမှဖြစ်မှာပေါ့၊ ဘာဖြစ်ဖြစ် ငါ တစ်ယောက်တည်း ရင်ဆိုင်ရမှာဆိုတဲ့သတ္တိ မရှိရင် ဖွေး ဆိုတဲ့ မိန်းမလည်း သစ်ပင် ဒါမှမဟုတ် ခေါင်မိုးထုပ်တန်းတစ်ခုခုမှာ ကြိုးဆွဲချ သေပြီးနေလောက်ပြီ"

"အေး .. မင်းက မိန်းကလေးဆိုတော့ ဒီလိုခံစားရတယ်ဆိုတာ ငါ လက်ခံတယ်၊ ဒါပေမယ့် ဒုက္ခမရောက်ဘူးတဲ့လူ မရှိဘူး၊ အကျပ်အတည်းတစ်ခုခု မကြုံဖူးဘူးဆိုတဲ့လူလည်း မရှိဘူး၊ ငါ ဆယ်တန်းကျတော့ ဘဘက ဆူတယ်၊ မွေးစားအဖေဖြစ်တဲ့ ဦးသန်းကိုဌေး က



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်က နှင်ချတယ်၊ မိဘမဲ့ ဘဝပျက်တော့မယ့်အခြေအနေကနေ ကယ်ဆယ်စောင့်ရှောက်ထားခဲ့တာတောင် ငါ မကြိုးစားဘဲ ထင်ရာ စိုင်းနေလို့တဲ့"

သူ့အကြောင်းတွေ စကားထဲမှာပါလာတော့ ဖွေး ရင်ထဲက လတ်တလောတောင်းဆိုမှုတွေ တဒင်္ဂ ပျောက်ရှကုန်၏။ စိတ်ဝင်စားစရာ သူ့ဘဝအကြောင်းထဲမှာ စူးစိုက်မျှောပါရင်း မခိုးမခန့်မဲ့ပြုံးနှင့် မျက်နှာကိုပါ ငေးကြည့်နေမိသည်။

"ဘဝပင်လယ်ကို အလျားလိုက်ကူးရမလား၊ ဒေါင်လိုက် ကူးရမလား ငါ မသိဘူး၊ ငါသိတာက ချွေးဒီးဒီးကျအောင် ရုန်းကန်ရှာဖွေနေရတဲ့ ကျောက်တူးသမားကွ၊ ရလာသမျှ အရိုင်းတုံးတွေကို ကျောက်ဖြန်းကျောက်စ ခဲပါမကျန် သိမ်းတဲ့ ပေါလန် ဆိုတဲ့ သူဌေးတွေ ဒီထက်နက်တဲ့အမှောင်မှာကျတော့ ခိုးတဲ့သူခိုး၊ ပြေးတဲ့သူ ပြေး၊ ဖမ်းတဲ့သူနဲ့ လိုက်တဲ့သူကြားမှာ အသေနဲ့အရှင်က သုံးခွက်တစ်ခွက်တင်ပဲ၊ အဲဒါတွေမှာ ဘယ်သူညံ့နေပြီး ဘယ်သူတော်နေတာလည်း ငါ သိချင်လာတယ်၊ သူတို့လုပ်ရပ်တွေမှာ ဘာတွေမှားယွင်းပြီး သွေးထွက်သံယိုတွေ ဖြစ်၊ သေတဲ့လူသေ ဖြစ်ကုန်တာလည်း ငါသိချင်တဲ့အဖြေကို ငါ ရှာတယ်၊ သိရတဲ့အတိုင်း အဖြေထုတ်တယ်၊ ကိုယ့်အမှန်တရားနဲ့ ကိုယ် မတတ်တာကို တတ်အောင်သင်တာကို အပြစ်လို့သတ်မှတ်တာ ဘယ်လိုလျှော်ကြေးပေးရမလဲ"

သူပြောတာတွေမှာ နားလည်တာတချို့၊ မလည်တာတချို့နှင့် ဖွေး ဘာမှတော့ ဝင်မမေးဖြစ်ပါ။ လူငယ်တစ်ယောက်ဟာ သူများဗိုလ်ကျတာမခံနိုင်သည့်မာနနှင့် ကိုယ်ခံပညာတွေသင်တာ မမှားဘူးလို့ စိတ်ထဲမှာ ထောက်ခံနေမိသော်လည်း သူ ဘာတွေဆက်ဖြစ်ခဲ့သလဲ ဆိုတာကို ဆက်စပ်မရသေးသဖြင့် မရေရာသေးဘူး ပြောရမည်လား။

ဒါပေမယ့် ဇ ထပ်ပြောလာတာက ဘဝအကြောင်းမဟုတ်တော့





ဘဲ အချစ်အကြောင်း ဖြစ်ခဲ့ပြီ။

"ရည်းစားထားတာတောင် သူနဲ့ငါ ဆယ်တန်းမအောင်ကြတာချင်းအတူတူကို အောင်သွားတဲ့ကောင်နောက် ပါသွားတယ်၊ ကိုးတန်း ဆယ်တန်းအရွယ်လေးတွေမှာ ရည်းစားထားတယ်ဆိုတာ နွေဦးမှာ လေရူးထတဲ့အချစ်မျိုးတဲ့၊ အဲဒီကောင်နဲ့မှ သူ တကယ်ချစ်တတ်တာတဲ့၊ ပြီးတော့ မိဘရဲ့ဂုဏ်ရှိန်၊ ကိုယ့်အရည်အချင်း တစ်ခုခုမှမရှိတဲ့လူကို ဘယ်လိုအထင်ကြီးရမလဲတဲ့"

သူပြောပြတာကို ဖွေး အံ့ဩနေမိသည်။ တကယ် ရက်ရွံ့နာကျင်ခဲ့တာမှန်းလည်း သူ့မျက်နှာမှာ မြင်နေရသဖြင့် ဒါတွေ ဖွင့်ပြောပြနေတဲ့အထိ ကိုယ့်အပေါ် ရင်းနှီးနေတာကို ခံစားမိလာသည်။

"ငါ့ဘဝ အဲဒီမှာ တစ်နှစ်လုံး လေလွင့်နေခဲ့တာ၊ ထွက်သွားဆိုတဲ့နေရာကို ဘယ်တော့မှ အသနားခံပြီး ပြန်မတက်ဘူးလို့ သန္နိဋ္ဌာန်ချခဲ့တယ်၊ ဖြစ်သလိုနေ ကြုံသလိုရှာစားတော့ ခွေးလေခွေးလွင့်လိုပေါ့၊ အလုပ်အကိုင်မရှိတိုင်း ဝါသနာပါတာတွေပဲ လုပ်၊ အထပ်ထပ် လေ့ကျင့်၊ ငါ ဆယ်တန်းအောင်တဲ့နှစ်မှာ လူမုန်းစရာကောင်းတဲ့ အတတ်ပညာတွေ တော်တော်ကျွမ်းကျင်နေပြီ"

"ဆယ်တန်းအောင်ပြီးမှ ဒီကိုပြန်လာတာလား"

"ဟုတ်တယ် … ကျောတစ်နေရာစာအတွက် အလုပ်နဲ့အိပ်ရာ အတူရမယ့်အလုပ်ကို လုပ်တယ်၊ ဝမ်းဝရုံပဲစားပြီး ဆယ်တန်းကို အောင်အောင်ဖြေတယ်၊ ငါ ဒီကိုပြန်ရောက်လာခဲ့တာလည်း ဘယ်ကိုမှ ခိုလှုံတပ်မက်လို့ မဟုတ်ဘူး၊ ငါ့ရည်ရွယ်ချက်နဲ့ ငါ"

ဇ မျက်လုံးတွေက စကားပြောနေရင်းလည်း အငြိမ်မနေ၊ အသွားအလာ ကင်းရှင်းနေသည့် အနိမ့်အမြင့်မညီညာသော ဖုန်လမ်းကလေးပေါ်မှာ ဟိုဘက်ဒီဘက် ကူးလူးနေခဲ့ပြီး …

"သူများအထင်လွဲတာကို မျိုသိပ်ခံနေရတဲ့ဘဝ၊ တကယ်အနိမ့်ကျ



www.burmeseclassic.com

www.burmeseclassic.com



ပြီး မလှုပနေတဲ့အခြေအနေမှာ လက်ညှိုးထိုးပြီး နှိပ်ချခံနေရတဲ့ကာလတွေ၊ အားလုံးကို ရင်ဆိုင်ခဲ့ရတာပဲ ဖွေး၊ မင်းကျမှ အဖြစ်ဆိုးဖူးတာ မဟုတ်ဘူး၊ သေလောက်အောင် ပူလောင်ရတဲ့ သောကတွေလည်း မင်းတစ်ယောက်ပဲ ခံစားဖူးတာ မဟုတ်ဘူး”

သူ ဖွေး မျက်နှာလေးကို စူးစိုက်ကြည့်နေရင်း ခဏငြိမ်သက်သွားသည်။ ပြီးမှ ရှေ့တိုးလျှောက်လာကာ ...

“ညက ငါ မဆင်မခြင်ပြုမူလိုက်မိတာကို တောင်းပန်ပါတယ်၊ သတိလစ်ချင်အောင်ဖြစ်နေတာကို ငါ့ကိုယ်ငါ အတော်ထိန်းနေရတာ၊ ခုလို အမြဲတမ်း သတိထားဖို့လိုနေတဲ့အချိန်ဆိုတော့ ပိုဆိုးသွားတယ်၊ မင်းကို မလိုလားတဲ့စိတ်ရှိရင် ငါ့ဘက်မှာ ဟန်ဆောင်မျိုသိပ်နေစရာ ဘာအကြောင်းမှမရှိဘူး ဖွေး .. ငါ့ကို ဟန်ဆောင်ပြုံးပြတာမျိုးလည်း ငါ မကြိုက်ဘူး၊ မင်းဟာမင်း လမ်းပေါ်မှာပဲရောက်နေနေ၊ မြောင်းထဲ ရောက်နေနေ ငါ မင်းကို အထင်သေးစကား ပြောခဲ့ဖူးလား”

မျက်လုံးချင်းဆုံစဉ်မှာ သူမ မျက်ရည်တွေ ပါးတစ်ဖက်ပေါ်ကို ဖြတ်သန်းခွင့် ရသွား၏။ တခြားသူစိမ်းရှေ့မှာ မျက်ရည်ကျလိုပုံ မရှိသည့် သူမက ဖျတ်ခနဲ မျက်နှာလွှဲပစ်သည်။

နောက်ထပ် လက်ခနဲ ခုန်ဆင်းသွားသည့်မျက်ရည်တစ်စက်နှင့် အတူ မျက်ရည်တွေကို သုတ်ပစ်လိုက်မှန်း မသိသာအောင် လည်ပင်း လိမ်မတတ် လှည့်ထား၍ သုတ်ပစ်ပြီးမှ ...

“ဖွေး အိမ်ပြန်ချင်တယ်”

“မင်းတစ်ယောက်တည်း ပြန်လည်း အိမ်ပြန်ရောက်မှာ မဟုတ်ဘူး၊ မင်း အဲဒါကို မယုံဘူးထင်တယ်”

“ဟင့်အင်း .. အဲဒီလိုမဟုတ်ဘူး၊ ဒါပေမယ့် ဖွေး ..”

“ပြန်လိုက်ခဲ့ပါ”

ရှေ့ရောက်လာပြီး ဖုန်းကိုင်ထားသည့် ဖွေး လက်ကလေးကို





သူ ဆွဲယူလိုက်သည်။ ဖွေး မတ်တပ်လေးဖြစ်သွားမှ မသိမသာထူအမ်းနေသည့် နှုတ်ခမ်းထောင့်လေးကို ငုံ့ကြည့်ကာ...

“ငါ ညည်းနေလို့ မင်း ကူညီဖို့လာတာမို့လား .. ထပ်တောင်းပန်ပါတယ်”

“မလိုပါဘူး၊ ဖွေး ..”

“သွားမယ်”

ဖွေး လက်ကိုဆွဲ၍ တောတန်းထဲ ပြန်ဝင်သည်။

“မင်းကြောင့် ထွက်လိုက်လာရတာ .. ငါ ခုထိ ခေါင်းတွေ မူးနေတုန်း”

“ညက ရှင် ညဉ့်နက်တဲ့အထိ ထွက်နေတာကိုး”

စကားပြောဖော်ရလာတာကို သတိထားမိပြီး ဇ မျက်နှာ ပြုံးရိပ်ထင်သွားသည်။ ဆံပင်ဖားလျားလေး တနွဲ့နွဲ့နှင့် အဖြူရောင်ကောင်မလေးကို မသိမသာ ငုံ့မိုးကြည့်မိရင်း ...

“ဟုတ်တယ် .. အဲဒါတွေကြောင့် ပြန်ဖြစ်တာ၊ အခု လမ်းသစ်ကောင်း တို့သားအဖ သတင်းကိုတောင် အတိအကျ ရထားပြီးပြီ”

ပြောပြလိုက်ရင်း အကဲခတ်တော့ ဖွေး မျက်ခုံးလေးတွေ လွန့်ခနဲ ကုတ်ကျသွားတာကို မြင်သည်။ ဘာမှမမေးဘဲ ဒီတိုင်းပဲနေသဖြင့်...

“သူ့ကို သူ့အဖေကိုယ်တိုင် လာထုတ်သွားတာ မင်း သိတယ်မို့လား”

“ဘာဖြစ်လို့ မေးတာလဲ”

“မင်းကို ငါ လှုပ်နှိုးနေတုန်းက မင်း သတိရလာတော့ သူ မရှိတော့တဲ့အတွက် ဘာအံ့သြမှုမှ မဖြစ်ဘူး၊ မင်း အံကြိတ် မျက်ရည်ကျနေတာလည်း ငါ သတိထားမိတယ်”

“ဘာဖြစ်လို့ အဲဒီနေရာမှာ မမေးတာလဲ”

“မထင်လို့ပေါ့ .. မင်းနဲ့ လမ်းသစ်ကောင်း ကို စမြင်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးတစ်ဘာသာစီမှန်း ငါ တွက်မိတယ်၊ သူတို့သားအဖ မသမာမှန်း သိလိုက်တော့ရော ငါ မင်းကို မယုံသင်္ကာတဲ့မေးခွန်းမျိုး မေးခဲ့မိလို့လား"

တင်းကျပ်ပူလောင်နေသည့်ရင်ထဲမှာ သိသာစွာ လျော့ပါးသွားခဲ့၏။ သူ့ကို ဖွေး ကျေးဇူးတင်သွားမိတာ တကယ်ပါ။

"သူတို့သားအဖ ဒီနားတစ်ဝိုက်မှာပဲ ရှိတယ်"

ဖွေး သူ့ကို ဖျတ်ခနဲ မော့ကြည့်၏။

"ဒါဆို ဟိုလူတွေ ဖွေး ကို ညာခေါ်တာမဟုတ်ဘူးပေါ့"

"မင်းက ညာတယ်ထင်လို့ မလိုက်တာလား"

ဖွေး မျက်နှာလေး တင်းခနဲ ဖြစ်သွားသည်။ ပြီးတော့မှ ရှေ့ဆံပင်လေးတွေကို လက်တစ်ဖက်နဲ့ ထိုးသိပ်တင်ကာ ...

"သေချာသိချင်လို့ပါ၊ ဘယ်တရားခံပဲဖြစ်ဖြစ် သက်သေထင်ရှားပြီး ပြစ်မှုကျူးလွန်ကြောင်း နိုင်လုံမှ စီရင်ချက်ချလို့ ရတာ"

ဇ က ဘောင်းဘီအိတ်ထဲ လက်တွေထည့်၍ ခပ်ဖြည်းဖြည်းသွားနေရင်း ...

"သူတို့ မိုးကောင်းမှာပဲ ရှိတယ်၊ ငါတို့ရဲ့အတွင်းလူနဲ့ ပြန်ပေါင်းပြီး အတွင်းလိုက်ရှို့သွားတာ၊ ဒါတွေကို ပြဿနာအားလုံး ရှင်းပြီးရင် မင်း သိရမှာပါ၊ တကယ်တော့ လမ်းသစ်ကောင်း က သူ့အဖေရဲ့ ဒီက တကယ့်အခြေအနေကို အရှိအတိုင်း သိခဲ့ပုံမပေါ်ဘူး၊ ဒါကြောင့် သူ့အဖေနဲ့ တိတ်တဆိတ်တွေ့နေကျအတိုင်း ဒီမှာတွေ့ဖို့ မင်းကို ခိုးလာတာ၊ ခုလိုဖြစ်သွားတာတွေကလည်း သူ့အဖေရဲ့ စီရင်ချက်တွေပဲ၊ မင်းကိုတော့ သူ .."

"ရှင် ဆက်မပြောဖို့ ကျွန်မ တောင်းပန်ပါတယ်"

"မင်း ယုံကြည်ခဲ့တာ အလွဲကြီးလွဲခဲ့တယ်ဆိုတဲ့ နောင်တနဲ့ နာကျင်နေရတာ မင်း ပျော်လို့လား"





"ရှင်ရော .. ငါ ညှို့လို့ သူ အဆက်ဖြတ်တာပဲဆိုပြီး ဆယ်တန်းအောင်ပြီးတော့ အဲဒီမိန်းမကို ပြန်တွဲဖို့ ကြိုးစားခဲ့လား"

"ဆိုင်လို့လား .."

"ဆိုင်တယ်လေ.. သူ့အဖေခေါ်လို့ ပါသွားရှာတာလို့ ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်ပြီး ဘယ်လူကြုံနဲ့ ပြန်ခေါ်ခိုင်းမလဲလို့ ဖွေး က လမ်းဆုံမှာ သွားထိုင်စောင့်နေရမှာလား"

အံ့ဩရိပ်ထင်သွားလျက် ဇ သွားတွေပေါ်အောင် ရယ်သည်။ ခေါင်းထဲက မူးရိပ်ရိပ်ဖြစ်လာမှ နဖူးမှာ လက်ဖနောင့်နဲ့ကပ်၍ မျက်လုံးတွေ မှိတ်ထားလိုက်ကာ ...

"ဆောရီး .. ငါက မင်း ခံရသက်သာအောင်ပါ"

"ရှင်တစ်ယောက်တည်း မာနကြီးတယ် မထင်ဘူးဆိုရင် ကျေးဇူးတင်တယ်"

"မတင်ပါနဲ့ .. ကျေးဇူးတွေ များနေပြီ"

သူတို့ပြန်လာကြတော့ တခြားလမ်းက ပြန်ဝင်လာသည့် ဦးပိုက်ထွေး နှင့် အိမ်နဲ့မနီးမဝေးမှာ ဆုံမိကြသည်။ ဦးပိုက်ထွေး က ပေါ့ပါးသွားသည့် သဏ်ပြင်းရှည်ကြီးချလျက် ...

"တော်သေးတာပေါ့"

လို့ ဘာမှန်းမသိဘဲ ပြောသည်။ ဇ က ဖွေး ကို ငဲ့ကြည့်ပြီး...

"သူ မျက်စိလည်နေလို့ မီတာ၊ သတ္တိက မခေဘူး"

ဦးပိုက်ထွေး က ခေါင်းညိတ်၍ ...

"ဟုတ်မှာပေါ့၊ မင်းနဲ့ပေါင်းနေမှတော့ .."

ပြောလိုက်တာက ဘာလိုလို စကား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"မင်း ဘာပြောလိုက်တယ် .. ကောင်း"

"ဒီလောက်ထိ အဖေ မလုပ်သင့်ဘူးလို့ ပြောတာပါ၊ ကိုယ် မလိုချင် ထားခဲ့ရုံပဲ .. နင်းချေဖျက်ဆီးပစ်ခဲ့ဖို့မှ မလိုတာ၊ ဖွေး က ပညာတတ် လူကုံထံ သူဋ္ဌေးသမီး"

"ဟေ့ .. သူ့ဟာသူ သိကြားမင်းရဲ့သမီးဖြစ်ဖြစ် အဲဒီအချိန်မှာ ငါ အလိုရှိတာ ငါ့သား.. သူများသားသမီး မဟုတ်ဘူး၊ ကိုယ့်ခြေထောက်ကိုတောင် လေးတယ်ထင်နေတဲ့ဟာ .. ငါက လူ ဘယ်နှစ်ယောက်တာဝန်ယူရဦးမှာလဲ"

ကောင်း စိတ်မာတ်ကျနေလျက် အုံ့မှိုင်းညိုမောင်းနေသည့် မျက်နှာဟာ ဆယ်နှစ်စာလောက်ထိ အိုစာသွားခဲ့၏။ အဖေ ပြောသလို 'ငါတို့သားအဖ သူဋ္ဌေးဖြစ်ပြီး'ဆိုတာကို ပျော်ရွှင်သည့်စိတ်လည်း မဖြစ်နိုင်။

"ကောင်း ပြောတာက.. အဖေ ဟိုလူတွေကိုမြှောက်ပေးပြီး ဖွေးဆီ လက်ထောက်ချ .. လွှတ်လိုက်တာ"





"အဲဒီတော့ ဘာဖြစ်သလဲ၊ ဒီကောင်မလေး ရှိနေသေးရင် မင်းရင်ထဲက သနားတာတွေ ညှာတာချင်တာတွေ .."

"ကောင်း အဖေ့သဘောအတိုင်း နေနေတာပဲ အဖေရာ"

"ပြောလို့ ရမလားကွ .. အသေအလဲချမ်းသာချင်နေတဲ့ကောင်ဟ မင်းကို ဒီအခြေအနေမျိုးထိ ဆွဲတင်ပေးလိုက်တာတောင် ငိုင်ငေးနေတုန်း"

"အဲဒီအခြေအနေဆိုတာ ဘာလဲ အဖေ၊ ကောင်း ခုထိ ဘာမှလည်း မခံစားရသေးဘူး၊ နေ့တိုင်း ဇီးကွက်လို အမှောင်ခိုပြီး ဖုန်းစောင့်လိုက်၊ ဖုန်းသံကြားရင် ပြေးကိုင်လိုက်"

"ဒါက အခိုက်အတန့်တော့ ရှိမှာပဲလေ၊ အောင်မြင်မှုဆိုတာကို အလွယ်တကူရခဲ့တာ မင်း ကြားဖူးလား"

ဦးလမ်း က ကုတ်အင်္ကျီရှည်ကြီး တဖားဖားနှင့် ကောင်း ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ လောဘ မောဟတွေနှင့် ရင်ဘတ်ကိုကော့၍ သူ ခြေလှမ်းတွေကျဲနေသလောက် သားဖြစ်တဲ့သူက ထိုင်ရာမထ ငေါင်စင်းစင်း။

"ငါ ဒီလိုလုပ်တာ တစ်ချက်ခုတ်နှစ်ချက်ပြတ် ဖြစ်သွားစေချင်တာလည်း ပါတယ်၊ ဒါတွေ မင်း နားမလည်ပါဘူးကွာ.. မြို့မှာ ထင်သလိုရှုပ်ပွေနေပြီး မိဘ ဘာတွေလုပ်နေလဲဆိုတာ ဘာမှကိုမသိတဲ့ကောင်၊ မင်းကို ငါ ချောတောမောတောလေး မွေးလိုက်မိတာကိုက ငါ မှားတာ၊ ဇ ဆိုတဲ့ မိဘမဲ့ ကလေကချေကောင် ကြည့်စမ်း၊ ဘယ်ကောင်မှ သူ့ကို မော်မကြည့်ရဲဘူး၊ 'ဇ' ဆိုတာနဲ့ နားရွက်ထောင်နေကြတာ"

"အဖေကရော အခု သူ့ကိုကြောက်လို့ ပုန်းနေတာလား"

"ဒါ ငါ့ကိစ္စနဲ့ငါပါ၊ မင်း မသိတာတွေကို မမေးနဲ့ ကောင်း၊ တစ်သက်လုံး ဖအေ စောင့်ရှောက်တဲ့အတိုင်း မင်း နေလာတာ၊ ဒီတိုင်းပဲ ဆက်နေလိုက်စမ်းတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ကောင်း ကို ဒီနေရာထိ ဘာလို့ခေါ်လာတာလဲ အဖေ၊ အရင်လိုပဲ .."

"ဟာ .. ဒါက ဖိုင်နယ်လေ၊ မင်းနဲ့ငါ ဒီကာလကျော်တာနဲ့ ဘဝ က ပြောင်းပြန်လှန်လိုက်သလို ပြောင်းလဲသွားပြီ၊ မင်းလိုပဲ ငါလည်း မြို့ကြီးပေါ်မှာ ရေမီးအစုံနဲ့ ငြိမ်းငြိမ်းချမ်းချမ်း နေချင်တာပဲကွ၊ မင်း မသိတဲ့ တစ်သက်လုံး ငါ ဘယ်လိုရုန်းကန်ခဲ့ရသလဲ မင်း နားလည် လား၊ ကျောက်တူးသမားဘဝကနေ ကျောက်တွင်းပိုင်ကြီးဖြစ်လာ အောင် ကြိုးစားခဲ့ရတယ်၊ တွင်းပိုင်ဖြစ်တိုင်း ချမ်းသာကြတာ မဟုတ် တော့ ချမ်းသာအောင် ကြိုးစားရပြန်ရော၊ ဘယ်လိုကြိုးစားခဲ့ရတာတွေ မင်း မသိပါဘူး၊ ခုလည်း မင်းခေါင်းထဲမှာ ဟိုကောင်မလေးအကြောင်း ပဲ ရှိနေတယ်မို့လား၊ ခု ဘာတွေဖြစ်ပျက်နေလဲဆိုတာကို ညဥ့်နက်တဲ့ အထိ နဖူးပေါ်လက်တင်ပြီး စဉ်းစားခဲ့တာ ရှိလား"

ကောင်း မျက်နှာ စိတ်ပျက်ခြင်းများစွာနှင့် မော့လာ၏။ သံပြား တစ်ဝက် ကျောက်သဲတစ်ဝက်နှင့် အလင်းရောင်နည်းသော အဆောက် အဦးသေးသေးလေးထဲမှာ နေ့နဲ့ညက သိပ်မကွာပေ ..။

ပြတင်းပေါက်လေးကနေ လှမ်းမြင်နေရသည့် စိမ်းလန်းသော တာဝန်တို့ကို မျက်လုံးဝေ့ရင်း နေရာမှထရပ်လိုက်ကာ ...

"ကောင်း ကို ဒီထိဆွဲခေါ်လာတာ ဇ ဆိုတဲ့လူနဲ့ယှဉ်ပြီး နေ့ရှိ သမျှ ကဲ့ရဲ့နေဖို့လား အဖေ၊ အဖေ ဒီတိုင်းနေစေခဲ့လို့ ကောင်း ဒီတိုင်း နေခဲ့တာ၊ ခုလည်း ဒီတိုင်းနေတဲ့ခေါက်ရိုးက ကျိုးနေပြီ"

"အေးလေ .. မင်းလည်း ငါ ဒါတွေမပြောဖြစ်အောင် တိတ် တိတ်နေပါလား"

"နေခဲ့တာပါပဲ.. အခု အဖေ လက်ထောက်ချလိုက်တာ ဖွေး ကို.."

"ဇ နဲ့တွေ့ပြီး လှည့်ပြန်ခဲ့ရတာ မင်း မကြားဘူးလား"

"တကယ်လို့ ပါလာရင်လည်း ဖွေး ဘဝ .. သွားပြီ"





"မင်း ဘာမှမသိဘူးဆိုတာ အဲဒါပဲ ကောင်း"

ဦးလမ်း ကိုယ့်သားလေးကို ချစ်ပါသည်။ ချစ်လွန်းလို့လည်း ဆိုးသမျှ ကိုယ်ပဲခံပြီး ကောင်းတဲ့ဘဝမှာ အတူစံရအောင် သက်စွန့်ကြိုး ပမ်း၍ ဆွဲထုတ်ခဲ့ရတာ ဖြစ်သည်။

ဒါပေမယ့် နောက်ဆုံးထွက်သက်မှာ အားကိုးတကြီး တမ်းတ သော လက်တစ်ဖက်ပိုင်ရှင်တော့ မဖြစ်နိုင်မှန်း နားလည်နေမိ၏။

ကိုယ့်သားကို ချိုးနှိမ်ချင်တာ မဟုတ်သော်လည်း မချင့်မရဲ ရေ ရွတ်နေမိသည့်စကားတွေက ဒါတွေပဲဖြစ်နေတော့ မတတ်နိုင် ..။

ခုလည်း သားကို မနူးမနပ် ဆယ်ကျော်သက်ကောင်လေး တစ် ယောက်လို သူ စူးစိုက်ကြည့်မိပြန်၏။

"ငါတို့အလုပ်မှာ အလှည့်အပတ် အကောက်အကွေ့တွေရှိတယ်၊ ဒါတွေ မင်းကို ငါ ရှင်းပြဖို့ အချိန်မရှိဘူး၊ မင်း စိတ်မဝင်စားလို့ မမေး ခဲ့တာတွေလည်း ပါတာပဲ၊ တစ်ခုတော့ပြောနိုင်တယ် .. ဖွေး ကို စိတ် ဝင်စားအောင် ငါ လက်ထောက်ချလိုက်တာ၊ တစ်အချက် မင်းနဲ့ အပြီး သတ်ဝေးသွားမယ်၊ နှစ်အချက် ငါတို့မရှိနိုင်တော့ဘူးလို့ ထင်ထားတဲ့ အတွက် .."

"အဖေ ဘာတွေပြောနေတာလဲ၊ ဟိုလူတွေက ကောင်း ခေါ်ခိုင်း တယ်ဆိုပြီး သွားခေါ်တာ"

"ဇ ကို မင်းက အရူးမှတ်နေသလား"

"ဇ နဲ့တွေ့တာ သူတို့ ကံဆိုးလာတာပဲ၊ ဖွေး ကိုသာ အလွယ် တကူ ခေါ်လာနိုင်ရင် .."

"ခေါ်လာနိုင်စရာ လုံးဝ မရှိဘူးဆိုတာ ရှစ်ဆယ်ရာနှုန်းထိ ငါ တွက်ထားတယ် ကောင်း၊ သူပါလာရင်တော့ ကံတရားပဲ၊ မင်းက မိဘနဲ့ ချစ်သူကြားမှာ တွေဝေပြီး ငါ့ဘက်ပါလာပေမယ့် ဇ ဆိုတဲ့ ကောင်က ဒီကောင်မလေးအတွက် မဆိုင်သလိုနေလိုက်မယ် မင်း ထင်



www.burmeseclassic.com

www.burmeseclassic.com



လား၊ သူ့ချစ်သူ မဟုတ်ဘူး .. သူ တာဝန်ယူထားတာ မဟုတ်ဘူးဆိုပြီး နင့်ထိုက်နဲ့နင့်ကံလို့ သဘောထားမယ်လို့ရော ထင်လား၊ ဇ အကြောင်း နှစ်တွေအများကြီး ပတ်သက်လာခဲ့တဲ့ မင်းထက် ငါ ပိုသိတယ် ကောင်း၊ ဒီကောင်က မဆိုင်သလိုနေတတ်ပေမယ့် သူ့စိတ်မှာ အမှန်တရားလို့ ခံစားလာရပြီဆိုရင် ဘယ်တော့မှ မျက်နှာလွှဲမသွားဘူး"

"ဒါဆို ဘယ်သူက လူကောင်းလဲ .. သူက သိပ်ကောင်းနေရင် အဖေတို့က လူဆိုးတွေလား"

ကောင်း ၏အသံက ဒေါသသံတွေ သိသိသာသာဖြစ်နေခဲ့၏။ သူ တကယ်ပဲ မျိုသိပ်မထားနိုင်တော့တာ ဖြစ်သည်။

ဇ ဆိုတဲ့လူက ဒီလောက်ထိ တာဝန်သိ ကရုဏာရှိနေသည်ဆိုတော့ ချစ်သူတစ်ယောက်လုံးကို လူသူမနီးတဲ့ တောကြိုအုံကြားယောက်ျားတွေကြားမှာ ဒီတိုင်းထားပစ်ခဲ့တဲ့ သူက ဘာကောင်လဲ ..။

'ငါ့စကားကို နားထောင်လို့ ငါ့သားလေး သူ့ချစ်သူကို ထားခဲ့ရရှာတယ်'လို့တွေးပြီး ဖေးမနှစ်သိမ့်ရမယ့်အစား ဇ ကောင်းတာတွေပဲ ပါးစပ်က မချ ..။

အမှန်တရားအတွက် ဒီလူက ဆုံးဖြတ်ရဲတယ်ဆိုရင် ဒီလူကို ရန်သူလိုတိုက်ခိုက်နေကြတဲ့လူတွေက ဘာလဲ။ ပြောချင်တာတွေ ရင်ထဲမှာ ကလိထိုးနေသလိုပင်။ ဦးလမ်း ကလည်း ကောင်း ပါးစပ်ဟလိုက်တာနှင့် အူ ဘယ်နှစ်ခွေရှိနေတယ်ဆိုတာ မြင်ပြီးသား ..။

"မင်းက ဘာတွေ ဒေါကန်နေတာလဲ ကောင်း၊ ဒီအသိုင်းအဝိုင်းမှာ ဘယ်သူမှ လူကောင်းမရှိဘူး၊ ဆိုးတဲ့လူနဲ့ မဆိုးတဲ့လူ ဒါပဲကွဲတယ်၊ ပေါလန်သိန်းသန်း ဆိုတဲ့လူရော ဘာထူးလဲ၊ ကုလားဓာတ်လမ်းတွေထဲက အမီတာဘဂျမ်းလို ကျောက်တူးသမားတချို့တလေရဲ့ အသက်ကို ကယ်ပြလိုက်တယ်၊ ပြီးတော့ အလုပ်သမားလူထုရဲ့ အခက်အခဲတွေကို ဖြေရှင်းပေးမယ်ဆိုပြီး အုပ်စုဖွဲ့ပြီး ရပ်တည်လိုက်တယ်၊ လောက





မှာ သူများမလုပ်နိုင်သေးတာကို ဖြစ်အောင်လုပ်ပြနိုင်ရင် ဒါ အောင်မြင်တာပဲ၊ တစ်နည်းပြောရရင် ကျော်ကြားမှုတစ်ခုတော့ ဟုန်းခနဲရသွားတာပေါ့၊ ဒီကျော်ကြားမှု ရေရှည် ခိုင်မြဲမမြဲ ဆိုတာကိုတော့ သဘာဝနဲ့ လက်တွေ့က ဆုံးဖြတ်တယ်"

ဦးလမ်း က လူတတ်ကြီးအပြုံးနှင့် သူ့ရှေ့ရောက်လာသည့် ကောင်း မျက်နှာကို အသံတိတ် စိုက်ကြည့်နေပြီးမှ ...

"လူ့သဘာဝက ဘာလဲ မင်း သိလား ကောင်း .. လောဘစိတ်ပဲ၊ လောဘကိုချုပ်တီးနိုင်တဲ့သူ၊ မချုပ်တီးနိုင်တဲ့သူ အနည်းအများတော့ ကွာတာပေါ့၊ ပေါလန်ဆိုတဲ့ကောင် ဘယ်လိုပဲ အသံကောင်းလွှင့်နေနေ အလုပ်သမားထုရဲ့ အားကိုးရာခေါင်းဆောင်ကြီးဆိုတဲ့ ကျော်ကြားမှုကို အခု သဘာဝက ဆုံးဖြတ်ပေးသွားပြီ"

အကြောင်းအရာကို စိတ်ဝင်စားလာသဖြင့် ကောင်း အကြည့်တွေ စူးစိုက်လာခဲ့၏။ အလုပ်အကြောင်းဆိုရင် ဟိုတစ်စ ဒီတစ်စ ပါလာတတ်ပေမယ့် သူ့ကို အကျယ်တဝင့် ပြောပြခဲ့ဖူးတာ မရှိ ..။

"လောဘနည်းသလိုလို၊ မရှိသလိုလို သူတော်ကောင်းလုပ်ပြခဲ့တာတွေ ခုတော့ .. ဟွန်း .."

"အဖေ ပြောတာ ဘာလဲ .. ဒီကိစ္စမှာ သူ ပါနေလို့လား"

ဦးလမ်း မျက်လုံးတွေက ပြောပြဖို့တော့ စကားလုံးရွေးနေပုံရှိလျက် ..၊ နောက်ဆုံး ပြန်မျိုသိပ်ထားလိုက်ကာ ...

"လျှို့ဝှက်သင့်တဲ့စကားဆိုတာ ဇနီးမယားကိုတောင် မပြောရဘူးတဲ့၊ မင်းကို မယုံကြည်လို့တော့ မဟုတ်ပေမယ့် အဖေ့အလုပ်က အဆုံးမသတ်သေးဘူး၊ တို့သားအဖ မိုးကောင်းကို အပြီးစွန့်ခွာတဲ့နေ့ကျရင် မင်းကို ပြောပြပါ့မယ်"

"အဖေက ကျွန်တော့်ကို လူမမယ်ကောင်လေးတစ်ယောက်လို မြင်နေတာလား .. အယုံအကြည် မရှိတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အသက်က လူမမယ်မဟုတ်ပေမယ့် ဒီလုပ်ငန်းတွေရဲ့ အတွေ့အကြုံမှာတော့ မင်းက လူမမယ်ပဲ ကောင်း .. အယုံအကြည်မရှိတာလည်း မဟုတ်ဘူး .. စိတ်မချတာ၊ မင်း များများသိလေ အန္တရာယ်များလေပဲ၊ အခုဖြစ်နေတဲ့ အရှုပ်တွေးက မင်း ကြည့်ဖူးတဲ့ အက်ရှင်ကားတွေထဲက အလျော်အစားပမာဏထက် မများရင်တောင် မနည်းဘူး၊ အဲဒါတွေ တို့အတွက် သီးသန့်ခံစားခွင့်ရဖို့က နှုတ်လုံဖို့တစ်ခုပဲ"

"အခု ကောင်း တို့ ဝရမ်းပြေးလို ပုန်းခိုနေရတာကရော .."

"လိုအပ်တဲ့ အချိန်အတိုင်းအတာ တစ်ခုပါပဲ"

ကောင်း မချင့်မရဲနဲ့ပဲ ပါးစပ်ပိတ်နေလိုက်ရသည်။

ပေါလန်ကြီးလို့ ခေါ်နေကြသည့် ဦးသိန်းသန်း ဆိုသူကြီးဟာ ဇ ဆိုသည့်လူ၏ ဦးလေးဆိုလည်း ဟုတ်သည်၊ ဘာမှမတော်ဘူးဆိုလည်း မှန်၏။ ဦးသိန်းသန်း ၏အစ်ကိုရင်း ဦးသန်းကုဋ္ဌေ က ဇ ကို မွေးစားခဲ့သည်တဲ့။ ဦးသန်းကုဋ္ဌေ နဲ့ အဆင်ပြေနွေးထွေးခဲ့သလောက် ဦးသိန်းသန်း နဲ့ ဇ က အမြဲတမ်း အတိုက်အခံလို့ ပြောသံကြားရသည်။

ခုကိစ္စမှာ အဖေက တရားခံဖြစ်ခဲ့ပြီး ဇ ကိုလည်း တရားခံအဖြစ် စွပ်စွဲထားသည်ဆိုတော့ ဘာတွေ ဘယ်လို ရှုပ်ထွေးနေတာလဲ ..။

ထိုစဉ် ဖုန်းမြည်သံကြောင့် ဦးလမ်း ပျာယာခတ်သွားတာကို လှမ်းကြည့်ရင်း ကောင်း မျက်မှောင်ကုတ်သွားသည်။

မိုးချုပ်ပြီဆို ဖုန်းလာမည်၊ အဖေ အပြင်ထွက်တော့မည်၊ မိုးလင်းတာနဲ့ ကိုယ်ယောင်ဖျောက် တံခါးပိတ် ..။

"ငါ အပြင်သွားလိုက်ဦးမယ်၊ မင်း မထွက်နဲ့နော်"

သူ တွေးနေတုန်း လက်ကိုင်အိတ်ကို ကုတ်အင်္ကျီလှန်၍ ခါးကြားထဲ ထိုးထည့်ကာ ဖုန်းကိုတော့ အိတ်ထဲမှာထည့်လိုက်ပြီး အဖေ ထွက်သွားသည်။ အမြဲတမ်း အားကိုးနေမှာပါ အဖေ ..။





## အခန်း (၁၄)

"ကျွန်တော်တို့ ကျင်းပေါ် ဆွဲတင်လိုက်ရမလား ကိုဇ"

"နေပစေ .. မျက်နှာတွေပေါ်က ရွှံ့တွေ ဖယ်လိုက်"

ကျင်းထဲမှာ အလောင်းက နှစ်လောင်းပဲရှိသည်။ သုံးလောင်းအတွက် တူးထားတာ နက်သည်။ ကျယ်လည်း ကျယ်သည်။

ထို့ကြောင့် အလောင်းဖော်တဲ့သူတွေက ကျင်းထဲထိဆင်းပြီး အလောင်းတွေကို ဇ မြင်ရအောင် သေချာဖော်ပေးကြ၏။

ဦးတိုက်မောင်း က ဓာတ်မီးထိုးပေးထားသဖြင့် ကျင်းထဲကလူတွေ ဖော်ပြထားသည့် အလောင်းမျက်နှာတွေကို သေချာမြင်လိုက်ရသည်။ သူ မြင်နေသလို အကုန်လုံးပဲ မြင်ကြသည်။ လုပ်ကြံမှုဆိုတာကို သိလိုက်ကြပေမယ့် ဇ မျက်နှာတင်းမာနေတာကိုကြည့်ကာ ဘယ်သူမှ ဘာမှဝင်မပြော ..။

"ရပြီ ကိုစိုး .. သေချာပြန်ဖို့ပေးလိုက်တော့"

"ဟုတ်ပြီ"

ကိုစိုး တို့သုံးယောက်က ဇ နဲ့ ခင်မင်နေတဲ့သူတွေဖြစ်သည်။ ပြောရလျှင် အလုပ်သမားတွေအပေါ် ဇ ဘယ်လိုဆက်ဆံတာ၊ အလုပ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



တာကအစ တစ်ယောက်သဘောတစ်ယောက် နားလည်နေကြတာမို့ ဇ ဒုက္ခရောက်နေသည့်အချိန်မှာ ကူညီဖို့ အသင့်ရှိနေကြတာဖြစ်၏။

အားလုံးကိစ္စတွေပြီးတော့ ဒူးပေါ်လက်နှစ်ဖက်တင်၍ လက်ချင်းဆုပ်ကာ မျက်မှောင်ကုတ်တွေးနေသည့် ဇ ရဲ့ဘေးမှာ သူတို့ ဝိုင်းထိုင်လိုက်ပြီး ...

"မင်းထင်သလို အမှန်ပဲ ဇ .. ဘာဆက်လုပ်မလဲ"

ဦးတိုက်မောင်း က မီးအိမ်ကို အလယ်မှာချလိုက်ပြီး စမေးသည်။

"ဒါ တကယ့်ကို အကွက်ကျကျ စီစဉ်ပြီး မင်းကို ချောက်တွန်းထားတာကွ"

"ကျွန်တော် ဆက်စပ်ကြည့်တည်းက တွက်မိပါတယ်၊ သူတို့ဘက်က ပြောကွက်ကျန်မှာစိုးလို့ ဒီအလောင်းတွေကို လာဖော်တာ၊ ကျွန်တော် အလိမ်ခံရတာထက် ဖော်နိုင် တို့ လုပ်ကြံခံလိုက်ရတာကိုပဲ စိတ်မကောင်းဖြစ်မိတယ်၊ သူတို့ကိုယ်သူတို့ ဘာဖြစ်သွားမှန်းတောင် သိလိုက်ကြမှာမဟုတ်ဘူး၊ အနားမှာ ရန်သူတစ်ယောက်မှ မရှိဘဲနဲ့.."

"အဲဒါ ဘဝပေးသင်ခန်းစာတွေပေါ့ လူလေးရ၊ လူမနိုင်ရင် သဲနဲ့ပက်မယ်ဆိုတာမျိုး၊ ဖော်ထက် ကို ဘယ်လောက်ထိ မက်လုံးပေးလိုက်သလဲမှ မသိတာ၊ မင်းလိုလူကလည်း လူယုံသတ်မှုသေမှာလေ၊ ခေါင်းဆောင်ကောင်းတို့ရဲ့အားနည်းချက်က ငယ်သားအပေါ်မှာ အနစ်နာခံပေးဆပ်တတ်တဲ့ ကရုဏာပဲ၊ သစ္စာတရားကို မိမိကိုယ်ထက် ပိုတန်ဖိုးထားတယ်၊ လူကောင်းထက် လူဆိုးက အမြဲတမ်း တစ်ကွက်သာနေတာ အဲဒီအားနည်းချက်ကြောင့်ဆိုရင် မမှားနိုင်ဘူး၊ ငါတို့လိုလူတွေအတွက် ပေါလန်ကြီးနဲ့ မင်း မကြာခဏ အတိုက်အခံဖြစ်ရတယ်မို့လား၊ ဒါပေမယ့် ကိုယ် ငယ်ငယ်တည်းက ကိုယ့်ကို စောင့်ရှောက်လာခဲ့ကြတဲ့လူတွေအပေါ် မင်း သံသယမထားဘူးလေ"

ဦးတိုက်မောင်း သည် ကတုံးပြောင်ပြောင် အသားနီစပ်စပ်နှင့်





ရုပ်ဆိုးသော်လည်း သစ္စာထားတတ်သောမျက်လုံးတွေက ရှုးရဲနေခဲ့၏။ ဆုငယ်တွေကတော့ ပေါက်တူးပေါက်ပြားတွေပေါ်မှာပဲ ပေကျံနေသည့် လက်ကန့်တွေကို ခြစ်ချနေကာ ဘာမှဝင်မပြောကြပေ။

"ဦးသိန်း လက်ထက်တည်းက ကျောက်တူးသမားတွေ မနစ်နာရေးအတွက် မဏ္ဍိုင်တစ်ခုလို ရပ်တည်ကာကွယ်ပေးခဲ့တယ်၊ အလုပ်သမားတွေ ကျောက်အောင်တဲ့အခါ ဒါကိုဆုပ်ဖမ်းပြီး ပြန်ရောင်း သူဌေးက လူမိုက်တွေနဲ့ လိုက်သတ်၊ တောထဲတောင်ထဲမှာ ဒီလိုနဲ့ပဲ ဆယ်ယောက်တစ်ယောက် မတင်ကြပါဘူး"

ဦးတိုက်မောင်း က သတိတရ မြည်တမ်းနေ၏။ အလုပ်သမားလူတန်းစားအတွက် နေရာများများပေးနိုင်အောင် အရင်းအနှီးစုသည်။ သူဌေးကနေ သူဌေးကြီးဖြစ်လာအောင် ကြိုးစားခဲ့၏။

သူ့ကျင်းမှာ အလုပ်လုပ်သူတွေအပေါ် ဘယ်တုန်းကမှ ထုံးစံမရှိခဲ့သည့် အခွင့်အရေးတွေ ပုံပေးခဲ့သည်။ နောက်ပိုင်းမှာ တခြားကျင်းက အလုပ်သမားတွေကအစ ကျောက်ကောင်းရလို့ ခိုးပြေးတာမျိုးမလုပ်တော့ဘဲ သူတို့တွေ ဖြောင့်ဖြောင့်တန်းတန်း ပြန်သွားခွင့်အတွက် ကျောက်ကို ဦးသန်း ဆီမှာ ဈေးဖြတ်ကာ တစ်ဝက်စာစနစ်ပေးဖို့ တောင်းဆိုလာကြသည်။

သူဌေးချင်း ရန်တိုက်ပေးသလိုဖြစ်ခဲ့သည့် ထိုစနစ်ကို ဦးသန်းက ဖန်တီးခဲ့တာဖြစ်၏။ တရားဝင်ကြေညာပြီး ရပ်တည်လိုက်တာ မဟုတ်သော်လည်း ကျောက်တွင်းလောကမှာ အတွင်းလိုက် တုန်ခါမှုတွေ စလာခဲ့သည်။ ဦးသန်းကုမ္ပဏီ က တိကျပြတ်သားပြီး သွေးအေးကာ ဦးသိန်းသန်း ကျတော့ ဒေါသကြီးကာ ဘာလုပ်လုပ် ရှုးရှုးဒိုင်းဒိုင်း။

ကိုယ်ခံပညာတတ်နေတော့ မာနက ပိုကြီးနေသည်။ ထိုစဉ်တုန်းက သူ ပညာသင်တိုင်း ဇ က မလောက်လေးမလောက်စားနှင့် ဝင်ဝင်ပါနေတာကို မကြိုက် ...။ သိုင်းဆရာကိုယ်တိုင်က ဇ ကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်တော့လည်း သူ မပြောသာခဲ့ပေ။

"မင်းက မတောက်တခေါက်တတ်ပြီး ပျင်းတာပဲ များနေတာ ကိုသိန်း၊ ကိုယ်ခံပညာတတ်တဲ့လူဆိုတာ မြောက်ကြွမြောက်ကြွ မလုပ်ရဘူး၊ ပညာတော်လေ ခေါင်းလျှိုလေ၊ အဆိပ်ပြင်းတဲ့မြွေတွေ ခွေနေသလိုပေါ့၊ တမော့မော့ထောင်နေတဲ့ စပါးမှာ ဆန် မရဘူး"

သိုင်းဆရာကြီး ဆုံးမနေတာတွေကအစ ဦးတိုက်မောင်း တို့ ကြားခဲ့ဖူးသည်။ သူ့ဖွေး ဦးသန်းကုဋေ လက်ထက်ကတည်းက သူတို့လူတန်းစားက အလုပ်သမားတွေပါပဲ။ ဒီနေ့ထိလည်း မချမ်းသာပါ။

ဒါပေမယ့် ဒီဒေသမှာ တစ်ဦးစ နှစ်ဦးစ ခြေချလာလိုက်၊ ပျောက်သွားလိုက်ကြ ဖြစ်လာစဉ်ကာလတည်းက သူတို့တွေ ဒီပတ်ဝန်းကျင်မှာရှိနေခဲ့ကြတာမို့ ရှေ့ဖြစ်နောက်ဖြစ်တချို့ကို မသိတာမရှိသလောက် ဗဟုသုတ ကြွယ်ဝခဲ့၏။

ထိုနောက်ပိုင်းမှာ ဦးသိန်း ရဲ့စိတ်တွေ ကြမ်းတမ်းလာကာ ဦးသန်းရဲ့လမ်းစဉ်အတိုင်း အတိအကျရှိနေခဲ့သည့် ဓ နှင့် မညီမညွတ်ဖြစ်လာခဲ့တာတွေထိ ကာယကံရှင်တွေထက် သူတို့တွေက ဘေးက အကဲခတ်ပြီး ပိုသိနေခဲ့သည်။

သူသိထားသလောက် သိတာမဟုတ်ဘဲ ဓ ကို လေးစားခင်မင်ရုံသက်သက်နှင့် လိုအပ်သမျှ လိုက်လုပ်ပေးနေကြသည့် စိုးသန်း တို့လူစုဆီ အကြည့်ရောက်ရင်း ဦးတိုက်မောင်း ခေါင်းတခါခါ ဖြစ်နေလျက်--

"ငါတို့တွေ သတိမထားမိခဲ့တာ ဖြစ်မယ်ကွ၊ ဦးလမ်း ကျောက်တွင်းပိုင်ဖြစ်လာတည်းက အပေါ်ယံမတည့်သလို ပုံဖမ်းနေပေမယ့် ပေါလန်ကြီးနဲ့ သူတို့ ချိတ်ဆက်ရှိကြလိမ့်မယ်"

"ဟုတ်တယ် ဦးလေး .. ပြီးခဲ့တဲ့မိုးတွင်းတုန်းက ကျွန်တော်တို့ကျင်းနားရတော့ ပေါလန်အုပ်စုနဲ့ မိုးကောင်းလူစု ပြဿနာတက်ကြတယ်၊ ကျွန်တော်တို့ကျင်းမှာတော့ မဟုတ်ပါဘူး။ အဲဒါ ပေါလန်ဘက်





က တစ်ယောက် ပြုတ်သွားတယ်လေ၊ ဒါပေမယ့် ဘာမှမဖြစ်လိုက်ဘူး၊ ဦးသိန်း နဲ့ ဦးလမ်း ယှဉ်သာတာမှ မဟုတ်ဘဲ၊ ဒီကိစ္စ သာသာလေး ပြီးသွားစရာအကြောင်း မရှိဘူးမို့လား .."

စိုးသန်း က ဓ နဲ့ ဦးတိုက်မောင်း မျက်နှာကို တစ်လှည့်စီကြည့်ပြီး ပြောပြနေသည်။ ဦးတိုက်မောင်း က ခေါင်းညိတ်၍ ...

"မင်း သတိမထားမိတာ ဖြစ်တယ် ဓ၊ မင်းကို အကြောင်းတစ်ခုခုနဲ့ အပြင် 'ပ' ထုတ်လိုက်ပြီဆို ဒီမှာ ပြဿနာတစ်ခုမဟုတ်တစ်ခု တက်နေတာပဲ၊ ပြဿနာက အရင်လား၊ မင်းထွက်သွားမှ ပြဿနာလာတာလား အဲဒါတော့ မသိဘူး၊ ခုလည်း ကြည့်လေ .. ဦးလမ်း လို ပွေ့အားလူက ပစ္စည်းတွေကို အကုန်လုံးဘတ်သွားတဲ့အပြင် မင်းလက်ထဲက သူ့သားကိုတောင် အသာလေးဆွဲထုတ်သွားသေးတယ်၊ မင်းမှာ ဒဏ်ရာတွေနဲ့မို့ ချက်ချင်းမလိုက်နိုင်ပေမယ့် ပေါလန်ကြီး အနေနဲ့ ဒီလူကိုဖမ်းမမိစရာ ဘာအကြောင်းမှ မရှိဘူး"

ဦးတိုက်မောင်း နဲ့ စိုးသန်း တို့ ပြောတာကို နားထောင်နေပြီး ဓ က အံထဲမှာ ဖိကြိတ်ထားသည့်ဝီကေကို မျက်နှာလွှဲ၍ ထွေးပစ်လိုက်သည်။ ပြီးမှ ရှေ့ပြန်လှည့်၍ ...

"ပြဿနာကို ဘယ်လိုခင်းလိုက်တယ်ဆိုတာ ကျွန်တော် သိနေပါပြီ၊ မသိတာက ပေါလန်ကြီး ဘာဖြစ်ချင်လဲ ဆိုတာပဲ .."

"ငလမ်း နဲ့ ပေါင်းရိုက်တာ ရှင်းနေတာပဲ ဓ၊ ဒီလူ တမင်ရှုပ်ထွေးအောင် လုပ်နေတာ၊ ပစ္စည်းအပ်ထားတဲ့ အလုပ်သမားတွေကလည်း မင်းနဲ့ပတ်သက်နေတာကို ဘာမှန်းမသိသေးလို့ ငြိမ်နေကြတာ၊ နေပူမိုးရွာမရှောင် အသေခံပြီး ကြိုးစားခဲ့ကြတဲ့ လုပ်အားခတွေ၊ မှောင်ခိုရောင်းချထားတာလည်း မဟုတ်ဘူး၊ တရားဝင် အပ်နှံထားကြတာ၊ ရာဖြတ်ထောင်ဖြတ်ဆိုတာ သစ္စာရှိရတယ်၊ မြို့ပေါ်မှာ ချဲဒိုင်ပြေးသလို ပြေးမယ်ဆိုရင်တောင် နေရာစုံ၊ လူမျိုးစုံ လာစုနေတဲ့ သေမထူး နေ



www.burmeseclassic.com

www.burmeseclassic.com



မထူး သဘောပိုက်ထားတဲ့လူတွေထဲမှာ ဒီလိုသစ္စာမဲ့ရင် နှစ်ဆယ့်လေးနာရီဆိုတာကို လက်ချိုးရေတွက်ချိန်တောင် ရမှာမဟုတ်ဘူး"

"ဟုတ်တယ် .. ဦးလေးသော်ကာ တို့ လူစုရော ကရင်ကြီးတို့ရော ပဲ၊ ကို ဇ နဲ့လာငြိနေလို့ သူတို့ ငြိမ်ငြိမ်နားစွင့်နေတာ၊ ကိုဇ ကို မလေးစားကြတဲ့အရှိန်နဲ့ ဒီလိုဖြစ်သွားတာကို မဖြစ်နိုင်ဘူးလို့တွေးတဲ့လူက တွေးနေတုန်း၊ တချို့ကလည်း ဒါတွေ တကယ်ဟုတ်နေရင်တောင် သူတို့တွေအတွက် ကိုဇ ရှင်းပေးမှာပဲလို့ ထင်နေကြတာ"

"ကျွတ် .."

ဇ မျက်နှာ ရှုံ့မဲ့သွားသည်။ ပြီးတော့ အံကြိတ်၏။ ဝဲ့ကြည့်ခံရခြင်းသည် ဒီအချိန်မှာ သူ့အတွက် မြှုံးမိတဲ့ငါးလို မလှုပ်သာမလွန့်သာ ဖြစ်ရမို့လား။ ချိတ်ဆက်ညီညီနဲ့ သစ္စာမဲ့ကြတာတွေကို သူ သိတော့ သိနေပြီပေမယ့် ချိတ်ဆက်တွေအတိုင်း ဖော်ထုတ်ဖို့က မလွယ် ..။

ဖော်ထုတ် ဘယ်ပျောက်နေသလဲ၊ အမြဲတမ်း စိတ်မာတ်ကောက်ကွေးမှုရှိနေတတ်သည့် ဦးလမ်း လိုလူကို ပေါ်လန်ကြီး ခါဖြစ်လို့ တိတ်တဆိတ် လက်သပ်မွေးခဲ့တာလဲ ..။

ဒါဆို ဖြစ်နေတဲ့ လိမ်လည်မှုမှာ ပေါ်လန်ကြီးကိုယ်တိုင် ကြိုးကိုင်နေတာလား၊ အပေါ်ယံကြည့်မည်ဆိုလျှင် ဖြစ်နိုင်ချေရှိပေမယ့် ဒါကို သိမ်းပိုက်ဖို့အတွက် ဦးလမ်း လိုလူနဲ့ မြေရုန္ဓ တိုင်ပင်ရလောက်အောင် ပေါ်လန်ကြီးက မိုက်မောတယ်ဆိုတာ မဖြစ်နိုင်။

ထို့ပြင် သေဆုံးခဲ့ရတာ နှစ်ယောက်။

ညဉ့်နက်လာတာနဲ့ ရုပ်တွေးလာသည့်ဦးနှောက်တို့ ဆက်စပ်မှု ရှိနေလေသလား .. တွေးနေလေ ရှုပ်လာလေ။

ဘာမှမရေရာသေးဘဲ ဒီတစ်ညလည်း သွားပြန်ပြီ ..။





## အခန်း (၁၅)

သူ့ကား ပြန်မောင်းလာတော့ ဦးပိုက်တွေး နဲ့ ဖွေး က တဲလေးရှေ့မှာ ထိုင်နေကြတာဖြစ်သည်။ လူသွားလမ်းသာသာကို ကားဝင်လာသဖြင့် သစ်ကိုင်းကျိုးသံတချို့နှင့် အင်ဂျင်သံကြောင့် ဆူညံသွား၏။

အဖြူအနက်ကွက်ပါသည့် ရှပ်အင်္ကျီလက်ရှည်ပေါ်မှာ ချိုင်းပြတ်ဂျင်းအပေါ် ထပ်တစ်ထည်ကို ထပ်ဝတ်ထားသည်။

ဘယ်တော့မှ မသေသပ်သည့်ဆံပင်တွေက မျက်နှာတစ်ဖက်မှာ ရှုပ်ကွယ်လျက်ပဲဖြစ်ကာ ဒီဆံပင်တွေကို လက်နဲ့ဖိသပ်တင်ကာ မျက်နှာမော့ ခါပစ်လိုက်တာတွေက ဇ ရဲ့စတိုင်လ်တစ်မျိုးလို ဖြစ်နေ၏။

ကိုယ့်စိတ်ထဲမှာပဲ အမြင်ကြည်လာလို့လား မသိ၊ အရုပ်မားမားကြမ်းပုံကြမ်းတမ်းကြီးနှင့် ဇ ရဲ့ အသွင်သဏ္ဍာန်က ကြည့်ကောင်းရှုကောင်း ဖြစ်လာသလိုလို ..၊

ထို့ပြင် ဘယ်တော့ဖြစ်ဖြစ် ဂျာကင် သို့မဟုတ် ဂျက်ကက် တစ်မျိုးမျိုး ထပ်ဝတ်ထားတတ်ပေမယ့် ဇ ဝတ်စားသမျှတွေမှာ တန်ဖိုးနည်း နွမ်းပါးတဲ့ပုံမျိုး မှေးမှိန်နေတာ မရှိပေ။ ဖွေး ကိုယ်တိုင် သူ့ကို တွေ့ပဲ သူဝတ်နေရတော့ ဝိုသိသည်။



www.burmeseclassic.com

www.burmeseclassic.com



တောထဲမှာ တဲကုပ်လေးနဲ့မို့ ထန်းခေါက်ဖာလေးနဲ့ထည့်ထားပေမယ့် ခေတ်မီသားနားသည့် အဝတ်ထည်တွေချည်းပင် ..။

သူ့ အဖျားတွေတက်သည့်ညက ဘဘ ဘယ်လိုဆေးကုလိုက်မှန်း မသိသော်လည်း ဖွေး သတိရတော့ တစ်ခါသုံး ဆေးထိုးအပ်ပြွန်နှင့် ဖွန့်ပစ်ထားသည့် ဆေးဝါးပစ္စည်းတွေကို တွေ့ရသည်။

ထို့ကြောင့် ထပ်ခိုးပေါ်မှာရှိသည် လိုအပ်သည့်ပစ္စည်းစာရင်းထဲတွင် ဒီလို ခေတ်မီဆေးဝါးပစ္စည်းတွေ ပါရှိနေမှန်း တွေးမိလိုက်၏။

ဇ ဒီလိုပဲ ခဏခဏ ဖြစ်တတ်တာလား၊ ဒီကိုရောက်လာတတ်သည့်အချိန်တွေဟာ ဒီလိုဖြစ်လာသည့်အချိန်တွေပဲလား။ ဘာမှ သေချာသိခွင့်မရသေးသည် ဇ နဲ့ ပတ်သက်သမျှတွေက တွေးစရာတွေချည်းဖြစ်နေပေမယ့် အားလုံးက ပဟေဠိတွေ ..။

"ငါထင်သားပဲ .. မင်း တစ်နေကုန်ဖြစ်နေကတည်းက ဟိုမှာပဲ ပြင်နေပြီဆိုတာ၊ ဘာဖြစ်တာလဲ .. ကောင်းသွားပြီလား"

ကားက တဲရှေ့ထိ အနီးကပ်လာရပ်ပြီး ဇ ဆင်းလာတော့ လက်ထဲမှာ အိတ်မည်းလေးတစ်လုံးကို ဆွဲလျက်သားဖြစ်ကာ ...

"ဘရိုတ်ပါပဲ .. ကျန်တာ သိပ်မဖြစ်ဘူး၊ ဒါပေမယ့် ရှော့ဘားတွေ လဲရတော့မယ်"

"ထွန်းထွန်း တို့ မင်းကို လာကူသေးလား"

"သူတို့ လာတယ်၊ ဒီည ကျွန်တော် အပြင်သွားဦးမယ် ဘဘ"

"မင်းကလည်း နေကောင်းလာတာနဲ့ တစ်ညမှကို မနားဘူး လူလေးရာ .. မင်းနဲ့ဘဘ ပြောစရာတွေ ရှိသေးတယ်"

"ပြောလေ .."

"ခု ပြောလို့မရဘူး.. စိုက်ခင်းထဲမှာ ပေါင်းပင်တွေချည်းပဲ၊ သွားရှင်းရဦးမှာ"

ဦးပိုက်ထွေး က တောစပ်မှာ ကိုယ်တိုင်ရှင်းလင်းပြီး အသီးအနှံ





လေးတွေ အလွယ်တကူစားလို့ရအောင် ကိုယ်တိုင်စိုက်ထားသည်။

တောရှိပေမယ့် တောထဲမှာမရနိုင်သည့် စားပင်သီးနှံကို နည်းနည်းစီ စုံအောင် စိုက်၏။ ဒီဒေသမှာ ကျောက်တွင်းလုပ်ငန်းတွေနှင့် ရှန်းကန်ကြ၊ ချမ်းသာကြသော်လည်း ဦးပိုက်ထွေး က ထိုလူတွေနဲ့လည်း နီးနီးမနေ။ သူတို့နဲ့လည်း မတူသည့်မှုဝါဒများနှင့် ...

"ယူ .. အိုခေ"

ဖွေး ရဲ့ဘေးမှာ ဝင်ထိုင်ပြီး ဇ က မျက်နှာကို ကြည့်မေးသည်။ ဦးပိုက်ထွေး ထွက်သွားသည့်နောက်ကို ငေးနေသည့် ဖွေး မျက်နှာလေး လှည့်လာကာ ...

"နီး .."

သူမေးသည့်အတိုင်း တုံးတိပဲ ပြန်ဖြေလိုက်တော့ ပြုံးကာ ...

"တစ်ခါတလေ 'အိုခေ'လို့ ဖြေကြည့်ပါလား"

"အိုမှ မအိုခေတာ"

ဆင်းရဲသောကတွေနဲ့ တောထဲရောက်နေတာကို 'အိုခေ'လို့ ပြန်ဖြေရမလား ..။ ဖွေး နှုတ်ခမ်းစူသွားမိသလား မသိ။ ဇ ရယ်သံကြားရကာ သူ့ထံမှ အမြဲတမ်းရနေကျ နှစ်မျိုးရောနေသော စီးကရက်နံ့လိုလို၊ ပီကေနံ့လိုလိုက ဖွေး.ကို နှုတ်ဆက်၏။

"မင်း စိတ်ညစ်နေမှာကို သိသားပဲ .. ငါလည်း ပျော်နေတာမှ မဟုတ်တာ"

"ဒါဆိုလည်း မမေးနဲ့ပေါ့၊ ဖွေး ပျော်နေနေ မနေနေ"

"ပျော်နေရမယ်လို့လည်း မပြောပါဘူး၊ ဒါပေမယ့် အဆင်ပြေအောင် နေတတ်တယ်ဆိုရင် မြင်ရတဲ့လူလည်း စိတ်ချမ်းသာတာပေါ့၊ ခုတော့ လှမ်းမြင်လိုက်ရရင် မင်းမျက်နှာက .."

"ဩော် .. မကြည့်ဘဲနေလိုက်ပေါ့ ကိုဇ ရယ်၊ ဘာလဲ .. ရှင်က ဖွေး မျက်နှာကိုပဲ သတိထားကြည့်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဆိုရင် မင်းက မယုံဘူးလား"

ဖွေး ကိုယ့်ဘာသာမေးပြီးမှ ကြောင်အမ်းအမ်းလေး ဖြစ်သွားသည်။ ဇေ မျက်နှာမှာ လေးနက်ခြင်းတွေနှင့် တည်ငြိမ်သွားခဲ့လျက်။

"တကယ်ပါ … ငါ့မှာ မွေးချင်းမောင်နှမလည်း မရှိခဲ့တော့ မိန်းမနဲ့ တူတာဆိုလို့ အမေ၊ အဒေါ်လို အကြီးအကဲနဲ့တောင် အတူတူမနေခဲ့ဖူးဘူး၊ သူစိမ်းမိန်းကလေးတစ်ယောက်နဲ့ တစ်မိုးအောက်တည်းမှာ အတူနေဖူးတာ မင်း ပထမဆုံးပဲ"

မျက်တောင်ဖျားလေးတွေ စိုက်ကျသွားသည့်မျက်နှာကို ဇေ ကြောင်ငေးကြည့်နေရင်း …

"မင်းအတွက် ငါက မင်းကို ဘဝပျက်စေခဲ့တဲ့ရန်သူ ဖြစ်နေပေမယ့် ငါကတော့ ငါ့အလုပ် ငါလုပ်နေတဲ့ လမ်းပေါ်မှာ မင်းကို ဖြတ်လျှောက်တစ်ယောက်လို့ပဲ သဘောထားခဲ့တာ၊ ဦးလမ်း တို့သားအဖနဲ့ အတူရှိနေပေမယ့် သူတို့လိုမဟုတ်ဘူးဆိုတာကို သိနေတာမျိုး၊ အခု အတူနေလာရတော့ ခင်တယ်"

သူပြောသလိုတော့ ရန်သူလို့သဘောထားခဲ့တာ မဟုတ်ပါ၊ ဒါပေမယ့် ခင်မင်တဲ့စိတ်လည်း မဖြစ်ခဲ့သေးတာ အမှန် …။ သူက ခင်တယ်လို့ပြောလိုက်သဖြင့် သူ့မျက်နှာဆီ ဖွေး မျက်ဝန်းလေးတွေ ရောက်သွားသည်။

"ခုချိန်ထိ ငါပြောသမျှ အားလုံး ရိုးရိုးသားသားပါ၊ ကိုယ့်ကိုယ်ကိုယ် အဖော်မင်ဘတ်မှန်းသိတော့လည်း အံ့ဩမိတယ်၊ ဒီဘဝ တောက်လျှောက်မှာ မရှိတာကိုလည်း မလိုချင်ဘူး၊ မရနိုင်လို့လည်း မျှော်မှန်းတမ်းတပြီး စိတ်ညစ်မနေခဲ့ဘူး၊ ဒါပေမယ့် အခု မင်းရှိနေတာကို ကျေနပ်နေသလိုပဲ"

ပြောပြရင်း ပြုံးသည်။ ပိုကေတဝါးနေရင်း သူရယ်လျှင် သွားတန်းတွေပေါ်ပြီး ကြည့်ကောင်းသည်။ နှုတ်ခမ်းမဖွင့်ဘဲ ပြုံးတော့လည်း





တင်စီးတတ်သည့်မျက်နှာကြီး ဖြစ်သွားပေမယ့် အမြင်တတ်ဖို့ ဖွေး မေ့နေခဲ့၏။

"မင်း ယုံလား"

"ဟင် … ဘာလဲ"

"မင်းကို စိတ်ပြေလက်ပျောက် စကားစမြည်ပြောဖို့ ထွက်သွားတိုင်း ဝင်လာတိုင်း နှုတ်ဆက်ဖို့ အဲဒါတွေ အခု ငါ မလုပ်အားပေမယ့် မင်းမျက်နှာကိုတော့ အမြဲတမ်း ကြည့်ဖြစ်တာ"

ဖွေး ရင်ထဲမှာ လှုပ်ခနဲ ခါသွားသည်။ စကားတွေက ဘာတွေမှန်း မသိ …။

"မင်းကို ပြန်ပို့မှာပါ၊ မပြန်ဖြစ်သေးတဲ့အချိန်မှာတော့ အခြေအနေကိုနားလည်ပြီး ပြန်ပို့ပေးမှာပဲဆိုတာကိုလည်း စိတ်ချတယ်ဆိုရင်ပေါ့၊ ကြည်ကြည်လင်လင်လေး နေပါလား"

"ဖွေး က ရှင်တို့ကို မယုံကြည်တာမှမဟုတ်ဘဲ၊ ဒါပေမယ့် မိန်းကလေးတစ်ယောက်အနေနဲ့ မပြည့်စုံနိုင်တာတွေကို ရှင် မသိပါဘူး၊ ပြီးတော့ ဖွေး က လူကြီးမိဘတွေကို …"

"ဒါတော့ မင်း နောင်တမရနဲ့လေ … နိုးရာလိုက်ပြေးပြီဆိုကတည်းက မိဘခွင့်မပြုတာကို လုပ်ခဲ့တာပဲ၊ ခုနေ မင်း သူနဲ့ ငြိမ်းချမ်းနေရင် လူကြီးတွေကို သတိရမှာ မဟုတ်ပါဘူး"

"ရှင် ဖွေး ကို ကဲ့ရဲ့တာလား"

"နိုးရာလိုက်ပြေးတာ ချီးမွမ်းစရာမှ မဟုတ်ဘဲ"

"ဒါပေမယ့် ဖွေး ထွက်လာကတည်းက မှားပြီဆိုတာ သိတယ်"

"ဘာကိုလဲ …"

"အဲဒီလို လုပ်မိတာကိုပေါ့၊ ဒက်ဒီနဲ့ကိုကြီးက ဖွေး ကို အမြဲ အလိုလိုက်တာ၊ ဒီလိုမိုက်မဲတဲ့အလုပ်မျိုး လုပ်သွားလိမ့်မယ်လို့ တွေးတောင်တွေးမိမှာ မဟုတ်ဘူး၊ အဲဒါ တွေးမိလေ အပြစ်ကြီးတစ်ခုလို



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပေါ်မှာ ပိနေလေ"

"ဒီလိုရုန်းထွက်စွန့်စားရဲတဲ့အထိ ချစ်တာနော်၊ လေးစားစရာပဲ"

"ရှင်နော် .. မွေး ကို တစ်ဆင့်ချင်း ဖွဲ့ချမနေနဲ့"

"ဘာကိုဖွဲ့ရမှာလဲ .. မင်း တကယ်စွန့်စားခဲ့တာ ချစ်လို့ မဟုတ်ဘူးလား"

"ဒီလိုလူကို ပုံအပ်ဖို့စဉ်းစားရဲခဲ့တဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ဘယ်လိုဒေါ်ခတ်ရမှန်း မသိအောင် သူများ ခံစားနေရာကို ရှင် လှောင်တာ"

ခေါင်းခါလိုက်ပြီး မွေး ဘက်ကို ပခုံးတစ်ဖက်တိမ်း၍ ကိုယ်ကို လှည့်လိုက်ကာ ...

"ငါ မင်းဘက်ကိုပဲပြောနေတာ မွေး၊ လမ်းသစ်ကောင်း မပါဘူး"

"ပါပါ မပါပါ အဲဒါနဲ့ပတ်သက်တဲ့အကြောင်းတွေ မွေး ကို ဘယ်တော့မှ ထပ်မပြောပါနဲ့"

မွေး အသံလေး အက်ရှရှဖြစ်လာတာကို သတိထားမိပြီး သူ စိုက်ကြည့်နေမိသည်။ ခဏကြာမှ ...

"မင်းကို မဟုတ်ရင်တောင် မင်းရှေ့မှာတော့ ဒါတွေပဲပြောဖြစ်မှာ သေချာတယ် မွေး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့အမေကြောင့် အားလုံး ရှုပ်ကုန်တာ၊ နောက်ကွယ်ကနေ ကြိုးကိုင်ထားတဲ့လူကို မရှာနိုင်မချင်း ငါလည်း တရားခံဘဝက လွတ်မှာမဟုတ်ဘူး၊ သူတို့ကို ခြေရာခံမရသရွေ့ မင်းလည်း ပြန်ရဦးမှာ မဟုတ်ဘူး၊ မင်းရယ် .. သူရယ် .. ငါရယ် ဒီနေရာမှာ လာပြီး ရှုပ်ထွေးသွားကြတဲ့အဖြစ်ကိုက .."

"နေပါဦး .. ခုချိန်ထိ မွေး ဘာမှ ရှင်းရှင်းမသိရသေးဘူး၊ သူတို့နဲ့ ရှင် ဘာတွေဖြစ်ကြတယ်ဆိုတာ အပေါ်ယံ နားလည်ရုံလောက်ဖြစ်ဖြစ် သိခွင့်မရနိုင်ဘူးလား"

"နောက်တော့ မင်းကို ပြောပြမှာပါ"

"အခုလည်း ရှင် မပြောနိုင်တာကို မွေး အတင်းမမေးပါဘူး၊





နည်းနည်းပါးပါး အဖြစ်သဘောလောက်ပဲ သိချင်တာ၊ ရှင့်ကို ခုလို စကားအေးအေးဆေးဆေးပြောလို့ရတဲ့အချိန်ကလည်း သိပ်ရှိအောမဟုတ်ဘဲနဲ့"

မွေး မျက်နှာလေးကိုကြည့်ပြီး သူ ပြုံးလိုက်သည်။ ပြီးတော့ မေးနေတာနှင့် မသက်ဆိုင်သော ...

"မင်းအတွက် အင်္ကျီနဲ့ဘောင်းဘီ မှာလိုက်တာ အခု ပါလာတယ်"

"ဟင်!..."

"မိန်းမဝတ်တော့ မဟုတ်ဘူး၊ တော်ကြာ သူများပြောစရာဖြစ်မှာစိုးလို့လေ .. တီရှပ်နဲ့ ဂျင်းဘောင်းဘီတွေပဲ"

မွေး ကိုယ်ပေါ်မှာရှိနေတာ သူ့အင်္ကျီတွေကို သတိရကာ မလုံမလဲနှင့် ကိုယ့်ရင်ဘတ်ကို ပြန်ဖိမိလိုက်မိ၏။

"အဲဒီလို အလွယ်တကူဝယ်ခြမ်းလို့ ရလို့လား၊ ဟို .. မွေး ရှင့်အင်္ကျီတွေဝတ်တာ မကြိုက်လို့လား .. ဟင် .."

"မဟုတ်ပါဘူး .. ငါ့မှာက မဝတ်ရသေးတာ သိပ်မရှိဘူးလေ၊ မင်း မဝတ်ချင်ဘူးလားလို့ပါ၊ နောက်ပြီး ပြဿနာကြည့်ရတာ အချိန်တိုတိုအတွင်းမှာ ရှင်းနိုင်ဖို့ မလွယ်ဘူး၊ ဘယ်လောက်ထပ်ကြာဦးမယ် မသိတော့ မင်း အနေခက်မှာစိုးလို့"

"အင်း .. ဒါဆိုလည်း ကျေးဇူးတင်ပါတယ်"

"ရော့ .. မင်းအိမ်ကို ဖုန်းဆက်ချင်ရင် .."

ဖုန်းပေးတော့ မွေး က မယူဘဲငုံ့ကြည့်ပြီး သူ့မျက်နှာပြန်ကြည့်ကာ...

"မွေး ကို ဘာပြောချင်လို့လဲ၊ ဒီနေရာမှာ ဟိုလူထားခဲ့လို့ ကျန်နေခဲ့ရပါပြီဆိုတဲ့အကြောင်းလား"

"ဘာဖြစ်ဖြစ် တစ်ခုခုပေါ့၊ မင်းဖြစ်နေတဲ့ အခြေအနေကို ဘယ်တော့မှမပြောဘဲ ထားလို့ရမှာလား၊ မင်း ဒီကထွက်သွားတဲ့နေ့က ဖုန်းခေါ်ဖို့ ကြိုးစားနေတာကရော .. ဘယ်သူ့ကို ဆက်သွယ်ဖို့လဲ"

"ဟင့်အင်း .. အဲဒါ ..."



www.burmeseclassic.com

www.burmeseclassic.com



ဖွေး မျက်ဝန်းလေးတွေမှာ မျက်ရည်ရောင်တောက်လာသည်။ ငိုချင်လာတိုင်း ထိန်းချုပ်ထားတတ်သောမျက်နှာလေးက နီမြန်းမြန်း ဖြစ်နေပြီးမှ တစ်ဖက်လှည့်သွားကာ ...

"ဖွေး ကိုယ့်ကိုယ်ကိုယ် နောက်ဆုံးလို့တွက်ပြီး ..."

"ရပြီ .. ရပြီ .. ဆောင်ရီး"

ဓ ကိုယ့်ဖုန်းကို ပြန်သိမ်းလိုက်ပြီး ကိုယ်ကို မတ်မတ်ပြန်ထိုင်၍...

"ငါစိတ်ထဲမှာ မင်းအိမ်ကို တစ်ခုခုပြောပြသင့်တယ် ထင်လို့ပါ၊ မင်းရင်ထဲက ခံစားချက်ကိုတော့ မသိဘူး၊ ဒါပေမယ့် ကိုယ့်ရဲ့ဖြစ်ရပ်ဆိုးတာကောင်းတာကို ကိုယ့်မိသားစုက အရင်သိထားမှ မင်းအတွက် ဘယ်လိုစီစဉ်ထားသင့်တယ်ဆိုတာ သူတို့ တွေးထားနိုင်မှာ မဟုတ်ဘူးလား"

ထူးဆန်းသည့်အကြည့်တစ်မျိုးနှင့် ဖျတ်ခနဲ မော့လာသည့် မျက်နှာလေးကြောင့် ဖွေး ဘာပြောမှုလဲဆိုတာကို သူ စကားရပ်ပြီး စောင့်လိုက်သည်။

"ဖွေး ဘာလုပ်ရမှန်း မသိဘူး၊ သူနဲ့လိုက်လာခဲ့မိတဲ့အဖြစ်ကို..."

စကားမဆုံးလိုက်ဘဲ မျက်ရည်တွေ ပြည့်ပြည့်သိပ်သိပ် ဖြစ်လာကြသည်။ ပြီးတော့ ငုံ့ပစ်လိုက်သောမျက်နှာက ပေါင်ပေါ်မှာ ပိုးပိုးပေါက်ပေါက် ခုန်ဆင်းသွားကြသည့် မျက်ရည်စက်များဖြင့် ...

"သေချင်တယ် .. သိလား"

ဓ ဘာပြောရမှန်းမသိ ဖြစ်ကာ နေရာမှ ထရပ်လိုက်မိသည်။ 'တိတ်ပါ' လို့ ပြောရမလား၊ ဟုတ်တယ် သေသင့်တာပေါ့လို့ ပြောပေးလိုက်ရမှာလား ...။

မိန်းကလေးတစ်ယောက် အငိုတိတ်အောင် သူ မချော့တတ်တာတော့ သေချာ၏။ နောက်ထပ် သေချာတာက ပြောမိတဲ့သူအဖြစ်...။



## အခန်း (၁၆)

"စမ်းထဲမှာ ငါးသွားမျှားတယ် .. လိုက်သွားပါလား"

"စမ်းက ဘယ်လောက်ထိ သွားရလဲဟင်"

"ငါ ဝင်ဝင်သွားတဲ့ လမ်းကလေးတော့ သိလား"

"ဟုတ် .."

"အေး .. အဲဒီအတိုင်း ဝင်သွားပြီး လမ်းလေးဆုံးသွားရင် ဘယ်ဘက်ချိုးတဲ့၊ အဲ .. လမ်းတော့ မရှိဘူး၊ ဒါပေမယ့် သွားလာထားတဲ့အတိုင်း လမ်းတော့ပွင့်နေပါပြီ၊ အဲဒီအတိုင်း တည့်တည့် ဆက်သွား၊ ကျောက်ဘုအကြီးကြီးတွေ လှမ်းမြင်ရရင် .. အဲဒါ စမ်းချောင်းပဲ"

ပြောတုံအရ သိပ်တော့နီးပုံ မပေါ်ပေ။ ဖွေး တို့ဆိုင်းဆိုင်းဖြစ်နေမိကာ ...

"ဖွေး အဲဒီကို တည့်တည့်မတ်မတ် ရောက်ပါ့မလား မသိဘူး"

"မရောက်လည်း ညည်း ဝင်သွားတာ ရှာဖွေနေတာကို ဟိုကောင်သိမှာပါ၊ သူက နားပါးတယ်၊ ပြီးတော့ ဒီနားတစ်ဝိုက်မှာ တောကောင်ကြီးကြီးမားမား ဘာမှမရှိဘူး .. ရဲရဲသွား"

www.burmeseclassic.com

www.burmeseclassic.com



ဦးပိုက်ထွေး က ဖွေး လိုက်သွားဖြစ်အောင် တိုက်တွန်းနေသည်။ ဒီမိန်းကလေး ဘယ်လိုဒုက္ခရောက်ခဲ့သည်ကို မနေ့ကမှ ဇ ပြောပြလို့ သိရသည်။

မိန်းကလေးတစ်ယောက် ဤသို့ ခြေလှမ်းမှားခဲ့သည့်အဖြစ်ဟာ အထင်မြင်သေးဖွယ် ဖြစ်လင့်ကစား ဖွေး မျက်နှာလေးကို အကဲခတ်ပြီး အထင်မသေးရက်ဘဲ ဖြစ်ခဲ့ရ၏။

ဘာပဲဖြစ်နေနေ ကိုယ့်ကိုယ်ကိုယ် သတ်ပစ်ချင်လောက်အောင် နောင်တတွေနဲ့ နင့်နေသည့်မိန်းကလေးကို ကရုဏာသက်မိခြင်းပဲ ဖြစ်သည်။ သူမစမျှ တော်ရုံမိန်းကလေးမျိုး ရင်ဆိုင်ဖို့မလွယ်ကူနိုင်သော ကြောက်မက်ဖွယ်ဒုက္ခတွင်းထဲမှာ ဟန်ဆောင် ထိန်းချုပ်နေရရှာ၏။

သူမ မသိလိုက်သည့် ကံကောင်းခြင်းတစ်ခုသည် ဇ လိုလူနှင့် လာရောက်ဆုံတွေ့မိခြင်း ဖြစ်သည်။ သို့မှဟုတ်လျှင် ...

ကိုဇ ဘယ်မှာလဲ၊

တောဆိုတာကို ခြေချလိုက်မိသည်နှင့် ဖွေး တွန့်ဆုတ်ဆုတ်ဖြစ်သွားခဲ့သည်။ ဘဘ ပြောတဲ့အတိုင်း ဝင်လာနေရင်း သူ့ကို အော်ခေါ်လိုက်ချင်စိတ်က တားဆီးမရချင် ...။

ထိုစဉ် သူမရှေ့ကနေ ဝုန်းခနဲ ခုန်ပျံသွားသည့် ဖြူဖြူသဏ္ဍာန်တစ်ခု ...၊

"အမလေး ..."

ဖွေး အလန့်တကြား ထအော်ကာ နောက်ကို ဘယ်နှစ်လှမ်းလောက်ဆုတ်လိုက်မှန်း မသိ။ ကျောပြင်သည် နွေးနေသည့် အရာတစ်ခုနှင့် ထိကပ်လိုက်မိကာမှ ...

"ဟင် .. ကိုဇ"

ကမန်းကတန်း မျက်နှာချင်းဆိုင် ပြန်လှည့်ခေါ်လိုက်တော့ ဇ က ပီကေဝါးနေသည့် နှုတ်ခမ်းတွေနှင့် ရယ်သည်။





"ယုန်လေးတစ်ကောင်ကို အဲလောက် လန့်သွားရလား"

"အဲဒါ ယုန်လား .."

"ဟာ .. သေချာကို မမြင်လိုက်တာပဲ၊ အံ့ရောကွာ"

"ဘယ်လိုလုပ် မြင်မှာလဲ၊ သူက အတင်းခုန်ပေါက်ပြေးတာ"

ဇ က နှုတ်ခမ်းခပ်စေ့စေ့နှင့် ပြုံးကာ ...

"ယူမလား .. ဖမ်းပေးမယ်"

"ဓားနဲ့ပစ်ဖမ်းမှာလား"

"ဓားနဲ့ပစ်လိုက်ရင် ဟင်းစားဖြစ်သွားမှာပေါ့ကွ၊ မင်းကို မေးနေစရာလား"

"ယုန်က ကိုက်တတ်လားဟင်"

"လုပ်ပြီ .."

ဇ ဘာမှမပြောဘဲ ရှေ့ကိုလျှောက်ထွက်သွားသဖြင့် ဖွေး သူ့နောက်က လိုက်ခဲ့ရင်း ...

"ဖွေး မေးတာက ဘယ်လိုသတ္တဝါဖြစ်ဖြစ် သူတို့ကိုယ်ကို ကာကွယ်ဖို့အတွက် သဘာဝလက်နက်တစ်ခုခုတော့ ရှိတတ်ကြတာပဲလေ"

ဇ က လှည့်မကြည့်ဘဲ နောက်ကို မျက်နှာနည်းနည်း ပြန်ငဲ့ကာ...

"ဟုတ်တယ် .. လူက ကြောက်နေမှန်းသိရင်တော့ သိုးကလေးတွေတောင် တိုးမယ်ဝှေ့မယ်နဲ့ ဟန်ရေးပြတတ်ကြတာပဲ၊ ဟန်ကိုယ့်ဖို့ .. မာန်သူ့ဖို့ပေါ့"

"ယုန်ဖမ်းတာရော လွယ်လို့လား"

"လိုချင်ရင် ရအောင် ကြိုးစားရတာပဲလေ .. ကျောက်ခဲတစ်လုံး လိုချင်ရင်တောင် လိုချင်တဲ့အချိန် ခြေထောက်နားမှာ အဆင်သင့်ရှိချင်မှရှိတာ၊ ဘာလဲ .. လိုချင်လို့လား၊ အချိန်နည်းနည်းပေးရင် ရတယ်"

"ဟင့်အင်း .."

သူ စကားရပ်ပြီး လှည့်မေးလိုက်သဖြင့် ဖွေး သူ့အားမှာ ပြုံးလျက်



www.burmeseclassic.com

www.burmeseclassic.com



သား ဖြစ်သွားသည်။ လမ်းကလေးက နှစ်ယောက်မသွားသာသဖြင့် ရှေ့ဆက်လျှောက်တော့ ဇ ခြေလှမ်းချန်၍ ဖွေး ကို နေရာပေးသည်။

စကားပြောလျှင် မျက်နှာကြည့်ပြောရမှ ကျေနပ်တတ်တာမို့ ဖွေး က ရှေ့မှာဖြစ်ပေမယ့် နောက်ကိုပဲ လှည့်ကြည့်၊ ရပ်စောင့်နှင့် ဇ ရဲ့ ရင်ဘတ်နဲ့ ဖွေး ကျောပြင်လေး ထပ်မိတော့မလိုဖြစ်လိုက် .. ပြန်ကွာသွားလိုက် ...။

"ဟိုရှေ့မှာ စမ်းချောင်းလေးပဲ၊ ကိုဇ ဘာဖြစ်လို့ ဖွေး နောက်ကို ရောက်နေတာလဲ"

"စမ်းချောင်းမှာပဲ ထိုင်နေပါ့မယ်လို့ ဘယ်သူ့ကိုပြောခဲ့မိလို့လဲ"

"ငါးမျှားဖို့သွားနေတာလို့ ဘဘက ပြောတာပဲ"

"မျှားတယ်လေ .. ငါးမျှားပေမယ့် သွားချင်တာ ထမသွားရဘူးလား"

"ကိုဇ ကလည်း စကားကောင်းကောင်း မပြောဘူး၊ ဒီက အကောင်း .. အမေ့!..."

နားသယ်စပ်မှာ တင်းခနဲ နာကျင်သွားကာ ဖွေး မျက်နှာလေး နာသည့်ဘက် ပါသွား၏။

"နေဦး .. ဆံပင်ငြိသွားတာ"

ဖွေး ရဲ့ဆံပင်တွေက ဘာပင်တွေမှန်း မသိသည့် ချုံပေါ်မှာ ကပ်ငြိသွားခဲ့ပြီး အမှတ်တမဲ့ ခါလိုက်သလိုဖြစ်ကာ သစ်ကိုင်းစတချို့ရယ်၊ ဆံပင်ရယ်၊ ဖွေး ရယ် ရှန်းရင်းဆန်ခတ်တွေ ဖြစ်ကုန်၏။

"ဒီလောက်ခါနေမှတော့ ဆံပင်က သိပ်မရှည်ဘဲနဲ့လည်း ငြိပြီပေါ့"

ဇ က ငြိနေသည့် သစ်ခက်တချို့ကို ရှင်းပေးမလို့ ဆွဲယူလိုက်ပြီး ပါးစပ်ကလည်း တီးတိုးရေရွတ်၏။ နာနေရသည့်အထဲ ဖွေး စိတ်တိုသွားသည်။





"ရှင်က လူကို ခါနေတယ်လို့ပြောတယ် .. ဟုတ်လား"

"ခေါင်းတခါခါ ဖြစ်နေတာကို ပြောတာလေ .. လမ်းက ကျဉ်းကျဉ်းလေး၊ ရှေ့ကသွားနေပြီး နောက်ကို ချာခနဲ ချာခနဲလှည့်နေတော့ ဆံပင်တွေ အငြိမ်နေရသလား"

"စကားပြောရင် ဒီလိုပဲ ဖွေး က မျက်နှာကြည့်ပြီးမှ .. အား!..."

"ဘာဖြစ်တာလဲ .."

"ကိုက်တယ် .. အား .. အမလေး ..."

"ဟာ!... ပျားတွေထွက်လာပြီ၊ ချုံနောက်မှာ သစ်ခေါင်း .. လာ"

ဇ လက်က မြန်သည်။ ရင်ဘတ်ကစားကို လက်ခနဲ ဆွဲထုတ်ပြီး ငြိနေသည့်ဆံပင်ကို အဖျားက ကပ်ဖြတ်လိုက်ကာ ဖွေး လက်ကို ဆွဲပြေး၏။

"အား .. နာတယ် .. နေပါဦး .."

ဖွေး က သူဆွဲထားသည့်လက်ကို ပြန်ရုန်းကာ လည်ပင်းကိုကိုင်ရှို့ပဲ ကြိုးစားနေ၏။ ဇ က ဆွဲပြေးနေရင်း ...

"နောက်မှာလိုက်လာတာ မမြင်ဘူးလား၊ ခလုတ်မတိုက်စေနဲ့"

ပြောပြီးမှ လက်ကို လွှတ်သည်။

"ဆက်ပြေး .. မလဲစေနဲ့"

ဟု ထပ်ပြော၍ သူ နောက်ချန်နေခဲ့၏။ ဖြောင်းခနဲ သစ်ကိုင်းချိုးကြားလိုက်ရသဖြင့် ဖွေး နောက်ပြန်လှည့်ကြည့်လိုက်လျှင် ဇ လက်ထဲမှာ ဘယ်ကရောက်လာမှန်းမသိသည့် မီးတုတ်တစ်ချောင်း။

သေချာမှာထားတာတောင် နောက်ပြန်လှည့်ကြည့်လိုက်တာနှင့် ဒွား ဘိုင်းခနဲ ပစ်လဲသွား၏။ ပြီးတော့ လည်ပင်းကို ဖိကိုင်လိုက်မိရင်း ဒွား နာကျင်နေတာ အလူးအလိမ့် ...။

မီးခိုးနံ့တွေ ချော်နံ့တွေကိုလည်း သတိမရဘဲ သူမ အနားရောက်လာမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဖွေး .. ဖွေး . မပြေးနိုင်တော့ဘူး၊ ဒီမှာ ပျားတုပ်တာမဟုတ်ဘူ ကို၏၊ ကင်းထိုးလိုက်တာ သိလား၊ အဆိပ်တက်နေပြီ"

"ဟား .. ဟား .. ဟား ..."

၏ ဖွေး ရဲ့ဘေးမှာ ဒူးထောက်ထိုင်လိုက်ပြီး ရယ်သည်။ ပြီးတော့

"မျက်လုံးတွေ ဘာတွေ ပြာမလာဘူးလား၊ ရေငတ်လာရင်လည် စမ်းချောင်းကို ပြန်ဆင်းလို့ ရတယ်၊ အင်း .. လည်ပင်းကစပြီး အဆိပ် တက်တာဆိုတော့ ငယ်ထိပ်ကို တန်းရောက်မှာ သေချာတယ်၊ ဆေး အောင် ပြန်ပြေးနိုင်ဖို့ မလွယ်တော့ဘူး .. ဘယ်လိုလုပ်မလဲ"

အကောင်းပြောနေသည်မှတ်ကာ ဖွေး လန့်ဖျန့်၍ မျက်လုံးပြူ သွားလိုက်၊ ခြောက်ခြွေနေသည့်နှုတ်ခမ်းတွေကို လျှာသပ်မိလိုက်နှ ရှက်လည်းရှက် စိတ်လည်းဆိုး ...။

"ရှင် .. ရှင်က လူကို လှောင်နေတာပေါ့၊ ဒီမှာ ဘယ်လောက်န နေလဲ သိလား"

ငိုလွယ်တာမဟုတ်ဘဲ ဖွေး ဟီးခနဲငိုချလိုက်မှ စပ်ဖြဲဖြဲ ၏ မျက်န အပိုးသေသွားသည်။ ကိုင်ထားသည့်မီးခြစ်ကို အိတ်ထဲပြန်ထည့်လို ပြီး ဖွေး လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်ကာ ...

"လှောင်နေတာမဟုတ်ဘူး .. ရယ်ချင်လို့ကို ရယ်တာ၊ ဆော ကြည့်စမ်း ...၊ ရယ်ချင်လို့ရယ်တာလို့ပြောပြီး ဆောရီး တဲ့၊

"ကဲ .. ဒီနားမှာ စိတ်မချရသေးဘူး၊ နည်းနည်းထပ်သွားပြီ ပြန်နား .. ထ .."

သူ မတ်တတ်ရပ်ပြီး ဆွဲထူလိုက်တော့ ဖွေး မတ်တပ်လေး ဖြ သွားသည်။ သို့သော် လက်ကိုပြန်ရုန်းလိုက်မိကာ ...

"နားရအောင် ဖွေး ပင်ပန်းလို့ပြောနေတာ မဟုတ်ဘူး၊ ဒီလော နာနေတာကို ဘယ်လောက်ဖြစ်သွားလဲ ရှင် နည်းနည်းပါးပါး ကြ ပေးဖို့ .. အား!..."





"ကဲ .. လက် ဖယ် .."

"ဖယ်လိုက်ရင် နာတယ်၊ အား .. နာပါတယ်ဆို .."

လက်ကိုဖယ်ဖို့ ဆွဲလိုက်တိုင်း ဖွေး က ခေါင်းခါရင်း အော်ရင်း...

"ကိုယ့်လည်ပင်းကို ညှစ်သေတော့မယ့်အတိုင်းပဲကွာ၊ ပြောရင် သည်း မကြိုက်ဘူး၊ ပျားတုပ်တာ ဒီလောက် အော်နေရလားကွ"

"ရှင် အတုပ်ခံကြည့်ပါလား"

"ဘာလို့ခံရမှာလဲ .. ငါက မင်းလို ပျားတွေထွက်လာအောင် ဆံပင်နဲ့ဆွဲယမ်းနေတာမှ မဟုတ်တာ"

"ရှင် .. ရှင် .. တကယ်ပြောရက်တဲ့လူ"

ဖွေး က သူ ကိုင်ထားသည့်လက်ကို တစ်ကိုယ်လုံး လှုဲယမ်းရှောင် ခဲ့လိုက်ပြီး နေရာမှ ပြေးထွက်သွား၏။

"ဟော့ .. အဲဒါ ဘောထဲဝင်တဲ့လမ်း .. နေဦး"

ဖွေး ကို သူ ချက်ချင်းမီသည်။ ပခုံးလေးနှစ်ဖက်ကို ချာခနဲ ဆွဲ သည့်လိုက်ကာ ...

"ငါ အစသန်သလိုဖြစ်သွားတာ တောင်းပန်ပါတယ်ကွာ၊ ကဲ.. သက် ဖယ်"

တကယ်တမ်းကျတော့ သစ်ခေါင်းပျားတွေ အဆိပ်ပြင်းတာကို သူ အတုပ်မခံရဖူးပေမယ့် သိသည်။ ဝိုင်းအုံတုပ်လိုက်ပြီဆို အဲဒီလူ ားတာပဲဖြစ်ကာ တချို့ကျတော့ အတုပ်ခံရသည့်နေရာတစ်ဝိုက်မှာ သစ်ရက် နှစ်ရက်လောက် အထုံအကျင်စွဲနေသည်ဟု ပြောကြ၏။

ဒါပေမယ့် ဖွေး ကျမှ ပြူးပြူးပျာပျာ တုန်ခိုက်ခိုက်နှင့် ကင်းထိုး ိုက်ပါသည်ဆိုပြီး ငိုလိုက် ပြောလိုက် ...။

သူ အသည်းယားပြီး တမင် 'စ' လိုက်တာဖြစ်ကာ ဒီလောက်ငို ်းနည်းသွားတော့လည်း စိတ်မကောင်းနိုင် ...။

"ခဏဖယ်လေ .. ကြည့်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မကြည့်ပါနဲ့တော့ .. လက်ဖယ်လိုက်ရင် အရမ်းနာတာပဲ"

ဖွေး ခေါင်းခါပြီး လည်ဂုတ်နေရာမှာ အတင်းဖိဆုပ်ထားသည့် လက်ကို ဘယ်လိုဖယ်ခိုင်းလို့မှ မရ ..။ ဇ သူ့ဟာသူပဲ ဖွေး ရဲ့ဆံပင်တွေကို သိမ်းဖယ်ကာ လက်ကို ဆွဲဖြုတ်ပစ်လိုက်သည်။

"အား .. အရမ်းနာတယ်၊ ဘာဖြစ်သွားပြီလဲဟင် .. အဆိပ်တွေ တက်ပြီး မည်းနေပြီလား"

မေးပြန်ပြီ ဒီကောင်မလေး ..။

ပြုံးချင်သည့်နှုတ်ခမ်းကို မပြုံးမိအောင် ထိန်းလိုက်ရသည်။ ဒီတစ်ခါဆို ပြဿနာက သေးမှာမဟုတ်။

"ဘာတွေ့လဲ ပြောလေ၊ ဖွေး အဲဒီနေရာကို မီးပူတိုက်ပစ်ချင်လာပြီ၊ အစွယ်တွေ ဘာတွေ ကျန်နေခဲ့ရင်လည်း ဆွဲထုတ်လိုက်စမ်းပါ"

"အစွယ်ကျန်ခဲ့ရအောင် .. မင်းကို ..."

သူ ဆက်မပြောဖြစ်ပါ။ တောထဲတောင်ထဲမှာ စကားပြော ဆင်ခြင်ရသည်။ ထို့ပြင် မယ်မင်းကြီးမလေးက သူ့ကိုရွဲ့ပါသည်၊ လှောင်ပါသည် ဖြစ်ဦးမည်။

"ဘာအညိုအမည်းမှ မရှိဘူး .. သစ်ခေါင်းပျားက အဆိပ်ပြင်းတော့ သွေးခြည်ဥသလို ရဲညိုနေတာပေါ့၊ အပ်ပေါက်ရာလို အစက်သေးသေးလေးပဲ"

"အဲဒါ ဘာဖြစ်နိုင်လဲဟင် .. ဖွေး အရမ်းနာနေတာ သေမတတ်ပဲ၊ တစ်ခါမှ အား .."

"ဖယ် .. မင်း သက်သာအောင် လုပ်ပေးမယ်"

ဖွေး ဆံပင်တွေကို တစ်ဖက်သတ် စုသိမ်းဖယ်လိုက်ပြီး ဇ မျက်နှာ ရှေ့တိုးသည်။ ဘာလုပ်မှာမှန်းမသိတော့ ဖွေး က လက်ကလေးဖယ်ပေးကာ မျက်နှာလေးကို အသာတကြည် ဘိမ်းပေးသည်။ စိမ်းနုသည့် ဖွေး ရဲ့ နားသယ်စပ်လေးနားမှာ ဇ နှုတ်ခမ်း ခဏကပ်ကာ –





"မရုန်းနဲ့နော် .."

"အင်း .."

ဖွေး တကယ်ကို မထင်ခဲ့ပါ။ ဒဏ်ရာပေါ်မှာ နွေးခနဲ ဖိကပ်လာသည့်အထိအတွေ့ကို သိလိုက်မှ ...

"ကိုဇ .. ဟင့်အင်း .."

ရုတ်ရှဲ့ထိတ်လန့်ကာ သူ့အင်္ကျီခါးစနှစ်ဖက်ကို တအားဆွဲဆုပ်ပစ်လိုက်မိ၏။ အကြောတ်အကန် တွန်းပစ်လိုက်ဖို့အသိက နွေးထွေးမှုကြောင့် သိသာစွာလျော့ကျသွားသည့်နာကျင်မှုကို ပြန်မလိုချင်တော့သည့်နောက်မှာ ...၊

ဇ ရဲ့ရင်ခွင်ထဲရောက်သွားတာကိုလည်း မရုန်းမိ၊ ဒဏ်ရာနေရာမှ တစ်ကိုယ်လုံးထိ ကျင်ခဲ တုန်ခါသွားကာ အရာခပ်သိမ်းကို မေ့လျော့မှိုက်သွားခဲ့သည်။

တောထဲမှာ ခါတ်လိုက်တာတော့ မဖြစ်နိုင် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"ဟော .. အားလုံးပြီးနေပြီလေ၊ မီးဖိုနားမှာ မပူဘူးလား၊ ဘာထိုင်လုပ်နေတာလဲ"

"ဟင် .. ဟုတ်ကဲ့ .."

ဖွေး ယောင်ယောင်မှားမှားနှင့် လက်နှီးကိုင်မိလိုက် .. ပေါင်ကိုပွတ်မိလိုက်။ ဦးပိုက်ထွေး က ဖွေး မျက်နှာ ငုံ့ထားတာကိုကြည့်ပြီး နှစ်ယောက်စလုံး မှုပျက်နေတာကို ဆက်စပ်ကြည့်နေမိသည်။

မနေ့က တောထဲလိုက်သွားပါလားလို့ ခိုင်းလိုက်သည်။ နှစ်ယောက်အတူတူ ပြန်လာကြပြီး အရင်လို ပြောဟယ်ဆိုဟယ်မရှိတော့ဘဲ တစ်ယောက်က နောက်ထဲတန်းဝင်ကာ တစ်ယောက်က အိမ်ရှေ့မှာပဲ ငုတ်တုတ်။ ဘာဖြစ်လာတာလဲ မေးတော့ 'ဖွေး ပျားတုပ်ခံလာရလို့'လို့ ဇ ပြန်ပြောသည်။

"ဟုတ်လား .. များသွားလို့လား၊ အဆိပ်ဖြေရှုက်ရှိတာ နူးပြီး အရည်လေးဆွတ်ပေးလိုက်ပါလား .. အခု ဘာလုပ်ထားလဲ"

သူမေးတော့ ဇ မျက်နှာ မသိမသာလွှဲသွားကာ ဆံပင်တွေဖွနေ၏။

"သူက ချေ့သည်ဆိုတော့ ဘာမှသိမှာ မဟုတ်ဘူးလေ၊ မင်းက လုပ်ပေးလိုက်ပါ"





"သူ့ သက်သာသွားပါပြီ"

လို့ မပွင့်တပွင့်ပြောပြီး ဇ သူ့ကို ရှောင်ထွက်သွား၏။ မနက်ကျတော့လည်း အိမ်မှာ တိတ်တိတ်ဆိတ်ဆိတ်နှင့် ..။

"ဖွေး ရေ .."

ဇ ကတော့ မေးဖော်ရပေမယ့် သူမ လုံးဝ ထွက်မလာခဲ့ပေ။ ဦးပိုက်ထွေး ရေနွေးအိုးကို ဓာတ်ဘူးထဲပြောင်းထည့်ကာ ဖွေး မီးဖိုချောင်နားမှာပဲ ရပ်နေတာကို ပြန်ငုံ့ကြည့်၍ ...

"ကောင်လေး ဘာပြောမလို့လဲ မသိဘူး၊ ညည်းတို့ ရန်ဖြစ်ထားကြတာလား"

"မ .. မဟုတ်ပါဘူး"

"နည်းနည်းတော့ သည်းခံအေ့ .. ဒီကောင်လေးက အပြောအဆိုသိပ်မကောင်းဘူး၊ ဘာဖြစ်ဖြစ် တဖောက်ကန်းလုပ်တတ်တာလေး ရှိတယ်၊ ဒါပေမယ့် တစ်ကိုယ်ကောင်းတော့ မဆန်တတ်ပါဘူး၊ အထူးသဖြင့် ညှာတာချင်စိတ် ရှိတယ်၊ အဲဒါကြောင့် ဘယ်ကျင်းကအလုပ်သမားဖြစ်ဖြစ် သူ့ကိုတော့ ခင်ကြတာများတယ်"

ဦးပိုက်ထွေး ရေနွေးအိုးလေး မီးဖိုပေါ်ပြန်တင်ကာ ဓာတ်ဘူးဆွဲထွက်လာတော့ ဖွေး က အနားကပါလာကာ ...

"သူ အပြင်ထွက်သွားပြီလားဟင်"

"အေး.. ဒီည ညဉ့်နက်မယ်ထင်တယ်၊ သူ မိုးကောင်းကိုဘက်မှာ"

"ကိုဇ က ဘာဘာနဲ့ အရင်တုန်းဘည်းက အတူနေတာလား"

"မနေပါဘူး"

ဒီအချိန်ဆို ဦးပိုက်ထွေး နိုးထိုးသည့်အချိန်မို့ အိမ်ရှေ့မှာပဲ ထိုင်ဖြစ်ကြကာ စီးကရက်တိုတွေချည်း ရှိနေသည့် ဆေးလိပ်ခွက်လေးကို ဖွေး အကြည့်ရောက်သွား၏။

မီးခိုးဖြူလေးတွေလွင့်နေဆဲ စီးကရက်အသစ်ကြီးကသို့ ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားတာ မကြာသေးဘူးဆိုတာကို ပြောပြနေသလိုပင် ..။

မနေ့ကအဖြစ်အတွက် သူ ဖွေး ကို တောင်းပန်ခဲ့သည်။ ဒီလိုလုပ်လိုက်သည့်အတွက် ဖွေး လည်း တကယ် သက်သာသွားခဲ့တာ မှန်သည်။

ဒါပေမယ့် သူ့ကို ရင်မဆိုင်ချင်သည့်စိတ်နှင့် ရှောင်နေခဲ့မိ၏။ ကိုယ့်ဘယ်ချောင်မှာကပ်နေသည်၊ ရှောင်ဖယ်နေသည်ဆိုတာ သူလည်း သိနေမှာပါ။ မေးသံတော့ ကြားသည်၊ ထွက်ခဲ့ပါဦးလို့လည်း မခေါ်၊ အနားကိုလည်း မလာခဲ့ပေ။ ဒီလိုနေခဲ့တာ ဖွေး လွန်သွားသလား..။

"မနေ့က များတုပ်ခံရတယ်ဆိုတော့ လူလေးက ညည်းကို ဆူလိုက်ငေါက်လိုက်သေးလား"

"ဟင် .."

စိတ်နဲ့ကိုယ်က မကပ်သည်မို့ ဦးပိုက်ထွေး မေးလိုက်တော့ ချက်ချင်း မဖြေနိုင် ..။

"သူ ညည်းကို ပြန်ပို့မယ်လို့ ပြောတယ်၊ အဲဒါကြောင့် မေးတာ၊ သူ စွပ်စွဲခံထားရတဲ့ပြဿနာက ရှင်းဖို့ကြိုးစားရင်း ရှုပ်နေတာ၊ ဒီကြားထဲ ညည်းကိုပြန်ပို့မယ်ဆိုရင်လည်း သူကိုယ်တိုင်ပဲ ပို့မှာ၊ တကူးတက ထုတ်နုတ်စီစဉ်တယ်ဆိုတော့ ညည်းနဲ့များ .."

"ဟင့်အင်း .. ဖွေး နဲ့ ဘာမှမဖြစ်ပါဘူး၊ ဟို .."

ဘာမှမဖြစ်ခဲ့တဲ့အကြောင်းကိုပဲ ပြောပြဖို့လည်း မဖြစ်နိုင်။ ဦးပိုက်ထွေး ကလည်း ဖွေး မျက်နှာနဲ့ စကားတွေ ထစ်ငေါ့သွားတာကို အကဲခတ်ပြီး အခြေအနေတစ်ခုခုကို တွေးမိသွားသလိုမျိုး ..။

"အေးပါ .. မဖြစ်ကြတာ ကောင်းပါတယ်၊ ငါပြောချင်တာက တော့ ဇ ရဲ့စိတ်ဓာတ်ကို နားလည်ဖို့ကြိုးစားပြီး ပြောမှားဆိုမှားဖြစ်ကြရင် သည်းခံဖို့ပဲ၊ လူတစ်ယောက်ကို အဲဒီလူက စရိုက်လို့ ပြောရင် မကောင်းတဲ့အကျင့်ရှိတယ်လို့ သတ်မှတ်လိုက်ကြတာ၊ ဒါပေမယ့် ငါတို့ရဲ့ စရိုက်ကတော့ ဇနဲ့ရိုက်တဲ့ ဇရိုက် ပါ၊ ဇရိုက် ဆိုပေမယ့်





မကောင်းမှုကို မကြိုက်တတ်တဲ့ ဇရိုက် ပေါ့"

"ဘယ်လို ဘဘ .. ကိုဇ နာမည်က ဇရိုက် တဲ့လား၊ ဇ ဆိုတာ အဖျားဆွတ်ခေါ်တာပေါ့"

"ဟုတ်တယ်.. ညည်းကို မပြောမိဘူးထင်တယ်၊ အားလုံး ပါးစပ်ထဲမှာလည်း သူ့နာမည်က ဇ ပဲ ဖြစ်နေတာကိုး၊ ဒါပေမယ့် သူ့ရဲ့ မွေးစာရင်းထဲက နာမည်က .."

လွှတ်ခနဲပြောပြီးမှ ဦးပိုက်ထွေး မျက်နှာပျက်သွားကာ စကားသံလည်း ပျောက်သွား၏။

ဖွေး နားစွင့်နေခဲ့ပေမယ့် ဘာမှဝင်မမေးခဲ့ပါ။ ခဏကြာမှ ...

"မွေးစာရင်းထဲကနာမည်က 'စေနိုင်သူ'"

ခပ်တိုးတိုး ဆက်ပြောသည်။ စေနိုင်သူ ကနေ ဇရိုက် ဖြစ်သွားရခြင်းအကြောင်းတော့ ရှိမှာပေမယ့် ဦးပိုက်ထွေး က မပြောပါ။

"မိုးကောင်းမြို့မှာ မသိတဲ့လူမရှိလောက်အောင် ကြွယ်ဝချမ်းသာတဲ့ စိန်ကုန်သည်သူဌေး ဦးသန်းကုဋေ က သူ့အဖေပဲ၊ သူ့သားလေးကို တစ်ဦးတည်းသောသားလေးမို့ သိပ်ချစ်တာ၊ လောက်လောက်လားလား ပြေးလွှားနိုင်တဲ့အရွယ်လေးတည်းက ဆရာကောင်းတွေထံမှာ အပ်နှံပြီး အခြေခံသိုင်းပညာတွေ သင်ပေးတယ်၊ သူ့သားကို ခေတ်ပညာတတ်တစ်ယောက် ဖြစ်စေချင်သလို ထက်မြက်ရဲရင့်တဲ့ လူငယ်တစ်ယောက် ဖြစ်လာအောင်လည်း ကြိုးစားတယ်"

"ဘဘ ဖွေး တစ်ခုလောက် မေးပါရစေ"

"မေးလေ .."

"ဟို ဦးသန်းကုဋေ ဆိုတာ ဦးသိန်းသန်း ရဲ့အစ်ကိုလို့ ပြောနေတာ ဖွေး ကြားတယ်၊ သူတို့က ညီအစ်ကိုအရင်းဆိုပြီး ကိုဇ ကသာ ဖြစ်လို့ မွေးစားသား ဖြစ်ရတာလဲ"

ဦးပိုက်ထွေး မျက်ခုံးတွေတွန့်သွားပြီး ဘာမှပြန်မဖြေ ...



www.burmeseclassic.com

www.burmeseclassic.com



"စပ်စုသလိုဖြစ်သွားရင် တောင်းပန်ပါတယ် ဘာဘာရယ် .. မဖြေနိုင်တာဆိုရင် မဖြေပါနဲ့"

"ဟုတ်တယ် .. ညည်းကို ဒါတွေ ဘာဖြစ်လို့ စပြောလိုက်မိမှန်းတောင် မသိတော့ဘူး၊ လူလေးကိုယ်တိုင် သူ့အဖေနာမည် ဦးသန်းကုမ္ဗ ဆိုတာ မသိခဲ့ဘူး"

"ဟင်!..."

"ဒါ.. ဒါဆို ဦးသန်းကုမ္ဗ က ကိုဇ ကို မွေးစားသားလို့ တမင်တကာ ပြောထားတာပေါ့နော်၊ ကိုဇ က ပြောဆိုမကောင်းလို့ ဒဏ်ခတ်တာမျိုးလားဟင်"

"မဟုတ်ဘူး .. အဲဒါတွေ မသိချင်နဲ့တော့ ဖွေး၊ တကယ်ဆိုရင် ညည်းက ဦးလမ်း ရဲ့ချွေးမ ဖြစ်ရမယ့်မိန်းကလေး၊ အခု ငါတို့လက်ထဲရောက်နေပေမယ့် အစစသတိထားရမယ်ဆိုတာတောင် လူလေးကို ငါက ပြောခဲ့သေးတာ၊ အခု ငါကိုယ်တိုင် အတွင်းစကားတွေပြောနေမိပြီ"

ဖွေး မျက်နှာလေးမှာ နာကျင်မှုတချို့ ဖြတ်ပြေးသွား၏။ ဘယ်လူတွေက လူကောင်းဆိုတာ သေချာမသိရသေးပေမယ့် လက်ရှိ အတူနေကြတာမို့ ဦးပိုက်ထွေး နဲ့ ဇ ရဲ့အယူအဆ သဘောထားတွေ မဆိုးဘူးဆိုတာတော့ လက်ခံနေမိပြီ ဖြစ်သည်။ ဒီလိုလူတွေက သံသယနဲ့ ဆက်ဆံနေကြသည်ဆိုတော့ စိတ်ထဲမှာ ရှက်မိသလိုလို၊ ဝမ်းနည်းသလိုလို။ ကိုယ့်ဘက်မှာ ဖြေရှင်းစရာလည်း မရှိ။

"ညည်းကို အခု မယုံကြည်ပါဘူးလို့ပြောတာ မဟုတ်ဘူးနော်၊ ဖြစ်စဉ်အတိုင်းကို ပြောပြတာ၊ ဟောဒီနေရာတွေမှာ ညည်းတို့ရဲ့မြို့ပေါ်က လူ့ကုံထံဆိုတဲ့သူဌေးတွေထက်မက အများကြီးချမ်းသာတဲ့ ပဂေးတွေ ရှိတယ်၊ ချမ်းသာပါတယ်လို့ လူသိမခံရဲလောက်အောင်ကို ချမ်းသာကြတာ၊ နောက်ပြီး သိပ်ကိုရှုပ်ထွေးတဲ့ ကောက်ကျစ်လိမ်လည်မှုတွေလည်း ဒီနေရာမျိုးမှာပဲရှိတယ်၊ သတ်မယ်ဖြတ်မယ်၊ မတရား





သဖြင့် ရယူမယ်၊ ဘာဖြစ်ဖြစ် ကျူးလွန်လို့ရအောင် ဒီနေရာမှာပဲ အခြေချကြတယ်၊ ချမ်းသာလို့ ထင်ပေါ်ထည်ဝါတာထက် သိမ်းပိုက်ရယူနိုင်တာတွေနဲ့ပဲ ပြိုင်ဆိုင်ကြတာ၊ ပြောရမယ်ဆိုရင် သိမ်မွေ့နူးညံ့တဲ့ ဘဝရဲ့သာယာမှုကို ခံစားချင်ကြတာ မဟုတ်ဘူး၊ အနိုင်ရတဲ့အောင်မြင်မှုကို အလိုရှိကြတာ .."

ဘာတွေကို ရည်ရွယ်ပြောနေမှန်း ဖွေး ကုန်စင်အောင် နားမလည်ပေ။ ဒါပေမယ့် သံသယထားသင့်သူအဖြစ် သတ်မှတ်ခံထားရသူမို့ မေးမြန်းစပ်စုဖို့လည်း စိတ်မကူးတော့ပါ ..။

"ဟစ်ခုသိစေချင်တာက အဲဒီလို အတ္တလွန် မောဟတွေ ဇရိုက်ဆိုတဲ့ကောင်လေးမှာ မရှိဘူး၊ လူကြမ်းလေးလို့ သတ်မှတ်ခံရတဲ့ ဇရိုက်ဟာ တစ်ပါးသူက ကျွေးမွေးစောင့်ရှောက်ခဲ့လို့ ကြီးပြင်းလာခဲ့ရတဲ့ ကလေးကချေလေး မဟုတ်ပါဘူး၊ ဒါတွေ သူ့ကိုယ်သူတောင် မသိခဲ့ဘူး"

မမေးတော့ဘူးလို့နေပေမယ့် မမေးဘဲလည်း ဘယ်ရိုမှနေလို့ မရတော့သည်ရှိရာ ...

"ကိုဇ ကို ပညာသင်ပေးတဲ့အရွယ်ထိ မိဘရင်းတွေ ရှိသေးတယ်ဆိုတော့ ကိုဇ က ဘာဖြစ်လို့ ဘာမှမသိတော့တာလဲဟင်၊ မှတ်မိနိုင်တဲ့အရွယ်ပဲမို့လား"

"ဟုတ်တယ် .. ဒါပေမယ့် လေးနှစ်သားလောက်ဆိုတော့ အရမ်းငယ်ပါသေးတယ်၊ သူ့ကို မွေးပြီးတာနဲ့ အမေက ဆုံးသွားတယ်၊ သူ့အမေဘက်က အဘွားနဲ့ မိုးကုတ်မှာ လူလေးကိုထားပြီး သူဌေးကြီးက မိုးကောင်းမှာနေတာလေ၊ လုပ်ငန်းတွေ တိုးပွားလာလေ ချမ်းသာလေ၊ ချမ်းသာသလောက် ရန်သူများလာတယ်ဆိုပါတော့၊ သူဌေးချင်းတူပေမယ့် ငါတို့သူဌေးက .."

ဦးပိုက်ထွေး မခံချင်စိတ်တွေနှင့် လွှတ်ခနဲ ပြောမိပြီးမှ လေသံကို ချက်ချင်းပြောင်းပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သူဌေးကြီးက အလုပ်သမားတွေဘက်က ရပ်တည်ခဲ့တော့ သူ့လက်ထက်မှာ အသာစီးခံရတာတွေ၊ ထိခိုက်ဖျားနာပြီး ခွေးသေဝက်သေ သေရတာမျိုးတွေ နည်းပါးသွားတယ်၊ ကျောက်တူးသမားနဲ့ တွင်းပိုင်သူဌေးတွေရဲ့ ခြားနားတဲ့ဆက်ဆံရေးတွေလည်း မရှိတော့ သလောက် နွေးထွေးသွားတယ်၊ ဒါပေမယ့် ဒီပြောင်းလဲမှုတွေက သူဌေးကြီးရဲ့အင်ပါယာတွင်းမှာပဲ ရှိနေတော့ မနာလိုသူတွေ ဝိုင်းဝိုင်းလည်လာတာပေါ့"

"ဒါဆို သူဌေးကြီးက လုပ်ကြံခံရတာပေါ့နော်"

"မဟုတ်ဘူး.. ရိုးရိုးပဲဆုံးသွားတာပါ၊ လုပ်ကြံခံရတာက လူလေးပဲ"

ရှေးဟောင်းနှောင်းဖြစ်တွေကို ပြန်သတိရနေပုံရှိသော ဦးပိုက်ထွေး မျက်နှာက ဆွေးမြည့်ရီဝေနေလိုက်၊ မျက်ခုံးတွေကုတ်ပြီး တင်းမာသွားလိုက်နှင့် ...

"သားအဖနှစ်ယောက်က တွေ့ကြရတယ် သိပ်မရှိပါဘူး၊ အဘွားဖြစ်သူကိုယ်တိုင်က ကလေးကို တိုက်ခိုက်သတ်ပုတ်တာတွေ သင်ပေးရကောင်းလားဆိုပြီး တော်ရုံနဲ့ ပေးမတွေ့ဘူး၊ ကလေးကလည်း အိုင်းပညာသင်ပေးတဲ့ဆရာကိုပဲ အဖေလိုလို၊ ခဏတဖြုတ်တွေ့ရတဲ့ ဖအေကပဲ အဖေလိုလို၊ သူဌေးကြီးကို မှတ်သားဖို့ အချိန်မရလိုက်ဘဲ .."

မပြောချင်ဘူးဆိုပြီး ဇာတ်ထုပ်က ပြေနေပြီဖြစ်သည်။ ဒါပေမယ့် ဦးသန်းကုဋေ နှစ်ယောက်ဖြစ်နေရသည့် အကြောင်းရင်းကိုတော့ ဖွေးနားလည်ခွင့် မရလိုက်ပါ ..။ သူဌေးကြီး ချမ်းသာတာတွေ ဘယ်ရောက်ကုန်ပြီလဲ၊ မွေးစားအဖေနဲ့ ဦးလေးမဟုတ်သူတို့ လက်အောက်မှာ ဇရိုက် ဒီလိုပုံစံနဲ့ ဘာဖြစ်လို့ ကြီးပြင်းခဲ့ရတာလဲ ..။

ဦးပိုက်ထွေး ဆက်ပြောလာဦးမလားလို့ မျှော်လင့်မိသော်လည်း..၊





## အခန်း (၁၈)

"ထမင်းတွေ နင်နေပါဦးမယ်၊ ဖြည်းဖြည်းစား .. မင်းပြီးတဲ့အထိ ငါစောင့်မယ်"

"ဟင် .."

ထမင်းဝါးနေသည့်ပါးစပ်က ပွင့်လျက်သားနှင့် ငြိမ်ကျသွားသည်။ တည်းခိုခန်းတစ်ခန်း၏ စတိုခန်းနှင့်ကပ်လျက် ရှုပ်ပွညစ်ပတ်နေသော အခန်းလွတ်ထဲမှာ ထမင်းစားနေသည့် ဇော်ထက် နှင့် သူ့ရဲ့ ညီဝမ်းကွဲ အောင်ကို ..။ နှစ်ယောက်စလုံး စေ့ထားသည့်တံခါးဆီ မျက်လုံးရောက်သွားသည်နှင့် တံခါးက ဒိုင်းခနဲ ပွင့်ထွက်သွား၏။

"ဆရာ .."

တံခါးဝမှာရပ်နေသည့် ဇ မျက်လုံးတွေက စူးရဲလက်တောက်နေကာ ...

"ဘယ်မှာ မင်းဆရာလဲ၊ ပါးစပ်ထဲကဟာတွေ အရင်မျိုချလိုက်ဦး"

ရှေ့ကို တစ်လှမ်းချင်းတိုးဝင်ခဲ့ပြီး တစ်ချက်မှမလွှဲသည့် အကြည့်တွေက ဇော်ထက် ရဲ့ ကျွတ်ထွက်မတတ်ပြူးနေသည့် မျက်လုံးတွေထဲမှာ စူးစိုက်နေ၏။

"ဆရာ .. ကျွန်တော် ..."



www.burmeseclassic.com

www.burmeseclassic.com



ဇော်ထက် ဘယ်လိုမှ တည်ငြိမ်နိုင်စွမ်း မရှိတော့ဘဲ နေရာမှ ဖျတ်ခနဲ ထရပ်သည်။ အောင်ကို က ဇ ကို မြင်လိုက်သည်နှင့် လှုပ်ရှားဖို့ အသင့်ပြင်လိုက်သည့်ပုံ ဖြစ်သွားပေမယ့် ဇော်ထက် အခြေအနေကို အကဲခတ်ကာ ကိုယ်ကို ပြေပြစ်အောင် ပြန်လျှော့ချ၏။

"ဖြစ်ခဲ့တဲ့ကိစ္စတွေမှာ ကျွန်တော် .."

ဇော်ထက် စကားသံနှေးကျသွားကာ ဘေးပြတင်းပေါက်ဆီ မျက်လုံး မသိမသာ ရွေ့သွား၏။ ဇ လက်တစ်ဖက် လှုပ်ရှားသွားတာလည်း သူ့အကြည့်နဲ့ ထပ်တူနီးပါးဖြစ်ကာ ဓားရောင်တစ်ချက် လက်ခနဲ ..။

"အား .."

ဇော်ထက် မျက်လုံးပြူးသွားကာ နောက်ကို ဖျတ်ခနဲ ခုန်ဆုတ်၏။ သို့သော် ...

"ဒုတ် .."

မျက်လုံးထဲမှာ ဝင်းခနဲ မြင်လိုက်ရကာ ကိုယ့်ကိုယ်ကိုယ် သွားပြီလို့ ထင်လိုက်သော်လည်း ဓားသည် သူ့ရဲ့ကုတ်အင်္ကျီအောက်ဖျားစနှင့် စားပွဲကိုသာ ပူးတွဲစိုက်ဝင်သွားတာဖြစ်လျက် ...

"မင်း ထွက်ပြေးလည်းမလွတ်ဘူး ဟိတ်ကောင်၊ ငါ ပြန်လာမယ်"

ဇ ပြတင်းပေါက်နား ပြေးကပ်ရင်း လှည့်ပြောသည်။ ပြီးတော့ ခုန်ချ ပျောက်ကွယ်သွား၏။ ဇော်ထက် မျက်လုံးတွေပြူးလျက်နှင့် ဓားချက်နှင့်စားပွဲမှာ တွဲကပ်နေသည့်အင်္ကျီစကို ငုံ့ကြည့်သည်။ ထို့နောက် ဘာစကားမှမပြောဘဲ ဓားကိုလည်း မဖြုတ် ..။

"ဒီလောက်ကြောက်နေစရာ မလိုပါဘူး ဇော်ထက် ရာ.. ယောက်ျားပဲ၊ ငါတို့လည်း မနက်ဖြန်ဆို ရစရာရှိတာယူပြီး လစ်တော့မှာ၊ ရင်မဆိုင်ရဲဘူး ထားဦး .. ပြေးမလွတ်ဘူးလို့ ကြိမ်းမောင်းသွားတိုင်း ကြောက်စရာလား၊ သူက ဘာမို့လို့လဲ"

"ဘာမှမဟုတ်ပေမယ့် ဒီထိရောက်လာခဲ့ပြီ၊ မင်း ကန်းနေလား"





ဇော်ထက် ချွေးစို့နေသည့်မျက်နှာကြီးနှင့် ထအော်သည်။ နေရာမှာပဲ မရွန်းမဖယ်ရပ်နေရင်း စားလက်စ ထမင်းဟင်းတွေကို နာကြည်းသည့်မျက်နှာနှင့် ငုံ့ကြည့်၏။

"စားကောင်းခြင်း မစားရ၊ အိပ်ကောင်းခြင်း မအိပ်ရဘူး၊ အဲဒါ ဓရိုက် ဆိုတဲ့လူကို ရန်စခဲ့မိလို့၊ ရှိုးသားခဲ့တဲ့ သံယောဇဉ်အပေါ်မှာ ငါ ဖောက်ပြန်ခဲ့လို့ .."

"ဘာဖြစ်တာလဲ ဇော်ထက် ရာ .. မင်း ဇ ကို တစ်ခါမြင်လိုက်တာနဲ့ တောထွက်ချင်စိတ် ပေါက်သွားပြီလား"

"ခုလည်း တောမထွက်ရသေးဘဲ ငါ အသက်ထွက်မလို့ လက်မတင်လေးရယ် .. မှောင်ရိပ်ထဲမှာ ဘယ်သူတွေလဲ မင်း သိလား .. ဘာလုပ်ဖို့ရှိနေကြတာလဲဆိုတာရော သိလား"

အောင်ကို က ဘာမှမဖြေဘဲ ဒီတိုင်းရပ်ကြည့်နေ၏။

"ကိုဇ ငါ့ကို ခြေရာခံမိသွားပြီဆိုတာ သိလို့ ရောက်လာကြတာ၊ အဲဒါ ငါ့ကို ကူညီကြဖို့ မဟုတ်ဘူး"

အောင်ကို မျက်ခုံးတွေ ပင့်တက်သွားသည်။ ဇော်ထက် က စူးနစ်စိုက်ဝင်နေသည့်ဓားကို ငုံ့ကြည့် ဆုပ်ကိုင်ထားရင်း ဆွဲလည်းမနုတ်။

"ငါ ငွေမက်ပြီး မိတ်ဆွေသူငယ်ချင်းတွေကို သတ်ဖြတ်ခဲ့တယ်၊ ကိုဇ ကို လုပ်ကြံခဲ့တယ်၊ ငါ့ရဲ့ဇက်ပေါ်မှာ ဓားမိုးထားတာကို မသိခဲ့ဘူး၊ ဖြစ်ခဲ့တဲ့ လုပ်ကြံမှုကြီးတစ်ခုလုံးရဲ့အဓိကသက်သေက ငါပဲဆိုရင် သူတို့ ငါ့ကို ငွေထုပ်ပိုက်ပြီး ဒီနေရာကထွက်သွားခွင့်ပေးမယ်လို့ မင်း ထင်သေးလား"

အောင်ကို့ မျက်နှာမှာ ချောက်ချားခြင်းတွေ တစ်စစ အရိပ်ထင်လာ၏။ ပြီးတော့ မျက်လုံးတွေ လှုပ်ရှားပြေးလွှားသွားကာ ...

"မင်း အဲဒီလို အတိအကျထင်တာတွေကို ခုနက ထမင်းစားနေတုန်းကအထိ တစ်စွန်းတစ်စမှ မဟခဲ့ပါလား ဇော်ထက်၊ ခုမှ ရုတ်တက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုမြင်လိုက်တာနဲ့ ဘာဖြစ်လို့ ကိုယ့်ကိုယ့်ကိုယ် ကြိုးကွင်းစွပ်ဖို့ပဲ ကြိုးစားနေရတာလဲ၊ ငါနဲ့ မင်းနဲ့ လက်တွဲမိတာ မှားပြီဆိုပြီး ချောက်ထဲ ပြေးခုန်ချရမလား .. တိုင်နဲ့ခေါင်းနဲ့ ပြေးဆောင့်ရတော့မှာလား"

အောင်ကို့ မျက်နှာကို ဇော်ထက် က တရားကျသွားသည့်မျက်လုံးတွေနှင့် စိုက်ခနဲကြည့်ကာ ...

"မင်းနဲ့ငါ ညီအစ်ကို တော်သေးတယ် အောင်ကို၊ ဒါနဲ့တောင် ဒုက္ခသံကြားလိုက်တာနဲ့ မင်း သွေးပျက်နေပြီမို့လား၊ ဇရိုက် ဆိုတဲ့လူနဲ့ လက်တွဲခဲ့သမျှ ကျိုးလန့်စာစား ငါ တစ်ခါမှ မဖြစ်ခဲ့ရဘူး၊ ညာတာတယ်၊ ကာကွယ်တတ်တယ်၊ ဘယ်တော့မှ ကိုယ်လွတ်မရုန်းဘူး၊ အဲဒါ ဇရိုက် ရဲ့ခေါင်းဆောင်စိတ်ပဲ၊ ငါ အခု အားလုံးကို ဆုံးဖြတ်ရဲသွားပြီ"

"အေးပေါ့ .. ဇရိုက် သိသွားပြီဆိုတော့ မင်း ပြေးလို့မှ မလွတ်တော့တာ၊ နေခဲ့လေ .. ငါကတော့ ကိုယ်လွတ်ရုန်းရမှာပဲ ဇော်ထက်၊ မင်းလို ဓားတစ်လက်မြင်တာနဲ့ ကြောက်ဒူးတုန်ပြီး ကျွဲခိုးပေါ်သလို အပေါ်မခံနိုင်ဘူး၊ နောက်တစ်ခု စိတ်မကောင်းစရာရှိတာက ငါ ကိုယ့်လမ်းကြောင်းကို ထွင်ရမှာ .. မင်းအတွက် ကံဆိုးမယ်ထင်တယ်"

ဇော်ထက် က စိုက်နေသည့်ဓားကို ဆွဲနုတ်လိုက်ပြီး အဖျားစပေါက်သွားသည့်အကျီကိုပါ လှည့်ကြည့်၏။ ပြီးတော့ မော့မကြည့်ဘဲ...

"သွားပါ .. ငါ့ကို အားနာစရာမလိုဘူး၊ သတိလည်း မပေးနဲ့၊ ကိုယ့်လမ်းကိုယ်ထွင်တာ မင်းရဲ့ဓားအောက်မှာ သေချင်တဲ့သတ္တဝါ သေမှာပဲ၊ ငါ့ကိုလည်း ခေါင်းထဲက ထုတ်လိုက်"

အောင်ကို့ မျက်နှာမှာ စိတ်မကောင်းခြင်းတွေ ဖြစ်နေသေးသည်။ ပြတင်းပေါက်အပြင်ကို လှမ်းကြည့်ပြီးတော့လည်း ရုတ်တရက် မရွေ့လျားဖြစ် ...။ လောဘစိတ်နှင့် စိုးရွံ့စိတ်တို့ ဒွန်တွဲနေကာ လောဘစိတ်ကပဲ ဦးဆောင်နေ၏။ သို့သော် ကိုယ့်အသက်ကိုတော့ စိုးရိမ်နေဆဲဖြစ်လျက် ခြေထောက်တွေက မရွေ့ ...။





"ဇော်ထက် .. မင်း စဉ်းစားဦးနော်၊ ငါတို့ လမ်းဆုံး ရွာတွေ့နေပြီ၊ ဇ ဘယ်လောက်တော်နေနေ ဦးလမ်း တို့ရဲ့အရိပ်ကိုတော့ သူ ဖုံးလွှမ်းနိုင်မှာ မဟုတ်ဘူး၊ နောက်ပြီး အပ်နှံပစ္စည်းတွေအားလုံးကို လက်စဖျောက်ခဲ့တဲ့တရားခံအဖြစ် သူ့ကို အားလုံးက ပစ်မှတ်ထားလိုက်ကြပြီ၊ သူ ဘယ်လိုလူဖြစ်ဖြစ် ရေများရေနိုင် မီးများမီးနိုင်ကွ"

ဇော်ထက် က ခေါင်းခါနေဆဲ ...။

"အဲဒါက မှန်ပေမယ့် အင်အားကြောင့်တော့ မဟုတ်နိုင်ဘူး အောင်ကို၊ အမှန်တရားရှိတဲ့ဘက်ကို အမှန်တရားက လိုက်မယ်၊ မဟုတ်မတရားရင် မဟုတ်မတရားတဲ့ဘက်မှာ မမှန်ကန်တာတွေပဲရှိလိမ့်မယ်၊ ငါ စည်းစိမ်ဥစ္စာနောက်ကို လိုက်ခဲ့မိပေမယ့် လောဘကြောင့် ရင်ပူနေရတာတွေကို ခု နားလည်သွားပြီ၊ သူများသတ်လို့ သေရဖို့ပဲမျှားနေတဲ့အတူတူ ဆရာ ငါ့ကို သတ်လိုက်ပါစေ"

အောင်ကို က မဲ့သည်။ ပြီးတော့ ပွင့်နေသည့်တံခါးဆီ ရင်ကော့လျှောက်သွားရင်း ...

"ပြီးတာပါပဲ .. အသက်ကိုတောင်မှ မနှမြောဘူးဆိုတော့ မင်းဘာကိုမှမမက်မောဘူးဆိုတာ သေချာသွားပြီ၊ မက်နေသေးတဲ့ ငါကတော့ နှုတ်ဆက်ရမှာပဲ .. သွားပြီ"

အောင်ကို က လှည့်မကြည့်ဘဲ နှုတ်ဆက်သွား၏။ ဇော်ထက် စားလက်စထမင်းပန်းကန်ရှေ့မှာပဲ အရုပ်ကြိုးပြတ် ထိုင်ချလိုက်ကာ ကိုင်ထားဆဲပေါက်ဓားလေးကို ပန်းကန်ကို တွန်းဖယ်ပြီး ရှေ့မှာချလိုက်သည်။

သေစေမယ့်သူ၊ ရှင်စေမယ့်လူ၊ ဘယ်သူလာလာ ဘယ်ကိုမှရှောင်ပြေးဖို့ စိတ်မကူးတော့သည်မို့ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"ဘဘ .."

အိပ်မပျော်ဖြစ်နေသည်မို့ ဖွေး မျက်လုံးတွေ ပိုကျယ်သွားသည်။ သူ ပြန်လာမှာ မဟုတ်ဘူးဆိုပြီး ဖွေး မနေရဲမှာစိုးလို့ အဘ ညကလည်း ဘယ်မှမသွားပါ ..။

ခု ဘယ်အချိန်ရှိပြီလဲ .. ဘဘ မရှိဘူးလား ..။

ပြန်ထူးသံ မကြားသောကြောင့် ဖွေး အိပ်ရာထဲက ထလိုက်ရင်း နာရီကို ပြူးပြဲကြည့်မိသည်။ မနက်လေးနာရီခွဲတိတိ။

ကိုယ့်ကိုယ်ကိုယ် အိပ်မပျော်သေးဘူးထင်ခဲ့သော်လည်း နိုးလိုက် ပျော်လိုက်ရှိနေခဲ့တာ နာရီကိုကြည့်မိမှ သတိထားမိ၏။

မိုးလင်းတော့မှာမို့ ဘဘ တောထဲထွက်သွားသည်လား၊ နောက်ဖေးနောက်ဖီ ရောက်နေတာလား ..။

"ဘဘ .."

"လာပြီ .."





ဖွေး အိပ်ရာထက်က လျှောဆင်းကာ ကိုယ်ကို သေသပ်အောင် ကမန်းကတန်းသပ်ခါ ပြုပြင်၍ မီးအိမ်ကို ထွန်းလိုက်၏။ ကြည့်လိုက်တော့ အိပ်ရာထဲက မဟုတ်ဘဲ ဇ အပြင်မှာပဲ ရှိနေတာ ဖြစ်၏။

"ကိုဇ ဘာဖြစ်လာလို့လဲဟင်"

ဇ လက်ကောက်ဝတ်တစ်ဖက်ကို ဆုပ်ကိုင်ထားရင်း ထိုင်နေရာကနေ နောက်ပြန်လှည့်ကြည့်သည်။

"မင်း နိုးသွားတာလား၊ ဆောရီးကွာ .. နည်းနည်းထိလာလို့"

သူ့မျက်နှာ မဲ့နေသဖြင့် တော်တော်နာကျင်လာတာမှန်း သိလိုက်သည်။ ဒါပေမယ့် ဘာဖြစ်လာမှန်း မသိ၊ ဘာလုပ်ရမှန်း မသိ ..။

"ဘဘ လိမ်းဆေးပုလင်းတွေ ထားတဲ့နေရာမှာ အကြီးဆုံးပုလင်းကြီး ယူခဲ့ပေး .."

သူ ပြောလိုက်မှ ပြန်လှည့်ဝင်ကာ ပတ်တီးနဲ့ ကတ်ကြေးပါ စုံအောင်ယူခဲ့ပြီး ဖွေး သူ့နားမှာ ထိုင်လိုက်သည်။

"ရှင် ရန်ဖြစ်လာတာလား .."

"အင်း .."

သူက အပေါ်ထပ်တွေကို ချွတ်လိုက်ပြီး လက်ကောက်ဝတ်ထိ ပတ်ထားသည့် သားရေပျော့အထူကို လက်ဖျားကနေ ဆွဲချွတ်လိုက်၏။

"အား .."

မချိမဆံ့ နာကျင်သွားသလို မဲ့သွားကာ ...

"ဗွမ်းထုထုလိပ်ပြီး ဒီနေရာကို လိမ်းပေးစမ်းပါ"

"ရောင်ကိုင်းနေတာပဲ .. အရိုးတွေဘာတွေ ထိသွားလားမသိဘူး၊ နောက်ဖေးမှာ ဘဘ ရှိမလား ဖွေး သွားကြည့်လိုက်ဦးမယ်"

"နေပစေ"

ဖွေး မထဖြစ်အောင် သူက ခေါင်းခါ၍ ...

"ဒီနားမှာရှိရင် ဘယ်လောက်ဝေးဝေး ဘဘ ထွက်လာမှာ၊ တော



www.burmeseclassic.com

www.burmeseclassic.com



ထဲရောက်နေတာဖြစ်မှာ .. ဘာမှမဖြစ်ဘူး၊ ဒီတိုင်းပဲ လိမ်းပေး"

ဖွေး သူ့လက်ကောက်ဝတ်ကနေ လက်ဖျံနားထိ ရောင်ကိုင်းနေတာကို ရဲရဲတောင်မထိဝံ့ဘဲ သူ့မျက်နှာမဲ့သွားတိုင်း လက်က တုန်သွားတတ်၏။

"ဖွေး လက်နဲ့ပဲ လိမ်းပေးမယ်နော်"

"ပူတယ် .. နံလည်း နံတယ်၊ ရတယ် .. ဒီတိုင်းပဲ လုပ်"

"ဖြစ်ပါတယ် .. လက်ချင်းထိတော့ ရှင် ခံနိုင်ရဲ့လောက်ကို ထိန်းကိုင်လို့ရတာပေါ့၊ ငှမ်းနဲ့က သေချာလိမ်းလို့လည်း မကောင်းဘူး"

မီးရောင်အောက်မှာ ဖွေး ရဲ့ ဖြူနုတင်းပြည့်နေသော လက်ချောင်းသွယ်သွယ်လေးတွေက အဝါရောင်ရင့်ရင့် ဆေးအဆီတွေကို မငြိုမငြင်ဖြန့်ခံ၍ သူ့လက်ပေါ်မှာ နူးနူးညံ့ညံ့လေး ပွတ်သပ်လှုပ်ရှားနေ၏။

လက်ချောင်းလေးတွေကနေ စင်းချထားသည့် မျက်တောင်များတို့ဆီ သူ့အကြည့်တွေ ရောက်သွားခဲ့ပြီး ...

"ဖွေး .."

"ဟင် .."

"ဘာဖြစ်လို့ ရောင်နေတာလဲ"

အမှတ်တမဲ့ အဖြစ်တစ်ခုအဖြစ် ထားလိုက်တော့ဖို့ဟာ သူ ပြန်စလိုက်တော့ ဖွေး ပါးပြင်လေးတွေ ရဲတက်သွားသည်။

ချစ်သူ ရှိခဲ့ဖူးသည်။ ရင်လည်း ခုန်ခဲ့ဖူး၏။ ဒါပေမယ့် ခုလိုမျိုး အမှတ်တမဲ့ဖြစ်ရပ်လေးမှာ ပြန်တွေးမိလိုက်တိုင်း ကြက်သီးဖျန်းဖျန်းထမိတာမျိုး မဖြစ်ခဲ့ဖူးပါ။

"ပြောလေ .. တို့ကို စိတ်ဆိုးနေတာလား"

"ဟင့်အင်း.. ဘာဆိုင်လို့လဲ၊ ရှင်က အနာသက်သာအောင် ကူညီခဲ့တာ"

"အင်း .. ဒါပေမယ့် မဟုတ်ဘူးထင်တယ်"





ဖွေး ရင်ထဲမှာ ဒိတ်ခနဲ ဆောင့်ခါသွားသည်။ သူ့ကို မော့မကြည့်အောင် ကြိုးစားရင်း မျက်နှာကို အတင်းငုံ့ထားမိတော့ ဖွေး ရဲ့ဆံပင်နှစ်ဖက်က မျက်နှာကို အုပ်ကွယ်ရုံမကဘဲ သူ့လက်တွေနဲ့ မထိတထိ။

"ဖွေး"

"... ... ..."

"ခဏလောက် မော့ပါ .. မင်းကို တောင်းပန်ချင်လို့"

"မလိုပါဘူးဆိုမှ .."

"ငါကတော့ လိုတယ်ထင်တာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ .."

သူ ခဏ အသံတိတ်သွားသည်။ ပြီးမှ ...

"ဒီအဖြစ်ကို မင်း အမှတ်တမဲ့ မထားခဲ့နိုင်သလိုပဲ ငါ့ဘက်မှာ အပြစ်ရှိနေတယ်လို့ပဲ တစ်ချိန်လုံး ခံစားနေရတာ၊ မင်း ရှောင်နေမှန်းသိတော့ .."

"ဖွေး .. ဖွေး ရှင့်ကို စိတ်ဆိုးနေတာမဟုတ်ပါဘူး၊ ဒါပေမယ့်.."

"ငါ နားလည်ပါတယ်၊ ပို့ပြီး စိတ်မကောင်းဖြစ်ခဲ့မိတာလည်း အဲဒါကိုပဲ၊ မင်းအနေနဲ့ မျိုသိပ်သည်းခံနေရတဲ့ အနေအထားမှာ ငါက အခွင့်အရေးယူသလို ဖြစ်သွားတယ်၊ နောက်ပြီး .."

"ဖွေး နားလည်တယ်ဆိုရင်ရော မပြီးဘူးလား၊ ကျွန်မတို့ ဘယ်သူကမှ မရိုးသားတဲ့စိတ်နဲ့ ကြိုတင်ကြံစည်ခဲ့ကြတာ မဟုတ်ဘူး၊ ရှင့်ကို ကျေနပ်ပါတယ်လို့ ထပ်တောင်းပန်ရဦးမှာလား ကိုဇေ..၊ ရှင် အဲဒါကြားချင်တာလား"

ဖွေး မျက်နှာလေး ဆိုးဆိုးဆတ်ဆတ် မော့လာတော့ ဆံပင်တွေပါ ဖျတ်ခနဲ ခါသွားသည်။ ပါးရိုးပေါ်မှာ ဖြတ်တင်သွားသည့် ဆံပင်တွေကို လက်နဲ့သပ်ပြီး ထိုးသိပ်ဖယ်၍ ...

"ကျေးဇူးပြုပြီး အဲဒါတွေ မပြောပါနဲ့တော့"

"ပြောမှဖြစ်မယ် .. ဘာဖြစ်လို့လဲဆိုတော့ ဒါကို ဝန်ခံလိုက်ရမှ



www.burmeseclassic.com

www.burmeseclassic.com



ငါ့စိတ်ထဲမှာ ရှင်းသွားမှာ"

ပြောချင်တာပြောတော့ဆိုသည့် အကြည့်လေးတစ်ချက်နှင့် စောစောကအတိုင်း ပြန်ငုံ့လိုက်တော့ ဖွေး ရဲ့ဆံပင်တစ်ဖက်ခြမ်းကို ဇ လက်တစ်ဖက်နဲ့ အသာလေး သိမ်းဖယ်လိုက်ကာ ...

"မင်းကို ကူညီချင်တဲ့စိတ် ရုတ်တရက်ဖြစ်သွားတာ မှန်ပေမယ့် ထိတွေ့လိုက်ရတဲ့အချိန်မှာ .."

ဇ အသံ မသိမသာ တိုးလျသွားကာ ...

"ငါ မရိုးသားခဲ့တာ ..၊ ကိုယ့်ကိုယ်ကိုယ်လည်း **ဘာဖြစ်သွားမှန်း** မသိဘူး၊ အဲဒီအချိန် ပြောင်းလဲသွားတဲ့**စက္ကန့်တွေမှာ အသိစိတ် လုံးဝ** မဲ့သွားသလိုပဲ"

"ရှင် .. ရှင် ပြောဦးမယ်ဆိုရင် ဖွေး **သွားအိပ်တော့မယ်**"

"မိုးလင်းတော့မယ်"

တကယ်ထမလို့ ပြင်လိုက်သဖြင့် ဆေးလိမ်းပေးနေသည့်လက်ခုံလေးကို ဖမ်းဆုပ်ထားမိကာ ...

"တောင်းပန်ပါတယ် .. မင်းက ကိုယ့်အရိပ်မှာနေတဲ့သူ၊ ချစ်သူနောက်ကို လိုက်ခဲ့မှဲ့ မိန်းကလေး၊ သူ့ကြောင့် မင်းရင်ထဲမှာ ဒဏ်ရာ ရှိချင်ရှိခဲ့မယ် .. ဒါပေမယ့် .."

ဖွေး ရုန်းပေမယ့် လက်ကို သူက **ဖိဆုပ်ထားဆဲဖြစ်လျက်** ...

"ဒါ တောင်းပန်သင့်တဲ့ကိစ္စ မဟုတ်**ပေမယ့် ဒီထက် ဘာမှ**ပြောခွင့်မရှိတဲ့အတွက် ငါ ဒီစကားကို ထပ်ပြောတာ **ကျေနပ်ပေးနိုင်မလား**"

"ရှင့်ကို .."

မျက်လုံးချင်းဆုံကာ ဘာမှထပ်မပြောဖြစ်**ဘဲ တစ်ယောက်ကို** တစ်ယောက် ငေးနေမိကြစဉ် သုတ်ခနဲ ပြေးရိုက်**သွားသည့် လေဖွေ** တစ်ချက်မှာ ငှက်အော်သံလို အသံနှစ်ချက်က **လေဖွေနဲ့ရောလိမ့်ပါ** လာ၏။ ခပ်သဲ့သဲ့ပေမယ့် ထိုအသံ ကြားလိုက်တာနှင့် ဇ ရဲ့ကိုယ်





တောင့်မတ်သွားသည်။

"ဒါတွေယူပြီး မင်း အထဲဝင် မီးမှိတ်လိုက်"

"ကိုဇ .."

ဖွေး ဘာမှမမေးလိုက်ရသေးခင် ချွတ်ပုံထားသည့် အပေါ်ထပ် **အင်္ကျီကိုကောက်ယူကာ ဇ လှစ်ခနဲ ပျောက်ကွယ်သွား၏။** ကြည့်လိုက်**တော့ အပေါ်ထပ်ကနေ သူ** အမြဲထပ်ဝတ်ထားတတ်သည့် ဓားတွေပါ**သော ချိုင်းပြတ်ခါးတို** ဂျင်းဂျက်ကက်လေးက အပုံလိုက် ...။

**နှစ်ထည် ပူးချွတ်ချလိုက်ပြီး** ကမန်းကတန်း ကောက်ယူသွား**တော့ အောက်က တစ်ထည်ကျန်ခဲ့**တာ ဖြစ်သည်။

**ဖွေး ကြောင်ငေးနေချိန်မရဘဲ** မြေပြင်မှာ ကျနေသည့် လက်ပတ်**တစ်ခုကိုပါ ဆေးပုလင်းနှင့်** ရောကောက်ပွေ့ကာ မီးအိမ်ကိုဆွဲ၍ တဲထဲ ပြန်ဝင်သည်။

တံခါးကိုပြန်ကပ်ပိတ်ကာ မီးအိမ်ကို ဖြာဖြာလေးပဲလျှော့ချလိုက်သည်။ နားစွင့်ကြည့်တော့လည်း ဘာသံမှမကြားပါ၊ ဒါဆို ဇ ဘာဖြစ်သွားတာလဲ။

အန္တရာယ်တစ်ခုခု လာနေမှန်းသိလို့ အလျှင်စလို ထပြေးသွားတာမှန်း သိပေမယ့် ဘာသံမှလည်း မကြားသည်မို့ မတ်တပ်ရပ်နေရင်း ဖွေး စဉ်းစားနေမိ၏။ ထိုစဉ် ...

"ဖွေး .."

"ဟင် .. ဘဘ"

ထူးတာမဟုတ်ဘဲ ဖွေး ဝမ်းသာအားရ တံခါးပြန်ဖွင့်လိုက်၏။

"ဘဘ .."

"လူလေး ပြန်ရောက်လာလား"

"လာတယ် .. **ခုလေးတင် ထွက်ပြေးသွားတာ၊ ဘာဖြစ်လို့လဲဟင်**"

**ဖွေး ကို ဦးပိုက်တွေး ပြန်မမေးအားပေ။ အထဲဝင်လိုက်ကာ**



www.burmeseclassic.com

www.burmeseclassic.com



အသံမထွက်ဖို့ လက်ကာပြပြီး နှစ်ယောက်စလုံး တိတ်တိတ်နေလိုက်ကြ၏။ နားစွင့်ကြည့်လိုက်တိုင်း ဘာသံမှလည်း မကြား ..။

အကြာကြီး ငြိမ်သက်တိတ်ဆိတ်နေရခြင်းကို မအောင့်နိုင်တော့ဘဲ ဖွေး က ဦးပိုက်ထွေး ကို ကြည့်၍ ...

"ဘာဘာ အခု ဘာနေတွေဖြစ် .."

"ရှူး .."

ဒီတစ်ခါ လက်ညှိုးကပ်ပြလိုက်သည်နှင့် ဖွေး နားထဲမှာ ကားသံသဲ့သဲ့ကို ကြားလိုက်ရ၏။ ထို့နောက် သိပ်မကြာမီ ခတ်မီးရောင်တွေ တဝင်းဝင်း ပြေးလွှားရောက်လာကာ ...

"ဦးပိုက်ထွေး .."

အောင်မြင်ခန့်ညားသည့်ခေါ်သံ သိပ်မနီးသေးသော်လည်း အိမ်ရှေ့ကွင်းစပ်ကမှန်း ဖွေး သိလိုက်၏။

"ညည်း အထဲမှာသွားနေ"

ဦးပိုက်ထွေး ခဏငြိမ်နေပြီးမှ နှစ်ခါသုံးခါခေါ်တော့ တံခါးဖွင့်ထွက်လိုက်သည်။ အပြင်မှာ ရဲလေးယောက်နှင့် ဦးရခိုင် အပါအဝင် ကျင်းထဲက လူသုံးယောက်..၊

မနက်အရုဏ်တက်နေပြီမို့ အလင်းရောင် ပိုးတဝါးက ဖြန့်ကျက်စပြုပြီဖြစ်သည်။ ဒါပေမယ့် တောရိပ်ကြောင့် ဒီနေရာမှာတော့ မှောင်နေဆဲသာ။

"အထဲမှာ ဇရိုက် ရှိနေတယ်၊ ကျွန်တော်တို့ တာဝန်အရ သူ့ကို စစ်ဆေးမေးမြန်းစရာ ရှိပါတယ် .. ခေါ်ပေးပါ"

"သူ ပြန်မလာဘူး"

ရဲတွေ မျက်နှာတင်းသွားသည်။

"ကျုပ်တို့ဝင်ရှာမှတွေ့ရင် အမှုပိုကြီးမယ် ဦးပိုက်ထွေး၊ သူ ဒီတိုင်း ပြန်ပြေးတယ်ဆိုတာသိလို့ ထက်ကြပ်မကွာ လိုက်လာခဲ့တာ၊





ဒီတဲပတ်လည်မှာ ရဲတွေဝိုင်းထားပြီးပြီဆိုတာ ခင်ဗျား မသိသေးရင် သိအောင်ပြဖို့ လိုမလား"

"မလိုပါဘူး .. ရဲတွေပဲဝိုင်းဝိုင်း သံကွန်ချာပဲအုပ်ထားထား ကျုပ်ကလေးကလည်း သူရှိနေသားနဲ့တော့ ဒီလောက် ကြောက်ဒူးတုန်ပြီး ပုန်းနေမှာ မဟုတ်ဘူး၊ နေပါဦး .. ဇ ဘာလုပ်ခဲ့လို့ ဒီလောက်အင်အားသုံးပြီး ဝိုင်းထားတာလဲ"

ရဲက မဖြေဘဲ ဦးရခိုင် ကို လှမ်းကြည့်သည်။ ဦးရခိုင် က ရှေ့ကို လှမ်းထွက်ရပ်ကာ ...

"ဇ ဒီညပဲ ပြစ်မှုတွေ ထပ်ကျူးလွန်သွားတယ်"

"ကျုပ်တို့ ဝင်ရှာရလိမ့်မယ် ဦးပိုက်ထွေး .. ခွင့်ပြုပါ"

"အထဲမှာ မိန်းကလေးတစ်ယောက် ရှိတယ်"

ရဲတွေ ခြေလှမ်းတုံ့သွားမှ ဦးပိုက်ထွေး က ဖွေး ကို လှမ်းခေါ်ပြီး အသံပြုသည်။ ဖွေး အပြင်ထွက်လာတော့ ရဲတွေ အထဲဝင်ကြ၏။

ဦးပိုက်ထွေး က ရှေ့ကိုတိုးလျှောက်ရင်း ဦးရခိုင် နှင့် လက်တစ်ကမ်းအကွာမှာ ခြေစုံရပ်၍ ...

"ပြောပါဦး .. ဇ ဘာတွေလုပ်သွားလို့လဲ"

ဦးရခိုင် မျက်နှာတစ်ချက်ပျက်သွားကာ ဘေးကို မျက်လုံးဝေ့ကြည့်၏။ ပြီးမှ ...

"အောင်ကို့ ကို သတ်သွားတယ်"

ဟု အံကြိတ်သံနှင့် ပြောလိုက်ပြီး ...

"သူ့ကို ပေါလန်ကြီးက သတိပေးလိုက်ပြီးသား၊ လူသတ်မှုကိစ္စတွေ ဖြစ်သွားကတည်းက ဒီကနေထွက်သွားဖို့ .."

ဦးပိုက်ထွေး မျက်မှောင်ကုတ်နှင့် စိုက်ကြည့်နေ၏။ လင်းအရုဏ်မှာ မြင်ကွင်းက သဲသဲကွဲကွဲဖြစ်လာသဖြင့် ဦးရခိုင် မျက်နှာကသည့်ရှေ့မှာ ကျက်သရေမဲ့နေလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့က ဇ အတွက် လူသတ်မှုတွေကို ဖျောက်ဖျက်ပေးဖို့ ကြိုးစားတယ်၊ အခု သူရှိနေတဲ့အတွက် ဖျောက်လို့ မရတော့ဘူး၊ ဒီလိုမျိုးလား .."

ဦးရခိုင် မျက်နှာကြီး ရှုံ့တွသွားလိုက်၊ မျက်လုံးတွေပြူးသွားလိုက်နှင့် ဦးပိုက်ထွေး ကို အရေခွံဆုတ်ပစ်ချင်နေသလို လက်သီးတွေကို ဖိဆုပ်ထား၏။ ပြီးတော့ တဲပတ်လည်မှာ ခြေရှုပ်နေကြသည့်ရဲတွေကို လှမ်းကြည့်ကာ ...

"အသတ်ခံခဲ့ရတဲ့လူဟှေကာ နှစ်ယောက်တောင်၊ အခု အောင်ကို ထပ်ခံရတယ်၊ သူတို့မှာ မိသားစုတွေရှိတယ် ကိုပိုက်၊ တရားခံမရှိတော့ဘူးဆိုရင် ဖြစ်သလို ဖြေရှင်းသွားလို့ရပေမယ့် သူ ဒီမှာရှိနေတာ ညတိုင်း ဒီပတ်ဝန်းကျင်မှာ ဝင်ထွက်သွားလာနေတာ၊ အားလုံးကို သိကုန်ကြပြီ၊ သူ့အတွက်နဲ့ ကျုပ်တို့တွေက ဂုဏ်သိက္ခာ အကျမခံနိုင်ဘူး၊ ကယ်ဆယ်ရေးလုပ်နေပြီး အလုပ်သမားကို ပြန်သတ်တယ်ဆိုရင် ကျုပ်တို့ ..."

"နေဦး ရခိုင် .. ဒါတွေကို ငါ မင်းနဲ့ မပြောချင်ဘူး၊ ကိုသိန်းကို ခု ပြန်ရင်ပြောလိုက် .. ဇရိုက် ကို လွှင့်ထွက်သွားအောင် သုံးဖို့စဉ်းစားထားတဲ့နည်းတွေ အကုန်ဖျက်လိုက်ပါလို့၊ အစက ဟိုမရောက်ဒီမရောက် တွေဝေမှုတွေနဲ့ စည်းဝိုင်းအပြင်မှာ ငါ ထွက်ပြီးရပ်နေခဲ့တယ်၊ မနက်ဖြန် သူ့ဆီ ငါ လာတွေ့မယ်လို့"

"ကိုပိုက် .. ခင်ဗျား .. ခင်ဗျားဗျာ ..."

ဦးရခိုင် အံ့ဩထိတ်လန့်သွားသည့်မျက်နှာကြီး ဖြစ်လျက် ...

"ပေါလန်ကြီးက ကိုယ့်ရဲ့အစ်ကိုအရင်းဆိုတာရော သတိရသေးရဲ့လား"

"အစ်ကိုအရင်းကို မှတ်မိနေဖို့ထက် ကျေးဇူးမကန်းမိဖို့သာ အရေးကြီးတယ်ဆိုတာ ငါကိုယ်ငါ အခု သေချာသွားပြီ၊ ညီအစ်ကိုဆိုတဲ့ သံယောဇဉ်တွေနဲ့ တစ်ဖက်ကိုလည်း မဆုတ်နိုင်၊ တစ်ဖက်ကို





လည်း မလွှတ်နိုင်ဖြစ်ခဲ့ရတာ ဇရိုက် ရဲ့ သက်တမ်းတစ်လျှောက်ပဲ ရခိုင်၊ အခု သံသရာအတွက် နေ့စဉ် မွန်းကျပ်ပူလောင်နေတာတွေကို ဘယ်လိုဖြေဖျောက်ရမလဲဆိုတာ ငါ နားလည်သွားပြီ၊ ငါပြောခိုင်းတဲ့အတိုင်း ပြောလိုက် .."

"ကိုပိုက် .."

ရဲတွေပြန်ထွက်လာကြတော့ ဦးရခိုင် စကားမဆက်နိုင်ဖြစ်သွားသည်။ ဦးပိုက်ထွေး က အားလုံးကို ခပ်ပြုံးပြုံးကြည့်လိုက်ပြီး ...

"စိတ်ချပါဗျာ .. ဇ ဒီကိုရောက်လာရင် ဘယ်မှထွက်မပြေးစေရပါဘူး၊ လူကြီးမင်းတို့လည်း မိုးကောင်းစခန်းကနေ တကူးတက ရောက်လာရတာဆိုတော့ ဟောဒီနယ်မြေမှာ ပိုပြီး ဂုဏ်သိက္ခာရှိတယ်၊ လုံခြုံတယ်၊ ကျုပ် နားလည်ပါတယ်"

ဦးပိုက်ထွေး က ဦးရခိုင် တို့ လူစုကို ပြုံးလက်စမျက်နှာနှင့် မျက်လွှာပင့်ကြည့်သည်။ ပြီးမှ ...

"လူကြီးမင်းတို့ ဘယ်ကနေဖြစ်ဖြစ် စောင့်ကြည့်နေလို့လည်း ရပါတယ်၊ ဒီအမှုက မကြာခင် အမှန်အတိုင်း ပေါ်လာမှာပါ"

ဦးပိုက်ထွေး ဘယ်လိုအဓိပ္ပာယ်တွေနဲ့ ပြောနေသည်ဆိုတာ မြွေမြွေချင်းတော့ ခြေမြင်လိမ့်မည်။

တခြားလူတွေအတွက်ကတော့ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

လူရှစ်ယောက်စလုံး၏မျက်နှာတွေကို သူ့ခြေလှမ်းတွေ လှေကားရင်း မရောက်ခင်ကတည်းက လှမ်းမြင်လိုက်ပြီးသား ဖြစ်သည်။

သူတို့ကတော့ ဦးသိန်းသန်း ကို လှေကားရင်းရောက်လုကာမှ မြင်ကြရတာဖြစ်ကာ တင်းကုတ်နေသည့်မျက်နှာတွေကို မသိမသာ ပြန်လျှော့ချ၏။

ပြောဖို့ စီစဉ်လာသည့်စကားတွေကို ပြောခွင့်ရတော့မှာလို ခါးဆန့်တဲ့သူက ဆန့်၊ ချောင်းဟန့်သူက ဟန့်။

ဦးသိန်းသန်း က မျက်နှာမ...ပါ။ သူဝတ်နေကျ ကုတ်အင်္ကျီလည်း မဟုတ်၊ မိုးကာအင်္ကျီလည်း မဟုတ်ဘဲ ခြေသလုံးလောက်ထိ ရှည်သော ခပ်ပါးပါးပွပွ ညဝတ်ပုံစံအပေါ်ထပ်ကြီး တဖားဖားနှင့် လျှောက်လာကာ ...

"လူတွေ စုံနေပါလား"

ခုမှသတိထားမိသည့်အကြည့်တစ်ချက်နှင့် ထိပ်ဆုံးက ထိုင်ခုံမှာ ထိုင်သည်။ ဦးသိန်းသန်း သည် အတွင်းခံအင်္ကျီဆိုလျှင် အပြင်ထွက်မှသာ ကောင်းနိုးရာရာကို ဝတ်တတ်လျက် အိမ်ထဲမှာဆို ဘယ်တော့မှ မဝတ်ပေ ...။





အတွင်းခံချိုင်းပြတ်စွပ်ကျယ် ဒါမှမဟုတ် လည်ဟိုက်လက်တို စွပ်ကျယ်နှင့် အပေါ်ထပ်အင်္ကျီကတော့ ခုဝတ်ထားသည့်အတိုင်း အရောင်သာ ပြောင်းမည်၊ ပုံစံမပြောင်း ...။

ထို့ပြင် လက်တစ်လုံးလောက် တုတ်ခဲသော ရွှေဖြူကြိုးအရှည်ကို တစ်ပတ်ရစ် ပြန်ထုံး၍ ရင်ဘတ်မှာ ခပ်ရိုင်းရိုင်းဆွဲထား၏။

လက်နှစ်ဖက်စလုံးမှာ နဝရတ်လက်စွပ်အပြင် စိန်ကွင်းတွေ၊ ပတ္တမြားကွင်းတွေကို လက်ချောင်းတိုင်းမှာ ပြူးပြဲပေါ်နေအောင် ဝတ်ဆင်သည်။ အမြင်ရိုင်းလောက်အောင် ကြွားလွန်းတော့လည်း ဆန်းလွန်းတော့ ရှီးသည် ဆိုတာမျိုး ...။

ဦးသိန်းသန်း ပုံစံက ကြွားဝါတာနှင့်မတူတော့ဘဲ ထည်ဝါနေသည်။ သွားလေရာမှာ နောက်လိုက်နောက်ပါတွေ ဝိုင်းရံနေသည်သာမက အိမ်ထဲမှာဆိုလည်း ထိုင်ခုံမှာ နေရာကျပြီဆိုတာနှင့် သူ့နောက်မှာ တစ်ဖက်တစ်ယောက် နေရာယူထားကြပြီးသား ...။

ထို့ကြောင့် ဦးသိန်းသိန်း က ထည်ထည်ဝါဝါ နေတတ်သလောက် ပေါ်လွင်သူဖြစ်သည်။ မျက်နှာထားက နူးညံ့မှုထက် မာကျောခြင်းက ပို၏။ အလုပ်သမားတွေဘက်မှာ လိုအပ်သလို ရပ်တည်ပေးတတ်သည်ဟု သတင်းကြီးနေခဲ့ပေမယ့် ဦးသိန်းသန်း ရဲ့မျက်လုံးတွေရှေ့ ရောက်လာတဲ့သူတိုင်း အားကိုးချင်စိတ်ကို မဖြစ်စေခဲ့ပေ ...။

ထိုအခါ ရှေ့လူနောက်လူ အားလုံး၏ ထင်မြင်ချက်တွေ တီးတိုးဖြစ်လာသည်က ဦးသန်းကုဋေ ချမှတ်ခဲ့သည့်လမ်းစဉ်အတိုင်းသာ ရပ်တည်နေပေမယ့် ဦးသိန်းသန်း ၏စိတ်ဓာတ်က ရက်စက် မောက်မာသည်ဟု ...။

"မင်းတို့အားလုံးကို ငါ ပြောထားပြီးသားပဲ"

ဦးသိန်းသန်း က လက်နှစ်ဖက်ကို ကုလားထိုင်လက်ရန်းနှစ်ဖက်ပေါ် တင်ထားလိုက်ပြီး မျက်ခုံးနှစ်ဖက်ကို စုကျုံ့လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီပြဿနာကို အလွယ်တကူ ဖြေရှင်းလို့ မရဘူး၊ နောက်တစ်ခုက အမြန်ဆုံးဆိုတာ မဖြစ်နိုင်ဘူး"

"တစ်ခုလောက် ပြောပါရစေ ပေါလန်ကြီး၊ ပေါလန်ကြီးအနေနဲ့ ကျွန်တော်တို့ဘက်ကို တစ်ချက်လောက် ငဲ့ကြည့်ပေးပါ၊ ဒါက အိမ်ပေါင် .. ဝိုင်းပေါင်တဲ့ပြဿနာ မဟုတ်ဘူး"

"အဲဒါလောက်ဆိုရင်လည်း မင်းတို့ကို ငါ့ခြံဝန်းမှာ နေရာပေးအချိန်ပေးပြီး ငါ ဆင်းတွေ့နေမှာ မဟုတ်ဘူး"

ဦးသိန်းသန်း က ပက်ခနဲ ပြော၍ မျက်နှာကို ပိုတင်းထားသည်။

"ကျောက်တူးတယ် .. ကျောက်အောင်တယ်၊ ဒါကို ကိုယ့်ရဲ့ကံတရားပဲလို့ သတ်မှတ်ပြီး ကိုယ်ရတာ ကိုယ်ယူချင်ပေမယ့် မင်းတို့ကို ကျောက်တူးဖို့ သတ်မှတ်တဲ့ပိုင်နက်မှာ ခိုင်းထားတာ အခမဲ့မဟုတ်ဘူး၊ တွင်းကထွက်သမျှကို ပေးအပ်ရမှာ၊ ကျောက်စကျောက်နက အစ စိန် ပတ္တမြား နီလာ ကျောက်စိမ်းအထိ .."

"ပေါလန်ကြီးက ကျွန်တော်တို့အပ်ထားတဲ့ ပစ္စည်းတွေကို ခိုးရာပါတွေလို့ ပြောချင်တာလား"

"မပြောဘဲ သိရင် ပြောဖို့ မလိုဘူးပေါ့"

ဂရုမစိုက်သည့် ဦးသိန်းသန်း မျက်နှာက ရက်စက်ခြင်းတွေ တစ်စထက်တစ်စ ပိုပြင်လာ၏။

"အားလုံး ပြဿနာတွေကို ဒိုင်ခံဖြေရှင်းပေးနေခဲ့တာ ငါတို့မှာ ရော ပြဿနာမရှိဘူးလို့ မင်း ထင်လား"

"ဒီလိုရပ်တည်ပေးခဲ့တာ သိလို့လည်း အားလုံးရဲ့ အားကိုးအားထားပြုခြင်းခံရတာပေါ့ ပေါလန်ကြီးရဲ့ .. အားကိုးယုံကြည်လို့လည်း သိန်းရာကျော်တန်တာတွေကို ကျောက်ခဲသလဲတွေလို လာပြေးအပ်ပေးတာကိုယူပြီး ကျေကျေနပ်နပ် လှည့်ပြေးခဲ့ကြတာလေ"

နောက်တစ်ယောက် ဝင်ပြောတော့ ဦးသိန်းသန်း က မျက်နှာ





မလှည့်ဘဲ မျက်လုံးနဲ့ဖွေကြည့်၍ မဲ့လိုက်သည်။

"မကျေနပ်ခဲ့တာကို ကျေနပ်သယောင်နေလိုက်ရတယ်လို့များ ပြောလိုက်တာလား"

"မဟုတ်ပါဘူး .. ပေါလန်ကြီးတို့ မတရားမလုပ်ခဲ့ဘူးဆိုတာ နားလည်တယ်၊ နားလည်လို့ ဒီပြဿနာကို ကျွန်တော်တို့ စိတ်ရှည်လက်ရှည် စောင့်နေခဲ့တာ၊ ဇ ကြောင့် ဖြစ်ရတာဆိုပေမယ့် ကျွန်တော်တို့တွေ ဇ ကို အပ်ခဲ့တာမဟုတ်ဘူးလေ"

"ဟုတ်တယ် .. ပေါလန်ကြီး အဲဒါကို တာဝန်ယူပေးရမှာ၊ ကျွန်တော်တို့လည်း အချိန်ကို ထပ်မစောင့်နိုင်တော့ဘူး၊ အခု ဟိုသတင်း ဒီသတင်းတွေကြားလာရတာ ဘယ်ဟာအမှန် .. ဘယ်ဟာအမှားဆိုတာ ဘယ်လိုခွဲလို့မှမရလို့ ရှုပ်ကုန်တာ"

"ဘာတွေလဲ .."

"သေကုန်ပြီဆိုတဲ့ထဲမှာ ဇော်ထက် မပါဘူးလေ"

လူရှစ်ယောက်စလုံး တစ်ယောက်တစ်ပေါက် ဝိုင်းပြောနေကြတာကို ဦးသိန်းသန်း က မျက်လုံးနဲ့ပဲလိုက်ကြည့်ပြီး စကားတိုင်းကို မချေပပါ။ ဒါပေမယ့် လှုပ်ရှားနေသည့်မျက်လုံးတွေအထက်မှာ မျက်လုံးအစုံက ပြေကျသွားလိုက် .. တွန့်ကုတ်သွားလိုက် ..။

ဒီလူတွေအားလုံးကို ဂုတ်ကနေကိုင်ပြီး အပြင်ဆွဲပေါက်ထုတ်ပစ်လို့ရသည်။ အချိန်အခါ အခြေအနေတွေသာ ဖိစီးမနေခဲ့လျှင် သူ လက်နှေးမှာ မဟုတ်ပေ။ ခုဖြစ်နေတာက သူ့အတွက် တတ်နိုင်သမျှ ထိန်းချုပ်ထားရမည့် အခြေအနေမို့ ...

"ဒီသတင်းတွေ ကျွန်တော်တို့ ပေါလန်ကြီးကို ဘာမှမစပ်စုခဲ့ဘူးနော်၊ ပေါလန်ကြီး နဲ့ ဇ တို့က ကျွန်တော်တို့လိုလူတွေရဲ့ ကျေးဇူးရှင်တွေပါ"

ဒီစကားမှာ ဦးသိန်းသန်း နှုတ်ခမ်းမဲ့သွား၏။ ဇမှာ တကယ်



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ရှိမရှိ မသေချာသေးလို့ အားလုံးပါးစပ်တွေ ပိတ်နေကြတာကို သူ မသိဘူး ထင်နေတာလား ..။

မသက်ာစရာ ဟိုအသံ ဒီအသံကြားရတော့မှ လူစုပြီး ပြူးပြဲလာခြောက်နေကြသည်။ ဒါကို ဘယ်နေရာ မှတ်နေကြလို့လဲ ..။

မဲ့ရွဲ့ပြုံးလိုက်သည့်နှုတ်ခမ်းကို အားလုံးက သတိထားမိကာ ပြောလက်စတွေတောင် ထစ်ငေါ့ တုံ့နှေးသွားခဲ့ပြီး ...

"ချမ်းသာတဲ့လူအတွက် စပါးကျီထဲက စပါးတစ်စိတ်တစ်ခွဲ လျော့သွားတာ ပြဿနာမဟုတ်ပေမယ့် ဆန်ကွဲတစ်ဆုပ်ရှိမှ ဆန်ပြုတ်သောက်ရမယ့် မိသားစုအတွက်ဆိုရင် အဲဒီဆန်ကွဲတစ်ဆုပ်က ဖိတ်စဉ်ပျောက်ရှလို့မဖြစ်တဲ့ အာဟာရပါ"

"သနားစရာတွေပေမယ့် ရသမမြောက်သေးဘူးကွ"

ဦးသိန်းသန်း က ပိတ်ပြောလိုက်ပြီး လက်ရန်းမှာ တံတောင်နဲ့တင်ထားသည့်လက်ကိုထောင်၍ နောက်ပြန်လက်ဖြန့်သည်။ စီးကရက်တစ်လိပ် မဆိုင်းမတွ လက်ထဲရောက်လာ၏။

မကြာမီမှာပဲ ယောက်ခနဲ မီးခြစ်သံနှင့်အတူ နှုတ်ခမ်းမှာတပ်လိုက်သည့်စီးကရက်မှာ မီးစွဲ၏။ ဟိတ်ဟန်ပြင်သည့်ဆရာနဲ့ တပည့်တွေကတော့ လိုက်ဖက်ညီပါပေသည်။

ရှစ်ယောက်ထဲမှာ အငယ်ဆုံးဖြစ်သည့် အသက်သုံးဆယ်ကျော်အရွယ် ကတုံးဆံထောက်နှင့်လူရွယ်က မျက်စိစပါးမွေးစူးနေသည့် အကြည့်နှင့် နှုတ်ခမ်းတွေစေ့ရင်း မျက်မှောင်ကုတ်ကြည့်နေ၏။

သူ့ဆီ ဖျတ်ခနဲရွေ့လာသည့် ဦးသိန်းသန်း မျက်လုံးတွေနဲ့ ဆုံမိတာတောင် အကြည့်ကို မဖယ်။ ဒီလူကြီးနဲ့ အပေါင်းအပါတစ်စုကို သူ မသက်ာပါ ..။

ဒီပြဿနာကစပြီး ဘယ်သူ ဖန်တီးခဲ့သည်မသိသော်လည်း ဦးသိန်းသန်း ကို လူကြီးလူကောင်းလို့ မသတ်မှတ်နိုင်သည့်စာရင်းထဲ





မှာ သူ ထိပ်ဆုံးက ဖြစ်သည်။

ဇ က မွေးစားသားဖြစ်ကာ ညီအရင်းဖြစ်သည့် ဦးသိန်းသန်း က လုပ်ငန်းတွေကို ဦးစီးထားသည်။

ငါ့သား ငါ့တူ လို့ ပြောဆိုသတ်မှတ်ထားပေမယ့် နိုင်းနေတာက သပ်သပ်၊ ဂရုစိုက်ကြင်နာမှု ရှိမနေတာက တခြား။

ဇ က အလုပ်ကို ဂရုစိုက်သလို အလုပ်သမားတွေအပေါ်မှာ ကိုယ်ကျိုးစွန့်ပြီး ညှာခဲ့သည်။ ဒါကို ဒီလူကြီးက အပြစ်တစ်ခုလို့ အမြဲတမ်း သတ်မှတ်ခဲ့၏။

အပြစ်တွေ တစ်ခုပြီးတစ်ခု ရိုးမယ်ဖွဲ့၍ ခွဲခြားနှိမ့်ချလာခဲ့တာ အားလုံးအမြင်ပဲ ဖြစ်သည်။ သူ့မွေးစားအဖေရဲ့ခြေရာအတိုင်း ဇ က ကြိုးစားပြီး ဒီလူကြီးကတော့ ကိုယ့်မှု ကိုယ့်ဝါဒစနစ် ကျင့်သုံးဖို့ ကြိုးစားနေသည်ဟုလည်း တီးတိုးသံတွေ ပြောနေကြတာ နားနဲ့တောင် မဆံ့။

"ကဲ.. ငါကလည်း စိတ်မဝင်စားတဲ့စကားတွေ သိပ်မပြောချင်ဘူး"

ဦးသိန်းသန်း ၏ ချက်ချင်းမာကျောသွားသည့် စကားသံကြောင့် အားလုံး တိတ်ကျသွားကြသည်။

"မင်းတို့ကို ငါ ပြောခဲ့ပြီးပြီ၊ အပ်နှံပစ္စည်းအားလုံးကို ငလမ်းနဲ့ ဇ ပူးပေါင်းကြံသွားတယ်၊ ပြန်လိုချင်ရင် မင်းတို့ သူ့ကို ရှာ .. ငါလည်း ရှာနေတာပဲ၊ သူ့ကိုတွေ့ရင် ရမယ် .. မတွေ့ရင် မရဘူး"

"ပေါလန်ကြီး အဲဒါ ဝတ္တုရားမဲ့တာပဲ"

"မင်းစကားကို ဆင်ခြင်ပြောရမယ်ဆိုတာ နားလည်သင့်တယ်"

ရက်စက်လိုသည့်အကြည့်တွေ ဝင်းဝင်းလက်လက် ဖြစ်လာကာ ဦးသိန်းသန်း က ခြိမ်းခြောက်သလို အံကြိတ်သံနှင့် ပြောသည်။

"အာမခံလုပ်ငန်းတစ်ခုတောင်မှ အကျိုးအမြတ်နဲ့ ဂုဏ်သိက္ခာမြင့်မားမှု ရှိတယ်၊ ငါတို့လုပ်နေတာ စစ်မြေပြင်ထွက်နေရတဲ့ မြင်းတွေလိုပဲ၊ လက်နက်ကြီးငယ်တွေထဲ ပြေးဝင်ပေးရတယ်၊ ထိရင်သေမယ်၊



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်မှုရတော့ စစ်သားတွေပဲ ပန်းကုံးစွပ်ခံရတာ၊ စစ်သူကြီးပဲ ချီးမြှင့်ခံရတာ၊ ဘယ်မှာလဲ အကျိုးအမြတ်"

တစ်ခွန်းချင်းပြောနေရင်း ရှေ့ကိုတိုးကပ်ပြီး စားပွဲမှာ လက်တင်၍ ...

"စံနေရတဲ့အခါ မင်းတို့ ပါးစပ်ပိတ်နေသလို ခံရတဲ့အခါ နားလည်ပေးဖို့ ကြိုးစားပါလား၊ ငါတို့က မင်းတို့ရဲ့အခကြေးငွေယူပြီး တာဝန်ထမ်းဆောင်နေတာ မဟုတ်ဘူး"

"ဒါကတော့ ခုမှ ဒီစကားမျိုးပြောတာ ပေါလန်ကြီးတို့ဘက်က မှုမမှန်တာပဲ၊ အခကြေးငွေမယူဘဲ စေတနာ့ဝန်ထမ်းခဲ့တာဆိုရင်လည်း အစတည်းက မလုပ်ဘဲနေလို့ ရတယ်၊ ပြဿနာတက်ပြီဆိုမှဗျာ .."

"ဟုတ်တယ် .. ဦးလမ်း က ပေါလန်ကြီးရဲ့လူယုံလို ဖြစ်နေပြီ"

"ဘာကွ .."

"ဒေါသမထွက်ပါနဲ့ .. ကျွန်တော်တို့လည်း စုံစမ်းနေတာပဲ၊ ပြိုင်ဘက်တွေလိုနေခဲ့ကြပေမယ့် ဦးလမ်း က ချွေတ်ကြီးပါ၊ ဘာမှရှိတာ မဟုတ်ဘူး၊ ပေါလန်ကြီးနဲ့ အဆက်အသွယ်ရှိတာတွေလည်း ရိပ်မိတဲ့လူတွေ ရှိတာပဲ၊ အခုဖြစ်သွားတဲ့ကိစ္စက ဦးလမ်း ဆိုရင်တောင် လူယုံသတ်လို့ သေရတယ်ဆိုတာ သဘာဝကျသေးတယ်"

ခပ်ဝဝ ထိပ်ပြောင်လူကြီးက ဦးသိန်းသန်း နဲ့ မတိမ်းမယိမ်းလောက်ပါ၊ ဒါပေမယ့် ဘယ်တုန်းကမှ မလေးမစား မပြောဝံ့ခဲ့ပေ။

ခုကျတော့ အံတကြိတ်ကြိတ် စိုက်ကြည့်နေသည့် ဦးသိန်းသန်း မျက်လုံးတွေကို တည့်တည့်ပြန်ကြည့်ကာ ...

"ဇ နဲ့ ပူးပေါင်းတယ်ဆိုတာက ဘယ်လိုမှ ယုံနိုင်စရာမရှိဘူး"

"အဲဒီတော့ မင်းတို့ အခု ဘယ်လိုဆန္ဒရှိသလဲ"

ဦးသိန်းသန်း က စိန်ခေါ်စကားနှင့် ပိတ်ပစ်လိုက်သည်။ သူတို့တစ်ယောက်နဲ့တစ်ယောက် လှမ်းကြည့်လိုက်ကြကာ ...





"ဒီလိုပါပဲ .. ဇ ကို ရှာဖို့ရော .. ဇ တကယ်ဟုတ်နေရင်ရော ကျွန်တော်တို့က ဇ နဲ့ယှဉ်ရဲတဲ့လူတွေမှ မဟုတ်တာ၊ သူ့ကိုရှာဖို့ဖြစ်ဖြစ် .. သူ့ဆီက ပြန်ရဖို့ပဲရှိရှိ ပေါလန်ကြီးကပဲ တာဝန်ယူပေးပါ"

"အကြာကြီး မစောင့်နိုင်တာလည်း ထည့်ပြော .."

"ဟုတ်တယ် .. မဖြစ်နိုင်ဘူးဆိုရင်တော့ ကျွန်တော်တို့က ကိုယ့်ရဲ့တွင်းပိုင်တွေဆီမှာပဲ ဝန်ခံတောင်းပန်ပြီး ဒီမှာ ဘယ်လိုပစ္စည်း အပ်နှံခဲ့တဲ့အကြောင်း တင်ပြဖို့ ဆုံးဖြတ်ထားခဲ့ကြတာ၊ ပေါလန်ကြီး ပြောသလိုပဲလေ .. ဒါက ခိုးရာပါပစ္စည်းတွေဆိုရင် သူ့ပိုင်ရှင်တွေက သူတို့ပစ္စည်းရှိတဲ့နောက်ကို လိုက်လာကြမှာပဲ"

"လူမဘာတ်ပေမယ့် လက်ဖက်ထုပ်တော့ တတ်သေးတယ်"

တစ်ယောက်တစ်ခွန်း ဂရုမစိုက်စွာပြောသံတွေ ထိန်းမရဖြစ်လာကာ ဦးသိန်းသန်း မျက်နှာကြီး သွေးထွက်မတတ် နီရဲလာ၏။

ကြောင်မရှိလို့ ကြွက်တွေသောင်းကျန်းတာမျိုးဆိုတာကို တွေးမိတော့ မာနကြောင့် သွေးပွက်ပွက်ဆူ၏။

ဇ ရှိနေလျှင် ဇ နဲ့ သူ့အဖွဲ့ကို ရှိန်သည်။ တခြားလုပ်ငန်းသမားတွေကလည်း တော်ရုံဆို နယ်ကျော်ပြီး မလိုက်တတ်ပေ ..။

ဒီလိုလူတွေလည်း တုတ်တုတ်တောင် လှုပ်ရဲခဲ့တာ မဟုတ်။ ဒီအဖြစ်ကို လက်မခံနိုင်ပေမယ့် စိတ်က ဒါကိုပဲ ချက်ချင်းတွေးမိကာ နေရာမှ ဆတ်ခနဲ ထရပ်မိသည်။

"ငါ့ရဲ့သိက္ခာကို ဒီလောက်ထိ ပုတ်ခတ် ရိုတ်စားသွားတဲ့ကောင်ကို မင်းတို့အားလုံးရှေ့ ဆွဲခေါ်ပြမယ် .. နှစ်ရက်ပဲ စောင့်"

"မစောင့်ရဘူး ပေါလန်ကြီး .. ကျွန်တော် ရောက်နေပါပြီ"

"ဟင်!..."

"ဇ .."

"ကိုဇ .."



www.burmeseclassic.com

www.burmeseclassic.com



အသီးသီး လှည့်ကြည့်ကာ ထရပ်တဲ့သူက ရပ်၊ တအံ့တသြ ခေါ်တဲ့သူက ခေါ် ...။ ဇ က ဘယ်ကိုမှမကြည့်ဘဲ အထဲကို ခြေသုံးလှမ်းလောက် ဝင်လာပြီးမှ ရပ်သည်။

မြင်နေကျလို သူ့ကိုယ်ပေါ်မှာ ဓားလွယ်ချိုင်းပြတ်အကျီလည်း မပါ။ ဘယ်ဘက်လက်မှာလည်း ပတ်တီးနဲ့ဖြစ်၏။

ထိုစဉ် အိမ်ထဲ ဘယ်နေရာကနေ ထွက်လာကြမှန်း မသိသော ဦးသိန်းသန်း ၏ လူတွေက ဇ နဲ့မလှမ်းမကမ်းမှာ ဝိုင်းပတ်ထားပြီးသား။

အားလုံးမှာ တုတ်တို၊ ဓားတိုတွေနှင့်ဖြစ်လျက် လှေကားရင်းမှာပဲ ခပ်မိန့်မိန့်ရပ်နေသူက နှစ်လုံးပြူးပြောင်းရှည်ကြီးကို ချိန်ထားပြီးသား အသင့် ...။ မြင်ကွင်းအားလုံးကို တစ်ပတ်ဝေ့ကြည့်လိုက်တာနှင့် ဇ နှုတ်ခမ်းမှာ ပြုံးရိပ်ထင်၏။

"ကျွန်တော့်အိမ် ကျွန်တော်ပြန်လာတာ ကြိုဆိုပုံက ရင့်ပျှချေလား ပေါလန်ကြီး"

"မင်းကို အများနည်းတူ ပေါလန်ကြီးလို့ပဲ ခေါ်စေခဲ့တာကိုက မင်း တစ်နေ့နေ့မှာ ငါ့ကို တစိမ်းဆန်စွာ လုပ်သွားမှာပဲဆိုတာ တွက်မိလို့လေ .. မင်းလည်း အများထဲက အများပဲ"

ဦးသိန်းသန်း က အေးစက်စက်ပြော၍ စားပွဲနဲ့ကုလားထိုင်ကြားကနေ ထွက်လျှောက်လာသည်။ ဒါပေမယ့် ဇ နဲ့ အလှမ်းကွာသည့်နေရာမှာပဲ ရပ်လိုက်ပြီး ...

"မင်းကိုယ်မင်း ဘယ်ဘဝရောက်နေမှန်းသိရင် ဒီနေရာကို ခုလိုလာဖို့ မသင့်ဘူးဆိုတာ တွေးမိရဲ့လား"

"ပေါလန်ကြီး .. အလိုရှိနေသေးလို့ပါ"

တစ်ယောက်က အေးစက်တင်းပြတ်နေသလောက် ဇ မျက်နှာက ဆွေးရိပ်ထင်လျက် ...

"ခု ရှင်းပြရမယ့်ပြဿနာမှာ ကျွန်တော် ရှိရမှာမို့လား"





"ဒါဖြင့် သူတို့ပစ္စည်းတွေကို မင်း ပြန်ပေးဖို့ ဆုံးဖြတ်ပြီးပြီပေါ့"

"ပြန်ပေးရအောင် ကျွန်တော် ယူတာမှမဟုတ်တာ၊ ဘယ်သူ့ဆီမှာလဲဆိုတာ ပြမလို့ လာတာ"

"ငါ့ကို မင်း ပြဖို့မလိုဘူး ဇ၊ အခုလို ခေါင်းတိုးဝက်ဝင် ပြေးလွှားစားသောက်နေရတဲ့ မင်းရဲ့လွတ်မြောက်ခွင့်အတွက် ဒီကလူတွေနဲ့ ရဲတွေကိုပဲ မင်း ပြလိုက် .."

ဇ ခေါင်းခါသည်။ ဘာမှမပြောဘဲ သေနတ်သမားနဲ့ဘေးမှာ ဝိုင်းရံနေသည့်လူတွေကို မျက်လုံးတစ်ချက် ဝေ့၏။

ဦးသိန်းသန်း က ဇ မျက်လုံးတွေကို အစိမ့်ဟာယ်တစ်မျိုးဖွင့်ကာ အောင်နိုင်သူလို ပြုံးလိုက်ပြီး ...

"မင်းအတွက် နောက်ထပ် ဝမ်တိန်ရှိဦးမယ်လို့များ မျှော်လင့်နေသေးလား၊ ဒီတစ်ခါ ငါ့ရဲ့ဂုဏ်သိက္ခာအတွက် .."

"ဟုတ်ပါတယ် .. ပေါလန်ကြီးရဲ့ဂုဏ်သိက္ခာအတွက်ပါ၊ ဒါပေမယ့် ဂရုစိုက်လောက်စရာ မဟုတ်တဲ့ ဒီပစ္စည်းတွေလောက်ကို ဘာဖြစ်လို့ ဖျောက်ဖျက်ပစ်တာလဲ၊ ဘာကြောင့် ကျွန်တော့်အပေါ် ပုံချတာလဲ၊ အဲဒါတွေကို ရှင်းပြစမ်းပါ"

"ဘာကွ .."

အားလုံးအကြည့်တွေ သူ့မျက်နှာဆီ ရောက်လာတော့ ဦးသိန်းသန်း တက်ခေါက်သည်။ သူ အတန်တန် ရှင်းပြနေတာကျတော့ ဘယ်သူကမှ ဒီကောင့်ကို တရားခံပါလို့ မယုံကြဘဲ ဒီစကားတစ်ခွန်းကိုပဲ ဒီကောင် ပြောလိုက်တာနှင့် မျက်လုံးတွေက ချက်ချင်း ...။

ရှူးခနဲ ပါးပျဉ်ထောင်လာသည့်ဒေါသကို ထိန်းချုပ်ဖို့ ခက်ခဲလျက် လက်တစ်ဖက် မြှောက်ပြလိုက်၏။

ဇ ဒါကိုမြင်ပြီးသားမို့ ရုတ်တရက် ဘေးတိုက် ဖျတ်ခနဲ ရွေ့ကာ အနီးဆုံးလူကို ကိုယ်နဲ့ ပစ်တိုက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်း တုတ်ကိုလှယူပစ်လိုက်ရင်း အနားကပ်လာသည့်နှစ်ယောက်စလုံးကို တုတ်နှင့် ပတ်မွှေ့ပစ်သည်။

အလစ်ငိုက်ဖြစ်သွားသဖြင့် လူသုံးယောက် ထွေးခနဲ ပြိုကျသွားတဲ့အထိ လှုပ်ရှားဖို့ မေ့နေကြတုန်း။ ထို့ပြင် ဇ လက်ထဲက တန်းခနဲ ပြေးထွက်သွားသည့်တုတ်က ခြသေ့်ပုံကြေးရုပ်တု၏အောက်မေးဖျားမှာ ချိတ်ဆွဲထားသည့် လက်သီးဆုပ်နီးပါးရှိသော ကြေးလုံးကို ရိုက်ချသွားသဖြင့် မြည်သံကြီး ကျယ်လောင်သွားလေသည်။

တုတ်ရော ကြေးလုံးပါ လွင့်ပျံလာလျှင် သေနတ်သမား ပြူးကြောင်သွား၏။ တုတ်က သူ့ပခုံးတစ်ဖက်ကို ဦးတည်လျက် ကြေးလုံးက သေနတ်ကိုင်လက်ကို ကျကျနန ရိုက်ချသွားရာ ..

"ဘုန်း .."

"အား .."

"ဒိုင်း .."

ပစ်တော့ပစ်ချလိုက်ပေမယ့် လက်ထဲမှာ ခလုတ်မမိလိုက်ဘဲ သေနတ်က ကြမ်းခင်းပေါ်ထောင်လျက် ပစ်ကျသွားသည်။

ဒိုင်းခနဲ မြည်သံနှင့်အတူ မျက်နှာကြက်မှာ အလှချိတ်ဆွဲထားသည့် ရောင်စုံဖန်လုံးကြီး ချွမ်းခနဲပေါက်ကွဲ၍ ဖန်ကွဲစတွေ အစိတ်စိတ်အမြွာမြွာ မိုးရွာသလို ပြန့်ကျလာကြ၏။

"ဟာ!..."

"နောက်ဆုတ် .."

အားလုံး ရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်ကြသည်။ ဒီကောင် လက်ရောခြေရော မြန်တာကို သိပါလျက်နှင့် သူ့ကိုယ်မှာ ဓားတွေမပါခဲ့ခြင်းကြောင့် တစ်ချက်လေး လျှော့တွက်လိုက်မိတာ ဖြစ်၏။

ဦးသိန်းသန်း တက်ခေါက်ကာ သေနတ်နေရာကို ပြေးတောက်သည်။ ဖန်ကွဲစထိထားသဖြင့် နားတစ်ဖက်မှာ သွေးချင်းချင်းနီလျက်





ဒီဘက်ပခုံးမှာ လက်ညှိုးလောက် ဖန်ကွဲစတစ်ခုက စိုက်လျက်သားမို့ သွေးတွေ မြင်လို့မကောင်း ..။ ဒေါသနှင့် နာကျင်မှုက ဟန်ဆောင်ကာကွယ်ဖို့ကို သတိမရတော့ဘဲ သေနတ်ကောက်လိုက်ပြီး မောင်းဆွဲချိန်ကာ ဒီဘက်ပြန်အလှည့် ...

"ဒီလောက်ထိ ကျွန်တော်တို့ ဖြစ်ဖို့မလိုပါဘူး ပေါလန်ကြီး"

"မင်း .."

သေနတ်ပြောင်းကို ဖမ်းဆုပ်ပြီး ဇ က တစ်ဖက်လွှဲလိုက်သည်။ ဒီတစ်ခါ ပြောင်းဝနဲ့တည့်တည့်မှာ နံရံကပ်လျှပ်စစ်ငါးကန်ကြီးမို့ ဦးသိန်းသန်း ခလုတ်ပေါ်တင်ထားသည့်လက်ကို ပြန်ဖယ်သည်။

"မင်းလို ကျေးစူးကန်းတဲ့ မိမ်စစ် ဖမစစ်ကောင်ကို ဒါနဲ့ပဲ ဖြေရှင်းရမှာကွ .. မတန်မရာတွေ လာပြောမနေနဲ့"

ဦးသိန်းသန်း သေနတ်ကို အတင်းပြန်ဆွဲရင်း ဇ ကို ခြေထောက်နဲ့ လှမ်းကန်သည်။ ဇ ဂရုမစိုက်ပါ။ သေနတ်ကိုင်ထားရင်း ခြေလှမ်းတွေ အသာရွှေ့ ဖယ်ရှောင်သည်။ ဦးသိန်းသန်း မျက်နှာကို စူးစိုက်ကြည့်နေသော မျက်လုံးတွေမှာသာ တရစ်ရစ် ရီဝေအေးခဲလာခဲ့လျက်...

"ကျွန်တော့်ကို ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ ပေါလန်ကြီး .. ပြောပါ"

"ဟွန်း .. တော်တော်တုံးတဲ့ကောင်"

စိတ်ထဲရှိတဲ့အတိုင်း တုတ်ထိုးအိုးပေါက် ပြောချလိုက်ဖို့ ကျကျနန မဲ့ပြုံးနှင့် ပါးစပ်ဖွင့်လိုက်ပြီးမှ ဖန်ကွဲစတွေရဲ့တစ်ဖက်မှာ ရှိနေကြသည့်လူတွေကို မျက်လုံးထောင့်ကပ်ကြည့်ကာ ...

"လူသတ်ရင် ထောင်ကျမှာပဲ၊ မင်း အဆိပ်ခတ်ပြီး ကားမှောက်သလို လိမ်ညာလုပ်ကြံတာ သက်သေတွေ ခိုင်လုံပြီးသား"

"မခိုင်လုံပါဘူး"

ဇ မျက်နှာက တည်ငြိမ်နေပြန်ကာ သေနတ်ပြောင်းကိုကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



လျက်နှင့် အံကြိတ်သည်။

"ဦးလမ်း နဲ့ ဇော်ထက် က ကျွန်တော့်လက်ထဲမှာ .."

"ဘာ!..."

ဒီတစ်ခါ ဇ နှုတ်ခမ်းမဲ့ခွင့် ရသွားသည်။ ရှုံ့ချလှောင်ရယ်ခြင်းတော့ မဟုတ်ပေ။ နာကျင်မှုတွေ စွန်းထင်းနေသော မဲ့ပြုံး ...။

ဇော်ထက် ကို ထားခဲ့ပြီးမှ သူ သတိရခဲ့တာဖြစ်သည်။ ကိုယ့်ရဲ့ ဓားချက်မိသွားသည့်လူကို လိုက်ဖမ်းဖို့ထက် အကောင်းဆုံးသက်သေကိုသာ သူ ကာကွယ်ထားရမည့်မှန်း ခေါင်းထဲမှာ ဖျတ်ခနဲပေါ်လာတာနှင့် ချက်ချင်း ပြန်လှည့်ခဲ့သည်။

သူ ပြန်ရောက်လာတော့ ဇော်ထက် တစ်ယောက်တည်းရှိနေကာ အောင်ကို မရှိတော့ပေ။ မိုးလင်းမှ အောင်ကို လုပ်ကြံခံလိုက်ရမှန်း သတင်းရသည်။

တကယ်တော့ ဇော်ထက် နဲ့ လူမှားပြီး နှုတ်ပိတ်သွားတာဖြစ်၏။ ဇော်ထက် ဆီက သိရသမျှနှင့် ဦးလမ်း ကို သူ ခြေရာကောက်ပြီး ချက်ချင်းလိုက်ခဲ့၏။

သားဖြစ်သည့် လမ်းသစ်ကောင်း ကိုတော့ မတွေ့ခဲ့ပေ။

"ပြဿနာအားလုံးက အဖြေရှိနေပါပြီ၊ ပေါလန်ကြီး ကျွန်တော် မေးတာကို ဖြေပါ"

ဇ က မျက်နှာချင်းကပ်သော်လည်း ဦးသိန်းသန်း က ဟွန့်ခနဲ မဲ့သည်။ ဝင်လာကတည်းက ဇ လက်တစ်ဖက်ကဒဏ်ရာကိုရော လက်တစ်ဖက်တည်း အားစိုက်လှုပ်ရှားသွားတာကိုရော သူ မြင်ပြီးသား။

ထို့ကြောင့် သေနတ်ကို ဖိဆုပ်ထားသော ဇ ရဲ့ ဒဏ်ရာနှင့်လက်ကို အားနဲ့ရိုက်ထုတ်ပစ်လိုက်၏။

နာကျင်မှုကြောင့် သေနတ်ပြောင်းကို လွှတ်လိုက်ကာ ဇ ယိုင်ခနဲ ဖြစ်သွား၏။ ဦးသိန်းသန်း နောက်ဆုတ်၍ သေနတ်နဲ့ချိန်လိုက်လျှင်...





"သိန်းသန်း .. မင်း သေနတ်ချထားလိုက်ပါ"

ဦးပိုက်ထွေး ၏ တည်ငြိမ်ခန့်ညားသည့် တားဆီးသံ ပေါ်လာသည်။ ဧည့်ခန်းကျယ်ကြီးထဲက ဖန်ကွဲစတွေနှင့် သွေးစွန်းနေသော လူတချို့ ငေးပတ်ကြည့်ကာ ဦးပိုက်ထွေး က ရှေ့ပြန်လှည့်၍ ...

"မင်းနဲ့ငါ နှစ်ယောက်တည်း စကားပြောမယ် .. ကျေနပ်လား"

ဦးသိန်းသန်း မျက်လုံးကြီးပြူးကာ စကားတစ်ခွန်းမှ ပြန်မပြောပေ။ ရှိသမျှလူတွေကလည်း ဒီလူနှစ်ယောက် ဘယ်လိုပတ်သက်ကြမှန်းမသိသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွားခဲ့၏။

ဦးပိုက်ထွေး က ရှေ့ကိုတိုးလျှောက်လာရင်း ဖန်ကွဲစတွေ ထူခဲနေသည့်အစပ်မှာ ရပ်လိုက်ပြီး ...

"မကျေနပ်နိုင်ဘူးဆိုလည်း ငါတို့ ခု ပြောလို့ရတယ်၊ မင်း ဘာဖြစ်ချင်လဲ"

ဦးသိန်းသန်း တင်းကျပ်စွာဆုပ်ကိုင်ထားသည့်သေနတ်က လက်တွဲလောင်းကျသွားတဲ့အတိုင်း စိုက်ချပါသွား၏။

ပြီးတော့ တစ်ယောက်မျက်လုံးထဲကို တစ်ယောက် စိုက်ကြည့်နေကာ ဘယ်လိုအဓိပ္ပာယ်တွေနဲ့ ချိတ်ဆက် မေးမြန်းနေကြမှန်း မသိ။

ဇ ဒဏ်ရာနဲ့လက်ကို တစ်ဖက်နဲ့ကိုင်ထားရင်း မတ်မတ်ရပ်လိုက်စဉ် တံခါးဝမှာ ဇော်ထက် ရောက်လာတာကို မြင်လိုက်ရ၏။

လျှို့ဝှက်ကြံစည်ခဲ့သမျှ အရာအားလုံးတို့သည် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"ဒါ သူ့အတက် သူစူးတာပဲ"

တစ်သက်လုံး ဖုံးဖိဟန်ဆောင်ပြီး မုသာဝါဒတွေနဲ့ မွေးမြူခဲ့သည်။ ကြီးပြင်းလာလို့ အသိကြွယ်လာတော့လည်း မသိစေချင်တာတွေ မသိရအောင် အမှုတွေ အမျိုးမျိုးဆင်ကာ အဝေးကို လွှင့်ထွက်သွားအောင် ကြံစည်ခဲ့ပြန်သည်။

"မြို့က ရဲတွေခေါ်တဲ့အထိ အကျယ်ချဲ့ပစ်လိုက်တော့ ကိုယ့်ည်ပင်းကို ကြိုးကွင်းစွပ်သလို ဖြစ်သွားတာပေါ့၊ အရာအားလုံးကို ရှိန်အဝါနဲ့ ဖုံးဖိထားလို့ရမယ် ထင်နေတာ"

လုပ်ရပ်တွေ တဖြည်းဖြည်း တရားလွန်လာလွန်းလို့ ကိုယ်တိုင် ဖ်ထုတ်လိုက်ရပေမယ့် အစ်ကိုအရင်းဖြစ်နေသည့် သွေးသားဆက် ယ်မှုကြောင့် ဦးပိုက်ထွေး မျက်နှာတော့ မကောင်းပါ ..။

ထို့ပြင် ရက်မိသည့်စိတ်က ဇ ရှေ့မှာရှိနေရတာတောင် သိမ်ငယ် င်၏။





"ဒီအဖြစ်တွေကို မျိုးသိပ်ခဲ့မိတာ ငါ့မှာ အပြစ်ရှိပါတယ်၊ အကယ်၍ သိန်းသန်း ရဲ့ ညီရင်းဖြစ်နေတဲ့အတွက် မင်းစိတ်ထဲမှာ .."

"ကျွန်တော် ဘဘနဲ့ပတ်သက်တာကို တွေးနေတာ မဟုတ်ဘူး ဘဘ"

ပီကေဝါးနေပေမယ့် အရသာမသိသည့်မျက်နှာနှင့် ဇ နှုတ်ခမ်းတွေစေ့ကာ မေးနှစ်ဖက်မှာ တင်းခနဲ ဖြစ်သွားသည်။

"မိဘမဲ့သွားတဲ့ ကလေးတစ်ယောက်ကို စောင့်ရှောက်ပေးထားတယ်ဆိုရင်ပဲ ဒီကလေးနဲ့အတူ ပိုင်ဆိုင်သမျှကို သူတို့ပဲ ဆက်လက်ထိန်းသိမ်းသွားလို့ ရတယ်၊ ကျွန်တော်လည်း စည်းစိမ်ဥစ္စာကို လောဘဇောတိုက်နေတဲ့ကောင် မဟုတ်ဘူး၊ ဘာဖြစ်လို့ ဒီလိုလုပ်ဇာတ်တွေခင်းခဲ့တာလဲ၊ အဖေအရင်းရဲ့နာမည်ကို သူ့နာမည်လုပ်ပြီး ကျွန်တော့်ကို တကယ့်သားလို့ မွေးခဲ့တဲ့အတိုင်း တောက်လျှောက် လိမ်ညာခဲ့တာ"

မန္တလေးနဲ့ မူဆယ်မှာ စိန်တိုက်တွေဖွင့်ထားသမျှ 'သန်းကုဋေ' နာမည်တွေပဲမို့ ဇ ရဲ့ဖခင်ရင်းနာမည်ကို ဖျောက်ဖျက်ကာ သူ့နာမည်ကပဲ 'ဦးသန်းကုဋေ' လိုလို ..၊

ဦးရာမ နဲ့ ဦးဝေလု တို့ ညီအစ်ကိုက 'ဦးသန်းကုဋေ နဲ့ ဦးသိန်းသန်း' အဖြစ် နေရာ ကိုယ်စီယူခဲ့ကြသည်။

ညာခဲ့တာချင်းတူတာတောင် ဦးရာမ မသေဆုံးမီက တော်သေးသည်။ ဦးသန်းကုဋေ ရဲ့နာမည်ကို ယူခဲ့သလို ရှေ့လမ်းစဉ်အတိုင်း လုပ်ငန်းကို ဂရုစိုက်ခဲ့၏။ ဇ ကိုလည်း မွေးစားသားပေမယ့် နွေးထွေးစွာ ဆက်ဆံခဲ့သည်။

ငယ်ငယ်ရွယ်ရွယ်နှင့် ကံဆိုးမိုးမှောင်ကျခဲ့သော ဇ အတွက် ဖခင်ရင်းကိုလည်း သဲသဲကွဲကွဲ မမှတ်မိလိုက်မီမှာ ဆုံးရှုံးခဲ့ရသည်။

အရင်းအချာမဟုတ်ဘဲ ဂရုစိုက်နွေးထွေးခဲ့သည့် ဦးရာမ ကိုလည်း စောစီးစွာ ဆုံးရှုံးရပြန်သည်။ ရက်စက်မှုအပေါင်းနှင့် သရုပ်ဆောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်သူက ဦးသိန်းသန်း ..။

"မင်းလည်း ငါ့ကို သူများတွေခေါ်သလို ပေါလန်ကြီးလို့ပဲ ခေါ်ပါ၊ သူ့တူကျတော့ ဘယ်လိုလျှော့ပေါ့တွေးတာ ဘယ်လိုညှာတာနဲ့ ခွဲခြားမြင်လာကြရင် မကောင်းဘူး၊ ငါတို့ မျက်နှာချင်းဆိုင်ဖြစ်ကြတဲ့ အချိန်ထက် အလုပ်ထဲမှာ ရှိနေကြတာပဲများတာ အလုပ်သမားတွေ ခေါ်တဲ့အတိုင်းပဲ"တဲ့ ..။

သူ ဆယ်တန်းအောင်ပြီး ပြန်ရောက်သည့်နှစ်မှာ ဦးသိန်းသန်း စတင် စည်းတားခဲ့သည်။

ဦးသန်းကုဋေ တစ်ဖြစ်လဲ ဦးရာမ ဆုံးသွားသည့်နောက်ပိုင်းမှ စ၍ အလုပ်ထဲမှာ တိကျတာတွေ၊ အလျော်အစားတွေနဲ့ စတင်ရှုပ်ထွေးလာခဲ့ပြီး ရက်စက်ပြတ်သားမှုတွေ ပါလာတော့ ဇ နဲ့ မကြာခဏအချေအတင်တွေ ဖြစ်ခဲ့ရသည်။

"ငါ မွေးလို့ လူလားမြောက်ခဲ့ရတာ .. ငါ့ကို မင်း ဆရာကြီး မလုပ်နဲ့"

"ပေါလန်ကြီးရဲ့တူဆိုတဲ့ အရှိန်အဝါနဲ့ မင်း အရောင်ထွက်နေတာ တိုက်ခိုက် သတ်ဖြတ်ရဲနေလို့၊ မရဲတဲ့ကောင်တွေက ဆရာတင်ထားတာနဲ့ ငါ့ကို ပခုံးချင်းယှဉ်ချင်ကာလား"

"မိဘမဲ့ အခြေအနေမဲ့ဘဝနဲ့ ငါတို့သာမကယ်ခဲ့ရင် မင်း ခုလောက်ဆို အမှိုက်ပုံမှာ ထမင်းကြမ်းခဲ ကောက်စားနေရပြီ"

စသဖြင့် ရင့်သီးသောပစ်ခတ်မှုတွေနဲ့ ဦးသိန်းသန်း ရဲ့လှည့်ကွက်တွေက ပီပြင်လွန်းသည်။ ဇ ရဲ့အဖေအရင်း ရုတ်တရက် သေဆုံးသွားခဲ့ခြင်းကို ဖုံးဖိကာ ဖွားအေနဲ့ ဇ ကို အဆက်အသွယ်ဖြတ်ထားလိုက်သည်။

နဂိုကတည်းက သမက်အပေါ်မှာ မကျေနပ်ချက်ရှိနေသဖြင့် မြေးဖြစ်သူကို ပြန်မပို့ဘဲထားလိုက်တော့ စိတ်အနာကြီးနာကာ မြေးအဘွား သေတဲ့အထိ ပြန်မဆုံကြော့ပေ ..။





အဘွားနဲ့အနေများကာ ဖအေနဲ့စိမ်းသက်ခဲ့သည့် ကလေး တစ်ယောက်၏ဖြူစင်မှုကို ဦးရာမ တို့ ညီအစ်ကိုတွေက ကောင်းကောင်း အသုံးချခဲ့၏။ ထို့ကြောင့် ဇ သည်...

ဟိုလိုလို ဒီလိုလိုဘဝထဲမှာ နေလာခဲ့ရင်း မိဘနှစ်ပါး၏ ဇာတိ ဇစ်မြစ်တွေအကုန် နောက်ထပ် ဘာဆိုဘာမှ သိခွင့်မရတော့ပေ ..။

"မင်းကို ဘွားအေနဲ့ထားပြီး မင်းအဖေက ဖြစ်ချင်တိုင်းဖြစ်နေတာ၊ ရှိတာလေးတွေ မွဲပြောင်ပြာကျပြီး သေစရိတ်တောင် မကျန်ဘူး" လို့ ပြောခဲ့သေးသည်။

တရေးရေး တွေးနေမိကာ ဇ အံတကြိတ်ကြိတ် ဖြစ်နေခဲ့၏။ နာကြည်းနေမိတာက လူတွေကိုမဟုတ်ဘဲ အလိမ်ခံနေရသည့် ကိုယ့်ကိုယ်ကိုယ်ပဲ ဖြစ်သည်။

ကိုယ့်အနာဂတ်ကိုလည်း တွေးမပူ၊ မိဘတွေရဲ့အတိတ်ကိုလည်း တစ်စက်ကလေးမှ စိုးရိမ်ကြောင့်ကြမဖြစ်ခဲ့ဘဲ တစိမ်းလူတွေ မောင်းနှင်ခဲ့တဲ့အတိုင်း ဖြောင့်ဖြောင့်တန်းတန်း သွားနေခဲ့သည်။

ကိုယ့်ဘဝကို ကယ်တင်ခဲ့တဲ့လူတွေအဖြစ်ထက် ပိုပြီး သံသယစိတ်နည်းနည်းလေးမှ မဝင်ခဲ့တဲ့အပြင် လိုလားခြင်း၊ မလိုလားခြင်းတွေ ခံစားမိလာရင်တောင် ကျေးဇူးတရားနဲ့ ဖြေဖျောက်ခဲ့၏။

ဦးပိုက်ထွေး ကတော့ ဇ ခံစားနေရတာ သိလေ အရှက်ရသည့် မျက်နှာနှင့် တွင်တွင်တောင်းပန်နေလျက် ...

"ငါ့ကိုလည်း မင်း မုန်းသင့်ပါတယ် လူလေးရယ်၊ သူဌေးအိမ်မှာ ပထမဆုံးလူယုံအဖြစ် နေရာရထားခဲ့တာက ငါပါ၊ အရမ်းတော်တဲ့ လူတစ်ယောက်ကို အားကျအထင်ကြီးရင်း အဲဒီမိသားစုရဲ့လစ်ကွက် ဟာကွက်တွေကို သူတို့မေးသမျှ ငါ ပြောခဲ့တာ၊ စိုင်ကော်လို့ ချုပ်ရောက်သလိုမျိုး၊ ချက်ချင်း သူဌေးဖြစ်မယ့်ကိန်းဆိုတာကို ပြောဘတက်ခဲ့တယ်၊ သူဌေးနေရာကိုရရင် သူဌေးလို အောင်မြင်မှုတွေရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကြည်သိုလေစားသမှုတွေ ခသောင်းလာမယ်ဆိုပြီးတော့ ..."

ဦးပိုက်ထွေး အသံတွေ တုန်ခါလာ၏။ သူ့ရင်ထဲမှာ တကယ်တမ်းလိုချင်တပ်မက်ခဲ့တာက စိန်ရွှေရတနာတွေ မဟုတ်ပါ၊ သူဌေး ဦးသန်းကုဋေ ၏ အောင်မြင်တည်ကြည်မှုတွေကို မစားရဝခမန်း မျိုသိပ်အားကျနေခဲ့ခြင်းသာ။

ဦးရာမ တို့ကတော့ နဂိုကတည်းက တောထဲမှာကျက်စားနေခဲ့ကြသည့် ပျောက်ကျားမားပြတွေမို့ ကိုယ့်ဘဝကို မရောင့်ရဲနိုင်သမျှအကွက်ကောင်းကိုပဲ စောင့်နေခဲ့ကြသည်။

ညီအစ်ကိုဖြစ်ပြီး တကွဲတပြားစီမှာ ကြီးပြင်းခဲ့ကြသည့် ညီအငယ်ဆုံး ဦးပိုက်ထွေး ကိုလည်း ဘယ်ရောက်နေသည် ဘာလုပ်နေသည်ဆိုတာ ထူးခြားစိတ်ဝင်စားခဲ့တာ မရှိ။

သူဌေး ဦးသန်းကုဋေ ၏ ကျော်ကြားမှုနှင့်အတူ ညီဖြစ်တဲ့သူရှိနေတာကို သိလိုက်ရမှ အကြံကြီး ကြံလာကြတာ ဖြစ်သည်။

ဦးသန်းကုဋေ ကို ကြံစည်နေတုန်း သူ့ရောဂါနဲ့သူ ရုတ်တရက်ဆုံးသွားလိုက်လျှင် ညီအစ်ကိုဝမ်းကွဲတွေပုံစံနှင့် ဖြန်းခနဲ နေရာဝင်ယူလိုက်ကြ၏။

ဇ ကိုတော့ ကိုယ့်တူလေး အားငယ်သွားမှာစိုးလို့ ဖအေ ဆုံးပါးသွားတာကိုမပြောဘဲ သူကိုယ်တိုင်ပဲ သူဌေးကြီး ဦးသန်းကုဋေ အဖြစ်သရုပ်ဆောင်နေရသလိုလို၊ အားလုံးက ကြံစည်ခဲ့တဲ့အတိုင်း ကွက်တိအောင်မြင်ခဲ့သည်။

ဦးပိုက်ထွေး က သူတို့ရဲ့ညီအငယ်ဆုံးဆိုတာကိုတော့ လူသိမခံခဲ့ပေ။ ကလေးနဲ့ရင်းနှီးဆုံးလူမို့ ကလေးထိန်းဖို့ အနားမှာထားတာမျိုး။

အဖြစ်တစ်ခုဟာ ကြာလာတော့လည်း ဒီအဖြစ် မှန်လား၊ မမှန်ဘူးလားဆိုတာ ဘယ်သူမှ ခွဲခြမ်းဆင်ခြင်ဖို့ သတိမရကြတော့ပါ။

တူဆိုတာလည်း ဟုတ်သည်၊ ဘာမှမတော်ဘူးဆိုတာလည်း ဟုတ်





သည်၊ ဘာက အမှန်တရားမှန်း မသိ ..။ ဆိုဆုံးမ မကောင်းလို့ တမင်ခွဲပြောတာလိုလို၊ တကယ်လိုလိုမှာ အမှန်တရား ပျောက်ကွယ်ခဲ့သည်။

ဦးပိုက်ထွေး က ပြောပြီးသားတွေကိုပဲ နောင်တရသလို အထပ်ထပ် ရေရွတ်ပြောနေရင်း ကြမ်းခင်းပေါ်မှာ ဒီတိုင်း ငုတ်တုတ်ထိုင်ကာ လက်ကဒဏ်ရာကို ပတ်တီးဖြေနေသည့် ဇ ကို လှည့်ကြည့်၍ ...

"ငါ တောက်လျှောက် သံသယဖြစ်ခဲ့တဲ့အမှုကို သူ အဖမ်းခံရတော့မှ ခေါင်းညိတ် ဝန်ခံသွားတယ်၊ အဲဒါ နောင်တရလို့ မဟုတ်ဘူး၊ ငါ့ကို ကြိမ်းသွားတာ"

သူ မသိသေးသည့်အကြောင်းမို့ ဇ မျက်နှာမှော့လာ၏။ ပီကေရှိနေသည့်နှုတ်ခမ်းတို့ကို မဖွင့်ဘဲ အံကြိတ်ဝါးရင်း ဦးပိုက်ထွေး မျက်နှာကို ကြည့်နေသည်။

"ရာမ ကို သူ သတ်ပစ်တာ"

"ဟင် .."

လှုပ်ရှားနေသည့်လက်က ပတ်တီးဖြေနေတာ မကုန်သေးဘဲ တုံ့ခနဲ ရပ်သည်။ ထိုအခါ ဇ ၏ စူးစိုက်မှုတွေအကုန်လုံး ဦးပိုက်ထွေး ထံမှာသာ ဖြစ်ခဲ့လျက် ...

"အဲဒါ တကယ်လား ဘဘ"

"တစ်သက်လုံး သူ ဝန်မခံခဲ့ဘူးလေ၊ ဒါပေမယ့် ငါ့ဘက်က သေချာတယ်လို့ ယုံကြည်လိုက်တာနဲ့ ငါ သူနဲ့ လမ်းခွဲခဲ့တယ်၊ အဝေးကြီးကို ထွက်မသွားနိုင်တာက .."

ဦးပိုက်ထွေး ဇ ကို စိုက်ကြည့်လိုက်ကာ ...

"လူလေးကြောင့်ပါ"

မျက်နှာပြင်တစ်ခုလုံးသည် တိမ်ညိုဖုံးသွားခဲ့သည့် လမင်းလို့ ဖွဲ့မှိုင်းညိုမှောင်သွားခဲ့ပြီး ...

"အစက ညီအစ်ကိုတွေပေမယ့် သူ့ရဲ့စိတ် ဒီလောက်ထိ တစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကောင်းဆန်နေမယ်လို့ မထင်ခဲ့ဘူး၊ ရာမ က ချမ်းသာချင်တာ မှန်တယ်၊ မတရားသဖြင့် သူများနေရာကိုဝင်ယူပြီး လူမမယ်ကလေး တစ်ယောက်အပေါ်မှာ ရက်စက်ခဲ့တာလည်း မှန်တယ်၊ ဒါပေမယ့် မေတ္တာစိတ်လေး နည်းနည်းတော့ ရှိပါတယ်၊ သူလိုချင်တာ ရပြီးတဲ့ နောက်မှာ လူလေးရဲ့အဖေနာမည်ကို ယူထားခဲ့တဲ့အတိုင်း သူ့လမ်းစဉ် အတိုင်းပဲ သမာသမတ်ကျကျ လုပ်ခဲ့တယ်၊ လူလေးကို မကြင်နာပေ မယ့်လည်း မတရားသဖြင့် မရက်စက်ခဲ့ဘူး၊ 'ကလေးက မသိပေမယ့် ဒါ သူ့ပစ္စည်းတွေ' ဆိုတဲ့စကားလည်း ပြောဖူးတာပဲ၊ ကိုသိန်း က မရ ဘူး၊ ရာမ ကို အမြဲတမ်း ခနဲ့တယ်၊ ဓားပြလုပ်စားလာပြီး ပုတီးကိုင်ဖို့ ကြိုးစားတာကို ရယ်ချင်တယ်ဆိုတဲ့ ပြက်ရယ်ပြုခြင်းမျိုးပေါ့"

ဦးရာမ ကတော့ မကောင်းတာကို လုပ်ခဲ့ကြပေမယ့် မကောင်း ဘူးဆိုတာကို သိသည်။ လူကောင်းဖြစ်ချင်တာမျိုးမဟုတ်ဘဲ ဦးသန်း ကုဋေ အဖြစ် ရပ်တည်လိုက်ကာမှ မကောင်းမှုရဲ့မှောင်မိုက်မှုနဲ့ယှဉ်ပြီး တကယ့်အလင်းရောင်ကို တပ်မက်သွားတာမျိုး ...။

ညီအစ်ကိုသုံးယောက် ရှိခဲ့ပြီး တစ်ယောက်က ငယ်ငယ်တည်းက တစ်နေရာမှာဖြစ်ကာ နှစ်ယောက်ကလည်း အခြေမလှ အနေမလှနှင့် တောနဲ့ရွာ ကူးလူးရင်း ဘဝကို ကြုံသလို ရှက်လှွင့်လာခဲ့ကြတာ လူဆိုး ဓားပြတွေ ဖြစ်ကုန်တဲ့အထိ။

ထိုအခါ အကြီးနဲ့အငယ် ရှိသေကိုင်းရှိုင်းမှုဆိုတာလည်း ဘာမှန်း မသိတော့လောက်အောင် ကြင်နာရကောင်းမှန်းလည်း မသိကြ။

စပြီး နေရာယူလိုက်ကတည်းက ဦးသန်းကုဋေ က ဦးရာမ ဖြစ်ခဲ့ တာမို့ မပြောသာသော်လည်း အလုပ်သမားတွေအတွက် ဖေဇာပေး ခြင်းအလုပ်တွေပေါ် ဦးဝေလု က အနည်းငယ်မျှပင် နှစ်မြို့ခဲ့ခြင်းမရှိ။

ထို့ကြောင့် ဦးရာမ က အပြုသမားဖြစ်လာကာ သူက အဖျက် သမား ဖြစ်လာ၏။ စေနိုင်သူ ကို ဇရိုက် အဖြစ် ပြောင်းလဲစေခဲ့တာ





လည်း သူပဲ ဖြစ်သည်။

ဘယ်အလုပ်ကိုဖြစ်ဖြစ် စိတ်ဝင်တစားလုပ်တတ်ကာ အတတ် ပညာတွေတစ်ခုခုမှာ စူးစိုက်မှတ်သားတတ်သည့် ဇ ရဲ့ဗီဇကိုက တိုက် ခိုက် အနိုင်လုရမှာ ပိုပြီး ပျော်မွေ့သည်။

'ဒီကောင်လေး ဇ ရှိတယ်' လို့ ဦးရာမ က မကြာခဏ ပြောတတ် ခဲ့ရင်း 'ဇ ရှိတဲ့ကောင်' 'ဟိတ်ကောင်' စသဖြင့် ဦးဝေလု ခေါ်သည့် နာမည်ပြောင်တွေမှာ ဇရိုက် အဖြစ် အမည်တွင်သွားခဲ့၏။

ဇ ကိုယ်တိုင် သူ့နာမည် 'စေနိုင်သူ' မှန်းတောင် သတိရသေးရဲ့ လား မသိ ...။ ဦးပိုက်ထွေး သည် အတိတ်နဲ့ယှဉ်ကာ ဝန်ခံရင်း ရှင်းပြ ရင်းနှင့် သက်ပြင်းရှည်ကြီး ချလိုက်ကာ ...

"တကယ်ဆိုရင် သူဌေးကြီး ဦးသန်းကုဋေ ဟာ မြို့ပေါ်မှာပဲ စိန်တိုက်တွေကို ဦးစီးပြီး ဒီလိုနေရာကို ကိုယ်တိုင်အခြေချဖို့ ရောက် မလာခဲ့ရင် ဒီဖြစ်ရပ်တွေ ဖြစ်ခဲ့မှာမဟုတ်ဘူး၊ သူက သေမယ့်နှစ်ကျမှ ဒီကိုရောက်လာတယ်၊ ငါ့ရဲ့ညီအစ်ကိုတွေက သူဌေးဖြစ်ချင်လို့ အကွက် ချောင်းနေတုန်း သူဌေးနဲ့အတူ ရှိနေတဲ့ ငါ့ကို ခုတုံးလုပ်ပြီး ကံကြမ္မာ ကို ပြောင်းပြန်လှန်ကြတယ်၊ ကျန်ခဲ့တဲ့ လူလေးရဲ့ကံကြမ္မာ ဆိုးရွားခဲ့ရ တာ တရားခံက ငါပါ"

"ဒါတွေကို အထပ်ထပ် ရေရွတ်မနေပါနဲ့ ဘဘရယ်၊ နောက် ကြောင်းပြန်ကြည့်ပြီး နောင်တတွေနဲ့ အရူးရင့်နေတာ ဘယ်သူ့မှာမှ အကျိုးမရှိပါဘူး၊ သုံးယောက် ကျူးလွန်ခဲ့ကြတာမှန်ပေမယ့် ဘဘ ကျွန်တော့်အတွက် ပြန်ပြီး ပေးဆပ်ခဲ့တာတွေလည်း အများကြီးပဲ၊ ဘဘနဲ့ပတ်သက်ပြီး ကျွန်တော့်စိတ်ထဲမှာ ဘာမှမရှိဘူး၊ လိပ်ပြာသန့် သန့်နဲ့ နေပါ"

ဦးပိုက်ထွေး မျက်နှာမှာ ပီတိပြုံးတို့ လွှမ်းခြုံသွားခဲ့သည်။ ပြီး တော့ ခေါင်းညိတ်နေရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"လေမ်း နဲ့ ပေါင်းလိုက်ကတည်းက သဲအိမ်ဆောက်ထားတဲ့ ခြေထောက်တစ်ဖက်ကို သူ ပြန်နုတ်လိုက်သလိုဖြစ်သွားခဲ့တာ၊ ငွေကြေးအရှိန်အဝါနဲ့ ပစ်ပေါက်ခိုင်းစေထားတဲ့ သူ့လူတွေရဲ့ရင်ထဲမှာ လူလေးရဲ့ သန့်စင်တဲ့စေတနာမေတ္တာတွေ စူးနစ်နေခဲ့တော့ လူကို အရုပ်လို ငြိမ်ငြိမ်သက်သက် ဟန်ဆောင်ခိုင်းလို့မရသလိုပေါ့၊ ခံစားတတ်တဲ့ အသွေးအသားကို နာကျင်အောင် လုပ်လိုက်တာနဲ့ အရုပ်လို ဘယ်နေနိုင်တော့မလဲ၊ လူကို သူခိုင်းလို့ ရချင်ရမယ်၊ ခံစားတတ်တဲ့ နှလုံးသားကို ချုပ်ကိုင်လို့ မရဘူး"

ဇ နဲ့ တစ်ခါပဲ မျက်နှာချင်းဆိုင်လိုက်မိတာနှင့် ကောက်ကွေ့လိမ်ညာမှုတွေကို အကုန်လုံး ခဝါချ ဒူးထောက်ခဲ့သည့် ဖော်ထက်အဖြစ်ကို ဦးပိုက်ထွေး ရည်ရွယ်ပြီး ပြောနေတာ ဖြစ်သည်။

"တကယ်တော့ သူ့ရဲ့ပေးဆပ်ချိန်တန်ခဲ့ပြီလို့ပဲ ပြောရမှာပါ၊ ပညာမဲ့ပီပီ အတွေးတိမ်တာတွေက ကိုယ့်လည်ပင်းကို ကြိုးကွင်းစွပ်အောင် လုပ်သွားတာပဲ"

နောက်ဆုံးစကားကို ဖြတ်လိုက်ပြီး သက်ပြင်းချသည်။ ပြီးမှ...

"သူ့ကြောင့် ပျက်စီးသွားခဲ့တဲ့ မိုးကောင်းကစိန်တိုက်ကို လူလေး ပြန်လိုက်ချင်သေးလား"

"ကြာခဲ့ပြီပဲ ဘဘရယ်.. ဘာမှထူးမှာမှမဟုတ်ဘဲ၊ မန္တလေးမှာ.."

"ဟုတ်တယ် .. လုပ်ငန်းမှတ်ပုံတင်မှာ သူဌေး ဦးသန်းကုဋေအစစ်ရဲ့မှတ်ပုံတင်ဖြစ်နေတဲ့အတွက် အဲဒါကို သူ မထိရဲခဲ့ဘူး၊ လူလေးကို ဘဘ ပြောချင်တာက ဒီတောထဲမှာ ငါတို့တွေက တောပုန်းဓားပြမဟုတ်ဘဲ လူကြမ်းလို နေရတယ်၊ တုတ်ဓားလက်နက်တွေနဲ့တိုက်ခိုက်ရတာတွေလည်း ရှိတယ်၊ ကျောက်တူးသမားတွေရဲ့ဘဝကို စာနာ ကာကွယ်ပေးကြမယ်ဆိုတာလည်း တကယ်တော့ အပြစ်မကင်းဘူးကွ၊ အန္တရာယ်လည်း များပါတယ်၊ အစက သူဌေးနေသလို မြို့မှာပဲနေပြီး





အလုပ်တွေကို လွှယံနဲ့ပဲ လူလေး အုပ်ချုပ်စေချင်တယ်၊ သတ္တဝါတစ်ခုကံတစ်ခုပါကွာ .. ဘယ်သူ့ကိုမှ ကိုယ်နဲ့ရင်းပြီး ပူမနေပါနဲ့၊ အများကောင်းဖို့ မင်းလုပ်ခဲ့တာတွေ အများကြီးပဲ၊ ခုကစပြီး ကိုယ်ကောင်းဖို့ကြိုးစားပါ၊ မြို့ပေါ်မှာပဲ ကိုယ့်လုပ်ငန်းကိုယ် တခမ်းတနားနေရင် မင်း သူများထက် အောင်မြင်မှာ"

ဦးပိုက်ထွေး က အရှိန်မပြေချင်သေးသည့် ဇ လက်ကဒဏ်ရာကို စိုက်ကြည့်နေရင်း ...

"ကျောက်မျက်ရတနာကို မင်း အရည်ကျိုသောက်လို့ ရအောင် ကျွမ်းကျင်နေပြီ၊ ဒီလုပ်ငန်းကိုပဲ ကိုယ်လုပ်နေမယ် .. ဘာလိုသေးလဲ"

ပြောနေရင်း နောက်ဖေးမှာ ရေချိုးနေသည့် ဖွေး ဆီကို နားစွင့်လိုက်ကာ ...

"ဖွေး ကို မင်း လိုက်ပို့ရင်းနဲ့ မန္တလေးစိန်တိုက်ကို ဝင်ခဲ့ပါ၊ အားလုံး ကိုယ့်ခြေကိုယ့်လက် မင်းစိတ်တိုင်းကျ ပြင်ခဲ့၊ ဘဘ ပြောချင်တာက ဒီလိုပါ၊ မင်း ဒီလုပ်ငန်းတွေကို လူလွှဲနဲ့ထားခဲ့လို့ရတဲ့အထိ ရင်းနှီးနေဦးမယ်ဆိုရင်လည်း .."

"ကျွန်တော် ဒီမှာပဲနေမှာ"

"ဟင်!..."

"စိန်တိုက်မှာ ဘဘ သွားနေပါ"

ဦးပိုက်ထွေး က ဇ ကို စူးစိုက်ကြည့်နေရင်း ဖြည်းလေးစွာ ခေါင်းခါလျက် ...

"အတွေးမမှားနဲ့ လူလေး၊ လူဆိုတာ ကိုယ့်ဘဝကိုယ် မြင့်သထက်မြင့်မားအောင် ကြိုးစားရတာ၊ မှောင်မိုက်နေရာကနေ အလင်းရောင်ဆီကို ထိုးခွင်းမသွားဘဲ အမှောင်ထဲမှာပဲ မင်း ရပ်နေမလို့လား"

"ဒါ အမှောင်မဟုတ်ပါဘူး ဘဘရာ .. သဘာဝငြိမ်းချမ်းမှုတွေပါ၊ ကျွန်တော် ဒီတောဒီဝန်းကျင်မှာပဲ ကြီးပြင်းခဲ့ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး လူလေး .. မင်းက ရွှေအိမ်စံနဲ့ကြီးပြင်းရမယ့် မင်းသားတစ်ပါးပါ၊ ဒီနေရာဟာ ဒုစရိုက်လောကတစ်ခု မဟုတ်ရင်သာ ရှိတယ်၊ ပြိုးပြက်လက်နေတဲ့ရတနာတွေကြားမှာ ဝိသမလောဘတွေနဲ့ယှဉ်ပြီး ကောက်ကွေ့ဖြတ်သန်းနေကြတာ၊ သူဌေးကြီးကိုယ်တိုင် ဒီနေရာမှာ ကိုယ်တိုင်ကြပ်မတ် ဦးစီးမယ်လို့ ရောက်လာကာမှ နောက်ပိုင်းမှာ ဘာတွေဖြစ်ပျက် ဆုံးရှုံးခဲ့ရသလဲ၊ သူသာ တစ်နေရာရာကနေ မင်းကိုမြင်နေမယ်ဆိုရင်လည်း အရမ်းကို နှောင်တရနေမှာပဲ လူလေး၊ ဒီနေရာမှာ မင်း ယုံကြည်ရတဲ့တပည့်တွေ ရှိတာပဲ၊ မင်း ဖြစ်စေချင်တယ်ဆိုရင် ဘဘလည်း ရှိနေပါ့မယ်၊ မြို့မှာပဲ ကိုယ့်ဘဝကို သာယာစိုပြည်အောင် လုပ်ပါကွာ .. ဟိုမှာ ဝေလု ရဲ့ဇနီး စိန်တိုက်မှာရှိနေလိမ့်မယ်၊ သူက တစ်ရွာတစ်ကျီဆောက်သလို ရှုပ်ပွေထားဘာတွေလည်း ရှိတော့ အဲဒါတွေကို မင်းပဲ ရှင်းရမှာ"

စိန်တိုက်ကို မကြာခဏရောက်ဖြစ်ပေမယ့် ခဏတစ်ဖြုတ်သာ ခိုင်းလိုက်တာကို ပေးယူဆောင်ရွက်ပြီးတာနဲ့ ပြန်လှည့်လာတာတွေပဲ ဖြစ်သည်။

ဆိုင်မှာရှိတဲ့သူတွေ ဘယ်လိုလူတွေလဲ၊ ဘာရာထူးတွေနဲ့လဲ သူ ဘာကိုမှ မစပ်စုခဲ့ပေ။ အထူးသဖြင့် အနှောင့်အသွားမလွတ် ပြောတတ်သည့် ပေါလန်ကြီး၏မျက်လုံးတွေနဲ့ စကားအမိပ္ပာယ်တွေကို မလိုချင်။

"မင်းကျွမ်းကျင်တဲ့ စိန်တွေ ပတ္တမြားတွေက မြေကြီးတွေ ထုတက်ဖုံးနေတဲ့ မြေစိုင်ခဲထဲက အရောက်တောက်တောက် ကျောက်ပွင့်တွေကွ .. ရတနာမဟုတ်သေးဘူး၊ အရောင်တက်အောင် ပုံဖော်ထုဆစ်လိုက်မှ သူ့ရဲ့ပင်ကိုအရည်အသွေးပေါ်ပြီး ရတနာဖြစ်လာတာ၊ စိန်တိုက်မှာ ပြိုးပြက်လက်နေတဲ့ရတနာတွေကို မင်း ကြာကြာကြည့်နေရင် စိတ်ခိုင်ဖို့ မသေချာလောက်ဘူး"

တုံ့ပြန်ဖို့ ခက်ခဲသွားလောက်အောင် ဤသို့ တိုက်ရိုက်ရှုံ့ချတာ





တွေလည်း သူ ခံခဲ့ရဖူးသည်။

"'ကြာကြာဝါးမယ့်သွား အရိုးကြည့်ရှောင်'တဲ့၊ ငါက မင်းကို တစ်သက်လုံး ငါ့မျက်စိအောက်မှာပဲ ရှိသွားစေချင်လို့ပါ၊ အချိန်တန်ရင် ငါက မွေးစားသား ဘာမှရမှာမဟုတ်ဘူးဆိုတဲ့ စိတ်ရိုင်းတွေ ဝင်လာပြီး မင်း ဖောက်ပြန်သွားရင်တောင် ကြားလို့ကောင်းတယ်၊ ငါက အပြစ်ရှိရင် ခွင့်မလွှတ်တတ်တဲ့သူဆိုတော့ မင်းကိုခွင့်မလွှတ်လို့ ကန်ထုတ်လိုက်ရင် ဘာမှမတော်လို့ တစိမ်းပီပီ ရက်စက်တယ်လို့ ပြောချင်ပြောကြမှာ၊ အဲဒါကြောင့် 'ချစ်တုန်း မုန်းစကားပြော'တာမျိုးပေါ့၊ စိန်တိုက်ကို ငါ မခိုင်းဘဲ မင်း ဝင်စရာမလိုဘူး၊ ငါ့လုပ်ငန်း ငါ့ပစ္စည်း မင်း ဘာမှမစပ်စုပါနဲ့ .. မင်းအတွက် ပြောတာ"တဲ့။

ဒီလိုဆက်ဆံလာတဲ့အထိ သူ ဘာလို့သည်းခံနေခဲ့တာလဲ၊ ကိုယ့်ကိုယ်ကိုယ် ပြန်တွေးကြည့်လိုက်တော့ တစ်ကောင်ကြွက် အထီးကျန်ဆိုသည့်ဘဝမှာ ပေါလန်ကြီးကိုပဲ သူ့မိဘလို သဘောထားနေခဲ့မိတာ ဖြစ်သည်။

ငါ့ဦးလေးဆိုတဲ့ နွေးထွေးမှုဟာ သူဌေးရဲ့တူ ဖြစ်ခွင့်ရခြင်းကို လိုချင်တာမဟုတ်မှန်းလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်ပြီး လိပ်ပြာသန့်ခဲ့သည်။ ဒါတွေဟာ တကယ်တော့ ..၊

"ဘဘပြောတာ ကြားရဲ့လား လူလေး .."

"ဟုတ်ကဲ့ .."

"အေး .. မင်းရဲ့မိဘတွေနဲ့ပတ်သက်တဲ့ စာရွက်စာတမ်းတချို့နဲ့ မျိုးဆက်တွေသာ ပိုင်ဆိုင်ခွင့်ရှိတဲ့ ဘိုးဘွားပိုင် အမွေစစ်စစ်တွေကို မင်းဘဝ သက်သေခံအဖြစ်ရှိနေအောင် ဘဘ သေချာထိန်းသိမ်းစောင့်ရှောက်ထားတာတွေလည်း မင်းကို ပေးမယ်"

"ဟင်!..."

ဓ တအံ့တသြဖြစ်သွားသည်။ ဦးပိုက်ထွေး က သူ့ကိုယ်သူ ဂုဏ်



www.burmeseclassic.com

www.burmeseclassic.com



ယူနေသော ခန့်ညားသည့်အပြုံးနှင့် ...

"ညီအစ်ကိုပေမယ့် ငါက ဂုဏ်သရေရှိ လူတော်လူကောင်းတွေနဲ့ အနေကြာလာတဲ့သူ၊ လူမိုက်တွေထက်တော့ သာပါတယ်ကွာ"

ပြောပြီး ဟွန်းခနဲ မဲ့၏။

"သူ့ဖို့ကိုယ့်ဖို့ဆိုတာ ရှိတယ်၊ ကိုယ့်ဖို့ချည်း ကြည့်တတ်တဲ့လူတွေမှန်း သိနေသားနဲ့ ငါက ကိုယ့်အတွက်ကျန်အောင် မချန်တတ်ရင် သူတို့ထက်မိုက်မဲရာကျမှာပေါ့၊ စိန်တိုက်ကြီးတွေကိုပဲ မဲခြေတင်နေတဲ့ သူတို့က အမွေအနှစ်ဆိုတာကို ဘာသိမှာလဲ၊ သူတို့ဝင်လာတော့မယ် ဆိုကတည်းက ဘဘ ဘာတွေပြင်ဆင်ထားရမယ်ဆိုတာ သိတယ်၊ ကိုယ့် ဘယ်လိုပဲမှုတဖို့ ကြိုးစားကြိုးစား အငယ်ဆုံးညီဖြစ်နေတည်းက ရှုံးပြီးသား၊ နောက်ပြီး သူတို့က နှစ်ယောက်၊ မကောင်းတဲ့စိတ်လေး ခဏလေးဖြစ်လိုက်မိတဲ့အတွက် ကျေးဇူးကန်းခဲ့မိပေမယ့် သူတို့ ကြံစည်တိုင်း ဖျက်ပစ်နိုင်ဖို့လည်း ကြိုးစားခဲ့ပါတယ်"

ဦးပိုက်ထွေး ပါးစပ်က မဟုတ်ပေမယ့် ဓ ကို စိုက်ကြည့်ရင်း မျက်လုံးများနှင့် တောင်းပန်လျက် ...

"သူ့လုပ်ရပ်တွေ အားလုံးကို ငါ သိကြောင်း ပြောပြီး ဒီနေရာမှာ အေးချမ်းစွာနေခွင့်ရဖို့အတွက် အပေးအယူတွေ လုပ်ခဲ့တယ်၊ ဒါတွေကို တမင်မဖော်ဘဲနေတာက လူလေး ကိုယ့်မိဘရဲ့လက်ငုတ်လက်ရင်းတွေကို ဆုံးရှုံးလိုက်ရမှာစိုးလို့ပါ၊ ဝေလု က နားလည်တာမဟုတ်ဘဲ တပည့်တွေမွေးပြီး လူမိုက်လုပ်နေတာ"

"အဲဒါတွေ ထားလိုက်ပါတော့ ဘဘရယ်.. ပြီးသွားတဲ့ထဲမှာ ဘာတွေကုန်သွားသွား သူ စားထိုက်လို့စားသွားတယ်လို့ပဲ မှတ်ပါတယ်"

"ကောင်းတယ် .. မင်း ပြတ်သားတဲ့ကောင်လေးမှန်း ဘဘက နားလည်ပါတယ်၊ မင်းအမေဘက်က အဘွားဆုံးတော့ မင်းအတွက် အမွေတွေအားလုံး ရှေ့နေနဲ့လွှဲပေးခဲ့တယ်၊ မင်း မန္တလေးကိုသွားတဲ့





အခါ အဲဒီရှေ့နေနဲ့ ဆက်သွယ်ရမယ်၊ သူ့ကို မင်းနဲ့ ခုမှပေးတွေ့ရတာက .."

"ကျွန်တော် နားလည်ပါပြီ၊ ဘဘ ကျွန်တော့်အတွက် ဒီလောက်ထိ စောင့်ရှောက်ထိန်းသိမ်းပေးခဲ့တာ နည်းတဲ့ကျေးဇူးတွေမှ မဟုတ်ဘဲ ဘဘရယ် .. ပြီးခဲ့တာတွေအတွက် အပြစ်လို့ မခံစားပါနဲ့၊ ဘဘက ကျွန်တော့်ရဲ့ကျေးဇူးရှင်၊ နောက်လည်း မိဘနေရာမှာပဲ ရှိနေရမယ့်သူပါ"

"သာဓုပါ လူလေးရယ် .."

နောက်ဆုံး သာဓုသံက အဖျားဆွတ်မှာ တုန်ခါသွားခဲ့၏။

"ဘဘ .. ဖွေး ကို သတင်းစာကြော်ငြာ ပြပြီးပြီလား"

"မပြမိဘူး၊ မင်းကလည်း ပြလိုက်ပါလို့ မပြောတော့၊ စိတ်တွေလည်းရှုပ်နေတာနဲ့ မင်းပေးတဲ့အတိုင်း အိတ်နဲ့ပဲ ချိတ်လျက်သား ရှိသေးတယ်"

"ဟုတ် .."

သူ နေရာမှထသည်။ ဘဝမှာဖြတ်သန်းခဲ့သမျှ ကောင်းနိုးရာရာတွေကိုပဲ သူ့အတွက် ကိုယ့်အတွက် ဖြည့်ဆည်းချင်သော်လည်း ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

သမီးလေး ဖွေး ..
သမီးကို ဒက်ဒီတို့ အားလုံးခွင့်လွှတ်တယ်
ရောက်တဲ့နေရာက အမြန်ဆုံး ဆက်သွယ်ပါ
စိုးရိမ်ပူပန်စွာ စောင့်မျှော်နေကြသည်။

ဒက်ဒီနဲ့ ကိုကြီး
(MMP Co.,LTD)

ကြော်ငြာကို အထပ်ထပ်ဖတ်မိရင်း ဝမ်းနည်းတမ်းတစိတ်တွေ လှိုက်ခနဲ ဖြစ်သွားမိသည်။ ဘာကိုခွင့်လွှတ်တာလဲ၊ ချစ်သူနဲ့ ခိုးရာလိုက်ပြေးခဲ့တာကိုလား ..။

ကိုယ့်ကိုယ်ကိုယ် ရှက်သည့်စိတ်က မျက်ရည်တွေကို ဖိတ်ခေါ်လိုက်သလိုပင်။

ချစ်တဲ့သူနဲ့ပဲ ပေါင်းဖက်ပါရစေဆိုလျှင် ဘယ်လိုအိမ်ထောင်ဖက်မျိုးဖြစ်စေ ဒက်ဒီတို့ ခွင့်လွှတ်ဖို့ ကြိုးစားကြမှာပဲဆိုတာ ဖွေး မသိဘဲနေမလား ..။





ကိုယ့်မိဘအကြောင်း သိလို့လည်း သူမ ဒီလူကိုရွေးချယ်ကာ ဒီလမ်းကိုလျှောက်ခဲ့မိတာ ဖြစ်သည်။

ချစ်ခင်နားလည်ကြတဲ့ ဒက်ဒီနဲ့ ကိုကြီးတို့ရဲ့ မေတ္တာစေတနာတွေကို အခွင့်အရေးယူခဲ့မိလို့ မေတ္တာစူးခဲ့သည်လား..။ ခွင့်လွှတ်ပါသည်ဆိုတာတောင် ဘယ်လိုပြန်ရမှန်း မသိ ..။

ချစ်သူဆိုတာ ဘယ်မှာလဲ ..၊ ခိုးရာလိုက်ပြေးတယ်ဆိုတာ ဘယ်သူနဲ့လဲ .. သူမမှာ တောင်းပန်စရာလည်း မရှိ၊ ဘာအတွက် ဝန်ချရမှန်းလည်း မသိပေ။ အပြစ်တော့ အပြစ်ပဲဖြစ်ကာ သူမ ကျူးလွန်ခဲ့သည့် အပြစ်ဟာ ဘယ်လိုပြစ်မှုမြောက်ခဲ့သလဲဆိုတာ မသိ ..။ တစ်ယောက်တည်း ရှုပ်ထွေးနေတုန်း လှည့်ကြည့်လိုက်တော့ ဇ မရှိတော့ပါ။

သတင်းစာလာပေးပြီး မလှမ်းမကမ်းမှာ ထိုင်နေသည်ထင်ပေမယ့် တန်းလှည့်ထွက်သွားသည် ထင်၏။ ဖွေး သတင်းစာကိုပိတ်၍ ခေါက်ချိုးလေးကိုင်ကာ အိမ်နောက်ကနေ ရှေ့ကို ပတ်ထွက်လာခဲ့သည်။

ဦးပိုက်ထွေး က ထုံးစံအတိုင်း ထန်းလုံးခွက်ကြီးတွေထဲ ရေဖြည့်နေ၏။ ဒီမြင်ကွင်းကို မမြင်ရတာတောင် သုံးလေးရက်လောက်ရှိပြီထင်သည်။

ဇ နဲ့ ဦးလမ်း တို့ ရှုပ်ထွေးသည့်အဖြစ်အပျက်တွေကြားမှာ ဘာဘလည်း ရောယောင်ပါနေကာ ခုတော့ အားလုံးပြီးသွားပါပြီ။

သူတို့ပြောနေတာတွေ တချို့တလေကို ကြားမိပေမယ့် လျှို့ဝှက်ပြဿနာတွေရှိနေတာ သိထားသဖြင့် ဖွေး ခပ်ဝေးဝေးမှာပဲ ရှောင်နေပေးခဲ့သည်။ ထို့ကြောင့် အားလုံးပြီးဆုံးသွားပြီဆိုတာသိပေမယ့် အလုံးစုံကိုတော့ မသိပေ ..။

"ဘာဘ .."

"ဟေ .."

"ကိုဇ အပြင်ထွက်သွားလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ထွက်လာတာ မတွေ့ပါဘူး၊ နောက်ဖေးမှာ ညည်းတို့ စကားပြောနေတာ မဟုတ်ဘူးလား"

"သူ မရှိဘူး"

ဦးပိုက်ထွေး က စိတ်ခွဲထားသည့် နီးဝါးလောင်းတွေကို ပွေ့ကာ ရေဖြည့်ထားသည့်ထန်းလုံးခွက်တွေထဲ စီစီရီရီ လိုက်ထည့်ရင်း ...

"ဒါဆို နောက်တောထဲ ဝင်သွားတာဖြစ်မယ်၊ လူလေးမျက်နှာ သိပ်မကောင်းဘူး၊ လက်ကဒဏ်ရာအရှိန်တက်နေတယ် ထင်တယ်၊ တော်ရုံဖြစ်ရင်လည်း နာဟယ် ကျင်တယ် ဘယ်တော့မှမညည်းတော့ ခက်တယ်"

ဖွေး က သတင်းစာကို အိမ်ရှေ့ကပြင်ပေါ်မှာ လှမ်းတင်ထားလိုက်ပြီး ...

"ဖွေး လိုက်သွားမယ်နော် ဘာဘ"

"သွားလေ .. စမ်းချောင်းနားမှ မတွေ့ရင်တော့ လိုက်ရှာမနေနဲ့နော်၊ တောထဲရောက်သွားလိမ့်မယ်"

ဦးပိုက်ထွေး က ပြောပြီးသားလမ်းကို ထပ်ပြောပြသည်။ ပျားတုပ်ခံရပြီးကတည်းက တောစပ်ကိုတောင် ဖွေး မသွားခဲ့တော့ပေ။

ဒါပေမယ့် တည်သလိုတင်းသလိုဖြစ်နေသည့် ဇ မျက်နှာကို အကဲခတ်မိနေလျက်နှင့် စကားပြောခွင့်မကြုံတော့ ပြောလို့ရအောင် သူမပဲ ကြိုးစားခဲ့ရ၏။

မိသားစုအရေးတွေလား .. အလုပ်ကိစ္စကြောင့်လား၊ ဒါမှမဟုတ် ကိုယ်နဲ့ပတ်သက်နေသည်လား။ မသက်ဆိုင်သူတွေထဲမှာ ခိုကပ်နေရသည့်ဘဝမို့ သူတို့တွေ မျက်နှာမကြည်လင်တော့ နေစရာမရှိ ဖြစ်ရတာက သူမသာ။ ပြီးတော့ ခုနကပဲ ပြောသွားသေးသည်။

"ဒီထဲမှာ မင်းအတွက် ကြော်ငြာပါတယ်၊ အရမ်းအလုပ်ရှုပ်နေလို့ မပေးဖြစ်တာ နှစ်ရက်ရှိပြီ၊ တမင်မပေးတာ မဟုတ်ဘူးနော် .. ဖတ်





ပြီးရင် မင်းပြန်ချင်တဲ့အချိန် ပြော .."တဲ့။

သေရေးရှင်ရေးနဲ့ လုံးထွေးပြီး မအားလ ကြတာကို သူမ မြင်နေသားနဲ့ တမင်မပေးဘဲထားတာလို့ ဘယ်သ ထင်မှာလဲ ..။

ဒါကိုထည့်ပြောသွားခြင်းဟာ အထင် မှာ စိုးတာလား၊ 'အခုငါအလုပ်အားပြီ မင်း ပြန်ဖို့စဉ်းစား' လို့ ပြောလိုက်တာလား၊ ဒီလိုမဟုတ်ဘူးဆိုရင်လည်း အစက ကိုယ်တိုင်ပြန်ပို့မယ့်လို့ ပြောထားပေမယ့် အခု ကျန်းမာရေး အိမ်တွင်းရေးတွေ ရှုပ်ထွေးနေလို့ ပြန်မပို့ချင်တော့တဲ့အကြောင်း ပြောရခက်နေသည်လား ..။

ဖွေး ဘာတွေးတွေး အဖြေလည်းမရဘဲ သူ့ကိုတွေ့ဖို့ ခြေလှမ်းပိုသွက်လာ၏။ ဒီတစ်ခါ သတိထားရမှာမို့ သွားနေရင်းနဲ့ ဆံပင်တွေကို အကျီကော်လံ ဘဲ စုသိမ်းထည့်လိုက် ၏။ စမ်းချောင်းကို မမြင်ရမီ အကြီးအသေးတွေ စုပုံနေသည့် ကျောက်တုံးပုံပေါ်မှာ သူ့ကိုလှမ်းမြင်လိုက်ရ၏။

ဆွယ်တာလက်ရှည်အနက်ပေါ်မှာ ရှားရင့်ရောင် ဂျင်းဂျက်ကက်ချိုင်းပြတ်ကို ထပ်ဝတ်ထားသည်။

ကျောပေးလျက်ပေမယ့် မီးခိုးဖြူတွေ လွင့်တက်နေသဖြင့် သူ စီးကရက်သောက်နေတာကို သိလိုက်၏။ သူ့ကိုမြင်လိုက်ကာမှ ခြေလှမ်းတွေ အလိုလိုနှေးသွားကာ ဖွဖွသာသာလေး လှမ်းဖြစ်သွားသော်လည်း သူ့နောက် မလှမ်းမကမ်းကို ရောက်တာနှင့် ...

"ဘာပြောစရာ အရေးကြီးလို့ လိုက်လာတာလဲ"

လှည့်မကြည့်ဘဲ မေးခွန်းတစ်ခု ထွက်လာ၏။ ဖွေး တုံ့ခနဲ ရပ်သွားမိပြီးမှ သူ့ဘေးကို ဆက်လျှောက်သွားကာ ...

"အရေးမကြီးရင် ရှင်နဲ့ စကားပြောခွင့် မရှိလို့လား"

ဇ ဖျတ်ခနဲ လှည့်ကြည့်သည်။ တောထဲမှာ ဘာမှပြင်ဆင်ချယ်သ မှုမပြုရပါဘဲ နဝင်းမွတ်နေသည့်မျက်နှာလေးက သူ့မျက် ထက်



www.burmeseclassic.com

www.burmeseclassic.com



မှာ ..၊ မျက်တောင်ထူထူလေးတွေကို မျက်နှာအောက်ကမြင်နေရတော့ ပိုလှသည်။ နှုတ်ခမ်းပြည့်ပြည့်လေးရဲ့အရိပ်က မေးဖျားလေးထက်မှာ အခွက်ကလေးထင်နေအောင် ဖူးရှုနေ၏။

နှုတ်ခမ်းသားတွေ ရဲနေစရာမလိုဘဲ ခြောက်သွေ့ခြင်းကင်းကာ နုအိတင်းပြည့်နေတာလေးကြောင့် သူမ ပိုလှပါသည်။

တစ်ယောက်ကိုတစ်ယောက် နီးကပ်စွာ ငေးနေမိကြပြီး မျက်နှာလွှဲဖို့လည်း မေ့နေကြ၏။ ဒါပေမယ့် ပါးစပ်ထဲမှာရှိနေသည့် ပီကေကို အံကြိတ်သလို ဖိဝါးလိုက်ရင်း သူပဲ မျက်ဝန်းတွေကို ပြန်ရုပ်သိမ်းကာ...

"မင်းနဲ့ပြောချင်ပါတယ်၊ ဒါပေမယ့် ခုချိန်မှာ မင်း ဘာပြောမလဲ ဆိုတာ ငါက သိပြီးသားဆိုတော့ .."

"ဖွေး ကို ပြန်ပို့ဖို့ ရှင် စဉ်းစားနေတာလား"

"အဲဒါကို မင်းပြောလေ .. မင်းဆန္ဒအတိုင်းပါ"

ပြောရင်း စမ်းချောင်းဘက်ကို လှည့်နေရာကနေ ဖွေး ရပ်နေသည့်ဘက်ကို ခြေထောက်တွေချပြီး လှည့်ထိုင်လိုက်သည်။ တစ်ဖက်ကို မြေပြင်မှာချလျှက် ခြေထောက်တစ်ဖက်က ကျောက်တုံးတစ်ခုပေါ် လှမ်းတင်ကာ စီးကရက်ကို စမ်းချောင်းထဲ တောက်ထုတ်လိုက်သည်။

"ရှုပ်နေတဲ့ပြဿနာတွေ ရှင်းသွားပြီ၊ ဒီချိန်ထိ မင်းကို စောင့်ခိုင်းခဲ့တာက .."

"သိပြီးသားတွေကို ထပ်ပြောမနေပါနဲ့တော့၊ အခု ဖွေး မေးမှာကို ရှင် အမှန်အတိုင်း ဖြေမလား"

"ဘာလဲ .."

"ဖွေး ကို ပြန်ပို့ချင်နေတာ ပြောရခက်နေတာလား .. ရှင်ကိုယ်တိုင် ပြန်ပို့ဖို့ အခက်အခဲဖြစ်နေတာ ပြောမထွက်လို့လား"

ဖွေး မျက်နှာကို သူ နောက်ထပ်တစ်ခါ မော့ကြည့်မိပြန်သည်။ လှလို့ငေးနေတာ မဟုတ်ဘဲ မျက်ဝန်းလေးတွေကိုပဲ စူးစိုက်ကြည့်ရင်း





နှုတ်ခမ်းမှာ ပြုံးရိပ်ထင်လျက် ...

"ခဏထိုင်ပါလား"

ဖွေး က ခဏကြည့်နေပြီးမှ သူ့ခြေထောက်တင်ထားသည့် ကျောက်တုံးအစွန်းမှာ ဝင်ထိုင်သည်။ ဇ ခြေထောက်ကို နောက်ထပ် ဆုတ်လိုက်ကာ ...

"ကိုယ် ဖြေရမလား"

တစ်ခါတစ်ခါ ကိုယ်လို့ပြောတတ်သည့် သူ့မျက်နှာကို ဖွေး က ဘေးတိုက်လေးကနေ မော့ကြည့်၏။ ပြီးတော့ ခေါင်းညိတ်ပြရင်း...

"ဖြေပါ .. အားမနာပါနဲ့"

"မင်းပြောတဲ့ပုံစံက မပြန်ချင်တဲ့ဧည့်သည်ကို အိမ်ရှင်က ပြန်စေချင်နေတာမျိုးဖြစ်သွားတယ် .. မင်းက မပြန်ချင်တဲ့ဧည့်သည်လား"

"ဟင်!..."

"အားမနာတမ်း ဖြေပါ"

ကိုယ့်စကားနဲ့ကိုယ် ပြန်ချည်သည်။ ဖွေး က မျက်နှာကို တင်းထားလိုက်ကာ ...

"ဘာကိုအားနာရမှာလဲ .. မပြန်ချင်ပါဘူးလို့ ဖြေရမှာကိုလား၊ ပြန်ချင်နေပါပြီလို့ ဖြေတာကိုလား"

"မင်းနဲ့ကိုယ် မေးခွန်းတွေပဲ ထပ်နေပြီ၊ ဘယ်သူကဖြေမှာလဲ"

"ဖွေး က စမေးတာ ရှင် ဖြေပေါ့"

"ဖြေလို့မရတာကို မေးလို့၊ မင်းကို ကိုယ်က ပြန်မေးရတာ"

စိတ်တိုသွားသည့် ဖွေး မျက်နှာလေးကို စိုက်ကြည့်ကာ တစ်ဖက်လှည့်သွားပြီးမှ ဇ ရယ်သည်။

"အနိုင်မခံ အရှုံးမပေး မင်းနဲ့ပြိုင်နေတာ မဟုတ်ဘူး၊ မင်း မေးတာ အဓိပ္ပာယ်မရှိလို့"

"ဘာ .. ဖွေး က အဓိပ္ပာယ်မရှိတာတွေ မေးနေတယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. အရမ်းလှပြီး ချစ်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက် အနားမှာရှိနေတာကို မြန်မြန်ပြန်သွားပါစေလို့ ဘယ်လိုကောင်က ဆုတောင်းနေမှာလဲ"

ပြောပြီးမှ လှည့်ကြည့်သည်။ လူတစ်ကိုယ်လုံးကို အနေ‌ေကာ်အောင်စူးစိုက်ငေ့ပတ်ကြည့်ပြီးမှ ...

"ဒါပေမယ့် .."

ဇ မျက်နှာ ပြန်လွှဲသွားသည်။

"မင်းဟာ ငါ့အတွက် နမ်းခွင့်မရှိတဲ့ပန်းပါ"

ဟိုမရောက် ဒီမရောက် စကားနှင့် သက်ပြင်းချလိုက်ပြီး ...

"ဒီနေရာကို ဧည့်သည်အဖြစ် မင်း ရောက်လာခဲ့ ဘပဲ၊ အချိန်တန်ရင် ပြန်မှာကို ငါ နားလည်တယ်၊ မင်းပြောသလို ပြန်ပို့ချင်နေတာမဟုတ်ပေမယ့် ငါ မင်းနဲ့မနေချင်တော့ဘူး .. ဆောရီးပါ"

ဇ နေရာမှထရပ်လိုက်ကာ အင်္ကျီကော်လံထဲရောက်နေသည့် ဖွေးရဲ့ဆံပင်တွေကို ငုံ့ကြည့်သည်။ နှုတ်ခမ်းမှာ မချိပြုံးတစ်ခု ဖြစ်သွားခဲ့ရင်း ...

"မင်း ပြန်ချင်နေတယ်ဆိုရင်လည်း နှုတ်ဆက်ရမှာ အားမနာဖို့ ငါပြောခဲ့တာ၊ ဘာသိချင်သေးလဲ"

ဖွေး က မော့မကြည့်ဘဲ ခေါင်းခါသည်။ ပြီးတော့ ထရပ်လိုက်လျှင် တောပန်းရနံ့လေးတွေကို သယ်ဆောင်လာသည့်လေက သူမရဲ့ စတက်ဆံပင်လေးတွေကို ပုတ်ခတ်ကျီစယ်သွား၏။

မျက်နှာပေါ်မှာ ဖြတ်သန်းနေသည့်ဆံစတို့ကို လက်နဲ့သပ်ချလိုက်တော့ အင်္ကျီထဲထည့်ထားသည့် ဆံစတချို့က မသေမသပ် ငြိပါလာကြ၏။

ထို့ကြောင့် ဆံပင်တွေအားလုံးကို အင်္ကျီအပြင်ကို ထုတ်ယူဖြန့်ချလိုက်သည်။ ခေါင်းကို ဘယ်ညာလွှဲ၍ လက်လေးတစ်ဖက်နဲ့ပါ သပ်ချ





လိုက်တာနှင့် ပခုံးအောက်မှာ ဇေ့ဝဲကျသွားသည့်ဆံစတွေက သေချာဖြီးသင်စရာမလိုဘဲ ပုံကျ လှပသွားသည်။

သူ့ရှေ့နီးနီးလေးမှာမို့ ဖွေး လှုပ်ရှားနေသမျှကို ဇ တိတ်ဆိတ်စွာကြည့်နေမိသည်။ ဇေ့ဝဲသွားသည့်ဆံပင်တွေဆီမှ မြို့မှာလို အကောင်းစားရှန်ပူနံ့ မရပေမယ့် သင်းပျံ့ပျံ့လေးရလိုက်သည့် မွှေးရနံ့က သူမရဲ့ ကိုယ်သင်းနံ့လေးပဲ ဖြစ်လိမ့်မည်။

ပြီးတော့ ယောက်ျားချင်းယှဉ်လိုက်တိုင်း များသောအားဖြင့် စီးမိုးနေတတ်သည့် သူ့ရှေ့မှာတောင် ဖွေး ရဲ့အရပ်က သူ့ပခုံးကိုမှီသည်။

နဖူးပြေပြေလေးနဲ့ မျက်ခုံးတန်းလေးက နေရာကျသည်။ ပေါ်ပေါ်လွင်လွင်ကြီးမဟုတ်ဘဲ စိုက်ကြည့်လိုက်တိုင်း မျက်တောင်လေးတွေ ထူနက်နေတာက မျက်ဝန်းပြာလေးတွေနဲ့ ပိုလှ၏။

အလှဆုံးက သူမရဲ့နှုတ်ခမ်း ...၊

ထိုဆီရောက်သွားတိုင်း သူ့အကြည့်တွေကို ရုပ်သိမ်းခံရမြဲဖြစ်ကာ ခုလည်း ဖျတ်ခနဲ မျက်နှာလွှဲမိလျက် လက်က မျက်နှာကိုပွတ်မိမလိုဖြစ်ပြီးမှ နဖူးကိုရောက်၏။

ပြီးတော့ ဆံပင်တွေထဲကနေ လည်ပင်းကို ဖိကိုင်ထားပြီးမှ ရပ်တန့်သွားသည်။ ဖွေး အပေါ်မှာ သူ့စိတ်တွေ လှုပ်ရှားတတ်နေပြီဆိုတာနားလည်လာလေ ရင်ထဲမှာ မွန်းကျပ်မိလေ ...။

ထူးဆန်းစွာ ဒါမှမဟုတ် အမှတ်တမဲ့ တွေ့ဆုံခြင်းဖြင့် အမျိုးမျိုးရင်ခုန်ခွင့် ရှိသည်။ ခုမြင်ခုချစ် ဆိုတာလည်း အချစ်မှာ ကန့်သတ်ချက်မရှိတာမို့ သဘာဝကျတာပင်။

အဆင့်အတန်း အနိမ့်အမြင့်၊ အသက်အပိုင်းအခြား ဘာတွေရှိနေနေ အချစ်နဲ့ အရာရာ ကျော်လွှားသွားနိုင်၏။ သူ့အဖြစ်ကတော့ ဘယ်လိုမှ ရှေ့ဆက်မတိုးသင့်တဲ့ ကန့်သတ်ချက်တွေနဲ့ အချစ်အတွက် မှင်နီတားပြီးသား ဖြစ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖွေးဖွေးဖြူ ဆိုသော် မိန်းမလှလေးက သူ့ရှေ့ကိုရောက်လာကတည်းက ချစ်သူရဲ့လက်တစ်ဖက်ကို ဆုပ်ဆွဲလျက် အရာရာကိုကျော်လွှားရင်ဆိုင်ဖို့ အချစ်နဲ့ခွန်အားတွေ အပြည့်။ ပေါင်းဖက်ခွင့်မရှိဘဲ ဆုံစည်းခဲ့ခြင်းတစ်ရပ်က မဖြစ်သင့်ဘဲ ဖြစ်ခဲ့သည်။

သူမကို ပိုင်ဆိုင်ခွင့်ရှိလာမှာ မဟုတ်ဘဲ မချစ်သင့်ဘဲ ချစ်ခဲ့မိ၏။ ဒီလောက်လှပသည့်မိန်းမလှလေးကို သူ့နားမှာမှ ဘာဖြစ်လို့ ထားရစ်ခဲ့တာလဲ။

ကံကြမ္မာက ရက်စက်တာလား၊ ဖူးစာရေးနတ်ကပဲ ခြေချော်လက်ချော် လွတ်ကျကျန်ရစ်တာလား။ သူ တစ်ဖက်လှည့် ငိုင်နေဆဲ ဖွေး ကလည်း သူ့ကိုမကြည့်ဘဲ ရှေ့ကနေ ဖြတ်လျှောက်သွားကာ ...

"သွားရအောင် .."

"နေဦးလေ .."

ဖွေး လက်ကလေးတစ်ဖက်ကို ဖျတ်ခနဲ ဖမ်းဆုပ်ထားလျက် ...

"ဘာမှမပြောဘူးလား"

"ပြောစရာမှ မရှိတာ"

ဖွေး က မျက်နှာကိုမကြည့်ဘဲ လက်ကိုပြန်ရုန်းသည်။ သူ အသာပြန်လွှတ်ပေးလိုက်ရင်း ...

"ကိုယ် စကားမှားသွားရင် ဆောရီးပါလို့ တောင်းပန်ခဲ့သားပဲ၊ မင်း ကိုယ့်ကို စိတ်ဆိုးသွားတာလား"

မျက်နှာလေးငုံ့ထားရင်း ခေါင်းခါသည်။ မျက်နှာမှာ နာကျင်မှုတွေဖြစ်နေမှာကို သူ မမြင်စေချင်ပါ။ အားမနာတမ်း ပြောခွင့်ရှိကြတာဟာ မိန်းမသားတွေဘက်က အခွင့်အရေးမှ မဟုတ်ဘဲ။

ပြောခွင့်မရှိတော့ပါဘူးဆိုပြီး သူပြောနေသည်။ ပြီးတော့ ဆောရီး ပြန်လုပ်သွား၏။ ကိုယ် အဲလိုပြောလိုက်ရင် ဖြစ်မလား ...။

ချစ်ခဲ့တာတွေပြောချင်သည်။ မုန်းခဲ့တာတွေလည်း ရင်ထဲမှာရှိ





နေ၏။ ဒါတွေကို အားမနာတမ်း ဘယ်လိုပြောမလဲ။ ဖွေး နှုတ်ခမ်းလေးမဲ့လာရင်း ပြုံးနိုင်အောင်ကြိုးစား၍ မျက်နှာမော့သည်။

"စိတ်ဆိုးစရာ မရှိပါဘူး၊ ရှင် အမှန်တွေပြောနေတာပဲဟာ"

သူ့စကားကိုပြန်ဖြေပြီး ခြေလှမ်းပြင်လိုက်တာနှင့် ဇ သူမရှေ့က ကာဆီးထားပြီးဖြစ်ကာ ...

"မင်း ခုရောက်လာတာ ဘာပြောမလို့လဲ"

"ပြန်ပို့နိုင်မလားလို့ပါ .. အားမနာဘဲပြောပါဆိုပေမယ့် ဖွေး ဘက်က တောင်းဆိုဖို့ မသင့်ဘူးထင်လို့"

ဇ မျက်နှာ တွေဝေငိုင်ကျသွားသည်။ ဒါပေမယ့် ချက်ချင်းခေါင်းညိတ်ကာ ...

"ကိုယ် ထင်ပါတယ်"

သူ မျက်နှာလွှဲ၍ ဆံပင်တွေ ခဏခဏဖိသပ်နေမိရင်း နောက်ဆုံးဆောင်းဘီအိတ်ထဲ လက်တွေရောက်သွားမှ လှုပ်ရှားနေသည့်စိတ်တို့သည်း ငြိမ်သက်သွားခဲ့ရကာ ...

"မင်းကို ပြန်ပို့မှာပါ၊ ဟိုရက်တွေတုန်းက မျိုးသိပ်နေပေးခဲ့တာကိုလည်း ကျေးဇူးတင်တယ်၊ မင်းအနေနဲ့ကြည့်တော့ တစိမ်းယောကျ်ားတွေကြားမှာ .."

"အဲဒါမျိုးတော့ မဟုတ်ဘူးထင်တယ် ကိုဇ"

ဖွေး မျက်နှာလေးက အကဲခတ်မလွယ်လောက်အောင် တည်ငြိမ်နေကာ ...

"ဖွေး ကို ရှင်နဲ့လိုက်ခဲ့ဖို့ ဘယ်သူကမှ တိုက်တွန်းခဲ့တာ မဟုတ်ဘူး၊ ဖွေး ကိုယ်တိုင် ယုံယုံကြည်ကြည်နဲ့ လိုက်ခဲ့တာပါ၊ ယုံကြည်ခဲ့တဲ့သူကို မယုံကြည်ရမှန်း သိခဲ့တဲ့နောက်မှာ ကိုဇ ကို ဖွေး မျက်လုံးစုံမှိတ်ပြီး ယုံကြည်လိုက်တာ၊ ဒါပေမယ့် ခုချိန်ထိ ဖွေး မမှားခဲ့သေးဘူး"

စူးစိုက်ကြည့်နေသည့် သူ့မျက်ဝန်းတွေကို ဖွေး က စိုက်ပြန်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ မျက်လွှာချကာ ...

"ရှင်တို့လူစုကြောင့် သူနဲ့ ဖွေး ရဲ့ အနာဂတ် ပျက်စီးသွားတယ်၊ တောထဲတောင်ထဲမှာ ဝုန်းခနဲရောက်လာကြပြီး သူ့ကို ဆွဲထုတ်သံယို လည်း နှိပ်စက်ကြသေးတယ်၊ ဒါပေမယ့် ဘယ်လိုညှဲ့သက်ခဲ့တဲ့စိတ် လည်းဆိုတာ မသိဘူး၊ ရှင့်ကို ဖွေး ယုံကြည်နေမိတယ်၊ လူဆိုးလို့ ထင်လိုက်တဲ့လူတွေထဲမှာ ရှင့်တို့ အတူတူပဲဆိုတာ သိလျက်နဲ့ ဖွေး အားကိုးတကြီး ပြေးကပ်လိုက်မိတဲ့အရိပ်ဟာ ရှင်ပဲ ဖြစ်နေတယ်"

ပြောတာတွေကိုနားထောင်ရင်း ပီကေဝါးလိုက်သည့် ခပ်ဖိဖိ နှုတ်ခမ်းတွေမှာ လွန့်ခနဲ တင်းခနဲဖြစ်သွားသည်မှလွဲ၍ ဇ ငြိမ်သက်စွာ ရှိနေခဲ့၏။

မျက်ဝန်းတို့သည် ကျဉ်းမြောင်းသွားလိုက်၊ လျော့ရဲသွားလိုက်နှင့် အမျိုးမျိုးသော ပြောင်းလဲခြင်းတွေ ရှိနေခဲ့ပြီး ...

"ကျေးဇူးတင်ပါတယ်"

"ဟင်!..."

"ယုံကြည်ထိုက်တဲ့လူလို့ သတ်မှတ်ခံရတဲ့အတွက်ပါ"

ဖွေး အကဲခတ်ပေမယ့် သူ့မျက်နှာထက်က တစ်စုံတစ်ရာသော ထိရှနာကျင်မှုကို အဖြေရှာမရဘဲ ဖြစ်နေ၏။

"မင်းရဲ့လူ မင်းဆီကို ပြန်လာဦးမယ် ထင်တယ်၊ သူ့အဖေဆီက သူ ထွက်သွားတာ၊ ဖြစ်နေတဲ့ပြဿနာနဲ့ မဆိုင်ဘူးလို့ပြောတယ်"

"ဆိုင်ဆိုင်မဆိုင်ဆိုင် အဲဒါ သူတို့အရှုပ်တွေပါ၊ ရှင် ကျွန်မကို သူ့ရဲ့သတင်း လာမပေးပါနဲ့၊ ဖြူဖွေးဖွေးဖြူ ဆိုတဲ့ မိုက်မဲတဲ့မိန်းမ တောထဲတောင်ထဲမှာ ယောကျ်ားတစ်ယောက်က လှည့်စားထားရစ် တယ်ဆိုတဲ့ အိပ်မက်ဆိုးကို မေ့ပျောက်ဖို့ ကျွန်မ ကြိုးစားနေတာ"

မင်း မမြင်သေးခင်တော့ မုန်းနိုင်မှာပါ။ သူမ မမြင်လိုက်သော မချိပြုံးတစ်ခု ဇ နှုတ်ခမ်းမှာ ဖြစ်သွားသည်။





"ခိုးပြေးလာပေမယ့် ကျွန်တော်တို့ လင်မယား မဖြစ်ကြသေးပါ ဘူး၊ ဒီကိစ္စနဲ့ သူ မဆိုင်ပါဘူးဗျာ၊ သူ့ကို ပြန်ပို့ပေးပါ"လို့ လမ်းသစ် ကောင်း တောင်းဆိုခဲ့သေးသည်။ ထိုစဉ်က ချစ်သူနဲ့သာ မခွဲမခွာနေလို သော၊ ထိုနေရာမှာ မကျန်ခဲ့ချင်သည့် နာကျင်ဆွေးမြည့်သော သူမ မျက်ဝန်းတွေကို သူ ခုထိ မြင်ယောင်နေဆဲ ...။

ရက်စက်လေခြင်းဆိုသည့် ရှက်ရွံ့နာကြည်းမှုတွေနဲ့ ဘာတွေ ပြောနေနေ တစ်ဖက်က ဝန်ချတောင်းပန်လာခဲ့ရင် မုန်းမေ့နိုင်မလား။

"ရှင် ပြုံးလိုက်တာလား ကိုဇ"

"အင်း .. မင်းကို လှောင်တာမဟုတ်ပါဘူး၊ ကိုယ့်ခံစားချက် သက်သက်ပါ"

ဘာဆိုင်လို့လဲ .. ဖွေး မျက်မှောင်လေး ကုတ်ထားဆဲ။

"တကယ်တော့ သူ့အကြောင်း မင်းကို သတင်းပေးချင်တာသက် သက် မဟုတ်ပါဘူး၊ ဦးလမ်း ရဲ့သားပေမယ့် ဦးလမ်း ရဲ့လမ်းစဉ်ကို သူ မလိုက်ဘူးဆိုရင် .."

"ကိုဇ .."

"ပြောတာ နားထောင်ပါဦး၊ သူ့အကြောင်းမဟုတ်ဘဲ ငါတို့ ဖြစ်ကြတဲ့ပြဿနာကိုတော့ မင်း သိထားသင့်တယ် မဟုတ်ဘူးလား၊ ဒါ မင်း ခုလိုဒုက္ခရောက်သွားရခြင်းရဲ့ အခြေခံပြဿနာ .."

"ဖွေး ကတော့ ဒါကြောင့် ဖွေး ဒုက္ခရောက်ခဲ့ရတယ်လို့ မထင်ပါ ဘူး၊ လက်မတင်လေး လွတ်မြောက်ခဲ့တာ"

မျက်ဝန်းလေးတွေမှာ နာကြည်းမုန်းတီးမှုတွေ ပြည့်သိပ်နေသည်။ ကိုက်ပစ်သည့်နှုတ်ခမ်းသားလေးတွေက အရောင်ရင့်သွားမှ ပိုလှ၏။

"ဖွေး ဒါကိုကြေကွဲနေတယ် ထင်လို့လား .. ဟွန်း .."

"ထားလိုက်ပါ .. သူ့ရဲ့အဖေနဲ့ ငါ့ဦးလေးအကြောင်းပဲ ပြောမယ်၊ ဦးလမ်း ကကွာ လုပ်ငန်းချင်းအပြိုင်အဆိုင်တွေ ထလုပ်တော့မလိုလို



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပေါလန်ကြီးနဲ့ အကျိုးတူ ပူးပေါင်းသွားတယ်၊ ဘယ်လောက်ထိ ရင်းနှီးခဲ့သလဲ၊ ဘာတွေတိုင်ပင်ထားသလဲဆိုတာ ဘယ်သူမှ ကြိုမသိခဲ့ဘူးလေ၊ တို့အလုပ်သမားတွေ အပ်ထားတဲ့ပစ္စည်းတွေရော၊ တခြားယုံကြည်လို့အပ်ထားတဲ့ ပစ္စည်းတွေရော သူ့ အလစ်သုတ်သွားလို့ ..”

“ဒါနဲ့ ပတ္တမြားတွေ ခိုးယူသွားသေးတယ်ဆို”

“အဲဒါတွေက အတိုက်အခံကိစ္စတွေဖြစ်နေတုန်း ဧည့်သည်တွေ ဆီကနေ ဖြတ်ထုတ်သွားတာပါ၊ ပြောရရင် အရှည်ကြီးပဲ၊ ငါတို့ပြဿနာကတော့ သူ့သားကိုဆက်သွယ်ပြီး သူက ဒီမှာအချိုကြီးကြံတာကို ခြေရာခံမိတာက စခဲ့တာပဲ၊ ငါတို့တွေက ဒါ အစလို့ပဲ ထင်ခဲ့တာကိုး ..”

“မဟုတ်ဘူးလား ..”

ဇ ခေါင်းခါလိုက်ပြီး မြေပြင်မှာ ခြေလှဲ၍ ရုပ်တိုက်ကန်ပစ်သည်။

“ပြောရရင် အရှည်ကြီးပဲလို့ ငါပြောပြီးပဲ၊ သူက သားကိုခေါ်ပြီး တစ်ဖက်နိုင်ငံကို လစ်ထွက်တော့မလို့ အသေအချာ ပြင်ဆင်ခဲ့တာ၊ ငါတို့ကို ဒီသတင်းပေးပြီး ပေါလန်ကြီးက ဖမ်းမိအောင် အကွက်ကျစီစဉ်တယ်၊ တကယ်တော့ အားလုံးကို တစ်ယောက်တည်းက လုပ်သွားတာ၊ သူခိုး သူခိုးအော်တာလည်း သူပဲ၊ ခိုးတာလည်း သူပဲ၊ ပစ္စည်းလိုချင်လို့ခိုးတာ မဟုတ်ဘူး”

“ဟင်!...”

“ဖြစ်စေချင်တာက ဦးလမ်း နဲ့ငါ ပူးပေါင်းပြီး ပစ္စည်းတွေကိုဖျောက်တဲ့အမှုကို ချဲ့ကားချင်တာ”

“ကိုဇ ရဲ့ဦးလေးက ကိုဇ ကို ..”

“ဟုတ်တယ်.. ငါက သူ့အတွက် ခလုတ်ကန်သင်းဖြစ်နေလို့လေ အလုပ်အတူလုပ်နေကြပေမယ့် သူက တစ်ဘာသာ၊ ငါက တစ်သဘော”

ဖွေး ကို မပြောချင်လို့ ထိမ်ချန်လိုက်တာ မဟုတ်ပါ။ အမှေကို





တွေ့ပါလာလေ ရှုပ်ထွေးလေမို့ ဒါတွေကို ပြန်စမပြောတော့ဘဲ မုသားမပါသည့် လိုရင်းတိုရှင်းကို သုံးလိုက်ခြင်းဖြစ်သည်။

“ငါက သူ့အစ်ကိုရဲ့မွေးစားသားဆိုတာ မင်းလည်း ကြားနေမှာပါ၊ ဒီကြားထဲ ငါကလည်း လူငယ်ချင်း ကိုယ့်အုပ်စုနဲ့ကိုယ်နေတော့ သူ့ တလွဲထင်လာတာပေါ့၊ အဲဒါကြောင့် အမှုကို ပိုကြီးအောင် ချဲ့ဖို့ ဇော်ထက် ကို စည်းရုံးပစ်တယ်၊ လုပ်ကြံမှုတွေ ဖန်တီးတာတော့ အကွက်စေ့တယ်ကွ .. ဒါပေမယ့် သူသုံးတဲ့လက်နက်ပုန်းတွေက ကိုယ့်လက်နက်တွေ ဖြစ်နေတာလေ၊ ဇော်ထက် တို့ကို သူ ရုတ်တရက် စည်းစိမ်ဥစ္စာနဲ့ ဖြားယောင်းလို့ ရလိုက်ပေမယ့် မထိန်းချုပ်နိုင်ဘူး”

အဖြစ်တချို့ကိုပြောပြရင်း အတူတူ ပခုံးချင်းယှဉ်၍ လျှောက်ခဲ့ကြသည်။ တောစပ်ကိုထွက်လိုက်မိကာမှ ထိုနေရာမှာပဲ မျက်နှာချင်းဆိုင် ပြန်ရပ်မိကြပြီး ...

“ဦးလမ်း ကိုလည်း ကိုယ်ဖမ်းလိုက်တယ်၊ ဒါပေမယ့် လမ်းသစ်ကောင်း တော့ မရှိတော့ဘူး”

ထိုနာမည်ပါလာတော့ ဖွေး မျက်ခုံးလေးတွေ တွန့်သွားပြီး တစ်ဖက်လှည့်ပစ်၏။

“နောက်ထပ်ကြားရတဲ့သတင်းက သူ မင်းအတွက်နဲ့ သူ့အဖေကို ..”

“နှစ်နိုင်ငံ စစ်ခင်းသွားကြတယ်ဆိုလည်း စစ်ကားတစ်ကားလိုကြည့်ပေးလိုက်ရုံပဲ ကိုဇ၊ သူ ကခဲ့တဲ့ဇာတ်ဟာ ပရိသတ်ရှေ့က ဇာတ်ခုံပေါ်မှာ မဟုတ်ဘူး၊ တောနက်ထဲက တိုက်ခိုက်သတ်ဖြတ်ရဲတဲ့လူတွေကြားထဲမှာ ဖွေး ကျန်ခဲ့ရတာလည်း ကန့်လန့်ကာနောက်ကွယ်မှာ မဟုတ်ဘူး၊ ရှင်သာ လူဆိုးတစ်ယောက်ဆိုရင် ကျွန်မဘဝ စိပ်စိပ်မြွှသွားဖြစ်ပြီးနေပြီ”

စကားသံတွေ တုန်ခါလာရင်း ဖွေး မျက်ဝန်းတွေမှာ မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ဝေ့၏။

"အားလုံး သေတဲ့လူ သေ .. မေ့မြောနေတဲ့သူ မြော၊ ချုံပေါ်ကို ကျသွားတဲ့သူနဲ့ ဖွေး က မှုးမှုးမိုက်မိုက် ဖြစ်နေတုန်းရယ် .."

မေ့မရနိုင်သည့်အဖြစ်တွေဟာ နာရီတိုင်း မိနစ်တိုင်းမှာ ရုပ်ရှင်ပြကွက်တွေလို အစီအစဉ်တကျ ရှိနေဆဲ ..၊

"သူ့ကို သူ့အဖေ လာခေါ်တာ ဖွေး ရဲ့မျက်စိရှေ့မှာတင်"

ဖွေး တစ်ခွန်းချင်း ဆက်ပြော၏။

"ပါးစပ်ပိတ်ခံထားရတဲ့ ကျွန်မရင်ထဲမှာ ကိုယ့်ကို လူဆိုးတွေကြားထဲမှာပဲ ထားခဲ့တော့ဖို့ နှုတ်ဆက်နေတဲ့စကားတွေကို ကြားပြီး ကြောက်လန့်အံ့ဩခဲ့ရတာ ကမ္ဘာပြိုသလိုပဲ၊ ပြောခွင့်မရပေမယ့် ခေါင်းခါရင်း အမူအရာတွေအမျိုးမျိုးနဲ့ တောင်းပန်ခဲ့တယ်၊ သူတို့ ထွက်သွားကြတော့ ကြောက်တဲ့စိတ်တွေ .. ကားပေါ်က ပြုတ်ကျခဲ့တဲ့ အရှိန်တွေစုပေါင်းပြီး လူက မေ့မြောသွားခဲ့တာတောင် စိတ်က ပြေးလွှားလိုက်ပြီး တောင်းပန်နေတုန်း .."

ဖွေး မျက်နှာကို လက်ဝါးလေးနဲ့ကပ်ပြီး ငိုချလိုက်တော့ ဇ စိတ်မကောင်း ဖြစ်သွားသည်။ ဒါတွေထိ သူ ဘာမှ သေချာမသိခဲ့ရပါ။ မေးတုန်းကလည်း ဖွေး ဘာမှဖြေခဲ့တာ မဟုတ်ပေ ..။

*တောင်းပန်ပါကွာ .. မငိုပါနဲ့၊ ငါ မင်းကို ဒီလိုဖြစ်သွားအောင်* ပြောတာ မဟုတ်ပါဘူး၊ ဒီမှာ ဘာတွေဖြစ်ပျက်ခဲ့ရတယ်ဆိုတာ မင်းကိုယ်တိုင် သေချာ သိစေချင်လို့ပါ၊ ငါတို့ပြဿနာဆိုပေမယ့် ဒါတွေကြောင့် မင်း ခုလို .."

"တော်ပါတော့"

"ဖွေး .."

ဖွေး သူ့ကိုအော်ကာ ဖျတ်ခနဲ လှည့်ပြေးသည်။ ဇ က ပခုံးလေးကို ပြန်ဆွဲထားလိုက်ပြီး ...





"ကိုယ် တောင်းပန်ပါတယ်"

မျက်နှာလေးကို ငုံ့မိုးကြည့်ရင်း တောင်းပန်ကာ မျက်ရည်တွေကို သုတ်ပေး၏။

"နောက် ဘယ်တော့မှ မပြောတော့ဘူးလို့ ငါ ကတိပေးတယ်"

တဲနောက်ဖေးကနေ လှမ်းမြင်နေရသည့် ဦးပိုက်ထွေး က အထဲကို ပြန်လှည့်ဝင်သွားရင်း သက်ပြင်းချသည်။

လူငယ်တွေရဲ့ ရင်ခုန်သံတွေအကြောင်း သိပ်တော့ မနှံ့စပ်ပေမယ့် ဒီလူငယ် သုံးယောက်ထဲမှာ တစ်ယောက်ယောက်နဲ့ တစ်ခုခုကတော့ သေချာပါပြီ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

ကားနားမှာ လူတွေ ဝိုင်းအုံနေကာ သူတစ်ယောက်တည်း သွားမှာကို တားတဲ့သူက တား၊ လိုက်မယ်ပြောတဲ့သူက ပြော ...၊

ဦးပိုက်ထွေး က ဘာမှမပြောပေမယ့် တခြားကိစ္စတွေ လုပ်ကိုင်စရာ ရှိသေးတာမို့ ဓ ဘယ်သူ့ကိုမှ မခေါ်ပေ ...။

"မင်းတို့ ပြန်ကြ .. ဇော်ထက် ပြဿနာကို ငါ လာမှ ရှင်းမယ်"

"ဆရာ ပြန်လာမှာတော့ သေချာပါတယ်နော်"

သူ ခေါင်းညိတ်လိုက်မှ အားလုံး ပျော်သွားသည်။ ပေါလန်ကြီးနဲ့ သူ့ပြဿနာကြောင့် မွေးစားသားကိစ္စတွေရော ပေါလန်ကြီး ခေါ် ဦးသိန်းသန်း တို့ အပိုင်စီးထားခဲ့သည့် စီးပွားရေးအကြောင်းတွေကိုပါ အားလုံးနီးပါးက သိနေကြပြီ ဖြစ်သည်။

ထို့ကြောင့် မြို့ကလုပ်ငန်းတွေနဲ့နေပြီး ဓ ပြန်မလာမှာစိုးရိမ်ကာ ခုသွားမည့်ကိစ္စမှာ မလိုက်သင့်မှန်း သိလျက်နှင့် လိုက်ချင်နေကြတာ ဖြစ်၏။

ဓ ကို ပြန်ခေါ်နိုင်ဖို့ မျက်လုံးချင်းတိုင်ပင်ကာ သွားခါနီးတဲ့အထိ ကားနားက မခွာကြ ...။





"မော်ကြီး .. မင်း ငါ့ကားကို လုပ်ထားပေးဦးနော်"

"စိတ်ချပါ .. မင်း သွားမှာ သွား၊ ပြီးရင်တော့ ပြန်လာခဲ့"

ပေါလန်ကြီးက ဆိုးတာတွေကြားထဲမှာ ကောင်းကွက်လေး တစ်ခုတော့ ချန်ခဲ့၏။ ဒါက ဘာလဲဆိုလျှင် သူ ကြံစည်လုပ်ခဲ့သမျှကို ဘယ်သူ ပါသေးတယ်၊ ဘယ်ကောင် ကြံရာပါ စသဖြင့် ဘယ်သူ့ကိုမှ လက်ညှိုးမထိုး .. ဆွဲလည်း မထည့်ပေ ...။

သူနဲ့ အနီးကပ်ရှိနေသည့် တပည့်ရင်းတွေလည်း မပါ၊ သူ ကြံသည်၊ သူကိုယ်တိုင် လုပ်ခဲ့သည့်အဖြစ်နှင့် ဝန်ခံသွားသောကြောင့် အပြင်မှာ လွတ်နေသည့်လူတွေ ရှိသေးသည်။

ထိုထဲမှာ ဇော်ထက် လည်း ပါသည်။ ဓ ရဲ့ဘေးမှာ ပြန်နေခွင့်ရဖို့ အတွက် ကြိုးစားရင်း ဒီပတ်ဝန်းကျင်မှာပဲ ဝဲလယ်နေသဖြင့် ...

"ဇော်ထက် ကို မင်း ဘယ်လိုရှင်းမလဲ၊ ဝန်ခံနေပြီပဲကွာ.. ခွင့်လွှတ်ဖို့ပဲ စဉ်းစားပါ၊ ဒါတွေပေါ်ခဲ့တာလည်း သူ့ကြောင့် အများကြီး ပါတာပဲ"

မော်ကြီး က ကားစစ်နေသည့် သူ့ဘေးမှာရှိနေရင်း ဇော်ထက် အကြောင်းလည်း ပြောသည်။ ပြီးတော့ ...

"မင်း တော်တော် 'အ'တဲ့ကောင်ပဲ .. ဒီလောက်လှတာလေးကို အနားမှာ အကြာကြီး ထားခဲ့တာတောင် .."

"မော်ကြီး .."

"မင်း ကြိုးစားသင့်တာကို ပြောတာပါ၊ ဟိုကောင်နဲ့ ပါလာလည်း ဘာဖြစ်လဲ.. ဒီကောင် လူဆိုးမှန်း မသိလို့ ပါလာခဲ့တာ၊ ခုဆို သူ့စိတ်ထဲမှာ ဟိုကောင် မရှိလောက်တော့ဘူး .. ငါ သိတယ်"

"ရှိရှိ .. မရှိရှိ"

ဓ မျက်နှာ လိုတာထက်ပို၍ မှုန်ကုတ်နေတာကိုကြည့်ကာ သူက ရယ်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းတွေပဲကွာ.. ဒီလောက်ဆို ငါ သဘောပေါက်ပါပြီ"

"ဘာသိတာလဲ .."

ဇ ရန့်လိုနေတော့ မော်ကြီး က ပခုံးတွန့်၍ ...

"ဟိုမှာ ဦးလေးပိုက် နဲ့ ကောင်မလေး လာနေပြီ၊ အချိန်မနှောင်း
သေးဘူးနော် ဇ .. လမ်းမှာ ကားအကြာကြီး စီးရမှာ"

ဟု ခပ်တိုးတိုးပြောကာ ...

"ငါတို့ သွားမယ်ဟေ့ .."

ရှိနေသည့် လူတွေကို အသံကျယ်နှင့် လှည့်ပြောသည်။ ပြီးတော့
ဝက်၍ ...

"ငါ့ကားက မင်းကားလို မဟုတ်ဘူးနော် ဇ .. သိပ်ညဉ်မကောင်း
ူး၊ လူအများကြီး အစီးမခံဘူး၊ နှစ်ယောက်ဆိုရင်တော့ အဆင်ပြေ
ာယ်၊ နှစ်ယောက်ကနေ တစ်ယောက်တည်း ပြန်ဖြစ်သွားရင်လည်း
ဖွဖောက်လာဦးမှာပဲ .. ဒီကောင်က ထွက်ပြီဆိုရင် အသွားအပြန်
တ်ညီမှ .."

"ကဲ .. သွားစမ်းပါကွာ"

"သွားမှာပါ .. မင်း အပြန်တစ်ယောက်တည်းဆိုရင် တောလမ်း
ာ ရှော့ခ်ရှိတတ်လို့၊ မပြောမရှိနဲ့ .."

အုပ်စုလိုက် ကားနားက ထွက်သွားကြပေမယ့် ပြောသွားတဲ့
ာွကို ကြားလိုက်သဖြင့် ဖွေး မျက်နှာလေး ပန်းနုရောင်လေး ဖြစ်နေ
၊ ဦးပိုက်ထွေး ကတော့ ခပ်တည်တည် မသိလိုက်သလိုမျိုး ...၊

"လူလေး .. မင်း မယောချောင်းကို ဖြတ်လိုက်ရင် ပိုနီးမယ်ထင်
ာယ်၊ ဟိုဘက်မှာ လမ်းကြမ်းသိပ်မရှိတော့ဘူး၊ ဖွေး လည်း သက်သာ
ာပေါ့"

"ချောင်းရေကျနေရင် ဒီဘက်မှာ ညအိပ်ရလိမ့်မယ် .. ချောင်း
ာကိုပဲ တက်သွားလိုက်မယ် ဘဘ၊ ပိုကြာတာ ပြဿနာမရှိဘူး၊





ထိုင်စောင့်နေရမှာ မလုပ်ချင်ဘူး၊ ညအိပ်ရမယ်ဆို သူ့အတွက်လည်း.."

"ဖွေး အတွက်လား .."

သူ့စကား မဆုံးသေးခင် ဦးပိုက်ထွေး က ဖြတ်မေးကာ ...

"မင်းရယ် ငါရယ် သူရယ်အတွက် မကောင်းတတ်တာတွေ၊ လူအထင်လွဲမှာတွေ မင်း ဘာမှ မတွေးနဲ့ လူလေး၊ ဖွေး ကိုယ်တိုင် ငါတို့ကို ယုံကြည်မှု ရှိတယ် .. အဲဒါ ငါ သိတယ်၊ ငါတို့တွေက မိသားစု ဖြစ်နေကြပြီ"

"ဟုတ်ပါတယ် ကိုဇ .. ဘဘ ပြောတာ မှန်ပါတယ်၊ ကိုဇ နဲ့ ဘဘက ဖွေး အတွက် လူစိမ်းတွေမဟုတ်တဲ့အပြင် အသက်နဲ့ အရှက်ကို ကာကွယ်ပေးခဲ့တဲ့ ကျေးဇူးရှင်တွေပါ၊ သွားရေးလာရေးဖြစ်ဖြစ် ဘာအတွက်ဖြစ်ဖြစ် ကိုဇ အဆင်ပြေသလို လုပ်ပါ၊ ဘယ်သူ ဘယ်လို ထင်ထင် ဖွေး ယုံကြည်တယ်"

ဦးပိုက်ထွေး ကျေကျေနပ်နပ် ခေါင်းညိတ်သည်။ ဇ က ဖွေး ကိုင်လာသည့်အိတ်ကို လှမ်းယူပြီး နောက်မှာ ထည့်လိုက်ပြီး ဘာမှ မပြော ...၊ သို့သော် ...

"မင်းတို့ ဟိုတစ်ညက ဖြစ်ပျက်ပုံဆိုရင် မြို့မှာသာဆို ခုလောက် ဆို မင်းတို့ မဖြစ်မနေ လက်ထပ်ရမယ့်အခြေအနေကို ရောက်နေပြီ"

"ဟင်!..."

ဆက်ပြောလိုက်သည့်စကားကြောင့် ဖွေး မျက်လုံးလေး ဝိုင်းသွား၏။ ဇ ဖျတ်ခနဲ လှည့်ကြည့်သည်။

ဦးပိုက်ထွေး က မျက်ခုံးတွေ ပင့်ထားလျက် ဆတ်ခနဲ ခေါင်း ညိတ်လိုက်ကာ ...

"တကယ်ပြောနေတာ .. ဖွေး ကို မင်း ရိုက်ပစ်လိုက်တဲ့ ညသာ လေ ...၊ ရိုက်ထားလိုက်မှန်း မသိတော့ ဖြုန်းခနဲ မြင်လိုက်ရပြီး ငါ လည်း တောင်တောင်အီအီ ထင်သွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့က ဘာတွေဖြစ် .."

"ဖွေး ကို မင်း အောက်ကနေ မနည်းဆွဲထုတ်ရတာ"

"ဘယ်လို .."

"မင်းရင်ခွင်ထဲက ပြောတာ .. ဖွေး ကို မင်း ဖက်ပြီး သတိလစ်သလို ဖြစ်နေတာလေ၊ ငါ ရုတ်တရက်မြင်တာ သတိလစ်နေမှန်း မသိဘဲ နှစ်ယောက်ကို တစ်ယောက်တည်းပဲ မြင်ရလောက်အောင် မင်း ဖက်ထားတာ"

"ဘာဘာ .."

ကယောင်ချောက်ချား တားဆီးလိုက်သည့် ဇ အသံက ရုတ်တရက် ပြေးမလွတ်နိုင်တော့တဲ့ လက်နက်ကြီးတစ်ခု အနီးကပ်ရောက်လာတာမျိုး ..။

ဦးပိုက်ထွေး က နီရဲနေသည့် ဖွေး ရဲ့ပါးပြင်လေး တစ်ဖက်ကို ဘေးကနေ မသိမသာ လှမ်းကြည့်၍ ...

"စကားအဖြစ် ပြောတာပါ၊ မြို့မှာသာ ဒါမျိုး လူသိသွားရင် မိန်းကလေးသိက္ခာကို ထွက်ပြီး မင်းတို့ ညားသွားမှာပဲ၊ အခုတော့ ငါပဲ မြင်တာပါ .. ကိစ္စမရှိဘူး"

"ပန်းထုပ် သွားယူလိုက်ဦးမယ်"

ဖွေး နေစရာမရှိဖြစ်ကာ မေ့ကျန်ခဲ့သည့်သစ်ခွပန်းထုပ် အကြောင်းပြ၍ လှစ်ခနဲ ပျောက်သွား၏။

"ဘာဘာကလည်းဗျာ .."

"ဘာလဲကွ .. မင်းတို့ချင်း ရင်းနှီးပြီးသားဆိုတာ သိသွားအောင် ပြောပြတာ၊ သူလည်း မြို့ပေါ်က လူကုံထံတွေရဲ့မျိုးဆက်ပဲ၊ ဖွေး နဲ့ ငါ စကားပြောဆိုကြည့်ပြီးပြီ .. ငါ သိတယ်၊ လေမ်း ရဲ့သားနဲ့ ပါလာတယ်ဆိုပေမယ့် မပေါင်းသင်းရသေးဘူးဆိုတော့ .."

"တော်ပါတော့ ဘာဘာရာ .. စေတနာသန့်သန့်နဲ့ ကျွေးမွေး စောင့်





ရှောက်ထားပြီးမှ ကိုယ် ထားခဲ့တဲ့ ဖြူစင်မှုတွေ အလကားဖြစ်ကုန်အောင် .."

"ဘာဖြစ်စရာလိုသလဲ .. ပြောရမယ်ဆို လေမ်း ရဲ့သားနဲ့ ညားသွားလည်း သူ့အနာဂတ်ကောင်းဖို့ မရှိဘူး၊ တောထဲမှာ ကျန်ခဲ့ရတဲ့ အဖြစ်ကို ပြန်ကြည့်ဦးမလား"

"ဒီလိုသတ်မှတ်ပြီး သူ့ဘဝတစ်ခုလုံးကို သိမ်းကျုံး အထင်သေးပစ်လို့ ရမလား ဘာဘာ၊ မမှားဘူးတဲ့လူ မရှိဘူး၊ သူ တစ်ချက်မှားသွားလို့ တစ်သက်စာ ပညာရသွားပြီ၊ သူ ဘာမှမဖြစ်အောင် ကယ်မယ့်သူတွေ့တယ်ဆိုတာလည်း သူ့ဘုန်း သူ့ကံပါပဲ"

"ဇ .."

ဦးပိုက်ထွေး က စိတ်မရှည်သလို ကြားဖြတ်ခေါ်လိုက်ပြီး ...

"ဘာဘာကို မင်းက ရန်တွေ့နေသလိုပါလား .. ဒေါသတွေ ဘာတွေ ထွက်လို့"

"မဟုတ်ပါဘူး .. သူ ဒီတိုင်းထင်သွားရင် ကျွန်တော်တို့ စောင့်ရှောက်ခဲ့သမျှ သွားပြီ၊ အဲဒါကြောင့် .."

"ငါကလည်း သူ့ကို မင်း ပြောသလို အထင်သေးလို့ပြောတာ မဟုတ်ပါဘူး၊ ဒီလိုဖြစ်ခဲ့တာကို ငါတို့က တုယုတယ စောင့်ရှောက်ထားခဲ့တဲ့ စေတနာကို ပေါ်လွင်စေချင်တာ၊ သူလည်း ဒါကို သိနေတယ်ဆိုတာ မင်း သိအောင် ထောက်ပြတာ၊ အဓိကဆိုလိုရင်းက မင်းကို သူနဲ့ သဘောတူတယ်ဆိုတာ ပြောချင်လို့ပဲ"

"မဟုတ်တာ .."

ဒါကျတော့လည်း ခေါင်းခါပြန်သည်။ ဦးပိုက်ထွေး ပင့်သက်ရှိုက်လိုက်၏။

"ဖြစ်စေချင်တာပဲ ရှိတာပါ၊ မင်းတို့က ကာယကံရှင်တွေပဲ ငါတို့ အတင်းပေးစားပစ်လို့လည်း ရတာ မဟုတ်ဘူး၊ ဟိုရောက်တော့အခါ



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ စိတ်ပြောင်းသွားကြရင်တော့ ဖုန်းဆက်လိုက်၊ ငါ လာပြီး မိန်းမတောင်းပေးမယ်"

ဦးပိုက်ထွေး က ဒါကိုပဲ ဖွတ်တိုးပြောနေသည်။ သူနဲ့ ဖွေး တို့ကတော့ နှစ်ယောက်အတူ ထွက်လာကြတဲ့အထိ စကားအရှိန်တွေကြောင့် တစ်ယောက်နဲ့တစ်ယောက် အမ်းနေကာ ဘယ်သူကမှလည်း စကားမပြောမိကြဘဲ ကြာရှည်စွာ တိတ်ဆိတ်လျက် ...

"ခုန်း .."

"အမေ့!.."

ကားဆောင့်သွားသဖြင့် ဖွေး ကြွခနဲပစ်ဆောင့်ကာ အော်သံလေး ထွက်သွား၏။

"ဆောရီး .. အတွေးလွန်သွားလို့ .."

ကိုယ့်အပြစ်ကို ဝန်ခံလိုက်မိသည်။ ဖွေး က ပေါင်ပေါ်ကနေ ပြုတ်ကျသွားသည့်ပန်းထုပ်ကို ပြန်ကောက်လိုက်ရင်း လှည့်ကြည့်ကာ—

"ဘာတွေ တွေးနေတာလဲ"

ဇ ကလည်း လှည့်ကြည့်၏။ ပြီးတော့ တစ်လမ်းလုံး ပေါင်ပေါ် တင်လာသည့်ပန်းထုပ်ကို မျက်ဝန်းရောက်ပြီးမှ ရှေ့ပြန်လှည့်ကာ ...

"မင်းအကြောင်း .."

တုံးတိတိ ဖြေလိုက်ပြီးမှ ...

"ဒီနေ့ကျမှ ပိုလှနေသလားလို့ .."

ဖွေး ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်မိမလို ဖြစ်သွား၏။ လှနေတယ်ဆိုရင်လည်း သူဝယ်ပေးထားတာတွေပဲ ဝတ်ထားခဲ့တာ..၊ ရင်ဘတ်မှာ အနီကွက်ပါသည့် မော်ဒန်စိမ်းရောင် တီရှပ်လေးနှင့် ဂျင်းဘောင်းဘီ..။ ဆံပင်တွေကို စည်းထားလိုက်တာက လမ်းမှာ ဖုံးတွေထမှာကို သိနေလို့ဖြစ်ကာ ညက မိုးနည်းနည်းရွာထားလို့ ဖုန်မထတာကတော့ ကြို မတွက်မိတဲ့ကိစ္စ ..။





ဖွေး ငြိမ်သွားတာကို ကားမောင်းရင်း ဇ လှည့်ကြည့်သည်။ ဆံပင်လေး နောက်မှာ ခပ်မြင့်မြင့်စည်းထားတော့လည်း နားသယ်စပ်နဲ့ ဆံစဂုတ်သားလေးတွေ စိမ်းမြနုမွတ်နေတာကို ဖော်ပြထားသလို ရှိလျက် ဖွေး မျက်နှာလေး ပိုလှနေသည်။

ဘာမှ လိမ်းမထားလို့ နဖူးပြင်နဲ့ ပါးမို့လေးတွေ ပြောင်နေတာကလည်း တစ်မျိုး ကြည့်ကောင်း၏။ သူမနဲ့ ထာဝ ခွဲခွာရတော့မည်ဆိုမှ ဒီလောက်လှပါလားလို့ ကြည့်နေမိတာမျိုးလား ..။

ဒါမှမဟုတ် လွတ်တဲ့ငါး ကြီးနေတာမျိုး၊ ဒီနေ့ကျမှ ပိုလှနေသလို သူ့စိတ်က ထင်နေတာလား ..။

"ပြန်ရမှာ ပျော်နေလားလို့ မမေးတော့ပါဘူး၊ ဒါ ပျော်စရာအကောင်းဆုံးအချိန်ပဲ .."

ကိုယ့်ဟာကိုယ် ပြောနေသလို ကားမောင်းနေရင်း ရေရွတ်နေလျက် ...

"ထွက်သွားတဲ့လူနဲ့ ကျန်ခဲ့တဲ့လူဆိုရင် ကျန်ခဲ့တဲ့လူက ပို ခံစားရတယ်တဲ့၊ ငါကတော့ ဘယ်သူ့ကိုမှ မလွမ်းခဲ့ဘူးတော့ မယုံဘူး၊ အခု.."

"ခုလည်း ရှင် ယုံဖြစ်မယ် မထင်ပါဘူး"

"ဘာဖြစ်လို့လဲ .."

"လွမ်းတတ်မှာမှ မဟုတ်တာ"

"လွမ်းနေမယ်ဆိုရင် ဘာရနိုင်မလဲ"

"ဟွန်း .. ဒီလိုမေးကတည်းက ရှင့်ရင်ထဲမှာ ကဗျာမရှိဘူးဆိုတာ သိသာနေတာ၊ ချစ်တာ လွမ်းတာမှာ အလျော်အစား မရှိဘူး၊ ရင်းနှီးမြှုပ်နှံမှု ရှိလာရင် အဲဒါ ပေးဆပ်ခြင်းပဲ၊ အရှုံးအမြတ်မတွက်တဲ့ ပေးဆပ်ခြင်းပေါ့"

ဇ အသံထွက်အောင် ရယ်လိုက်ပြီး ဒီဘက်လှည့်တော့ မျက်နှာမှာ နူးညံ့မှု မရှိ ..။



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ ဆင်းရဲခြင်းတွေထဲမှာ အကြောင်းရှာမရဘဲ ဆင်းရဲရတာကို မုန်းတယ်၊ အချစ်ဆိုတာ ရည်းစားထားဖူးမှရှိတာ မဟုတ်ဘူးကွ၊ အလှအပ သာယာမှုကို ခွဲခြားတတ်ပြီဆိုကတည်းက ရင်ထဲမှာ အချစ်ရှိကြတယ်၊ တစ်ယောက်နဲ့တစ်ယောက် ခံစားတတ်ပုံချင်း မတူကြပေမယ့် အချစ်ရှိလာရင် ရယူပိုင်ဆိုင်ချင်ကြတာ အတူတူပဲ"

"စွန့်လွှတ် အနစ်နာခံကြတဲ့လူတွေ ရှင် မကြားဖူးဘူးလား"

"ကြားဖူးတော့ ဘာလုပ်ရမှာလဲ .. လူသတ်တာ ဝါသနာပါရင် ဟာစ်တလာကို အတုယူမယ်၊ ပန်းပုထုတာ ဝါသနာပါတဲ့သူက ကမ္ဘာကျော်ပန်းပုဆရာကြီး ဖီးလစ်ဂျက်ဆင်ကို အထင်ကြီး အတုယူပြီး သူ့ချစ်သူရဲ့ပုံတူ ဘယ်လိုထုမလဲလို့ တွေးချင် တွေးနေမယ်၊ ဒါပဲ .. ကိုယ်ပျော်ဝင်တာ ကိုယ်ကောင်းတယ် ထင်မှာပဲ"

"ရှင်ကရော ဘယ်လို ခံစားချက်မျိုးကို ပျော်ဝင်ချင်တာလဲ"

"ပျော်ဝင်ရမှာကို မုန်းတယ်"

ဖွေး မျက်မှောင်ကုတ်သွားသည်။ ပြီးမှ နှုတ်ခမ်းလေး မသိမသာ မဲ့သွားကာ ...

"လူတွေဟာ ကိုယ့်ကိုယ်ကိုယ် သိလာရင် ကြောက်လာတာပဲ၊ ရှင် ပျော်ဝင်နေတဲ့ တစ်နေရာတော့ ရှိနေပြီ ကိုဇ၊ အဲဒါ သေချာတယ်"

ဇ ဘာမှပြန်မပြောဘဲ ကားကို အာရုံစိုက်မောင်းနေသလို ငြိမ်သက်နေခဲ့၏။ တောလမ်းတစ်လျှောက်မှာ ဖြတ်သန်းသွားလာသည့် ယာဉ်ဆိုလို့ ဆိုင်ကယ်တစ်စီးတလေတောင် မတွေ့ရပေ ..။

လမ်းကကျဉ်းသလောက် ဝီလီဂျစ်တစ်စီးကိုတောင် တစ်ခါတစ်ရံ ပွတ်တိုက်ရိုက်ပုတ်သွားသည့် သစ်ကိုင်းသစ်ခက်တွေက ရှိသေးသည်။

"ဒီဘက် တိုးထိုင် .. ရှေ့မှာ ဗွက်တွေ ထလိမ့်မယ်"

"အမလေး .."

သူ ပြောလို့မှမဆုံးသေးခင် ဖွေး နေရာရွှေ့လိုက်တော့ မမီလိုက်





ပေ။ ဗွမ်းခနဲ စင်တက်လာသည့် ရွှံ့တွေက ဖွေး ရဲ့ဘောတစ်ခြမ်းမှာ အစက်အပြောက်များစွာ ဖြစ်စေခဲ့လျက် ...

"ဒုက္ခပါပဲ"

"ခဏလေး နေဦး .. ရပ်ပေးမယ်"

ကားက မြေညီသည့်နေရာမှာ ရပ်သွား၏။ ပြီးတော့ ဖွေး ကို အဝတ်စုတ်တစ်စ ထုတ်ယူပေးကာ ...

"သိပ်မသန့်ပေမယ့် ရွှံ့ထက်တော့ သာပါတယ်၊ ဘောနက်သုတ်တာ .. ရော .."

ဖွေး က ယူသုတ်လိုက်ရင်း ...

"ဒီလောက်တောင် မိုးမရွာဘဲနဲ့ အုံ့ဆြစရာပဲနော်"

"ဟုတ်တယ် .. တစ်နေရာနဲ့ တစ်နေရာ သိပ်မကွာဘဲနဲ့၊ ရာသီဥတု ကွာဟနေတာတွေ ရှိတယ်၊ ပြီးတော့ ဒီဘက်တွေမှာ တောထူတယ်၊ တောင်တွေ ရှိတယ်၊ မိုးသိပ်မရွာပေမယ့် ရွာသမျှ မိုးရေကျတော့ မခြောက်နိုင်တော့ဘူး၊ မြေပြင်ကို နေရောင် သိပ်မထိဘူးလေ"

"အင်းနော် .. ဒါကြောင့် အမြဲတမ်း အေးနေတာ"

"ရေစိုအဝတ်နဲ့ ထပ်သုတ်မလား"

"ရပါတယ် .. ခရီးသွားတာပဲဟာ"

"ဗိုက်ဆာရင် တစ်ခုခု စားလေ .. ဘဘ သစ်သီးတွေ ထည့်ပေးလိုက်တယ်မို့လား"

"ဟင့်အင်း .."

ပြန်ဖြေရင်း ဖွေး က သူ့မျက်နှာကို စိုက်ကြည့်သည်။ မျက်နှာက မချိုသာပေမယ့် သူ ဂရုစိုက်တတ်တာလေးက မှတ်မှတ်ရရ ဖြစ်လာမိ၏။

သူ ပြောသမျှ ဘယ်လောက်ပဲ ရင့်သီးခက်ထန်နေပစေ နူးညံ့သည့် စကားလေးတချို့ ပါလာခဲ့ရင်တောင် တစ်ခွန်းဆိုတစ်ခွန်း နား



www.burmeseclassic.com

www.burmeseclassic.com



ထဲ ရောက်သည်။ ထိုအခါ အချိန်မရွေး ဘယ်အခါ မြင်ရမြင်ရ ချော မွေ့နေသည့်မျက်နှာတစ်ခုကို သတိရသွား၏။

သူက လမ်းသစ်ကောင်း ...။

ဖွေး ကို တယုတယ ပွေ့ပိုက်ယူယသည်၊ ကြင်နာတာတွေပဲ ပြောသည်၊ မတော်တဆ ခလုတ်တိုက်မိရင်တောင် ခြေထောက်ရှေ့မှာ ထိုင်ချလိုက်ပြီး နာသွားသည့် ခြေချောင်းလေးတွေကို ကိုင်၍ ဥုံဖွလုပ် ပေးရင်း ပြုစုတတ်တဲ့သူ ...၊

ဒါပေမယ့် ယှဉ်ကြည့်လိုက်တော့ ယောကျ်ားနှစ်ယောက်ကို မီး နဲ့ ရေလို မြင်လာခဲ့မိသည်။

သူမရင်ထဲမှာ ဘာတွေ ဖြစ်နေပါသလဲ...။

"ဟိတ် ... မေးနေတာ ကြားလား"

"ဟင်!... ဘာမေးတာလဲ"

သူ့ဘက် တိုးထိုင်ထားတာမို့ လူချင်းကနီးနီးလေး ... မကြားလိုက် ဘူးဆိုတော့ ဘာကို သဘောပေါက်သွားမှန်း မသိဘဲ ဇ က ပြုံး၍ ...

"ပီကေ ဝါးမလား"

"ဟင့်အင်း ..."

"ပန်းတွေ ဘာလို့ ဒီထိ သယ်လာတာလဲ ... လမ်းမှာလည်း ခူး လို့ရတယ်"

"သစ်ခွပန်းတွေလေ ... ဘဘက ပြောတော့ နေရာတကာ မရှိဘူး ဆို ..."

"ဒါမျိုးတော့ ဘယ်ဟုတ်မလဲ ... တခြားမျိုးပေါ့၊ ချောင်းသာမှာ ရှိတယ်၊ ခဏနားရင်း ခူးပေးမယ်"

"ရပါတယ် ... ဖွေး ပန်း သိပ်မကြိုက်ဘူး၊ ဒီပန်းတွေကို ဟိုက အမှတ်တရအဖြစ် တမင်ယူလာတာ"

"အမှတ်တရ ..."





ဇ သံယောင်လိုက်ပြောပြီး ဖွေး မျက်နှာကို သေချာစိုက်ကြည့် သည်။ ကားမောင်းမလို့ လက်တင်ထားပြီးမှ လက်တစ်ဖက် ပြန်ဖြုတ် ပြီး ဆံပင်သပ်ကာ ...

"အမှတ်တရ ရှိသွားတယ်ဆိုတော့ ကျေးဇူးပါပဲ"

"ဘာ!..."

"ဘာမှမဟုတ်ပါဘူး ... အမှတ်ရနေနိုင်လောက်တဲ့လူ ကိုယ် မဟုတ်ဘူးလားလို့ ..."

ဖွေး မျက်နှာတင်းသွားသည်။ လည်ပင်းမှာ ပျားတုပ်ခံရတဲ့နေ့က အဖြစ်ကို ပြန်ပြောတော့ သူဘယ်လိုအဓိပ္ပာယ်တွေနဲ့ ပြောခဲ့သလဲ ...။

သူ ဒီလို ခံစားမိခဲ့သည်၊ ဒီလိုစိတ်နဲ့ ဒီလိုကျူးလွန်မိပါသည်လို့ ဝန်ခံနေတုန်းက ဖွေး ခွင့်လွှတ်ပါသည်လို့ ပြောခဲ့တာတွေကိုရော ဘယ်လို သတ်မှတ်ခဲ့သလဲ ...။

ဖွေး နဲ့သူ ရင်းနှီးခဲ့ကြတာ သာမန်အဆင့်လောက်ထက် မပိုခဲ့ဘူး လို့ ထင်ရင်း သူ့ရင်ခွင်ထဲမှာ မိုးလင်းတဲ့အထိ ရှိနေခဲ့ရတဲ့အဖြစ်တွေ အတွက်ရော ...

"ရှင်နဲ့ ကျွန်မ ခရီးသွားရင်း လမ်းဘေးဇရပ်တစ်ဆောင်ပေါ်မှာ ဆုံပြီး ခဏတဖြုတ် စကားထိုင်ပြောခဲ့ကြတာ မဟုတ်ဘူး ကိုဇ၊ ရှင် ပြောပုံက ကျွန်မတို့ အဲဒီလောက်ထိပဲ သိခဲ့တာမျိုးလား"

မျှိုသိပ်မရနိုင်သည့် စကားမို့ ဖွေး သူ့မျက်နှာကို တည့်တည့် ကြည့်ပြီး မေးပစ်လိုက်သည်။ အကြာကြီး တိတ်ကျသွားပြီးမှ မေးလိုက် သဖြင့် ခပ်လွဲလွဲဖြစ်သွားသည့် ဇ မျက်နှာ ဖျတ်ခနဲ ပြန်လှည့်လာ၏။

"မင်း ဘာပြောလိုက်တာလဲ"

"ရှင့်ရင်ထဲက လေးနက်မှုတစ်စုံတစ်ရာမပါတဲ့ စကားတွေ၊ [illegible] ခွန်းတွေကို ကျေးဇူးပြုပြီး မပြောမိဖို့ ဖွေး တောင်းပန်ပါတယ်၊ [illegible]က ချစ်တုန်းမုန်းစကားပြောရမယ့်နေရာ မဟုတ်ဘူး၊ အမုန်းတွေနဲ့ လမ်း



www.burmeseclassic.com

www.burmeseclassic.com



မခွဲသင့်တဲ့နေရာ ..”

“ကိုယ်ကလည်း မုန်းစကားပြောတာ မဟုတ်ပါဘူး၊ တစ်ခုတော့ ရှိတယ်ကွ .. ချစ်နေရင် မေ့ဖို့ မလွယ်ဘူး”

“မုန်းနေရင်တော့ လွယ်တယ်ပေါ့”

“မသိဘူးလေ .. ဒါပေမယ့် ..”

သူ့စကားတွေ တုံ့ဆိုင်းသွားပြီးမှ ...

“ကိုယ့်ကိုယ်ကိုယ် နှိပ်စက်သလို ဖြစ်မယ်ဆိုရင် အဲဒါကို ရှောင်သင့်တယ်”

စကားက ပန်းဝင်မယ်ဖြစ်လိုက် .. ဘေးကို ကွေ့ကောက်သွားလိုက် ...၊ မာကျောကျောဖြစ်နေသည့် သူ့မျက်နှာက နှုတ်ခမ်းတွေစေ့ပြီး ပီကေဝါးနေသည့် ခပ်လှုပ်လှုပ်မေးဖျားကြောင့် အံကြိတ်လိုက်သလိုလို မာနတွေပြနေသလိုလို ...။

စကားပြောလျှင် မျက်နှာကို တည့်တည့်ကြည့်၍ မျက်မှောင်ကုတ်ပြောသည်။ မချိုမချဉ် မဲ့ပြုံးနှင့် ပြော၏။ မေးရိုးကားသည့် မျက်နှာသည် ပီကေဝါးတတ်သည့်အကျင့်ကြောင့် ပို၍ ခက်ထန်သလို သူ့အကြည့် သူ့မဲ့ပြုံးတွေကြောင့် ရက်စက်မှုအပေါင်း သရုပ်ဆောင်း၏။

ဖွေး သူ့ကို စိုက်ကြည့်နေရင်း တဖြည်းဖြည်း နားလည်လာခဲ့သည်။ ဒါပေမယ့် နာကြည်းရွံရှာတာမျိုးနှင့် လုံးဝ မသက်ဆိုင်သော ဆွေးမြည့်နာကျင်ခြင်း ...။

“ဟိုဘက် ပြန်တိုးမထိုင်နဲ့ဦး .. ရှေ့မှာ ဆူးခက်တွေ ရိုက်ဦးမှာ”

သတိပေးလိုက်ပြီး ဧ ကားပြန်နှိုးသည်။ ဖွေး က သူပေးထားသည့် အဝတ်စုတ်ကို နှစ်ယောက်ကြားမှာချထားလိုက်ရင်း ဟိုဘက်ပြန်တိုး၍...

“ဆူးခက်တွေ ရိုက်တာ အသားပေါ်မှာပဲ နာတာ ...ကိစ္စမရှိဘူး”

ကားက ဆောင့်ခုန်ထွက်မောင်းနေကာမှ ဧ အံ့သြဟန်နှင့် လှည့်ကြည့်သည်။ ဖွေး တကယ် မကြောက်မရွံ့ ထိုင်နေသဖြင့် ဆူးတွေကို





သူပဲ အတင်းကွေ့ဝိုက် ရှောင်ရလျက် ...

“ဟိတ် .. ရှုတ်တွတ်တွတ် လုပ်မနေနဲ့၊ ရှေ့မှာ အများကြီး ရှိသေးတာ”

“ရှိရှိ ..”

နောက်ထပ် ကားက ဆူးချုံကို ရှောင်ရင်း တစ်ဖက်က ချုံတွေထဲ တိုးဝှေ့သွားလိုက်ရကာ ...

“ဖွေး ..”

ကားက တုံ့ခနဲ ရပ်သွားသည်။

“မင်း ငါ့ကို ရွဲ့နေတာလား”

“ရွဲ့တော့ ဘာထူးမှာမို့ ကျွန်မက ရွဲ့ရမှာလဲ .. ရှင့်ဆီက ဘာရမှာမို့လဲ ..”

“ဘာ!...”

ဖွေး မျက်နှာလေးက တင်းမှုန်နေသည်၊ မျက်ဝန်းလေးတွေ စူးရဲနေကြတာကို ဧ စိုက်ကြည့်၍ ...

“ငါပြောတဲ့စကားတွေ မှားသွားလို့လား”

“မမှားပါဘူး”

ဖွေး က မျက်ခုံးတွေ ပင့်ပြောကာ လက်လေးပိုက်၏။ ပြီးတော့ မျက်နှာလေးလွှဲထားရင်း ...

“ရှင့်အန္တရာယ်ကို ရှင် ရှောင်တတ်သလို ဖွေး လည်း ကိုယ့်အန္တရာယ်ကို ရှောင်တာပဲ”

“ဘာအန္တရာယ်လဲ ..”

မေးလိုက်တော့ ဖွေး က အူကြောင်ကြောင် မျက်ဝန်းလေးတွေနှင့် လှည့်ကြည့်၏။ မမေးသင့်တာကို မေးရလားလို့ ပြန်ကြည့်လိုက်တဲ့မျိုး ...။

“ကိုယ်ကြောက်တဲ့အရာဟာ ကိုယ့်အတွက် အန္တရာယ်ပဲမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား"

"ဟုတ်တယ် .. ဆူးခြစ်မိမှာကို မကြောက်ဘူးဆိုတော့ မင်းကြောက်တဲ့ အန္တရာယ်ကို မေးနေတာ"

"ဟွန်း .."

ဖွေး က သူ့မျက်နှာကို စိုက်ကြည့်ပြီး 'ရှင်ပေါ့'လို့ ဖြေနေသလိုမျိုး မဲ့မဲ့လေး ပြုံးသည်။ ပြီးတော့ ဘာမှမပြောဘဲ တစ်ဖက်လှည့်သွား၏။ ဇ မကျေမနပ် ဖြစ်သွားကာ ဖွေး ပခုံးလေးတစ်ဖက်ကို ဆွဲလှည့်လိုက်သည်။ သူ့ဘက်ကို ယိုင်လာမှ ပခုံးနှစ်ဖက်စလုံးကို ဖိဆုပ်ထားလိုက်ပြီး ...

"ငါ မင်းနဲ့ မပြောချင်ဆုံးက အချစ်၊ အမုန်းတွေအကြောင်းပဲ ဖွေး .. မရနိုင်တာကို တမ်းတပြီး ပူဆွေးမနေချင်သလို မရမက ကြိုးစားခွင့်လည်း ငါ့မှာ မရှိဘူး"

ပြောနေရင်း ပခုံးလေးနှစ်ဖက်ကို ဖိဆွဲကာ မျက်နှာချင်း ပိုနီးအောင် ကပ်လိုက်သည်။ ထူပြည့်လှပသည့် ဖွေး ရဲ့နှုတ်ခမ်းလေးတွေကို စိုက်ခနဲကြည့်ပြီး မျက်ဝန်းတွေ တခြားကို တိမ်းသွား၏။

ပြီးတော့မှ မျက်နှာလေးကို စိုးမိုးကြည့်ကာ ...

"မင်းနဲ့ပတ်သက်လာတိုင်း ရင်ခုန်သံတွေပါ မလိုချင်ဘူး၊ တစ်ဖက်သတ် ခံစားနေရတာ ပျော်စရာလည်း မဟုတ်ဘူး၊ ငါ့ကိုယ်ငါ ကာကွယ်ရင်းနဲ့ ပြောထွက်လာတဲ့ စကားတွေကလည်း မင်းအတွက် နားဝင်ချိုမှာ မဟုတ်ဘူးဆိုတာ .."

"ကျွန်မကို လွှတ်ပါ"

သူ့လက်တွေ ပခုံးနှစ်ဖက်မှာ မြဲမြဲနေကာ ဖယ်ချတာလည်း မရ၊ ရုန်းနေကာမှ မျက်နှာချင်း ပိုပိုနီးသွားကာ သူ့နှုတ်ဖျားက ထွက်သက်လေငွေ့တို့ ကိုယ့်မျက်နှာကို ပုတ်ခတ်လာခဲ့တဲ့အထိ ..၊

"ငါ မင်းကို .."





သူ့စကားတွေ မှုမမှန်ဖြစ်လာလျက် မျက်ဝန်းတွေမှာ နူးညံ့လာသည်။ ထို့ပြင် ရင်ခုန်သံတွေကို ကြားလာရတဲ့အထိ သူ့မျက်နှာ တိုးကပ်လာခဲ့ပြီး ...

"ငါ မင်းကို စကားတစ်ခွန်းတော့ ပြောချင်တယ်၊ မင်း သိသွားဖို့ပါ"

"မပြောနဲ့ .."

ဖွေး ခေါင်းခါငြင်းရင်း သူ့လက်တွေကို အကြမ်းဗရမ်း ခါချပစ်လိုက်မိသည်။ မျက်မှောင်ကုတ်သွားသော တင်းစီးချင်သည့်အကြည့်များနှင့်မျက်နှာကို ဖွေး နာကျင်စွာ ပြန်ကြည့်မိလျက် ...

"ဘာမှမပြောနဲ့ ကိုဇ .. ရှင် ပြောသလိုပဲ ထံ့ဝရခဲ့ကြရတော့မှာ .. လွမ်းနေကြတာထက် မုန်းသွားကြရင် ပိုတောင် ကောင်းသေးတယ်၊ ရှင်လည်း ကိုယ့်အလုပ်နဲ့ကိုယ် ပျော်မွေ့တတ်သလို ကျွန်မကလည်း ရှင့်အတွက် မလွမ်းလောက်ပါဘူး"

အံ့သြလို့ကောင်းနေသည့် မျက်နှာကို ဖွေး က အေးစက်စက်လေး ရယ်ပြသည်။

"အမှတ်တရဆိုတာကတော့ ခရီးလမ်းသွားရင်း လမ်းမှာ ကားဘီးပေါက်ဖူးတာလည်း အမှတ်တရပဲ၊ ကားရပ်ပြီး ဝန်းတွေ ဆင်းခူးဖြစ်ကြရင်လည်း ဒါ အမှတ်တရပဲလေ .. ရှင်ပြောသလိုပေါ့၊ အမှတ်တရတိုင်းမှာ လေးနက်မှုပါဖို့ မလိုဘူး၊ လေးနက်လာရင် အန္တရာယ်များတယ်"

ရင်ထဲမှာ နာနေတော့ စကားလုံးတိုင်းက ပြတ်သားနေသည်။ သူ့လိုပဲ ပြတ်သားချင်သည့်ဆန္ဒအရ ကျကျနန ပြောလိုက်နိုင်သည့်အတွက်လည်း ကျေနပ်သည်။ သူ့လက်တွေ လျော့ရိလျော့ရဲ ပြေကျသွားပေမယ့် အံ့သြသည့်မျက်ဝန်းတို့က အရောင်မပြောင်းသေး ..။

တစ်စစ နီမြန်းလာခဲ့သော မျက်နှာပေါ်က ကြေကွဲရိပ်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်တော့ တစ်ဖက်လှည့်ပြီး မဲ့ပစ်မိသည်။ ကျွန်မက ရှင် ထင်ထားတဲ့ မိန်းမမျိုး မဟုတ်ဘူး ကိုဇ ..၊ ပေးသလောက် ယူ .. ထားခဲ့ရင် နေ .. နှုတ်ဆက်ရင် လှည့်မကြည့်စတမ်းလို့ ရှင် ချမှတ်တဲ့အတိုင်း ကျေနပ်နေရအောင် အရုပ်ဘစ်ရုပ် မဟုတ်ဘူး ..။

"ဝှန်း .."

"ဖြောင်း .. ဂျွတ် .."

ကားက တစ်ဖက်ကိုရှောင်ကာ တစ်ဖက်ကို အတင်းကပ်ဝင်နေသဖြင့် သစ်ကိုင်းရိုက်သံ ဖိနှင်းကျိုးကြေသံတွေ ဆူညံသွားသည်။

ဖွေး လှည့်ကြည့်လိုက်တော့ ကျိုးပြတ်ပါလာသည့် သစ်ခက်သစ်ရွက်တွေပါ သူ့ရှေ့မှာ ရှိနေကာ ငုံ့လှည့်ရှောင်နေရသည့် မျက်နှာက ဖွေး ကြည့်လိုက်မှ နေရာတကျ ပြန်မတ်နိုင်၏။

ဒီဘက်တိုးပါလို့ မပြောတော့ဘဲ သူ့ဟာသူ ဖြစ်သလို ကပ်ရှောင်နေတာမြင်မှ ဖွေး စိတ်မကောင်းဖြစ်သွားမိသည်။

ကိုယ့်ဘာသာပဲ ဒီဘက် ထပ်တိုးလိုက်မိကာ သူ တကယ် စိတ်ဆိုးသွားပြီလားဟု တွေးမိ၏။ တကယ်ဆို ရိုးသားစွာ ပြောနေတတ်သည့်လူအပေါ် သူမ အပြစ်မြင်ဖို့ သင့်ရဲ့လား ..။

ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်နေသလဲလို့တောင် ပြန်မမေးရဲတော့ပေ။ လိုချင်တာမရလို့ လုံကြီးတွေ သိအောင် တမင် ခြေဆောင့်ကောက်ကွေးပြနေသည့်ကလေးလို ဖြစ်နေပြီဆိုလျှင် သူမ ဘာလိုချင်တာလဲ..။

"ရှေ့မှာ ချောင်းကူးတော့မယ် .. မင်း ရေချိုးဦးမလား"

သူက ဘာမှမဖြစ်ခဲ့သလို ပြောလာတော့ ဖွေး သူ့မျက်နှာကို အကဲခတ်မိသည်။ ပြီးတော့ နာကျင်သွားမိ၏။ မိန်းမဖြစ်နေသည့် ဒုက္ခလား ..၊

မျိုသိပ်ထိန်းချုပ်ရသည့်ဒုက္ခကို မခံစားနိုင်တော့ ပေါက်ကွဲမိ





သည်။ ဒါတွေဟာ မလိုလား မုန်းတီးလို့မဟုတ်ခဲ့ဘူးဆိုတာကျတော့ ပြောခွင့်မရှိ ..။ သူ မသိလို့ နာကြည်းသွားပြီဆိုရင်တောင် ဖွေး ဒီတိုင်းပဲ ထားလိုက်ရတော့မည်သာ ..။

"ဖွေး .."

"ဟင် .."

"ရောက်ပြီ .. ခဏဆင်းလေ"

"အင်း .."

ချောင်းရေက ကြည်နေသဖြင့် တောအုပ်က ရှုပ်ထွေးပေမယ့် လှနေသည်။ ပင်မြင့်ကြီးတချို့ ရှိနေတာက သစ်ရွက်ကျဲကျဲမို့ ကောင်းကင်ပြာကြီးကို မြင်နေရ၏။

"ဟိုဘက်ထောင့်မှာ တိမ်တွေ ညိုနေတယ်နော် .. မိုးရွာမှာလား"

"မပြောတတ်ဘူး .. ရွာရင်လည်း မိုးက ခွေနေမှာ မဟုတ်ပါဘူး၊ ခင်း ရေချိုးမှာလား .. ငါ ဟိုဘက်သွားလိုက်မယ်"

"မချိုးပါဘူး .. ကိုဇ ချိုးချင်လို့လား"

သူက ခေါင်းခါပြီး ကားဘေးမှာပဲ ရပ်နေရင်း စီးကရက် မီးညှိသည်။ ဖွေး က ချောင်းစပ်ကို လျှောက်သွား၍ ရေစပ်စပ် ကျောက်တုံးပေါ်မှာထိုင်ကာ ခြေထောက်တွေကို ရေထဲ ချထားလိုက်၏။

သူ ဒီနားလျှောက်လာမည်ထင်ခဲ့ပေမယ့် ဇ က ကားနားမှာပဲ စီးကရက်သောက်ရင်း ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်နေ၏။

"ဒီထဲကနေ ကားဖြတ်မောင်းမှာပေါ့ .. ဟုတ်လား"

"ဟုတ်တယ် .. ချောင်းညာဆိုတော့ ရေက ပုံမှန်ပဲလေ .. ဒီမှာရှိနေတော့ ရေကျတော့မယ်ဆိုရင်လည်း ကြိုသိတယ်၊ ရေ အတိမ်အနက်ကလည်း ဘယ်ဘက်က ဘယ်လိုဆိုတာ သိပြီးသားဆိုတော့ ပြဿနာမရှိဘူး .."

"ဖွေး တို့ လာတုန်းက ကားအကြီးကြီးလေ .. ကုန်တွေအပြည့်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ..''

''ဘာဖြစ်လို့လဲ''

''အဲဒီကားလမ်းကို ပြန်မရောက်သေးတာလား''

''မရောက်တော့ဘူးလေ .. ဒါက ကားလမ်းမကြီးကို ဖြတ်ထွက်တဲ့ တခြားလမ်း၊ ကျောက်တူးသမားတချို့ ဖြတ်ပြေးကြတော့ ပြေးတဲ့လိုက်တဲ့ ခြေရာတွေ ထပ်ပြီး လမ်းဖြစ်သွားတာ၊ ဆက်သွယ်ရေးလမ်း မဟုတ်ဘူး''

''ဟုတ်လား .. ကျောက်တူးသမားတွေက ကျောက်အောင်ပြီဆိုရင် ထွက်ပြေးကြတာပဲလားဟင်၊ လွတ်ရော လွတ်လို့လား၊ ရုပ်ရှင်တွေထဲမှာတော့ သေကြတာပဲ များပါတယ်''

စီးကရက် မီးခိုးဖြူလေးတွေကို လှပစွာမှုတ်ထုတ်နေရင်း သူမဆီကို ခပ်လှုပ်လှုပ် လျှောက်လာ၏။ ပြီးတော့မှ မလှမ်းမကမ်းလေးမှာ ရပ်ကာ ...

''အပြင်မှာလဲ ဒီတိုင်းပါပဲ၊ အဲဒါကြောင့် ငါတို့လုပ်ငန်းထဲမှာ အလုပ်သမားတွေအတွက် ခံစားခွင့်သပ်သပ် သတ်မှတ်ပေးလိုက်တာ၊ ကျောက်ကောင်းပါလာရင်း ရိုးရိုးသားသား ပြန်အပ်၊ ဘာအန္တရာယ်မှ မဖြစ်ဘဲ တစ်ဝက်တိတိ အကျိုးခံစားခွင့် ရမယ် .. မလုပ်ချင်တော့ဘူးဆို အေးအေးပြန်လို့ ရတယ်လေ၊ ဆက်လုပ်မလား .. ဆက်စုမလား ကိုယ့်သဘောကျတိုင်းပေါ့၊ အဲဒီတော့ လောဘတကြီး ဆုပ်ကိုင်ပြီး တောထဲမှာ ခွေးပြေးပြေးရင်း သေမလား .. ရှင်မလား မသိတဲ့လမ်းကို သိပ်မရွေးကြတော့ဘူး''

ဖွေး သူ့မျက်နှာကို ထိုင်နေရင်း မော့ကြည့်ကာ ...

''ဖွေး ကြားရသလောက်တော့ ရှင်တို့မှာလည်း အန္တရာယ်ကြီးတာပါပဲ၊ ဘာဖြစ်လို့ ဒီအလုပ်ကိုမှ ရှင် ဝါသနာပါနေရတာလဲ''

''ဝါသနာပါလို့ဖြစ်ဖြစ် မပါရင်ဖြစ်ဖြစ် အခုက လုပ်ကို လုပ်ရ





တော့မှာ .. ပေါလန့်ကြီး မရှိတော့ဘူး၊ အုပ်စီး ဦးဆောင်မယ့်သူ မရှိလို့ ဖြစ်မလား ..''

''ကိုဇ ..''

ဖွေး က နေရာမှ ထရပ်လိုက်ကာ သူ့ရှေ့မှာ မျက်နှာချင်းဆိုင်လိုက်ရင်း ...

''ရတနာကုန်သည်ကြီးတွေဟောင် ကျောက်တွင်းတွေကို ဦးစီးနိုင်မှ ကုန်သည်လုပ်စားလာကြတာ မဟုတ်ပါဘူး၊ ကျောက်မျက်ပညာကလည်း ဒီမှာ ဒီလိုနေမှ တတ်မြောက်မှာမှ မဟုတ်တာ''

''ငါက မတတ်လို့ သင်နေတာ မဟုတ်ဘူး ဖွေး .. စိန်ကောင်းကျောက်ကောင်းရဲ့တန်ဖိုးကို မှန်ဘီလူးတွေ၊ ကွန်ပြူတာတွေ မလိုဘဲ တန်ဖိုးဖြတ်နိုင်တယ်၊ ဒါက မိဘရဲ့လက်ငုပ်လက်ရင်းအလုပ်၊ ချမ်းသာရင် တော်ပြီဆိုပြီး လာလုပ်နေတာ မဟုတ်ဘူး၊ မင်း မသိသေးတာတွေ အများကြီး ရှိသေးတယ်၊ ရှင်းပြနေရမယ့်အချိန်လည်း မဟုတ်ဘူး၊ ငါ့ဘဝ ငါ့ဝါသနာကို မင်း သိသိမသိသိ ဘာမှ ဖြစ်လာစရာအကြောင်းလည်း မရှိဘူး၊ အဲဒီတော့ အလုပ်ကိစ္စတွေ ထားလိုက်ရအောင် ..''

နောက်ထပ် ရင်ထဲမှာ ထိရှသွားခဲ့ပြန်သည်။ ဒဏ်ရာဖြစ်ရတိုင်း အတိမ်အနက်ကို မသိနိုင်ပေမယ့် တစ်နေရာတည်းမှာပဲ အထပ်ထပ် နာကျင်ခဲ့ရတာတော့ သေချာ၏။

ထိုနေရာဟာ သူမရဲ့ ဝဲဘက်ရင်အုံ...၊

''ဆောရီး.. ငါပြောသမျှ မင်း နားဝင်မချိုဘူးထင်တယ်၊ ငါ့မှာလည်း တစ်ခါတလေ ပြောချင်တာကတခြား၊ ပြောလိုက်ရတာကတခြား ဖြစ်နေတယ် ဖွေး .. ဘယ်လိုစကားကို နားဝင်အောင် ဘယ်လိုပြောသင့်တယ်ဆိုတာ မသိပေမယ့် ပြောတာမှားသွားပြီဆိုရင်တော့ သိတယ်''

သူ ဖွေး မျက်ခုံးလေးတွေ တွန့်ကုတ်နေတာကို စူးစိုက်ကြည့်ရင်း စီးကရက်တစ်ရှိုက်ကို မျက်နှာလွှဲရင်း ဖွာသည်။ မီးခိုးဖြူလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြန်မှတ်လွှတ်တဲ့အထိ ...၊ ပြီးမှ ဒီဘက် ပြန်လှည့်ကာ ...

"မင်းနဲ့ငါ ရက်တွေအများကြီး အတူနေဖြစ်ခဲ့ကြပေမယ့် တစ်ယောက်နဲ့တစ်ယောက် နားမလည်ခဲ့ကြဘူး ထင်တယ်၊ ငါ ပြောသမျှ မင်းအတွက် .."

"ရပါတယ် .. ရှင်နဲ့ ကျွန်မ နားလည်ကြဖို့မှ မလိုတာ"

ဖွေး အသံလေးက အက်ရှနေသည်။ စိတ်တိုသွားမှန်း သိသာသည်က သူမ ကိုယ့်ကိုယ်ကိုယ် 'ကျွန်မ'လို့ ဖည့်ပြောလာသည့် အခါ...၊

"ရှင် ပြောလိုက်တာ မှားသွားပြီလို့ ရှင် သိတဲ့အချိန်မှာ ကျွန်မကလည်း နားလည်ဖို့ ကြိုးစားပြီးသား ဖြစ်နေမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ရှင်က မှားခွင့်ရှိတဲ့ သူ .."

"မင်းက .."

"ကျွန်မက မိန်းမသားလေ .. အဲ့ဒါကို ပြောချင်တာပါ၊ ပြီးတော့ ကျွန်မက မှီခိုနေတဲ့သူ၊ ဆရာမှားတော့ ဆောရီး တပည့်မှားတော့ ဖြောင်းတီး ဆိုတာလို .."

"ငါ ပြောတာ အဲဒီလို အခွင့်အရေးတွေနဲ့ မဟုတ်ဘူး၊ မင်းဘက်မှာ ဒီလောက်ထိ .."

"ဟင့်အင်း .. ဘာမှဖြစ်မသွားပါဘူး၊ ကျွန်မက နားလည်ဖို့ ကြိုးစားနိုင်တယ်လို့ ပြောပြီးပြီပဲ၊ ဒီခရီးဆုံးတာနဲ့ ကျွန်မတို့ရဲ့ ပတ်သက်မှုကလည်း အဆုံးသတ်သွားပြီ၊ ဘာမှမ မလိုတော့တာ"

ဇ နှုတ်ခမ်းတွေ တင်းခနဲ စေ့ပိတ်သွားသည်။ စူးရဲကျဉ်းမြောင်းသွားသည့်မျက်ဝန်းတွေထဲမှာ ဖွေး ရဲ့ မျက်ဝန်းလေးတွေက ပိုလက်နေသလား ...။

ဒါမှမဟုတ် အရှဲ့တိုက် စောင်းချိတ်ရင်း သူမ ကျေနပ်နေတာလား ...၊ ပြောချင်တဲ့စကားက လိုရင်းကို မရောက်နိုင်သည့်အဖြစ်မှာ





ရှုပ်ထွေးကုန်တာတွေကိုလည်း မရှင်းတတ်ဘဲ ဇ မျက်နှာကြီး နီမြန်းလာခဲ့၏။

သက်ဆိုင်သူ ရှိခဲ့ဖူးသော ပန်းတစ်ပွင့်မို့ ကိုယ့်နားမှာ မွှေးပျံ့လှပခြင်းများနှင့် အစွမ်းကုန် ဖမ်းစားညှို့ငင်နေသော်လည်း သူ မထိကိုင်ရဲခဲ့ပေ ...၊ ဒါပေမယ့် တပ်မက်စိတ်တို့ကြောင့် ပန်းကလေးနားကလည်း မခွာနိုင် ...။

သူမကို စွဲလမ်းနေခဲ့ပြီဖြစ်သည့်စိတ်ဟာ တားဆီးဟန့်တားနေသည့် ပိုင်းခြားမှုတွေကြောင့် ကစဉ့်ကလျား ထွေပြားနေခဲ့သည်။

ပြောသမျှ အားလုံး မှားယွင်းနေကာ သူမ တုံ့ပြန်ပြောသမျှ .. ကြည့်သမျှ အကြည့်တွေအားလုံးကတော့ ရင်ဘတ်ကို တည့်တည့် ထိလေသည်။

ကုန်ပါစေ ဒီဝဋ်ကြွေး ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"ကားတော့ မျောပါမသွားလောက်ဘူးမို့လားဟင်"

"ရတယ် .. ဘာမှမဖြစ်ဘူး"

စမ်းလည်းမဟုတ် .. မြောင်းလည်းမဟုတ်ဘဲ ရေက ကြည်မလို နှင့် နောက်နေသည်။ ကြည့်နေရင်း ရေအား ပိုကောင်းလာသလို ထင်ရကာ ချောင်းရေထဲကို လုံးလုံးလျားလျား ဆင်းလိုက်တာနှင့် ရေစီးအားက ကားကို အတင်းတွန်းတိုက်နေ၏။

"ဒုန်း .."

"အမလေး .."

ကားတစ်ကိုယ်လုံး တုန်ခါသွားသဖြင့် ဖွေး လန့်အော်မိကာ ...

"ဘာဖြစ်သွားတာလဲဟင်"

"သစ်တုံးမျောလာတာနဲ့ ကားကို ထိတာ"

ဧ ကားကို သတိထားမောင်းနေရင်း ဖွေး မေးတာကိုလည်း ဖြေသည်။ ချောင်းညာကနေ သူ တစ်ခါပဲ ကူးဖူးသည်။ ဒါပေမယ့် ခုလောက် မခက်ခဲခဲ့ဘူး ထင်၏။





ချောင်း ပိုနက်သွားတာလား၊ ရေစီး ပိုသန်လာတာရော ဘာကြောင့်လဲ ...၊ ကားကို ဟိုဘက်ရောက်အောင် ခဲယဉ်းစွာ မောင်းနေရသည်။ သို့သော် ...

"ဘာဖြစ်သွားတာလဲ .. ဟင် ကိုဧ .."

"နောက်ဘီး နစ်နေတာ"

တစ်ဘက်ချောင်းစပ်ကို တက်ပြီဆိုမှ ကားနောက်ပိုင်း တစ်ခုလုံးက ပါမလာတော့ပေ ...။

"တောက် .."

ကိုယ့်ကိုယ်ကိုယ် စိတ်တိုသွားမိသည်။ ဘာပဲဖြစ်ဖြစ် ချောင်းညာမှာ ရေတိမ်သည်။ ရေစီးညင်သာသည်ဆိုသည့် ယုံကြည်ချက်နှင့် ဆင်းကြည့်ဖို့ကို စိတ်မကူးမိခဲ့ ...။

တကယ်က ချောင်းရေစီးကြမ်းတာကြောင့် ရေညာမှာ တမင်လာတူးထားကြတာလည်း ဖြစ်နိုင်သည်။ ဒီလောက်ထိ သတိလက်လွှတ် လုပ်လိုက်မိတာကို ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်လို့ မဆုံး ...။

သူ ရေထဲဆင်းကာ နစ်နေသည့် နောက်ဘီးတွေကို သေချာ ငုံ့ကြည့်မိသည်။ ရေစီးမြောင်းက ဘီးတစ်ဝိုက်မှာ ဝဲလှည့်ကာ နုံးရေတွေလို နောက်ကျိနေ၏။

"ဖွေး ဆင်းခဲ့မယ်နော်"

"နေဦး .."

သူ ဖွေး ဘက်ကို လျှောက်သွားကာ ...

"ရေက မင်းရဲ့ဒူးခေါင်းကျော်လောက် ရှိတယ်၊ ဘောင်းဘီအနားတွေ စိုကုန်လိမ့်မယ်"

"ရပါတယ် .. ဖွေး"

"လာ .. ဒီဘက် တိုး .."

"အမေ့!..."



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ကို ကိုင်ပြီး ဆင်းခိုင်းမှာပဲလို့ ထင်ခဲ့သော်လည်း အနားကပ်လိုက်တာနှင့် တစ်ကိုယ်လုံးကို ဆွဲပွေ့လိုက်သဖြင့် ဖွေး သူ့အင်္ကျီရင်ဘတ်စကို အလန့်တကြား ဆွဲထားလိုက်မိ၏။

"မင်းဘောင်းဘီက ထူတယ် .. ရေစိုကြီးနဲ့ တစ်နေကုန် နေရမှာစိုးလို့ .."

"ကားက ပျက်သွားပြီပေါ့ .. ဟုတ်လား"

"မပျက်ပါဘူး .. ရှေ့ဘီးအောက်က မြေကြီးတွေ နည်းနည်းယက်ထုတ်လိုက်ရင် ရပြီ .."

စကားပြောမပျက်ဘဲ ဖွေး ကို သူ ပွေ့လာတာ ဘာမှအပန်းမကြီးသလိုပင် ..။ ဒီဘက်မှာ ချထားပေးကာ သူ ပြန်လှည့်သွားတော့ ဖွေးက လက်မောင်းအင်္ကျီစကို ပြန်ဆွဲထား၍ ...

"ချောင်းရေ ကျလာတာလားဟင် .. ဖွေး စကားတွေ များနေမိလို့ ထင်တယ်"

"မဟုတ်ပါဘူး"

တိမ်ညိုမည်းတွေ တရိပ်ရိပ် မြင့်တက်လာသည့် ကောင်းကင်ကို ဓ တစ်ချက်မော့ကြည့်၍ ...

"ရေက ခုမှကျမှာ .. ကိုယ် လုပ်လိုက်ဦးမယ်"

ဖွေး လက်ကို ဖယ်ချလိုက်ကာ သူ လှည့်ထွက်သွားသည်။ ကားထဲက ပစ္စည်းတချို့ ထုတ်ယူကာ တစ်ယောက်တည်း မြေပြင်ကို တူးဆွဖယ်ထုတ်နေသဖြင့် ဖွေး ဘာမှလည်း မကူနိုင်။ ဒီတိုင်းလည်း မနေတတ်ဘဲ သူ့နားမှာပဲ ဟိုမတ်တတ် ဒီမတ်တတ်နှင့် ..။

"ရပြီ .."

"ဟုတ်လား .."

သူ ခေါင်းညိတ်ပြပြီး ကားပေါ် ပြန်တက်၏။ စက်နှိုးသံ ဆူညံစွာထွက်ပေါ်လာကာ မိုးသက်လေက သုတ်ခနဲ ပြေးဆော့သွား၏။





ဓ ကားပေါ်က ပြန်ဆင်း .. ပြန်လုပ်နှင့် သုံးကြိမ်မြောက်မှာ ဝေါခနဲ ကြွတက်လာသည့်ကားက ကမ်းစပ်ကို အောင်မြင်စွာ တက်နိုင်ခဲ့၏။ ထိုစဉ် တစ်တောလုံး ညိုမှောင်လာသဖြင့် ဖွေး စိုးရိမ်စိတ်သေးနှင့် မော့ကြည့်လိုက်မိသည်။

"မြန်မြန်တက် ဖွေး .. မိုးရွာတော့မှာ"

"ရေကျတော့မှာလား"

"ဟုတ်တယ် .. သစ်ပင်ရိပ်လွတ်တဲ့ တစ်နေရာမှာ နေရာယူမှဖြစ်မှာ"

မိုးပေါက်တွေကျလာတာနှင့် ဖွေး မေးမြန်းနေတာတွေကို မဖြေအားတော့ဘဲ သူသိတဲ့လမ်းအတိုင်း မောင်းချလာခဲ့သည်။

"ဒီကနေ နောက်ထပ် သုံးမိုင်လောက်မောင်းရင် အဝေးပြေးလမ်းမကို ရောက်ပြီ"

"ဟုတ်တယ် .."

"အင်း .. ကားလာဖို့ကတော့ စောင့်ရမယ် ထင်တယ်"

"ဒီကားနဲ့ပဲ ဆက်မသွားဘူးလား .. ဖွေး ကို ဟိုထိလိုက်မပို့ဘဲ တို့ဓ နေခဲ့မှာလားဟင်"

"ကားစောင့်ရင်း ဒီကောင်ကို ပြင်ကြည့်ဦးမယ် .. မရရင်တော့ တောစပ်က မုဆိုးတဲမှာပဲ အပ်ခဲ့ရမှာ၊ မင်းကို အဆုံးထိ ငါ လိုက်ပို့မှာပါ"

"ကားက အခု မောင်းလို့ရနေတာပဲဟာ .. ဘာဖြစ်လို့လဲ"

ဖွေး ကို ပြန်မဖြေနိုင်ခင် ကားက တုံ့ခနဲ ရပ်သွား၏။

"ဘာဖြစ်သွားတာလဲ .."

"တမင် ရပ်လိုက်တာ"

သူ့ဖြေသံဆုံးသည်နှင့် မိုးစက်တွေ ဝေါခနဲ သွန်ကျလာ၏။

"ရှော .. ရှော .. ဒါ မြို့ထား"



www.burmeseclassic.com

www.burmeseclassic.com



နောက်ခန်းထဲကနေ ကမန်းကတန်း လှည့်ဆွဲလိုက်သည့် ကားမိုးကာကြီးကို သူကိုယ်တိုင် ဖြန့်ပေးသည်။ စက်ဆီနံ့တွေ အီတီတီကြီး ထွက်လာပေမယ့် ဖွေး တစ်ကိုယ်လုံး လုံခြုံသွား၏။

"ရှင်လည်း ဝင်လေ .. မိုးက သည်းလာပြီ"

"ရတယ် .."

"အို .. ဘာရတာလဲ .. ဝင်ပါဆိုမှ"

မိုးကာကို မရမကဆွဲဖြန့်ကာ သူ့ဘက် တိုးကပ်လိုက်သဖြင့် ဖွေး ကိုယ်ပါယိုင်သွားကာ နှစ်ယောက်သား အော်တိုမစ်တစ် ပူးကပ်သွား၏။

မိုးစက်တွေ တဖျောဖျော သွန်းကျနေပေမယ့် ကိုယ်ပေါ်ကို မရောက်တော့ဘဲ မိုးကာနှင့် ထိခတ်သံက နားထဲမှာ ဆူညံနေသည်။

ပခုံးချင်းကပ် မျက်နှာချင်းကပ်လျက် တစ်ယောက်ရဲ့လေငွေ့နွေးကို တစ်ယောက်က ခံစားမိနေကာ ရင်ခုန်သံတွေ ဘယ်လောက်ထိ သောင်းကျန်းနေကြသည် မသိ ..။

ဖွေး ကိုယ့်နှုတ်ခမ်းလေးကို ဖိကိုက်ထားမိသည်။ စူးစူးရဲရဲ ငုံ့မိုးကြည့်နေသည့် မျက်ဝန်းတွေကြောင့် ခုန်ပေါက်နေသည့် နှလုံးသားတစ်ခုလုံး ပါးစပ်ထဲကနေများ ခုန်ထွက်လာတော့မှာလား ထင်ရသည်။

"မင်း တစ်ယောက်တည်းပဲ ခြုံပါ"

"ဟင့်အင်း .. မလုပ်နဲ့"

မျက်နှာလွှဲပစ်ကာ မိုးကာကို ဖယ်ချဖို့ ပြင်၏။ ဖွေး ခေါင်းခါရင်း သူ့လက်မောင်းကို ပြန်ဆွဲထားမိလျက် ...

"ဒီတိုင်းပဲ နေပါ"

"ငါ မနေချင်ဘူး"

ထိန်းချုပ်ရခက်သည့် ရင်ခုန်သံတွေကို သူမ ငြင်းဆန်ခဲ့သော အေးစက်စက်မျက်ဝန်းတို့ကို မြင်ယောင်ပြီး တိုက်ဖျက်နေရသည်။

"မပြောနဲ့ .."တဲ့။





ပြန်လည်တုံ့ပြန်မှုကို မျှော်ကိုးလို့ မဟုတ်ပါ။ ဒါပေမယ့် သူမကတော့ ပြောခွင့်လေးတောင် မပြုခဲ့ပေ ..။ ထို့ပြင် ...

"လွမ်းနေကြတာထက် မုန်းသွားကြရင် ပိုကောင်းသေးတယ်" လို့ ပြောခဲ့သေးသည်။

ရင်မှာ နာကျင်ခဲ့ရပေမယ့် သူမ ပြောတာတွေလည်း မှားတော့မမှားပါ။ သူ့သာလျှင် မတူညီသည့် အခြေအနေနှစ်ရပ်ကို ညီမျှခြင်းတစ်ဖက်စီမှာ ရပ်တည်ဖို့ မိုက်မဲစွာ စိတ်ကူးယဉ်ခဲ့သူ ဖြစ်သည်။

ထို့ကြောင့် သူ ဆင်ခြင်ဖို့ ဆုံးဖြတ်ခဲ့၏။ ထိန်းသိမ်းနိုင်စွမ်းမဲ့စေမည့် အခြေအနေကို ရှောင်ကြဉ်ဖို့ ..။

"ရှင် မာနတွေ ပြနေတာလား ကိုဇ .."

နောက်ထပ် ဖယ်ချဖို့ ကိုင်လိုက်သည့်လက်ကို ဖွေး က အတင်းဆောင့်ဆွဲပစ်ကာ ဝမ်းနည်းသံလေးနှင့် ကြိတ်အော်၏။

"မဟုတ်ဘူး ဖွေး.. ငါ့ကိုယ်ငါ သိတယ်၊ မင်းနဲ့ငါ မမုန်းချင်လို့ပါ"

"ဟင့်အင်း .."

ဖွေး ကိုယ်လေး သူ့ရင်ခွင်ထဲ ပြိုကျလာသည်။ ပြီးတော့ အင်္ကျီရင်ဘတ်ကို ဆုပ်ဆွဲထားရင်း ...

"ရှင့်ကို ဖွေး မမုန်းဘူး .. ဒီတိုင်းပဲ နေပါ"

နွေးပြန့်သည့် ရင်ခွင်ကျယ်မှာ ပါးလေးကပ်ထားမိရင်း ရင်ခုန်သံတွေကို နားစွင့်ထားမိသည်။ ပြီးတော့ ဖွေး မျက်ဝန်းမှာ မျက်ရည်ကြည်လေးတွေ ဝေ့ဝဲလာခဲ့၏။

မချစ်ရသေးဘဲ လွမ်း၍ကျရမည့်မျက်ရည်အတွက် နည်းနည်းတော့ ကြေကွဲမိသည်။ အချစ်ဟာ ဒီလောက်ထိ ပေးရခက် .. ယူရခက် အသွားအပြန်မလွယ်သည့် ဒြပ်မဲ့ဂုဏ်သတ္တိတွေနဲ့လား ..။

ဖွေး ချစ်ခဲ့ဖူးပေမယ့် ဒီလောက်ထိ တမ်းတရတာတွေ၊ ရင်ခုန်လွန်းလို့ ငိုချင်လာတာတွေ မဖြစ်ခဲ့ဘူးပါ။ သူနဲ့ကျမှ ရင်ခုန်သံတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို စိမ်းသက်စွာ …။ မမုန်းပါဘူးလို့ ပြောခဲ့ပြီးတာတော ဇ ထံမှ တိတ်ဆိတ်စွာ ရှိနေခဲ့သဖြင့် ဖွေး နားလည်သွားသည်။ သူယ တကယ့်ကို မာနကြီးတဲ့ယောက်ျား …။

ဒါမှမဟုတ် အချစ်ကို မခံစားတတ်ဘဲ ပြောလိုက်သည့် စကာ အပေါ်မှာပဲ သုံးသပ် ဆုံးဖြတ်တတ်သူလား …၊ ဖွေး ရဲ့ပခုံးလေး ဖွဖွလေး ပြန်ဖက်ထားပေမယ့် ဘာမှမပြောခဲ့ဘဲ သူမကသာ …၊

"သစ်ပင်တွေလွတ်တဲ့နေရာမှာ ဘာဖြစ်လို့ ကားရပ်တာလဲဟင် မိုးခိုတာက သစ်ပင်အရိပ်ကောင်းကောင်းအောက်မှာ နေရမှာ မဟု ဘူးလား"

အနေခက်ခြင်းကို ကိုယ်ကပဲ စတင်၍ အကြောင်းရှာပြောမိသည်

"အင်း .."

သူက ဖွေး ဘက်က လျှောကျချင်နေသည့် မိုးကာစကို ပြ ဆွဲတင်ပေးရင်း နဖူးဆံစပ်မှာ မိုးရေနည်းနည်းစိုသွားတာကို သူ့လက် နဲ့ အသာလေး ကပ်ထိ သုတ်ပေးကာ …

"တောထဲမှာကျတော့ သစ်ပင်ကြီးတွေအောက်မှာ ပိုပြီးအန္တရာယ် ရှိတယ်၊ တာမခံဘက်ကို သွားတဲ့ တောလမ်းဆိုရင် နေပြောက်မထိုး ဘူး၊ ကားလမ်းပေါ် အုပ်ကျနေတဲ့ သစ်ပင်ကြီးတွေမှာ 'ကျွတ်'တွေ နေကြတယ်၊ ကားလာတာနဲ့ သူတို့က ကားပေါ်ကို ဆင်းလာကြရော–

"ဟင်!… တကယ်လား .."

ဖွေး တအံ့တသြ မော့လိုက်တော့ သူ့မျက်နှာနဲ့ နီးနီးကပ်ကပ် လေး ဖြစ်သွားသည်။ ငေးခနဲ ဖြစ်သွားပြီးမှ ဇ မျက်ဝန်းတွေ တခြာ လွှဲပစ်ကာ …

"အဲဒါမျိုး ကြားတော့ ကြားဖူးတယ်၊ ဒီဘက်မှာ တကယ် ရှိတာ ပေါ့နော်"

"ဟုတ်တယ် .."





ဖွေး မျက်နှာလေးကို ပြန်ငုံ့မကြည့်ရဲတော့ဘဲ ပူးကပ်နေရသည့် အဖြစ်ကနေ ရုန်းထွက်ဖို့ပဲ သူ ကြိုးစားမိတော့သည်။

သြော် .. ကိုယ့်ကို ကြည်ဖြူနေမည့်ချစ်သူချင်းသာဆိုရင်တော့ ဒီနေရာလေးဟာ တကယ့်ကိုလှပတဲ့ ဂန္ထဝင်ချစ်ခရီးလေးတစ်ခု …၊

"ဒီဘက်မှာတော့ အဲဒီလိုကောင်တွေ မရှိတတ်ပါဘူး၊ ပြောလို့ လည်း မရဘူးပေါ့၊ ဘာဖြစ်ဖြစ် တခြား ပိုးမွှားအန္တရာယ်တွေလည်း ရှိတတ်တာပဲ၊ သစ်ပင်အောက်မှာထက် အရိပ်လွတ်တဲ့နေရာက ပို ကောင်းတယ်"

မိုးပေါက်သံတွေ လျော့ကျသွားတာနှင့် ဇ အပြင်ထွက်လိုက်သည်။

"မင်း အထဲမှာပဲ ခဏနေဦး၊ ကားအောက်ပိုင်း ခဏ .."

စကားမဆုံးခင် ဇ မျက်နှာပျက်သွားကာ တောထဲဆီကို စူးစူးရဲရဲ စိုက်ကြည့်နေ၏။

"ကိုဇ ဘာဖြစ် .."

ဖွေး မိုးကာနှစ်ဖက်စကို ကိုင်၍ ခေါင်းလေး ထောင်သွားကာ မေးတော့ မေးပေမယ့် မဆုံးလိုက် …။

"ရာသီဥတုက ဆိုးပေမယ့် ဒီမှာတော့ သာယာနေသားပဲကွ"

လူရိပ်တွေနှင့်အတူ စကားသံတွေပါ ကြားလိုက်ရ၏။ ဖွေး ထိတ်လန့်သွားကာ မိုးရွာနေတာကိုလည်း ဂရုမစိုက်မိတော့ဘဲ မိုးကာ စကို ခေါင်းပေါ်ကနေ ခွာချပစ်လိုက်၏။

"ဟား .. ခုမှ တွေ့ဖူးတယ်၊ လမ်းသစ်ကောင်း ရဲ့ဟာလေးက လန်းသားပဲကွ"

"ကောင်း .."

လူသုံးယောက်ထဲမှာ တတိယလူက လမ်းသစ်ကောင်း

ဖွေး ရုတ်တရက် အံ့သြသွားကာ တိုးတိတ်သည့်ခေါ်သံအဆုံးမှာ မျက်နှာလေး တစ်ပြင်လုံး နီရဲတင်းမာသွားခဲ့၏။ ဗရုက်သုတ်ခပုံစံတွေ



www.burmeseclassic.com

www.burmeseclassic.com



နှင့် နှစ်ယောက်က ပုံစံတွေရော ပါးစပ်တွေကပါ စည်းကမ်းမဲ့သည်။

လမ်းသစ်ကောင်း က မျက်မှောင်ကုတ်ထားလျက် မျက်လုံးတို့သည် ဇ နဲ့ ဖွေး ထံမှာ စူးစိုက်နေ၏။ ပြီးတော့ တစ်လှမ်းချင်း တိုးလျှောက်လာကာ ...

"ဖွေး .."

ရေညှိစိမ်းရောင် လယ်သာဂျာကင်ကို ခေါင်းစွပ်ဝတ်ထားကာ ခြေထောက်မှာ တောစီးဖိနပ်ရှည်ကြီးနှင့် ဖြစ်သည်။

"ငါတို့ ကြိုစောင့်နေတာပဲ .. ဒါပေမယ့် လမ်းလွဲနေလို့"

"စောင့်ပြီး ဘာလုပ်မလို့လဲ"

"မင်းကို လာခေါ်တာ"

"ဘာ!..."

ဖွေး က သုံးယောက်စလုံးကို နှာခေါင်းရှုံ့ နှုတ်ခမ်းမဲ့လျက် ဇွေ့ကြည့်သည်။

"တပည့်လက်သားတွေနဲ့ ရက်ပိုင်းလေးပဲရှိသေးတာ၊ ပုံစံတောင် ပြောင်းနေပြီပဲ .. ဟွန်း .."

"ငါတို့ ပြောစရာရှိတာတွေ နောက်မှ ပြောရအောင် .. မင်းကို မျက်နှာလွှဲခဲပစ် ထားခဲ့မိတဲ့အတွက် ကျေနပ်အောင် တောင်းပန်မယ်၊ ထားခဲ့ရတဲ့အကြောင်းကိုလည်း ပြောပြပါမယ်၊ ကားပေါ်က ဆင်းခဲ့ပါ"

ဖွေး ခေါင်းညိတ်လိုက်ပြီး ကားပေါ်က ဆင်းသည်။ ကောင်း က ဆီးကြိုတွဲဖို့ ကားနားကိုတိုးကပ်၍ လက်ပြင်၏။ ဖွေး က သူ့မဘာသာ မတ်မတ်ရပ်ကာ အင်္ကျီခါးစပ်ကို ကျကျနန ဆွဲချလိုက်သေးသည်။

"ငါ တောင်းပန်ပါတယ် .. ဘယ်လိုမှ မဖြစ်သာတဲ့ အခြေအနေကြောင့်ပါ"

"ကဲပါ .. ကောင်း ရာ .. ငါတို့ကလည်း မင်းရဲ့ တပည့်အဖြစ်နဲ့ပဲ ပါရမီဖြည့်ပါတော့မယ်၊ ဟိုကောင့်ဆီမှာ ညပေါင်းများစွာ သိပ်ထား





ခဲ့ပြီးမှ မင်း ပြန်ခေါ်တဲ့ဟာ .. ဘာကို ရှင်းပြဖို့ လိုသေးလို့လဲ..၊ သူလည်း ဝမ်းသာအားရ ခုန်ပေါက်လိုက်မှာ .. မမြင်ဘူးလား"

နောက်က ခပ်ရိုင်းရိုင်းပြောသံတွေကြောင့် ကောင်း မျက်နှာပျက်သွားသည်။ တင်းမာသွားသည့် ဖွေး မျက်နှာလေးကို အနူးအညွတ် တောင်းပန်သည့်အကြည့်တို့နှင့် ...

"ဖွေး .. သူတို့ကို ငါက အကူအညီတောင်းလာခဲ့တာ"

ပြောရင်း လက်ပိုက်ကြည့်နေသည့် ဇ ဆီ မျက်လုံးဝေ့သွားကာ...

"သူ့အကြောင်း နင် သိမှာပါ .. နင့်ကို အသာတကြည် ပြန်ခေါ်မရမှာစိုးလို့ .. ငါ .."

"ကဲ.. ကဲ.. ပြိုင်ဆိုင်မှုမရှိတဲ့ အောင်မြင်ခြင်းက အရသာမရှိဘူး"

"ဟုတ်တယ် .. ငါတို့ကလည်း မင်းကိစ္စကို ကူညီဖို့ထက် ဇရိုက်ဆိုတဲ့ နာမည်ကျော်ကို စမ်းသပ်ချင် .."

"အား!..."

"ဒုတ် .."

"အင့် .."

နှစ်ယောက်စလုံး ကွေးကောက်သွားကြသည်။ ဘယ်ဘက်ပခုံးစွန်းတို့မှာ ဓားတစ်လက်စီ စိုက်ဝင်နေကာ ပြူးပြောင်လာသည့် မျက်လုံးတွေအပြင် နောက်ထပ် ဘာစကားသံမှ မကြားရတော့ပေ ..။

ကောင်း မျက်လုံးတွေ ဇ ဆီ တန်းခနဲ ပြေး၏။ ဇ နှုတ်ခမ်းမှာ လှောင်ရိပ်ဆန်သည့် မဲ့ပြုံးနှင့် ...

"နားငြီးလို့ .."

"မင်း .. မင်း .. တောက် .."

ဓားကို ဆွဲနှုတ်လိုက်သည့်တစ်ယောက်က အံတကြိတ်ကြိတ်နှင့် ဘာမှလည်း မလှုပ်ရှားရဲ ..။

"စကားကို ကိုယ်နဲ့တန်အောင် ပြောရတယ် .. ဖေပြန်ပစ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော် လှပါးဝ .. ကဲ .."

မားက လက်ခနဲ ပြေးထွက်သွား၏။ ဖွေး လန့်ဖျန့်ကာ မျက်လုံးတွေ မှိတ်ပစ်လိုက်၏။

သို့သော် ဘာသံမှ နောက်ထပ် မကြားရသဖြင့် ပြန်ဖွင့်ကြည့်လိုက်တော့ မားက ဇ လက်ထဲရောက်နေပြီဖြစ်ကာ သေနတ်တွေ ပေး... တာကို ဇ က မိုးစက်တွေမှာ ဖြန့်ခံထားပြီး ပွတ်ချနေသည်။

"ဇရိုက် .. ခင်ဗျားကို ကျွန်တော်က ရန်သူလို့ ဘယ်တုန်းက မသတ်မှတ်ခဲ့ပါဘူး"

ကောင်း က ဇ ကို တည့်တည့်ရင်ဆိုင်ကြည့်ကာ တောင်းပန်ခြင်းနှင့် စကားခင်းသည်။

"သူတို့ကို ခေါ်လာတာလည်း မတော်တဆ အထင်လွဲကုန်ကြ... ရင် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ပါ"

ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ လူမိုက်တွေ ခေါ်လာရသည့်အဖြ... ကို ကောင်း မရှက်မကြောက် ဝန်ခံရင်း ...

"အဖေ့ရဲ့ မကောင်းမှုလုပ်ငန်းတွေကို ကျွန်တော် စိတ်မဝင်စား... တဲ့အတွက် ဒါနဲ့ပတ်သက်နေကြတဲ့လူတွေကိုလည်း ခင်ဗျား အပါ... အဝင် ကျွန်တော် ဘယ်သူ့ကိုမှ ရန်သူလို့ မမြင်ခဲ့ဘူး"

ဖွေး မျက်ခုံးတန်းလေးတွေ အလိုမကျစွာ တွန့်ကျသွား၏။ ကျေး... မွေးထိုက်သည့် သားကောင်းရတနာပါလား.. ကိုယ့်ရဲ့မွေးသဖခင် တ... ယောက်လုံးကို ပုတ်ခတ်ရှုံ့ချကာ ဖခင်ရဲ့ရန်သူကို ဝပ်စင်းခယနေသည်...

"ဖွေး နဲ့ ကျွန်တော်က နားလည်ပြီးသားပါ၊ အခု သူ့ကို ခင်ဗျား... ပြန်ပို့မယ်ဆိုတာ သိလို့ လာစောင့်နေတာ၊ ကျွန်တော်နဲ့ ပြန်ထည့်... လိုက်ဖို့ တောင်းပန်ပါတယ်"

ဇ မျက်လုံးက ဖွေး မျက်နှာဆီ ရွေ့လျားသွားသည်။ ကောင်း... က ဆင်းခဲ့ပါဆိုလို့ ကားပေါ်ကနေ သူမ ချက်ချင်း ဆင်းလိုက်တာ...





သူ မြင်သည်။ အချစ်ဆိုတာ သချာ မခံစားတတ်ခဲ့ပေမယ့် အချစ်ဦး... ဆိုသည့်နေရာဟာ အမြဲတမ်း တခမ်းတနား ရှိနေတတ်မှန်းတော့ နား... လည်ပြီးသားပါ။ သို့သော် ...

"အဲဒါတွေ မင်း ငါနဲ့ ပြောဖို့ မလိုဘူး"

မားကို ခါချနေရင်း ရေစိုလာသည့် ဆံပင်တွေကိုပါ မျက်နှာမှ... ၍ ခါပစ်လိုက်ကာ ဖွေး ကို ကြည့်သည်။

"သူ့ကို မေး .. လိုက်မယ်ဆိုရင် ခေါ်သွား .. မလိုက်ဘူးဆို... မင်းတို့ ပြန်တော့"

"ကောင်းပါတယ် .. ခင်ဗျားကို ကျေးဇူးတင်ပါတယ်"

ကောင်း မျက်နှာ ဝင်းထိန်သွားကာ ဖွေး လက်ကလေးကို လှမ်း... ဆွဲလိုက်၏။

"မကိုင်နဲ့ .."

ဖွေး က မကိုင်မိခင် လက်ကို လွှဲပစ်လိုက်ကာ ...

"ရှင့်နောက်ကို ဘယ်သူ လိုက်မယ်ပြောလို့လဲ"

"ဖွေး .."

"ကျွန်မ ကားပေါ်ကဆင်းလိုက်တာ ရှင့်နောက်ကို ဝမ်းသာ... အားရကြီး လိုက်တော့မယ်လို့များ ထင်နေလို့လား"

"မင်း မလိုက်လို့ မရဘူး .. မင်းအတွက်နဲ့ ငါ့အဖေကိုတော်... ငါ စွန့်လွှတ် ဆုံးရှုံးခံခဲ့ရတာ"

"ဟုတ်လား .."

ဖွေး မျက်ရည်တွေ လည်လာသည်။ ကိုယ့်မျက်နှာတို ငုံ့ကြည့်ပြီး... ကျကျနန နှုတ်ဆက်ထွက်ခွာသွားခဲ့သည့် ညတစ်ညက ... မမေ့နိုင်သရွေ့ ..။

"ရှင် ထားခဲ့တဲ့ညမှာပဲ ဖြူဖွေးဖွေးဖြူ ဆိုတဲ့မိန်း...သေသွားခဲ့ပြီ"

"ဖွေး .. မင်းကို ငါ တောင်းပန်ပါတယ်၊ မ... ကျေနပ်တဲ့အထိ"



www.burmeseclassic.com

www.burmeseclassic.com



"လူယုတ်မာ .."

လက်ကို မရမက လှမ်းဆွဲသဖြင့် ဖွေး ခြေတစ်လှမ်း ထပ်ဆုပ်ကာ ထိုမျက်နှာကို အားရှိပါးရှိ လွှဲရိုက်ပစ်လိုက်၏။ ဖြန်းခနဲ ထိခတ်သံနှင့်အတူ ကောင်း မျက်နှာ တစ်ပတ်လည်သွားသလိုပင် ..။ ဖွေး နောက်ထပ် ခြေလှမ်းဆုတ်ကာ လက်ညှိုးတည့်တည့်ထိုးရင်း ...

"ရှင်.ခု ထွက်သွား .. ကျွန်မဘဝမှာ လမ်းသစ်ကောင်း ဆိုတဲ့လူနဲ့ ဘယ်တုန်းကမှ မသိခဲ့ဖူးဘူး၊ ချစ်သူလည်း မဖြစ်ခဲ့ဖူးဘူး၊ အိမ်ပြန်ရောက်တာနဲ့ ဒီအိပ်မက်ဆိုးအတွက် နံ့သာရည်နဲ့ မျက်နှာသစ်ချမယ်၊ တရော်ကင်ပွန်းနဲ့ ခေါင်းလျှော်ပြီး ရွှေရည်ငွေရည် လောင်းပစ်မယ်"

ပါးတစ်ဖက်ကို အုပ်ကိုင်ထားရင်း ကောင်း ရဲ့ မျက်လုံးတစ်ဖက်မှာ မျက်ရည်တွေ ပြည့်သိပ်နေ၏။ ပြီးတော့ လိမ့်ခနဲ စီးကျလာသည်။

အရိုက်ခံရလို့ နာကျင်သွားတာလား .. အသည်းကွဲလို့ ကျတဲ့မျက်ရည်လား .. ဒါတော့ မသိနိုင် ..၊

"မင်းကို ငါ တောင်းပန်နေတာ ဖွေး .. တကယ်ဆိုရင် မင်း ဘာဖြစ်ခဲ့ဖြစ်ခဲ့ မင်းဒုက္ခရောက်မှာ တစ်ခုတည်းကို ပူပင်ပြီး ငါ ပြေးလာခဲ့တာ"

"ဘာ!... မင်း ဘာဖြစ်ခဲ့ဖြစ်ခဲ့ .. ဟုတ်လား .. အဲဒါ ဘာကို ပြောတာလဲ"

'ဇရိုက် ဆိုတဲ့ကောင်ကို ဘယ်လောက်ထိ ယုံကြည်ရမှာလဲ' ဆိုသည့်မေးခွန်း ကောင်း ရင်ထဲမှာ တိုးတိတ်စွာ ဖြစ်သွားသည်။

ဒါပေမယ့် ဇရိုက် ထံ အကြည့်တစ်ချက်မှ မရောက်အောင် ထိန်းချုပ်ထားလိုက်၏။

"မင်းက မြို့ကကောင် လူနု .. ဇရိုက် က တောထဲမှာ တုတ်တွေဓားတွေကိုက်ပြီး မွေးလာတဲ့ကောင် .. သူ့လက်ထဲမှာ မင်းကောင်မလေး ရှိနေသရွေ့ သူ့အတွက်လည်း မပူနဲ့၊ တခြားအန္တရာယ်ကိုလည်း





ကြောက်စရာ မလိုဘူး၊ တစ်ခုပဲရှိတယ် .. ဟိုကောင်ကလည်း မိန်းမကြိုက်တဲ့ရုပ်မျိုးနဲ့ပဲ၊ မင်းရဲ့ ဖွေး ဖောက်ပြန်မသွားပါစေနဲ့လို့ပဲ ဆုတောင်း .." တဲ့ ..။

အဖေ ပြောသလိုပဲ တခြားလူတွေ ပြောသမျှစကားထဲမှာ ဇရိုက် ဆိုတာ နာမည်နဲ့မလိုက်ဖက်စွာ စရိုက်ဆန်တာလည်း တစ်ကွက်မှမပါ..။

ဒီလူ ဘာဖြစ်လို့ ဒီနာမည် ရခဲ့မှန်း မသိပေမယ့် ကိုယ့်ချစ်သူ သူ့လက်ထဲရောက်နေတုန်းမှာတော့ ဒီသတင်းတွေ ကြားနေရတာကို ဝမ်းသာအားရ ဖြစ်ခဲ့မိသည်။

လူဆိုးဆိုပေမယ့် ကိုယ်နဲ့ပြိုင်ဘက်လည်း မဟုတ်တော့ ယှဉ်ပြိုင်စရာလူလို့လည်း ဘယ်တုန်းကမှ မမြင်ခဲ့တာ အမှန်ပင် ..။

ဖွေး ကို အကောင်းအတိုင်း ပြန်ရနိုင်သည်ဟု ယုံကြည်လာသည်နှင့် အဖေ့ကို သူ အတိုက်အခံ လုပ်ပစ်ခဲ့သည်။ ဖွေး ကို ခေါ်ပြီး မြို့ပေါ်တစ်နေရာမှာ ရင်းနှီး လုပ်ကိုင်စားတော့ဖို့ ရည်ရွယ်ပြီး စုဆောင်းလာခဲ့တာတွေလည်း အလုံအလောက် ပါသည်။ ခုတော့ ...

"အားလုံး အေးချမ်းနေကာမှ ဖွေး ရယ်.. ငါ ပြောမှားဆိုမှားရှိခဲ့ရင် တောင်းပန်ပါတယ်၊ ပြီးခဲ့တာတွေကိုလည်း မကောင်းတာမှန်သမျှ မေ့လိုက်ပါကွာ.. မင်းနဲ့ကိုယ် ပြည့်ပြည့်စုံစုံ ရင်းနှီးစားသောက်ဖို့လည်း.."

"ရှုံစရာတွေ ပြောမနေနဲ့ လမ်းသစ်ကောင်း .. ဟိုမှာ မိုက်ရိုင်းတဲ့ နင့်သတ္တဝါတွေကို ခေါ်ပြီး ခုချက်ချင်း လှည့်ပြန်လိုက် .."

"ငါ မပြန်နိုင်ဘူး"

ဒေါသနှင့် ပြောပစ်လိုက်ပြီးမှ ဇ ကို လှမ်းကြည့်မိသည်။ ဇ က သူတို့ကို ကြည့်နေတာ မဟုတ်ဘဲ ကားပေါ်တက်သွားပြီ ဖြစ်ကာ...

"တီ .."

ဟွန်းသံထွက်လာတာ ရုးခနဲ ကောင်း မျက်နှာ ချောက်ချားသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မြင်လိုက်တာနှင့် ဖွေး အလွယ်တကူ ကျေနပ်သွားလိမ့်မည်ဟု ထင်ခဲ့ခြင်းဟာ မလွယ်ကူတော့မှန်း သိလိုက်သည့်အချိန်မှာ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ ..။

ကားက ဆောင့်ခနဲ ခါသွားကာ ရှေ့ကို ရွေ့လျားသွားပြီးမှ ...

"ဖွေး ကားပေါ် တက် .."

ဖွေး က ဓ ဘေားမှာ ချက်ချင်းဝင်ထိုင်သည်။

"ဖွေး .. မင်း .. မင်း .. တကယ် ဆုံးဖြတ်တာလား"

ဓားဒဏ်ရာတွေနှင့် လူနှစ်ယောက်စလုံး သူတို့ဆီ ဦးတည်လာနေသည့်ကားကို ဝရုန်းသုန်းကား ပြေးရှောင်လိုက်ကြကာ ဖွေး လို့ခေါ်ရင်း ကျန်ခဲ့သည့် ကောင်း အသံက နောက်ထပ် သည်းချလိုက်သော မိုးသံအောက်မှာ ပျောက်ကွယ် ကျန်ရစ်လေသည်။

ခြားနားစေလိုက်သလို ရွာချလိုက်သည့် မိုးက ခဏနှင့် ပြန်လည်တိတ်ကျသွား၏။ ဒါပေမယ့် ဖွေး နဲ့ သူ ဘာစကားမှလည်း မပြောဖြစ်ခဲ့ပေ ..။ ဖြူးဖြောင့်နေသော အဝေးပြေးလမ်းမကြီးကို မြင်လိုက်ရသည့်နေရာအထိ တိတ်ဆိတ်စွာ ..။

"ရှော့ .."

မျက်နှာရှေ့ကို ဖုန်းထိုးပေးကာ ...

"မုဆိုးတဲမှာ ခဏကြာမယ် .. မင်းအိမ်ကို ဖုန်းဆက်လို့ ရပြီ"

အိမ်ကို ပြန်ရောက်တော့မယ်ဆိုတာလည်း ဖွေး မပျော်ပါလား..။





## အခန်း (၂၅)

"ဒက်ဒီ ညီမလေးတို့ ရောက်လာတော့မှာလေ"

ငိုသည်းသည်တွေနဲ့ စကားမပြောနိုင်ဖြစ်နေသည့် ဦးလှဖွေး ကို င်းဖြူ က မသိမသာ ကပ်ပြီး သတိပေးသည်။

ဦးလှဖွေး မျက်နှာ တစ်ချက်ပျက်သွားကာ နံရံကပ်နာရီဆီ မသိသာ အကြည့်ရောက်၏။ သမီး ဖုန်းဆက်တဲ့အတိုင်းဆို မကြာခင် ရောက်လာကြတော့မှာ ဖြစ်သည်။

သူ့မှာ ခိုးရာလိုက်ပြေးသည့်သမီးကို ဒီမှာ လာစောင့်နေပါသည် ု အသိမိတ်ဆွေတွေကို လောလောဆယ် အသိမပေးချင်တာမို့ ဖွင့် ြာဖို့လည်း မဖြစ်နိုင် ..။ မသိမသာ လူချင်းခွဲထွက်ဖို့ စီစဉ်ထားပေ ယ့် ခုချိန်ထိ စကားက မပြတ် ..။

သူတို့သားအဖတွေ မန္တလေးကို ရောက်နေကြတာ မိုး ဖုန်းဆက် ကြောင်းကြားလိုက်တည်းကဆိုတော့ တစ်ပတ်ကျော်သွားပြီ ဖြစ် ည်။ သမီးငယ်ကို ရှာနေကြရင်း ဆက်သွယ်ချက်မရလေ စိတ်ပူ လ..။ မိုး ပြောပြချက်အရဆိုလျှင် သမီး ရွေးချယ်သွားသည့်လူငယ် လးဟာ အိမ်ထောင်ဘက်ကောင်းတစ်ယောက်ဖြစ်ဖို့အတွက်က ရှိ လးစရာပါ ..။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သမီးလေးကို ဘယ်လိုမှ ပစ်မထားနိုင် ...၊ သားကြီး ကိုယ်တိုင်က သူ့ညီမအတွက် ခွင့်လွှတ်ဖို့အကြောင်းတွေပဲ တတွတ်တွတ် ပြောနေခဲ့တာဖြစ်ကာ ...

"လူငယ်တွေဆိုတာတော့ သူတို့မှာ လိုအပ်ချက်တွေ ရှိနေကြမှာပဲ ဒက်ဒီ၊ ကျွန်တော်တို့မှာ ဒီညီမလေးတစ်ယောက်ပဲ ချစ်စရာ အလိုလိုက်စရာရှိတာ၊ မှားနေလည်း တည့်မတ်ပေးသွားရုံပဲ၊ ညီမလေး စိတ်ချမ်းသာမယ်ဆို ပြီးတာပဲ မဟုတ်ဘူးလား ဒက်ဒီ .. ယောက်ဖဖြစ်လာတော့လည်း ညီတစ်ယောက်ရသလိုပဲ၊ ကျွန်တော် လက်တွဲခေါ်မှာပေါ့"

သားအဖနှစ်ယောက် စိတ်ရှုပ်ထွေးခြင်းကို တစ်ယောက်ကို တစ်ယောက်က ဖြေသိမ့်ရင်း သမီးကို တွေ့ဖို့သာ အဓိကသဘောထား၍ ရှာဖွေနေခဲ့တာ ဖြစ်သည်။

သမီးငယ် ဆက်သွယ်လာပြီဆိုကာမှ ဟိုတယ်လ်မှာ ဧည့်သည် ထပ်ရောက်လာတာက ကိုယ့်မိတ်ဆွေတွေ ဖြစ်နေခဲ့သည်။

ဒီတိစ္စကို ဦးဆုံး လူသိမခံချင်သေးသည်မို့ ဟိုတယ်လ်မှာ ရွေးချယ်ပြီး ဆုံတွေ့ဖို့ ချိန်းမိကာမှ ...

"တကယ်ပဲဗျာ .. ကိုလူဖွေး တို့ သားအဖနှစ်ယောက်စလုံးကို မန္တလေးမှာ တူတူလာဆုံလိုက်ရတာ တကယ်အံ့ဩမိတယ်၊ ဝမ်းလည်းသာတယ်ဗျာ.. ကျုပ်တို့ ဒီဟိုတယ်လ်ကို ရွေးလိုက်မိတာ မှန်သွားပြီ"

'ဟုတ်ပါတယ် .. ကျွန်တော်တို့ပဲ မှားတာ'လို့ စိတ်ထဲက ရေရွတ်ရင်း မင်းဖြူ ထမလို ကြွမလိုနှင့် ဂနာမငြိမ် ...။

"ဒက်ဒီ .. အန်ကယ်လ်တို့ ညနေစာ စားကြမှာပေါ့၊ ကျွန်တော်တို့လည်း အပြင်ခဏထွက်မယ်လေ"

"ဟော .. အန်ကယ်လ်တို့လား .. ဒီအချိန် ညစာ မစားတတ်ပါဘူး မောင်မင်းဖြူ ရာ .."

"ဟုတ်ပါတယ် .. ရပါတယ်၊ အန်ကယ်လ်တို့အတွက်နဲ့ တမင်





အပြင်ထွက်ဖို့ မလိုပါဘူး"

"ဟုတ်တယ် .. ဟုတ်တယ်၊ ဟိုတယ်လ်မှာ ဒင်နာ မှာစားရတာ အဆင်မပြေဘူး ကိုဆန်း ရေ .. ကျုပ်တို့ပါ သူတို့သားအဖနဲ့ ခဏတဖြုတ် အပြင်ထွက်ရင်း ဒင်နာ အပြင်မှာပဲ လုပ်လိုက်ရအောင်"

"ကောင်းသားပဲ .."

သေပါတော့ ...၊

မင်းဖြူ နဲ့ ဦးလူဖွေး တို့ စိတ်ပျက်သည့်မျက်လုံးချင်း ညှိုးငယ်စွာ ဆုံလေသည်။ စီးပွားရေးလောကမှာ ဦးလူဖွေး၊ မြတ်မင်းဖြူ ဆိုလျှင် မသိတဲ့သူ မရှိသလောက် အောင်မြင်ကြသည်။ ကျော်ကြားသည့် ဂုဏ်သတင်းအပေါင်းမှာ အစွန်းအထင်း အညစ်အကြေး တစ်ခုမှ မပါ ...။

ကိုယ့်သမီးလေးကျမှ ဘယ်ဇာတိမှန်းလည်း မသိ၊ မိဘမဲ့လို့လည်း သိထားခဲ့ရပြီး ဆွေဂုဏ်မျိုးဂုဏ် မရှိနိုင်ဘူးဆိုတာလည်း ဟန်ဒရက်ပါစန့် သေချာပြီးသား လူငယ်တစ်ယောက်နှင့် ...။

"ညီမလေးတို့ လာပြီ"

ဟိုတယ်လ်ရဲ့ ရီဆက်ပ်ရှင်ရှေ့မှာ ဆိုဖာရှိသမျှ ဧည့်သည်တွေ အပြည့် ...။ ထိုထဲမှာ ဦးလူဖွေး နှင့် ပတ်သက်သိကျွမ်းသည့် မိတ်ဆွေတွေပဲ ရှစ်ယောက်တိတိ ...။

အခြေအနေကို မျိုသိပ်ထိန်းချုပ်ရမည့်အစား ဟိုတယ်လ်ရှေ့ ပေါ့ကင်ထဲ ဝင်လာသည့် အရောင်မွဲမွဲနှင့် ဗီလီဂျင်း ခပ်စုတ်စုတ်လေးပေါ်မှာ ဖွေး ကို မြင်လိုက်တာနှင့် မင်းဖြူ အသံရောလူပါ တစ်ထပ်တည်း လှုပ်ရှားပြီးဖြစ်၏။ ဖျတ်ခနဲ ထရပ်လိုက်ပြီးမှ တအံ့တဩ မော့ကြည့်နေကြသည့် လူကြီးတွေကို သတိရသွားသည်။ ဒါပေမယ့် ဒီအခြေအနေထဲက ပြန်နုတ်ထွက်ဖို့က လွန်ခဲ့ပြီမို့ ...။

"ဩော် .. ဟို .. ပြောမလို့ဟာ"

ဦးလူဖွေး မျက်နှာနီနီနဲ့ပဲ အားလုံးဘက်ကို လှည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"သမီးငယ်လေ .. ဖို .."

"ညီမလေး .."

"ကိုကို .."

ဦးလှဖွေး ပြောမထွက်ပေမယ့် ပြကွက်တွေက သရုပ်ဖော်သွားပြီမို့ အားလုံးအကြည့်က ဝင်လာသည့် လူငယ်နှစ်ယောက်ကိုပဲ စိတ်ဝင်တစား ဖြစ်ကုန်ကြ၏။ ဖွေး ကို သိထားသည့် မိတ်ဆွေတချို့က မသိသေးတဲ့လူကို ပြန်ပြောပြကာ အခြေအနေကို အကဲခတ်နေကြ၏။

ဖွေး ကတော့ ရီးဆက်ပ်ရှင်မှာ ထိုင်နေကြတာမို့ တခြားဧည့်သည်တွေလို့ပဲ မြင်ကာ ဘာကိုမှ ဂရုမစိုက်မိဘဲ ...

"ဒက်ဒီ .."

မင်းဖြူ ရင်ခွင်ထဲကနေ ဦးလှဖွေး ကို မရဲတရဲလေး လှမ်းခေါ်၍...

"ဖွေး မှားပါတယ်၊ ဖွေး ကို ခွင့်လွှတ်ပါ ဒက်ဒီရယ် .. ကိုကို.."

"ညီမလေး .."

"ဟင့်အင်း .. ကိုကိုတို့ ခွင့်မလွှတ်ဘူးဆိုရင်လည်း ဖွေး အပြစ်နဲ့ဖွေး ပါ၊ ဖွေး လေ .."

"ညီမလေး .. မငိုနဲ့လေ"

လူတွေရှေ့မှာမို့ မရှက်မကြောက် ငိုရှာသည့် ညီမလေးကို ပို၍ သနားမိကာ ဒီအချိန်မှာ အပြစ်တွေ ဘယ်လောက်ပဲရှိရှိ မင်းဖြူ ညီမလေးကို အပြစ်မြင်နိုင်တော့မှာ မဟုတ် ...။

မလှမ်းမကမ်းမှာ ရပ်နေသည့်တစ်ယောက်ကို ကြည့်လိုက်မိတော့ စိတ်မကောင်းဖြစ်ခြင်းတွေပါ အပိုဆောင်းသွား၏။

အရပ်အမောင်းကောင်းကောင်းနှင့် ဆံပင်ရှည်ထားပုံ၊ ဝတ်စားဆင်ယင်ပုံကအစ တန်းခနဲ မြင်လိုက်တာနှင့် မျက်လုံးထဲမှာ အဆင်မပြေ ...။ ထို့ပြင် မိုး ပြောပြခဲ့တုန်းက သူ့ မှန်းဆ ပုံဖော်ကြည့်ခဲ့ဖူးသည်၊ ဒီပုံစံမျိုးမဟုတ်တာက သေချာ၏။





"ဖွေး ရဲ့ကောင်လေးက ဖြူဖြူသွယ်သွယ် .. ချောတာတော့ တအားချောတယ် မောင်၊ အနက်ကယ်လ် မြင်ရင်တော့ သဘောကျမှာ မဟုတ်ဘူး၊ ခုခေတ် ယောကျ်ားလေးတွေ မိန်းကလေးတွေနဲ့အပြိုင် ပြင်ဆင်ပြီး ချောတယ်လှတယ်ဆိုတာကို ဂုဏ်ယူကြတာ၊ မိုး လည်း စသိတုန်းက တားပါသေးတယ် မောင်ရယ် .. ဒီလိုလုပ်သွားမယ်လို့ ထင်ကို မထင်ခဲ့တာ"တဲ့ ...။

မိုး ပြောတဲ့ပုံစံအတိုင်း ထွက်လာတာက ခုမြင်နေရသလို ဖြူသည် နီသည် မမည်သော ကြေးနီရောင်ဆန်သည့် အသားရောင်မျိုး မဟုတ်ပေ ...။ ကိုယ်ခန္ဓာဟာ အဆီပိုမရှိဘဲ ပါးလျားကျစ်လျစ်နေပေမယ့် မြင့်မားထွားကျိုင်းသည့်အရပ်ကြီးက ယောကျ်ားချင်း မော့ကြည့်ရလောက်အောင် စီးမိုးနေသည်။

သောင်းဘီရှည်အနက် ကုတ်အင်္ကျီအနက်ရောင်နှင့် လည်ကပ်ဆွယ်ဘာအပြာက ထင်းနေ၏။ ကြည့်တော့ ကြည့်ကောင်းပေမယ့် အချိန်ယူပြီး တမင်ချော့အောင် ပြင်ဆင်ထားတာ မဟုတ်နိုင်မှန်း သိသာနေသဖြင့် မင်းဖြူ ထိုမျက်နှာပေါ်မှာ ခဏကြာအောင် စူးစိုက်သွားမိသည်။

"ကိုကို .. သူကလေ .."

"ကိုကို သိပါတယ် .. အဲဒီကိစ္စတွေ ကိုကိုတို့ နောက်မှ ပြောရအောင်၊ လူကြီးတွေရှေ့မှာ စကားပြော ဆင်ခြင်ရမယ်နော် ညီမလေး"

ညီမဖြစ်သူကိုဖက်ထားရင်း မင်းဖြူ က တိုးတိုးလေးကပ်သင်သည်။

"ညီမလေးက ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိတယ်လို့ ယူဆပြီး တောင်းပန်ပေမယ့် အချိန်နေရာက လွဲနေတယ်၊ ဒက်ဒီ့ကို ပိုအရှက်ရအောင် လုပ်သလို ဖြစ်သွားလိမ့်မယ်၊ ဘာမှမပြောသေးဘဲ သာသာလေးနေ .. ကိုကို ရှင်းပေးမယ် .. ဟုတ်လား"

မောင်နှမနှစ်ယောက်ကို ကြည့်ရင်း ဦးလှဖွေး ထခွာတ်လာသည်၊ တခြားလူတွေပါ ထလိုက်လာကြသဖြင့် ဖွေး အခြေအနေကို



www.burmeseclassic.com

www.burmeseclassic.com



တွက်မိသွားကာ ...

"ကိုကို .."

"ဟုတ်တယ် .. မန္တလေးက မိတ်ဆွေတွေကလည်း ကိုကိုတို့ ဒီမှာရှိမှန်း သိတာနဲ့ ရောက်လာကြတယ်၊ ရန်ကုန်ကလူတွေကတော့ တိုက်ဆိုင်တာ .. ညီမလေး အသာနေလိုက်"

"သမီးငယ် .."

"ဒက်ဒီ .."

ဦးလှဖွေး က ကိုယ့်သမီးလေးပုံစံ ပြောင်းလဲသွားတာကို စူးစိုက်ကြည့်ရင်း မလှမ်းမကမ်းက လူငယ်ဆီ မျက်လုံးထပ်ရောက်သွား၏။

"ဒါ .. ကျွန်တော့်သမီး အငယ်လေးပါ .. ဖြူဖွေးဖွေးဖြူ"

"သိပါ့ဗျာ .. ခုပဲ ကိုအံ့ထူး တို့ကို ပြောပြနေတာ၊ သားသမီးနဲ့ မိဘကတော့ ဒီလိုပါပဲ"

"ဟုတ်တယ် ကိုလှဖွေး .. ခင်ဗျား မျက်နှာပူနေမှာကို ကျုပ်တို့ ကိုယ်ချင်းစာပါတယ်၊ သမီးရှင်ဖြစ်လာပြီဆိုတော့ ကိုယ့်ကလေးက မလိမ္မာရင် မိဘမျက်နှာငယ်ရတာပေါ့၊ ကျုပ်ဆိုရင် သမီးငယ်နှစ်ယောက်စလုံး ဒီတိုင်း လုပ်သွားလို့ .. ဒေါသထွက်ခဲ့ရတာ ခင်ဗျား ထက်တောင် ဆိုးမလားပဲ၊ ခုတော့လည်း သူတို့လည်း နေတတ်ထိုင်တတ်ဖြစ်သွားပြီ၊ မြေးတွေ ရလာတော့ ခုဆို အိမ်ခွဲထွက်သွားမှာတောင် စိုးရိမ်နေရပြန်ပြီ၊ သူ့အမေက သမက်တွေကို လုပ်ငန်းတွေ ထူထောင်ပေးပြီး ဒီတိုင်းပဲ နေသွားကြဖို့ ကြိုးစားနေလေရဲ့ .."

"ဟုတ်ပါတယ်ဗျာ .. ကဲ .. ကလေးတွေကို ခေါ်စမ်းပါ၊ ကျုပ်တို့တွေက အားလုံးမိဘတွေချည်းပဲ၊ ဒီလိုအဖြစ်တွေ ကိုယ်စီကြုံနေရတာပဲဗျ .."

"အံမယ် .. ကျွန်တော်ဆိုရင် ဦးလှဖွေး တို့ထက် အသက်သာငယ်တာ၊ မွေးထားတာ ခြောက်ယောက်တောင်မှနော်၊ လေးယောက်





က အိမ်ထောင်ကျသွားပြီ .. ဘယ်လိုကျသွားတယ်ထင်လဲ၊ သားသုံးယောက်နဲ့ သမီးငယ်တစ်ယောက်လေ .. လေးယောက်လုံး ခိုးပြေးကြတာဗျား .."

ဦးသီလ ဆိုသည့် ခပ်ပုပု ဖြူဖြူနုနုလူကြီးက ပြောရင်း မျက်နှာပူသည့်အပြုံးနှင့် ပြောင်နေသည့် သူ့နဖူးသူ ပြန်ပွတ်နေ၏။

အားလုံးက သဘောကျသလို ဝိုင်းရယ်နေကြလျက် ဦးလှဖွေးပါ မိတ်ဆွေကောင်းတို့၏ သိတတ်မှုကြောင့် ပြုံးနိုင်ရယ်နိုင် ဖြစ်လာခဲ့ရှာ၏။ ဦးသီလ က ပြော၍ မပြီးသေးဘဲ ...

"ကျန်တဲ့နှစ်ယောက်ကိုတော့ ကောင်းကောင်း ကြိမ်းထားရတယ်"

"ယောက်ျားလေးတွေလား .."

"ကျားတစ်ယောက် မတစ်ယောက်ပဲ .. အကြီးဆုံးက သားလေ၊ အဟွန်း .. မိန်းမခိုးလာရင်လည်း တောင်းရမ်းမပေးဘူး၊ သမီးက လိုက်ပြေးရင်လည်း တစ်သက်အပြတ်လို့ .."

"အဲဒါနဲ့ ငြိမ်သွားရောလား .."

"သမီးငယ်လေ.. ခိုးရာလိုက်ဖို့ချိန်းတဲ့စာ မအေကမိလို့ သွေးတိုးနေတာ .. အခု ဆေးခန်းပြနေရတယ်"

ရယ်သံတွေ ထပ်မံ ထွက်ပေါ်လာပြန်သည်။ ဟိုတစ်ယောက်ကတော့ မျက်နှာကြော တစ်စက်လေးမှ မလျှော့ပါလား ..။

ပုံစံကို စိတ်ထဲက တစ်မျိုးခံစားမိနေသဖြင့် မင်းဖြူ ရဲ့အကြည့်တွေက ဧ ထံမှာပဲ ရှိနေတာဖြစ်ကာ ထိုမျက်နှာမှာ ဒီဘက်ကလူတွေ သူ့အပေါ် လိုလားခြင်းဖြစ်မဖြစ် ဂရုစိုက်ပုံလည်း မတွေ့..။

ဖွေး နားကို အတူလာပြီး ဒီဘက်ကလူကြီးတွေ လက်ခံ လိုအောင် တောင်းပန်ဖို့ ကြိုးစားဖို့တွေက သူ့အလုပ် မဟုတ်သလိုပင်..

ပါးစပ်ထဲမှာ ဘာလဲ .. ပီကေ ဝါးနေတာလား ..



www.burmeseclassic.com

www.burmeseclassic.com



မင်းဖြူ မျက်လုံးတွေ ဇ ရဲ့နှုတ်ခမ်းတွေကနေ လက်ထဲမှာ မီးခြစ် ကိုင်ထားတာထိ စေ့စေ့စပ်စပ် ရောက်သွားခဲ့၏။ ဖွေး က သူ့မျက်နှာ ကို သတိထားမိကာ ချက်ချင်း လှည့်ထွက်သွားသည်။

ပြီးတော့ ဘာတွေ ပြောနေကြမှန်း မသိ ..။

"သားကြီး .."

"ဗျာ .. ဒက်ဒီ"

"မင်းညီမကို ခေါ်လိုက်ပါ၊ ဒီမှာ အေးဆေးလာထိုင်လို့"

ဒက်ဒီ့မျက်လုံးတွေက နှစ်ယောက်စလုံးကို လှမ်းကြည့်လိုက်တာ မို့ 'မင်းညီမ' ဆိုတာ ဟိုတစ်ယောက်ကိုပါ ပြောတာမှန်း သူ သိလိုက် သည်။ ဘယ်လိုလုပ်ရမလဲ ..၊

ဖွေး ရဲ့ အဖေနဲ့ အစ်ကိုကြီးပါလားဆိုပြီး ညီမကို ခိုးယူသွားတဲ့လူ က ကိုယ်တိုင်ရောက်လာပြီး တောင်းပန်ဖို့ နေနေသာသာ နှုတ်တောင် မဆက်ဘဲနဲ့ ..၊

မင်းဖြူ မျက်မှောင်ကုတ်လျက် စိတ်ရှုပ်နေတာကို ဇ မြင်သည်။ ဒီဘက်ကိုပဲ ဘာလို့ကြည့်နေတာလဲ ..၊ ဖွေး ရဲ့အစ်ကို ဆိုတဲ့လူက ကိုယ့်ကိုချည်း ဘာဖြစ်လို့ စူးစိုက် အကဲခတ်နေတာလဲ..။

ဒီလူစုအားလုံး မျက်လုံးတွေ သူ့ဆီမှာပဲ ရှိနေတာ တစ်ခုခုတော့ လွဲနေပြီ ထင်သည်။ ဆံပင်တစ်ချက်သပ်ရင်း သူ ကိုယ်တစောင်း လှည့်ရပ်လိုက်စဉ် ဖွေး သူ့နား ရောက်လာ၏။

"ကိုဇ ဟိုမှာ ခဏ လာထိုင်ဦးလေ .. ဒက်ဒီတို့က သဘော ကောင်းပါတယ်၊ ကိုဇ ချက်ချင်းပြန်မှာမှ မဟုတ်သေးတာ၊ မန္တလေးမှာ သွားစရာရှိတာ ခဏနေမှ ဆက်သွားပါ"

"နေပါဦး .. မင်းအစ်ကို ငါ့ကို ကြည့်နေတာ တစ်ခုခု အထင်လွဲ နေတဲ့ပုံပဲ"

စိတ်ထဲမှာ ရှိနေတာကို ဇ ချက်ချင်း ဖွင့်မေးလိုက်သည်။ ဖွေး





က ခေါင်းခါတော့ ဘာမှအပြောမခံဘဲ သူပဲ ဆက်ပြော၏။

"ဟိုလူကြီးတွေအုပ်စုကလည်း ဒီကိုပဲ ကြည့်နေကြတယ်၊ ဖွေး.. မင်းစကားပြောတာ ရှင်းရှင်းပြောနော် .. ငါ မင်းကို ဒီထိ ခေါ်လာပေး တာ စေတနာနဲ့၊ တော်ကြာ ပြန်ပေးသမားထင်ပြီး အချောင် လက်ထိပ် ခတ်ခံရဦးမယ်"

"ဟာ!... ကိုဇ ကလည်း မဟုတ်တာကို .."

"ဟုတ်တာမဟုတ်တာ မင်း မမြင်ဘူးလား .."

"အဲဒါက ဟုတ်တယ်လေ .. ဖွေး ရဲ့အပြစ်ကို ဒက်ဒီ ခွင့်လွှတ် အောင် ကိုကိုက ပြောပေးမှာ၊ ခုလည်း စည့်သည်တွေစုံနေတုန်း ဖွေး ရောက်လာတော့ .."

"ညီမလေး .."

ဖွေး စကားမဆုံးခင် သူတို့နားကို မင်းဖြူ ရောက်လာကာ ...

"ဒက်ဒီ ခေါ်နေတယ် .. ဟိုမှာ လာထိုင်"

ဟု ပြော၍ လှည့်ထွက်မလို့ပြင်ပြီးမှ ...

"သူ့နာမည် ဘယ်သူ .."

"ဇ .. အဲ .. စေနိုင်သူ တဲ့ ကိုကို"

နာမည်မေးလို့ ပြောလိုက်ပြီးမှ ကိုကို ချက်ချင်း လှည့်ထွက်သွား တော့ ဖွေး စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွား၏။

"အဲဒီနာမည် မင်းကို ဘယ်သူပြောခိုင်းလို့လဲ"

ကိုကို့နောက်လိုက်ပြီး တစ်ခုခုပြောဖို့ လိုပြီမှန်း တွေးလိုက်မိ တုန်း ဇ မျက်နှာက တင်းနေသဖြင့် ပြန်လှည့်ကြည့်ကာ ...

"အဲဒါလည်း ရှင့်နာမည်ပဲ မဟုတ်ဘူးလား .. သူ့နေရာနဲ့သူ အဆင်ပြေမယ့်နာမည် ပြောလိုက်ရတာ .. ဘာဖြစ်လို့လဲ"

"အဆင်ပြေဖို့ မရှိဘူး၊ လိုလည်း မလိုဘူး၊ အခု မင်းတို့မိသားစု အဆင်ပြေသွားပြီမို့လား .. ငါ ပြန်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်မယ် .."

ဖွေး မျက်နှာလေး ပျက်သွားသည်။ ပြန်မယ်လို့ သူပြောလိုက်တာ ကြားလျက်နှင့် ခေါင်းမညိတ်နိုင်လောက်အောင် ရင်ထဲမှာ မူလောင်သွားတာ ဘာနဲ့ နှိုင်းရမှန်း မသိ ..။

ပြန်ကြည့်လိုက်တော့ လူကြီးတွေက ရယ်မောပြုံးရွှင်လျက်နေရာမှာ အသီးသီး ပြန်ထိုင်နေကြပြီဖြစ်၏။ ကိုကိုကတော့ ထိုင်လိုက်ပေမယ့် ဖင်ကျပုံမရဘဲ ဖွေး နဲ့ မျက်လုံးချင်း ဆုံမိကြ၏။

"အိုခေ .. ဗွတ်ဒ်လပ်ခ် .."

"ဟင့်အင်း .. နေပါဦး"

လှမ်းဆွဲလိုက်တာ မမိလိုက်ပေ ..၊ ထို့ကြောင့် သူ့နောက်လိုက်ရင်း ဖွေး အပြင်ထိ ပါသွားခဲ့၏။

"ကိုဇ .."

"ဘာလဲ .."

"ခဏနေပါဦး .. လူကြီးတွေကို ဒီလောက်တော့ ရိုသေသမှုမမဲ့စေချင်လို့ပါ၊ ဖွေး ကို ဒီထိ ဂရုစိုက်လိုက်ပို့တဲ့ကျေးဇူးရှင်အဖြစ် ဖွေး မိတ်ဆက်ပေးလိုက်တာနဲ့ ဒက်ဒီတို့က .."

"မဟုတ်သေးဘူး ဖွေး .. မင်းအစ်ကို ကြည့်တဲ့ မျက်လုံးတွေက ကျေးဇူးတင်တဲ့အကြည့်တွေ မဟုတ်ဘူး၊ အဲဒါ ငါ ခံစားမိနေတာ၊ ငါကလည်း ကျေးဇူးတင်ခံချင်လို့ ပြောနေတာ မဟုတ်ဘူး၊ ဓာတ်တော်ထဲမှာ ဘုန်းကြီးရဟန်းတောင်မှ ပတ္တမြားခိုးပါတယ်လို့ စွပ်စွဲခံရပြီး နှိပ်စက်ခံခဲ့ရတာ .. မင်း မဖတ်ဖူးဘူးလား၊ ငါက အဲဒီလို သည်းခံနေမှာ မဟုတ်တော့ အားလုံး ရှုပ်ကုန်မှာနော်"

"အဓိပ္ပာယ်မရှိတာ .."

ဖွေး လက်မခံနိုင်ပါ။ ကိုကိုတို့က သူ့ညီမကို ဒီလို စောင့်ရှောက်ခဲ့ပါတယ်ဆိုတာ သိရင် ကျေးဇူးမတင်ဘဲ နေမလား ..၊





ဒက်ဒီနဲ့ ကိုကို ဖွေး ကို ဘယ်လောက် ချစ်တာ ဖွေး သိသည်၊ ဘယ်လောက်ထိ ခွင့်လွှတ်သည်းခံနိုင်မယ်ဆိုတာ သိလို့လည်း အခွင့်အရေးယူခဲ့တဲ့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မဆုံး ဖြစ်ခဲ့တာပါ။

"ညီမလေး .."

"ကိုကို .."

ဒီတစ်ခါ မင်းဖြူ ထွက်လိုက်လာတော့ အကြည့်တို့သည် ဇထံမှာ တည့်မတ်စွာ ရှိနေခဲ့လျက် ...

"ဘာတွေ မပြေမလည် ဖြစ်နေကြတာလဲ .. လူကြီးတွေ တစ်မျိုးတစ်မည် ထင်ကုန်လိမ့်မယ်"

"ကျွန်တော်က ဖွေး ကို ဒီထိ ကူညီပြီး .."

"ကိုကို .. သူက ဖွေး ရဲ့ကျေးဇူးရှင်ပါ၊ ဟိုလေ .. ဖွေး ခိုးရာလိုက်သွားတယ်ဆိုတာ .."

ပြောပြဖို့ အားယူရင်း ရှက်လွန်းသဖြင့် ဖွေး မျက်ရည်ဝဲလာ၏။ မျက်တောင်တွေ တဖျပ်ဖျပ်ခတ်နေရင်း စကားသံ တိမ်ဝင်သွားတော့ မင်းဖြူ မျက်မှောင်ကုတ်သွားသည်။ စေနိုင်သူ ဆိုတာကို ကြည့်နေရင်း ညီမလေး ပြောတာတွေနဲ့ ဆက်စပ်မရ ဖြစ်နေ၏။

"ဖွေး .. ဖွေး .. ဘာကစပြီး ရှင်းပြရမှန်း မသိတော့ဘူး၊ ရှင်းပြဖို့လည်း အင်အားမရှိလို့ပါ၊ အခု ဖွေး ကို ခွင့်လွှတ်ပါနော် .. ဒက်ဒီကိုလည်း တောင်းပန်ချင်တယ်၊ ဖွေး အသုံးမကျလို့ လူယုတ်မာ တစ်ယောက်ရဲ့လက်မှာ နစ်မွန်းတော့မလို့ တည်းတည်းလေး .."

"ဘာ!..."

"ဒက်ဒီသိရင် တအားရှက်သွားမှာ .. ဖွေး ပြောမပြရဲဘူး"

"သူက .."

ကိုယ့်ကို မေးလိုက်တာပေမယ့် ဖွေး ပြောပြနေပြီမို့ ဘယ်နေရာဝင်ပါသင့်သည်မှန်း ရုတ်တရက်မသိဘဲ ဆံပင်တစ်ချက်သပ်ရင်း ဇ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလွှဲမိ၏။ ဖွေး မျက်ရည်တွေ ပြည့်လျှံလုလု မျက်ဝန်းလေးတွေကို မျက်တောင်မခတ်ဘဲ ပြိုဆင်းမလာအောင် ထိန်းရင်း ...

"သူက ဖွေး ကို ကူညီ ကယ်တင်ခဲ့တဲ့သူ .."

"ဟင်!..."

ရုတ်တရက် မထင်မှတ်သည့် ရှုပ်ထွေးမှုတွေကို ကြားလိုက်ရကာ မင်းဖြူ မျက်စိမျက်နှာပျက်လေသည်။

"ရှုပ်ကုန်ပြီ"

ဟု ရေရွတ်ရင်း နဖူးကို လက်ဖနောင့်နဲ့ ဖိပွတ်ရင်း ကျွတ်ခနဲ ဖြစ်၏။ ဒါကြောင့် တစ်ခုခုတော့ လွဲနေပြီဆိုသည့် ခံစားချက်တွေ အလိုလို ဖြစ်နေခဲ့မိတာ ထင်သည်။

'ဟိုတယ်လ်ထဲမှာရှိတဲ့ မိတ်ဆွေတွေကိုပဲ လောလောဆယ် ဒင်နာအတွက် တာဝန်ယူဖို့ ဒက်ဒီက စီစဉ်နေရပြီ၊ ဘယ်လိုလုပ်မလဲ ...။

"ကဲ .. ကဲ .. ကလေးတွေ မိဘမျက်နှာ မကြည့်ရဲဖြစ်နေတာ အန်ကယ်လ်ကပဲ ကြားဝင် ဖြေရှင်းပေးမယ်"

သူတို့နားကို ဦးအုံ့ထူး နှင့် ဦးသီလ တို့ ခပ်ပြုံးပြုံးနှင့် ထွက်လိုက်လာကြတော့ အခြေအနေတွေက ပိုဆိုးကုန်၏။

"လာကြ .. လာကြ .. လုပ်ချင်ရာ လုပ်လာပြီးမှ ကြောက်နေလို့ မရဘူး၊ အပြစ်ရှိတာ ဝန်ချတောင်းပန်ပြီး မိဘ ကြည်ဖြူအောင် ကြိုးစားရမှာ .."

"အေးလေကွယ် .. ကိုလူဖွေး က နားလည်တတ်တဲ့ ဖခင်တစ်ယောက်ပါ၊ သမီးကလည်း မကြောက်နဲ့ .. ကောင်လေးကို ခေါ်ခဲ့ .. လာကြ.."

လူကြီးတွေက သေချာပြောဆို ဖျောင်းဖျပြီး ဦးဆောင်ခေါ်သည့် ပုံစံနှင့် ပြန်လှည့်ဝင်သွားကြ၏။ မင်းဖြူ ဘာလုပ်သင့်တယ်ဆိုတာ ရဲဝံ့စွာ ဆုံးဖြတ်လိုက်ကာ ဖွေး ရှေ့ကို တိုးရပ်လိုက်ပြီး ...





"စေနိုင်သူ .."

အရပ်အမောင်းရော ကိုယ်ဟန်ပုံစံကအစ ကိုယ့်အထက်မှာ စီးမိုးနိုင်ပေမယ့် မျက်နှာကြည့်ရတာတော့ ကိုယ့်ထက် ငယ်ရွယ်သူမှန်း သိသာတာမို့ သူ ဒီတိုင်းပဲ ခေါ်လိုက်သည်။

"နောက်တော့ အမှန်အတိုင်း ရှင်းတာပေါ့၊ အခု အားလုံး ရှုပ်ကုန်ပြီ၊ ဒီအခြေအနေအတိုင်း ခဏလေး ဆက်ကူညီပေးပါ၊ ဖြစ်တယ်မို့လား .."

မိန်းကလေးရှင်ပေမယ့် ကိုယ့်ဘက်က အနေအထားက ဒီတိုင်းပဲ ရှိရတော့မှာမို့ မတတ်နိုင် ...၊ ရှက်ရွံ့သိမ်ငယ်ခြင်းကြောင့် မင်းဖြူ မျက်နှာ အနီရောင်သမ်းလျက် အားတင်းပြောလိုက်ရပေမယ့် မျက်နှာ ခပ်လွှဲလွှဲဖြစ်ကာ ...

"သွားမယ် .."

သူ လှည့်ထွက်လာခဲ့သည်။ နောက်ကပါလာတာ ပါမလာတာ မသိ ...။ သူ နောက်ထပ် ပြန်လှည့်ခေါ်ဖို့တော့ ဘယ်လိုမှ မကြိုးစားနိုင်တော့ပါ။

ဖွေး ဘာပြောရမှန်း မသိဘဲ စောစောက သူပြောသည့် 'မင်းအစ်ကို တစ်ခုခု အထင်လွဲနေသည်'ဆိုတာကို ပြန်တွေးမိကာ ဆွံ့အသွားခဲ့၏။

တစ်ခုခု လွဲခဲ့တာမှ တကယ့် အကြီးကြီးပါပဲ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

"သူက ဒီစိန်တိုက်နဲ့ ဘယ်လိုပတ်သက်တာလဲ ဖွေး"

သန်းကုဋေ စိန်တိုက်၏ နဖူးစီးစာတန်းကို မော့ကြည့်ရင်း ကား တံခါးကို နောက်ပြန်ပိတ်၍ မိုး က မေးသည်။

ဖွေး သိတော့ မသိပါ။ ဒါပေမယ့် ...

"အဲ့သူဌေးရဲ့စိန်တိုက် ဖြစ်မှာပေါ့၊ သူက သားသမီးလို နေခဲ့တဲ့ သူဆိုတော့ အလုပ်လုပ်ရင်း ဝင်ထွက်သွားလာခွင့် ရှိတဲ့သူပဲ"

မိုး သက်ပြင်းလေး ချမိသည်။ သူဌေး ဟုတ်ဟုတ်မဟုတ်ဟုတ် အလုပ်အကိုင် အမှီသဟဲလေးနဲ့ ခုလို လက်ဆွဲပြစရာလေးရှိတဲ့သူဆို လည်း တော်သေးသည်။

ခုတော့ သူဌေး ဦးလှဖွေး ရဲ့သမီးငယ်လေးတစ်ယောက် မှား ယွင်းခဲ့သည့် မိုက်မဲမှုဟာ ဘယ်လိုမှ ဖွင့်ချပြစရာ မရှိ။ ဖြေသိမ့် ကြိတ် မှိတ်၍လည်း မလွယ်သော ...၊

"ဒီမှာရှင့် .."





တံခါးတွေ ဖွင့်ထားပေမယ့် အဝင်ဝတစ်ဖက်ဆီမှာ လုံခြုံရေးတွေ ရှိနေတာမို့ ဖွေး ခေါ်လိုက်တော့ မိုး စိတ်ကူးတွေ ပျက်ကုန်သည်။

"ဒီမှာ ကိုဇ ရှိတယ်မို့လားဟင် .. ဇရိုက် လေ .. သူဌေး ဦးသိန်း သန်း ရဲ့တူ .."

လုံခြုံရေးက ခေါင်းညိတ်မလိုပြင်ပြီးမှ စူးစူးစမ်းစမ်း ပြန်ကြည့် ၏။ သူမတို့မှာလည်း ဇ ကိုယ်တိုင် လိပ်စာပေးခဲ့တာ မဟုတ်တော့ ဘယ်လိုမေးရမှန်း မသိ ...။

ဒီကို ပြန်လာတဲ့လမ်းမှာ မန္တလေးရောက်တိုင်း ဆောင်ရွက်စရာ ပါလာသည့် အလုပ်ကိစ္စနှင့် မဖြစ်မနေ ဝင်ရတာ ဒီစိန်တိုက်ဖြစ် ကြောင်း ပြောထားလို့သာ လိုက်လာခဲ့ရတာ ဖြစ်သည်။

"သူ ဒီမှာရှိမယ်လို့ ပြောသွားလို့လား ဖွေး ရယ် .."

လုံခြုံရေးမျက်နှာကို အကဲခတ်ကာ မိုး က ကပ်မေးသည်။

"ဟုတ်တယ် မမမိုး .. ဖွေး ကို ပြန်ပို့ပြီးတာနဲ့ သူ ဒီမှာ ကိစ္စရှိ သေးတယ်လို့ ပြောခဲ့တာ"

ဖွေး နဲ့ မိုး တို့ ဇဝေဇဝါ ဖြစ်နေမိကြစဉ် ...

"ဘာလဲ .. ကိုတူး .."

အထဲကထွက်လာသည့် အမျိုးသမီးက ပခုံးလောက် ဆံပင်တွန့် တွန့်နှင့် မရိုင်းမယဉ်ပုံစံ ဝတ်ထားသော်လည်း ကာလာတွေရင့် မျက် နှာက ခပ်ရိုင်းရိုင်း ...။

"ကိုဇ ကို မေးနေတာပါ သူဌေး၊ ရှိသေးလား .. ပြန်သွားပြီလား မသိလို့ ကျွန်တော် .."

"ဇရိုက် .."

လုံခြုံရေး ပြန်ဖြေတာကို ပြီးဆုံးအောင် မစောင့်ဘဲ [illegible] လိုက်ပြီး ဖွေး တို့ကို လှည့်ကြည့်သည်။ ပြီးတော့ ရပ်ထား[illegible]ကို တစ်ချက် ငေးကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဇ နဲ့ ချိန်းထားလို့လား၊ သူက ရောက်လာရင်လည်း ကျောခင်းကျောက်ချနေတဲ့သူ မဟုတ်ဘူး"

"အန်တီသင်း .. ကျွန်တော့်ညီသည်တွေပါ"

စီးကရက် လက်ကြားညှပ်ကာ ဇ အပြင်ထွက်လာ၏။ ပထမဆုံးမြင်ဖူးတာပေမယ့် ဇရိုက် ဆိုသူမှန်း သိလိုက်တာနှင့် မိုး သေချာကြည့်နေမိခဲ့သည်။ ပုံစံကတော့ တကယ့် ဟောလီးဝုဒ်မင်းသားအတိုင်းပါလား ..။

မချောပေမယ့် ဆွဲဆောင်မှုရှိသည်။ အပြုံးအရယ် နည်းမှန်း သိသာစေသည့်မျက်နှာက ပို၍ စိတ်ဝင်စားဖို့ကောင်း၏။ သူ့အကြောင်း ဖွေး ပြောပြထားလို့ သိပြီးပါပြီ။

တကယ်က ဖွေး တို့ ရောက်လာသည့်အချိန်မှာ သူမက ပြောင်းရွှေ့မိန့် ကျလာသဖြင့် ရန်ကုန်ကို ရောက်နေခဲ့တာ ဖြစ်သည်။ ထို့ကြောင့် လွဲမှားသည့် တိုက်ဆိုင်မှုတွေ ဖြစ်ခဲ့ရသည်။ ဒီလိုသာမဟုတ်လျှင် ဖွေး နဲ့အတူ ပါလာခဲ့တဲ့ ယောကျ်ားလေးဟာ ဖွေး ကို ခိုးပြေးသွားတဲ့ကောင်လေး မဟုတ်ပါဘူးလို့ သူမ ဦးစွာ ပြောလိုက်နိုင်မှာ ဖြစ်သည်။

ခုတော့ မြင်မြင်ချင်း တလွဲတွေးထင်ကာ ရှင်းရခက်သည့် စကားအသွားအလာတွေလည်း နစ်ကျွံကုန်ကြပြီ ဖြစ်၏။

"လာ .. ဘေးကအဆောင်မှာ စကားသွားပြောရအောင်"

ဇ က စိန်တိုက်ထဲကို မဝင်ဘဲ ရှေ့ဆက်ထွက်လာတာမှ အန်တီသင်း ဆိုသည့် အမျိုးသမီးက ...

"ဇ .."

ဖွေး တို့သာမက စိန်တိုက်ထဲက ဝန်ထမ်းမိန်းကလေးတွေနဲ့ ကက်စတန်မာတချို့ပါ လှမ်းကြည့်ကြ၏။ ခေါ်လိုက်သံက ပြဿနာတစ်စုံတစ်ရာကို ရှင်းတော့မည့်ပုံစံ ပေါက်နေကာ အန်တီသင်း မျက်





နှာက ခက်ထန်မာကျောနေလျက် ...

"မင်းဦးလေးကိစ္စ မင်းကို ငါ မေးစရာရှိတယ်"

ဇ လှည့်မကြည့်ဘဲ နှုတ်ခမ်းမဲ့သွားသည်။ ပေါလန်ကြီး အဖမ်းခံလိုက်ရသည့်သတင်းကြောင့် ဒေါ်သင်းသင်း စိတ်လှုပ်ရှားစွာ စောင့်နေခဲ့တာ သူ သိသည်။

သူ ရောက်လာပြီ သတင်းကြားကတည်းက ခေါ်ခိုင်းနေတာ နှစ်ခါ ရှိပြီ။

ဖွေး နဲ့ သူ့ပြဿနာကြောင့် ဘာကိုမှ ရှင်းချင်စိတ်မရှိသေးလို့ သူ အခန်းထဲက မထွက်ခဲ့ပေ။ ထို့ပြင် ရှင်းရမည့်ပြဿနာတွေက ဦးသိန်းသန်း ဘာကြောင့် အဖမ်းခံရပါသည်ဆိုတာကို ပြောပြရုံလောက်နှင့် ပြီးသွားမှာ မဟုတ် ..။

ဒေါ်သင်းသင်း ကတော့ သူမကဲ့သို့ သူ့ဒွေးကတော်ကို ဇ လိုလူက မထီမဲ့မြင် လုပ်နေသည့်အဖြစ်အတွက် မျက်နှာတစ်ပြင်လုံးမှာ ဒေါသတွေချည်း ရှိနေကာ ...

"မင်းက စိန်တိုက်လိပ်စာပေးပြီး ဘာလိုလို လုပ်စားနေဘာလား"

ပတ်ဝန်းကျင်အားလုံးကြားအောင် ပြောလိုက်သဖြင့် ဒေါက်တာမိုးမိုးမြတ် မျက်နှာတစ်ပြင်လုံး ရဲတွတ်သွားသည်။ ဖွေး နဲ့ ဇ မျက်လုံးချင်းဆုံသွားကာ ဇ ဖျတ်ခနဲ နောက်ပြန်လှည့်၏။

"ဟွန်း .."

ဒေါ်သင်းသင်း က ဘာပြောချင်သေးလဲဆိုသည့် မဲ့ပြုံးနှင့် ...

"စိန်တိုက်ထဲက ထွက်သွားတာနဲ့ ဇရိုက် က စိန်တိုက်ပိုင်ရှင်ဖြစ်သွားမှာ မဟုတ်ဘူး"

ပြောပြီး ဖွေး မျက်နှာကို မျက်လုံးစွေကြည့်သည်။

"မင်းကို အရေးကြီးတဲ့စကားတွေ မေးစရာရှိလို့ ငါ စောင့်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ရောက်လာတော့ အခန်းအောင်းနေပြီး ခုကျမှ ထွက်လာတယ်၊ ဟိုကပြဿနာတွေဖြစ်တာရော မင်းနဲ့မှ ကင်းရဲ့လား ..”

ဇ မျက်နှာမှာ မေးကြောတွေ ထောင်ကားလာတဲ့အထိ ထင်းခနဲ အံကြိတ်သည်။ ပြီးတော့မှ ဒေါ်သင်းသင်း ရှေ့ကို ထပ်တိုးလိုက်ပြီး စိန်တိုက်ထဲကို မျက်လုံးဝေ့ကာ ...

“အခု ကျွန်တော်က စိန်တိုက်ပိုင်ရှင် မဟုတ်သေးဘူး၊ ဟုတ်တယ် ..”

ဘယ်သူမှ မကြားနိုင်သော လေသံတိုးတိုးက ဒေါ်သင်းသင်း နားထဲမှာ သွားကြားစေသံလို အေးစက်မာကျောနေခဲ့လျက် ...

“ကိုယ့်ကိုယ်ကိုယ် အဆင့်အတန်းရှိသေးတယ်လို့ သတ်မှတ်ရင် လေသံကို ပြန်လျှော့သင့်တယ် အန်တီသင်း .. အခု ကျွန်တော် ပါးစပ်ပိတ်ပြီး ဒီကနေထွက်သွားပေးမယ့် ခဏလေးဟာ အန်တီသင်း အတွက် ကမ္ဘာပျက်ကပ်ကြီး ခဏနောက်ဆုတ်သွားတာပဲဆိုတာ သိပ်မကြာခင် သိရတော့မှာ၊ မကြာဘူး .. အလွန်ဆုံး သုံးနာရီ”

စူးစိုက်ကြည့်လိုက်ပြီး ဇ လှည့်ထွက်လာခဲ့သည်။ ဒေါ်သင်းသင်း အသက်ရှူပြင်းပြင်းနှင့် ဒေါသတွေ ထမ်းပိုးကျန်ခဲ့သော်လည်း ဘာစကားမှ မဆိုလိုက်နိုင်ခြင်းက သူမပြောသမျှ စကားတို့အပေါ်မှာ အမှားအမှန်ကို ခွဲခြားပြလိုက်သလိုပင် ..။

မိုး ကတော့ သူ့နောက်က ပါလာခဲ့ရပေမယ့် ဖွေး မျက်နှာလေး ဖြူလျော့သွားလိုက် .. နီရဲလာလိုက်နှင့် နှုတ်ခမ်းလေးကိုက်နေရှာတာကိုပဲ စိုးရိမ်စွာ အကဲခတ်နေခဲ့၏။

ဖွေး မာနတွေ တံခွန်ထူကာ တစ်ခုခုပြောဆိုပြီး လှည့်ပြန်သွားလို့ မဖြစ် ..၊ ဇရိုက် ဆိုသူကို မြင်လိုက်တာနှင့် မိုး နားလည်နေသည်။

ဒီအချိန်မှာ ဖွေး မာနတွေ ထားသွားလည်း ထိုသူ ဂရုစိုက်မည် မထင် ..၊ လိုအပ်နေတာက ကိုယ်၊ ရှင်းရမည့်ပြဿနာက သူ့ပြဿနာ





မဟုတ် ..။

“ဘယ်ကိုလဲ ကိုဇ .. ဖွေး တို့ မလိုက်တော့ဘူး”

အရှက်တွေ ဒီထက်ကွဲစရာရော ကျန်သေးလို့လား .. လူတွေ အများကြီး စုဝေးနေတဲ့ စိန်တိုက်ရှေ့မှာ အထက်စီးဆန်တဲ့ အကြည့်တွေနဲ့ ဘာလိုလို ပုတ်ခတ်စော်ကားလိုက်တဲ့ စကားတွေ ..။

မမိုး မျက်နှာကိုလည်း တောင်းပန်သည့်မျက်ဝန်းတွေနဲ့ လှည့်ကြည့်မိသည်။ ရှင်းရခက်သည့် ပြဿနာအတွက် ခရီးရောက်မဆိုက် သူမကိုယ်တိုင် ဦးဆောင်လိုက်လာခဲ့သည်။

တကယ်ဆို ဆရာဝန်တစ်ယောက်၏ ဂုဏ်သိက္ခာတွေလည်း တစ်ခုမှ ရစရာမရှိတော့ပေ ..။

“မမိုး ကိုလည်း ဖွေး အားနာပါတယ်၊ ခုကိစ္စက ..”

“အားမနာနဲ့ ဖွေး .. ဘာကို အားနာတာလဲ၊ ဒါက လျှော်ချလိုက်လို့ဖြစ်တဲ့ကိစ္စမှ မဟုတ်တာ ..”

ခြေလှမ်းတွေ တုံ့သွားကြတော့ မိုး စိတ်ပူပန်စွာနှင့် အတင်းရှေ့တက်သည်။

“မမိုး တို့ တစ်နေရာမှာ စကားသွားပြောရအောင်လား၊ ဒီမှာက ..”

“ဒီမှာနဲ့ မဆိုင်ပါဘူး .. ဘေးဆောင်ဆိုတာက ဟိုဘက်မှာ သပ်သပ်ပါ၊ အန်တီသင်း လည်း အသွားအလာ မရှိဘူး၊ ကျွန်တော်တို့ လာတဲ့အခါ အဲဒီမှာပဲ အနားယူကြတာ”

“အေးပါ .. သွားရအောင်ပါ၊ မမိုး က အေးဆေး စကားပြောချင်တာ”

မျက်ခုံးလေးတွေ တွန့်နေသည့် ဖွေး မျက်နှာကို ဇ ကြာကြာငေး ကြည့်သည်။ မိုး ကတော့ နှစ်ယောက်စလုံးရဲ့ရှေ့က တတ်သော အိမ်ရှင်ကို နောက်ထားပြီး သူမကပဲ ဦးဆောင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဇ နဲ့ ပြေလည်စွာညှိနှိုင်းဖြစ်ဖို့ အရေးကြီးသည်။ အချိန်က အရေးကြီးသလို ဒီကိစ္စ မအောင်မြင်လို့လည်း မဖြစ် ...။

ပခုံးချင်းယှဉ်လျှောက်ခဲ့ရင်း ဇ က ဖွေး မျက်နှာလေးကို ငုံ့ကြည့်သည်။

"ဘာဖြစ်လို့လဲ .."

ဖွေး ဖျတ်ခနဲ မော့ကြည့်၏။ ဒီမှာ မျက်ရည်တွေ ကျလုကျခင် ထိန်းမရဖြစ်နေတာ ဘာပြဿနာတွေ ရှိနေနိုင်လဲ မတွေးမိဘူးလား..၊

"ပျော်နေတယ် ထင်လို့လား .."

ဇ မျက်ခုံး တွန့်ခနဲ မြင့်တက်သွား၏။

"မသိဘူးလေ .. မင်း ပျော်နေပြီဆိုရင်တော့ ငါ့ဆီ ရောက်လာမှာ မဟုတ်ဘူးထင်တယ်"

ဝီကေဝါးနေသည့် မေးဖျား မသိမသာ လှုပ်ခတ်နေပုံက ဖွေး ကို ခနိုးခနဲ့ ရွဲ့စောင်းပြောနေသလိုပင် ..၊

"ဒါဆို ရှင်က ပူပင်သောကသမားတွေ စုဝေးခိုလှုံရာ အရိပ်စစ်ကြီးပေါ့၊ ဒါမှမဟုတ် ခုတ်တွေ ယတြာတွေ ပေးနေတဲ့ ဗေဒင်ဆရာလား .."

ဇ မျက်နှာ ပြုံးရိပ်ထင်သွားသည်။ စိန်တိုက်နဲ့ စိမ်းပြာရောင် ဘန်ဂလိုပုံစံ တစ်ထပ်တိုက်ပြားလေးကို စည်းခြားထားသလို ရှိနေသည့် သစ်စိမ်းပင်တန်းလေးတွေဘေးမှာပဲ ခြေလှမ်းတွေကို ရပ်ပစ်လိုက်၏။

ရှေ့ကသွားနှင့်ကာ တံခါးပိတ်ထားသည့် တိုက်ပုလေးကို အရင် ရောက်ခဲ့ပေမယ့် အိမ်ရှင် ပါမလာတော့ မိုး ဒီတိုင်းပဲ ရပ်စောင့်နေရသည်။

နှစ်ယောက် ရန်ဖြစ်နေကြပြန်ပြီလား .. လာရင်းကိစ္စကို သူမ ကိုယ်တိုင်ပဲ ပြေလည်အောင် ပြောတော့မည်လို့ ဖွေး ဆုံးဖြတ် ဆောင်





ရွက်နေတာတော့ မဖြစ်နိုင်မှန်း သိနေသည်။

ပြန်လှည့်သွားဖို့ကလည်း တစ်ယောက်တည်း ခေါက်တုံ့ခေါက်ပြန် ယောက်ယက်တိုက်နေသလို ဖြစ်နေရင် မကောင်း ..၊

ပြီးတော့ အလှမ်းကွာနေပြီမို့ ဘာတွေ ပြောဆိုနေကြသလဲဆိုတာလည်း အကဲခတ်လို့ မရ ..၊ နာရီကြည့်လိုက်တော့ ညနေ ခြောက်နာရီ..။ တော်ပါသေးသည် ..၊ ဒင်နာကို ရှစ်နာရီမှာ လုပ်ဖြစ်အောင် စီစဉ်ဖို့ မောင့်ကို သေချာမှာထားခဲ့လို့ ..၊

သူမ လက်မတင်လေး နောက်ကျပြီးမှ ရောက်သည်။ မနေ့လေး တနေ ရန်ကုန်ကို ဘုရားဖူးလိုက်လာသည့် မိတ်ဆွေနှစ်ယောက်ကို ပြန်လာတော့ တစ်ယောက်တစ်နေရာစီ အိမ်အရောက် ပြန်ပို့နေရသဖြင့် အချိန် ပိုနောက်ကျသွားတာလည်း ပါသည်။

သူမ ရောက်လာတော့ ဇ မရှိတော့ပေမယ့် အစီအစဉ်တွေက ဒင်နာကျင်းပဖို့ထိ ဇယားလိုက် ပြီးစီးခဲ့ပြီ ဖြစ်၏။

အဖြစ်သနစ်စုံကို ဖွေး က မင်းဖြူ ကို ပြောပြနေသည်။ သူမ ရောက်သွားတော့ သုံးယောက် ခေါင်းချင်းဆိုင်ကြ၏။ ဆိုးဝါးခဲ့တာက ညှိသည်တွေနဲ့ချည်း အတူရှိနေခဲ့သည့် ဦးလူဖွေး ကို ရှင်းပြခွင့်မသာ..။

အကယ်၍ ရှင်းပြနိုင်လျှင်တောင် မိဘရင်ထဲမှာ ဘယ်လိုနေမလဲ..။ မင်းဖြူ အံတကြိတ်ကြိတ်နှင့် ဒေါသတွေ လှိုက်ဖြစ်နေရှာကာ ညီမကိုလည်း မပေါက်ကွဲရက် ..။

"ဒက်ဒီကို ကိုကို မပြောရက်ဘူး"

မင်းဖြူ မျက်ထောင့်တွေ နီရဲလာကာ မျက်ရည်များတောင် လည်နေခဲ့၏။ ထို့ကြောင့် မိုး ရင်နင့်ခဲ့ရသည်။

သူမ အပြစ်မကင်းသလို ဖြစ်ခဲ့ရသည့်အပြင် ဒါတွေ လိုဖြစ်နေကာမှ အလုပ်ကိစ္စနဲ့ သူမက ရန်ကုန်ရောက်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညှို့သည်တွေကိုပါ ဘုရားဖူးလိုက်ပို့နေရသေး၏။ ပျော်လို့ သွားလာနေခဲ့တာ မဟုတ်သော်လည်း ပြန်လာသည့်အခါမှာ အားလုံးအတွက် သူမ ဖြေရှင်းပေးချင်မိ၏။

ထို့ကြောင့် ပြောပြ တောင်းခံဖို့ စကားလုံးတွေ အစီအရီ သယ်ပိုးပြီး ဒီထိ ဦးဆောင်လာခဲ့တာ ဖြစ်သည်။ ဖွေး ဘာတွေလုပ်နေတာလဲ..။

ဒီအချိန်မှာ မာနတွေ မထားသင့်ဘူးဆိုတာကို မေ့လျော့ပြီးရန်ဖြစ်နေမှဖြင့် နောက်ကိုလည်း စိတ်မချ၊ ပြန်လှည့်သွားပြန်ရင်လည်း မတော် ..။

တော်ကြာ မောင် ဖုန်းဆက်တော့မှာကို တွက်ကြည့်ရင်း မိုးရင်တွေ ပူလာသည်။

"သူ မပါလို့ မဖြစ်ဘူး မိုး၊ မန္တလေးမှာ ဒီည ဒီလူတွေရှေ့မှာ ရှင်းနိုင်ဖို့ လိုတယ်၊ မိုး သေချာပြောပြပြီး ပါအောင်ခေါ်ခဲ့ကွာ.. ဒက်ဒီ စိတ်ဆင်းရဲသွားမှာ မောင် စိုးရိမ်တယ်၊ ဒါတွေကို ဒက်ဒီ လက်ခံနားလည်ပေးနိုင်တဲ့အချိန်ထိတော့ အသိမပေးဘဲ ထားချင်တယ်၊ မောင့်ကို ကူညီပါ"တဲ့။

မောင့်အတွက် .. ပြီးတော့ အားလုံးအတွက် အကောင်းဆုံးဖြစ်အောင် မိုး ကူညီဖို့ပါ။

ဒါပေမယ့် ...၊





## အခန်း (၂၇)

"ရှင် ရယ်ချင်သွားတာလား၊ လုပ်ပါ .. ကျွန်မ ရှင့်ရှေ့ကို ရောက်လာကတည်းက ဘာကြောင့်ဆိုတာ ရှင် သိနေမှာပဲ"

"မသိပါဘူး .. ဘာကို သိရမှာလဲ"

"ကိုစ .."

"အင်း .. ပြော၊ မင်းကို နှစ်ခါပြောစေချင်လို့ မေးနေတာ မဟုတ်ဘူး၊ ငါ့ခေါင်းထဲမှာလည်း ငါ့ပြဿနာအတွက် ရှင်းဖို့ ရှိနေတာတွေကို ထည့်ထားရတယ်၊ မင်း ဘာဖြစ်ကျန်ခဲ့သလဲ .. ဘာတွေ ဖြစ်ချင်နေမလဲဆိုတာ အချိန်ပြည့် ထိုင်တွေးနေတာမှ မဟုတ်ဘဲ"

စိတ်တိုစရာ စကားပေမယ့် သူ့မျက်လုံးတွေထဲမှာ အမှန်အတိုင်းပြောနေခြင်းကို ဖွေး ရှာတွေ့ခဲ့သည်။ ကိုယ့်အကြောင်း တွေးချိန်မရှိဘူးဆိုတာလည်း သူ့ဘက်က ဒီတိုင်းပဲဆိုတာ သိခဲ့ပြီးသား ..။

စူးနင့်သွားသည့်ရင်ကို ကိုယ့်ဘာသာ ဖြေသိမ့်ရင်း မျက်ရည်တွေကို မျက်နှာလေးမော့၍ တားဆီးဖို့ ကြိုးစားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ကျွန်မ လိုအပ်တယ် ကိုဇ .. အဲဒီအတွက် .."

"မင်းကို ငါ လိုအပ်တယ်ဆိုရင်ရော မင်း ငါနဲ့ အတူနေမလား"

"ဘာ!..."

"ပြောပြတာ .."

နဖူးက ဆံပင်တွေကို ထိုးသပ်ပစ်ရင်း ဇ နှုတ်ခမ်းမဲ့သည်။ ဒီလောက်ဆို သူ သိလိုက်ပြီ ..။

"ခဏလောက်ပဲဆိုလို့ ဝိုင်းအုံကြည့်နေကြတဲ့ မျက်နှာတွေကြား ထဲ ငါ ဝင်ထိုင်ပေးခဲ့တာ၊ ခုတော့ မပြီးသေးဘူးကိုး .."

"ဟုတ်တယ် .. ဒက်ဒီတို့က ဖွေး ကို လူမသိ လူမသိ တမင်ခွဲ ထွက်ပြီး ဟိုတယ်လ်ကနေ လာစောင့်ကြတာပါ၊ ဧည့်သည်တွေနဲ့ မထင်မှတ်ဘဲ တွေ့ပြီး ရှုပ်ကုန်တာ ..၊ မမမိုး ကလည်း မရှိတော့ ဟို တစ်ယောက်နဲ့ ရှင့်ကို မှားကုန်ကြတာ"

ဖွေး ဘာမှ သေချာမပြောလိုက်ရတဲ့အကြောင်းတချို့ကို စိတ် မပါလက်မပါနဲ့ ပြောပြနေရသည်။ ဝတ်ထားသော အဝါ အနီ အနက် သုံးရောင်စပ် ကိုယ်ကျပ်ခါးရှည်လေးနှင့် ဖွေး မျက်နှာလေးက ပန်းရင့် ရောင် သမ်းနေသဖြင့် ကာလာစုံ အရိပ်ထင်နေ၏။

တောယဲမှာလို့လည်း မဟုတ် ..။ မှုန်ညက်ညက်လေး နုဖတ်နေ သည့် ပါးပြင် .. ကော့ညွတ်နေသည့် မျက်တောင်နက်လေးတွေ၊ ပြီး တော့ ပုလဲလို စိုလက်နေသည့် ပန်းနုရောင်နှုတ်ခမ်း ..။

ဖူးအိနေသည့် နှုတ်ခမ်းသားလေးတွေကို စူးစိုက်ကြည့်ရင်း တွေး မိသည်။ သူ ပြန်လာသည့်နာရီပိုင်းလောက်မှာ ဖွေး ရဲ့ အသွေးအရောင် က တောထဲမှာနဲ့ လုံးဝ ခြားနားသွားသည်ပဲ။ ဖြီးသင် ပြင်ဆင်လိုက် သဖြင့် ရွှေအိုရိပ်သမ်းကာ ပျော့နွဲ့နေသည့် စတက်ပ်ဆံပင်လေးတွေက မော့လိုက် ငုံ့လိုက်တိုင်း တနွဲ့နွဲ့နှင့် ချစ်ဖို့ ကောင်းသည်။

သူ့မျက်လုံးထဲမှာတော့ တောမှာလည်း လှသည်၊ ခုလည်း လှနေ





သည်။ စိုက်ကြည့်မိလိုက်တိုင်း ရင်ခုန်သံတွေ ဖြစ်လာမိကာ ခံစားခွင့် မရှိမှန်း သိနေပေမယ့်လည်း ခုန်နေသည့်ရင်ဘတ်ထဲကို အမိန့်ပေးလို့ မရ ..၊ သူမသည် သူနဲ့ အနီးဆုံးမှာ ရှိနေလျက်နှင့် မနီးစပ်နိုင် ..။

ဝေးကြပြီပဲဆိုတာ လက်ခံနိုင်အောင် ကြိုးစားနေကာမှ ပြန် ရောက်လာခဲ့၏။

"ဖွေး ပြောနေတာတွေ ရှင် နားထောင်နေတာ ဟုတ်ရဲ့လား ဟင် .."

ဖွေး ဖျတ်ခနဲ မော့ကြည့်တော့ မျက်လုံးချင်း ဆုံသွားကာ ...

"မင်းမျက်နှာကိုပဲ ငါ ကြည့်နေတာ"

"ဒါပေမယ့် ရှင့်စိတ်တွေက တခြားလွင့်နေသလိုပဲ၊ ဖွေး ပြောပြ နေတာတွေကို .."

"ဟုတ်တယ် .. မင်း ပြောနေတာတွေကို သိပ်စိတ်မဝင်စားဘူး၊ ငါ စိတ်ဝင်စားနေတာက တခြား .."

"ရှင် .."

ဖွေး မျက်နှာလေး မဲ့သွားသည်။ ထိန်းချုပ်ထားသမျှ မျက်ရည် စက်တွေ အင်တိုက်အားတိုက် ပြိုကျလာကြ၏။

"သိတယ် .. ရှင် ငြင်းမယ်ဆိုတာ ခုချိန်မှာ ရှင် ပြောနိုင်ပါတယ်၊ အဲဒါကြောင့် ဖွေး အတွက်နဲ့ ဘယ်သူမှ မျက်နှာမငယ်ရအောင် ရှင့်ကို ဖွေး ကိုယ်တိုင် ပြောနေတာ၊ နောက်ထပ် တောင်းဆိုပါတယ် .. ဒီည ဒင်နာမှာ ခဏလိုက်ပြီး နောက်ဆုံးအဖြစ် အရှိန်မပျက် ဟန်ဆောင် ပေးပါ၊ တခြား လုပ်စရာ ရွေးစရာလမ်း မရှိလို့ပါ"

"အရှိန်မပျက်ဆိုတာ မင်း နားလည်ရဲ့လား၊ ဒီအရှိန်ကို ထပ်ပြီး အားဖြည့်လေ ထိန်းရခက်လေ ဖြစ်လာမှာ .. အခု မင်းတို့ ရှင်းနေတာ နေတာ လူနည်းနည်းလေးရယ် .."

"ဖွေး တို့က ရန်ကုန်ပြန်ကြမှာပါ .. ရှင်လည်း တောထဲ ပြန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲလေ"

"ဒီလူတွေကရော ရန်ကုန် မပြန်မယ့်လူတွေလား .."

"နောက်ပိုင်းမှာ ဒက်ဒီကို ရှင်းပြနိုင်မှာပါ၊ ခုလောလောဆယ် အရမ်းမိုက်မဲခဲ့တဲ့ မွေး ရဲ့အဖြစ်ကြီးကို ဘယ်လိုပြောရမှန်း မသိဘူး၊ လူတွေရှုပ်နေလို့ ပြောပြချိန်မရှိတာထက် မပြောရဲတာ ..၊ ပထမမိုက်မဲမှုကို ခွင့်လွှတ်နေတဲ့ မချိပြုံးက ခွင့်မလွှတ်နိုင်အောင် မဲ့ကျသွားမှာကို မွေး ဘယ်လို ရင်ဆိုင်မလဲ .."

"အရှိန်ပိုရလာလေ မင်း ပြောရခက်လေ ဖြစ်မှာပဲ မွေး၊ အဲဒီတော့ အရှိန်ထည့်ပေးဖို့ မကြိုးစားဘဲ ဝန်ခံလိုက်ပါ"

"ဘာ!..."

"သရုပ်ဆောင်တယ်ဆိုတာ ပွဲတော်မှာ ပျော်ပွဲရွှင်ပွဲကမယ့် ရုပ်ကွက်ပြဇာတ်တောင်မှ ဇာတ်တိုက်ထားရတယ်၊ ထပ်ခါထပ်ခါ ရိုဟာဆယ် လုပ်ကြရတယ် .. ငါကတော့ ပြဇာတ်တွေ ဝါသနာမပါဘူး"

"ကိုဧ .. ရှင် ရက်စက်လှချေလား .. ကျွန်မအပေါ်မှာ ရှင် ဒီလောက်ထိ ပြတ်သားမယ်လို့ ကျွန်မ .."

အင့်ခနဲ ရှိုက်မိကာ ပြီးဆုံးအောင် မပြောနိုင် ...။

ဧ က တမင်တကာ နှုတ်ခမ်းရွဲ့သွားအောင် ပီကေကို ဖိကြိတ်ဝါးပစ်သည်။

မွေး ရဲ့ ရှိုက်သံတွေကို မကြားချင်သည့် မျက်နှာတင်းတင်းနှင့် တစ်ဖက်လှည့်ပစ်ကာ ...

"ငါ မပြတ်သားနိုင်လို့ .. သူများနေရာမှာ အရှက်မရှိ ဝင်ထိုင်ပြီး မင်းရဲ့ သတို့သား လုပ်ပေးခဲ့ပြီးပြီ၊ အဲဒါ မင်းအတွက်ကြောင့် ငါ အများကြီး လိုက်လျောခဲ့တာပဲ၊ နောက်ထပ် လုံးဝ မဖြစ်နိုင်ဘူး"

"ကိုဧ .."

မျက်ရည်စိုလူးနေသည့် ကော့ညွတ်နေသည့် မျက်တောင်များ





လေးတွေ ဖင့်ကပ်နေအောင် မော့ကြည့်လျက် မွေး သူ့မျက်နှာအောက် ရောက်လာသည်။

ပြီးတော့ သူ့အင်္ကျီရင်ဘတ်နှစ်စကို ကတုန်ကယင်လေး ဆုပ်ကိုင်လိုက်ပြီး ...

"မွေး တောင်းပန်ပါတယ် .. ရှင် ဒီည မကူညီရင် .."

"ဆောရီးပဲ မွေး .."

မွေး လက်ကို ဖယ်ချပစ်ကာ ဧ မျက်ခုံးနှစ်ဖက် ထိဆက်မတတ် တွန့်ကုတ်သွား၏။

"မင်းမျက်ရည်တွေကို သနားဖို့အတွက် ငါ့ကိုယ်ငါ မသနားမိအောင် ကြိုးစားရဦးမှာ၊ ဒီမှာ မွေး .."

သူ ဘောင်းဘီအိတ်ထဲ လက်တွေ ထည့်ထားလျက် အံကြိတ်ထားသည့် မျက်နှာကို ငုံ့ချကာ ...

"ရက်စက်တာက မင်း .. ငါ မဟုတ်ဘူး၊ မင်းအတွက် ငါက သက်တော်စောင့်လား .. ဘော်ဒီဂတ်လား၊ ဒါမှမဟုတ် မင်း ကြားချင်တဲ့အချိန်မှာ ငိုသံ၊ ရယ်သံ အချိန်မရွေး ထွက်လာအောင် အနားမှာ အမြဲတမ်းထားတဲ့ အရုပ်တစ်ရုပ်လား .."

မေးခွန်းတွေ သူပဲမေးကာ ဒေါသသံက ပို၍ တင်းပြတ်လာခဲ့လျက် ...

"မင်းကို တန်ဖိုးထားလွန်းလို့ ငါ့ကိုယ်ငါ ထိန်းချုပ်ခဲ့သလောက် မင်း ငါ့ကို တန်ဖိုးမထားဘူး၊ မင်းရဲ့ဘေးမှာ နီးနီးလေး အတူရှိနေခဲ့တဲ့ကောင်ကို ဘာလဲ .. ဂန်ဒူးလို့ ထင်တာလား၊ တောထဲကနေ ယဉ်ပါးလာတဲ့ တိရစ္ဆာန်တစ်ကောင်လို့ပဲ မြင်နေသလား .."

"ရှင် လျှောက်မပြောနဲ့ .."

"မပြောတော့ဘူးဆိုပြီး ပြန်လာခဲ့တာ၊ မင်း နိုင်ငံ့အတိုင်း မသိတဲ့လူတွေထဲမှာ သူများနေရာကို အရှက်မရှိ ဝင်ထိုင်ပြီး တိတ်



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်ဆိတ် ပြန်ခဲ့တာလေ၊ အဲဒါ မပြီးသေးဘဲနဲ့ မင်း ထပ်လိုက်လာတယ်၊ ဘာထပ်လိုချင်သေးလို့လဲ .. ဘာလုပ်ပေးရဦးမလဲ"

အိတ်ထဲထည့်ထားသည့် သူ့လက်နှစ်ဖက်စလုံး ထွက်လာသည်။ ဆံပင်ရှည်တွေထဲ လက်နှစ်ဖက်လုံး ထိုးထည့်ဖွပြီးမှ ပြန်ဖိချ၏။

ခါးထောက်လိုက်၊ လည်ပင်းပွတ်လိုက်ဖြင့် ဖောင်းပွ လှုပ်ရှားနေသမျှ ဖွေး မျက်နှာရှေ့ကို ဖျတ်ခနဲ ပြန်လှည့်လာပြီး ...

"မင်း ငါ့ကို ရက်စက်တယ်လို့ ပြောပြီးပြီ၊ ဒါပေမယ့် ငါ မင်းကို မပြောပါဘူး၊ မင်းရောက်လာတဲ့ကိစ္စကိုသာ ပြန်ရုတ်သိမ်းလိုက် .."

"ဘာဖြစ်လို့ ရှင်ချည်းပဲ ပြောနေတာလဲ ကိုဇ"

"မင်း ပြောနေတာတွေကလည်း ငါ နားမခံနိုင်တာတွေပဲမို့လို့ ကျေးဇူးပြုပြီး မပြောနဲ့တော့"

"ခဏ နေပါဦး .."

မိုး ပြေးလွှားရောက်လာပြီး တားသည်၊ ဒါပေမယ့် နှစ်ယောက်စလုံးက မိုး ကို ရှိသည်လို့တောင် မထင်၊ မျက်ရည်ဖြိုင်ဖြိုင်ကျနေသူကလည်း မျက်ရည်က တခြား၊ မာနက မချ ..။

အလျှော့မပေးနိုင်သူကလည်း ဘယ်လောက်ထိ ပေါက်ကွဲချင်နေမှန်း မသိသည့်လက်တွေက ဖွေး ပခုံးလေးကို ဆုပ်ကိုင်မလိုဖြစ်လိုက်၊ ဆံပင်တွေထဲ ရောက် .. ဘောင်းဘီအိတ်ထဲ ရောက် ..။

"ဒီမှာ မောင်လေး ရယ် .. ဟို .."

မိုး စကားပြောဖို့ ကြိုးစားသည်။ တစ်စက်မှ လှည့်မလာသည့် မျက်လုံးတွေကြောင့် နောက်ပြန်ဆုတ်ရ၏။ ပတ်ဝန်းကျင်မှာ တခြားလူ တစ်စုံတစ်ယောက်မှ ရှိမနေသဖြင့် ဖြစ်ချင်သလိုသာ ဖြစ်ကြတော့လို့ပဲ ထားလိုက်ရတော့မလား ..။

ဖွေး က လက်ခုံလေးနဲ့ နှုတ်ခမ်းကိုကပ်ကာ အင့်ခနဲ ရှိုက်လိုက်.. ရန်တွေ့လိုက် ..၊





"ရှင့်ကို ဘာထင်လို့မှ မဟုတ်ဘူး၊ ဖွေး အခက်အခဲဖြစ်လွန်းလို့ ပြောနေတာ၊ ခုနက ရှင် ဝန်ခံထားခဲ့လို့ အခု ခဏလေး ရှိနေပေးရုံပဲ၊ နောက်နေ့လည်း မကူးသေးဘဲနဲ့ ရှင် ဘာဖြစ်လို့ ဒီလောက်ထိ တင်းတင်းမာမာ ဖြစ်သွားတာလဲ .."

ငိုနေရင်း ရန်တွေ့နေတော့ ကလေးလိုပင် ..၊ ပြီးတော့ ဇ ရဲ့ ရင်ဘတ်ကို တွန်းထိုးပစ်၍ ...

"အခု ပိုဆိုးနေလို့ တောင်းပန်နေတာ၊ ဟိုမှာ အားလုံး စောင့်နေကြပြီ"

"ဖွေး .."

ဒီတစ်ခါ ပစ်စလက်ခတ် ဖိဆုပ်၍ ဆောင့်ခါပစ်လိုက်သည့် ဇ လက်ထဲမှာ ဖွေး ပခုံးလေးတွေ စုကျုံ့ပါသွား၏။

သူနဲ့တွေ့စတုန်းက ကြိမ်းမောင်းခံရသလို လူပါ မြောက်ကြွသွားသဖြင့် သူ့အင်္ကျီစကို ယောင်ရမ်း ဆုပ်ဆွဲလိုက်မိ၏။

မိုး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ အထိတ်တလန့် လှမ်းဆွဲမလို့ စိတ်ကဖြစ်သွားပြီးမှ အခြေအနေကို နားလည်သွား၏။

သူတို့နှစ်ယောက် ရင်ထဲမှာ သာမန် ရင်းနှီးနေကြတာမှ မဟုတ်ခဲ့ဘဲ ..၊ ဇ မျက်နှာတစ်ပြင်လုံး နီရဲနေကာ ဖွေး မျက်နှာလေးကို နီးနီးကပ်ကပ် စိုက်ကြည့်သည်။

ပြီးတော့မှ စိတ်လိုက်မာန်ပါ ဆုပ်ကိုင်ထားခဲ့သည့် ပခုံးလေးနှစ်ဖက်ကို တဖြည်းဖြည်း ဖြည်လွှတ်ပေးလိုက်ရင်း ...

"ငါ့ကို ကူညီချင်စိတ် မရှိ၊ လူမှုရေးမသိတဲ့ အရိုင်းအစိုင်းကောင်လို့ မှတ်လိုက် .. မင်း ပြန်တော့"

ဖွေး ဟီးခနဲ ငိုချလိုက်သည်။ နောက်ကို ခြေတစ်လှမ်းဆုတ်၍ မျက်နှာကို လက်ဝါးနှစ်ဖက်ထဲ ထည့်ပြီး ရှိုက်ငိုချလိုက်သည်။

မိုး က ဇ ရဲ့ဆီးကို နည်းနည်းရွှေ့ရပ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်သတွေ့ ရှေ့မထားဘဲ ဆွေးနွေးကြည့်ပါလား မောင်လေးရယ် .. မင်းနဲ့ ဖွေး က ရိုးရိုးအသိမိတ်ဆွေတွေထက် ပိုခဲ့ကြတာပဲ"

ဓ မျက်နှာတင်းတင်းက မိုး ရဲ့စကားကြောင့် ခပ်စောင်းစောင်း လှည့်လာ၏။ ပြီးတော့ အံကြိတ်ပစ်လိုက်တာ တင်းခနဲ ...၊

"ဒီပြဿနာက အရေးကြီးနေပေမယ့် မင်းတို့ချင်း နားမလည်ခဲ့ကြတဲ့ အယူအဆ သဘောထားကိုပဲ အရင် ဆွေးနွေးသင့်တာ"

ဓ မျက်နှာ မိုး ဘက်ကို တည့်တည့်လှည့်လာ၏။ မိုး က ခေါင်းညိတ်ရင်း ပြုံးပြဖို့ ကြိုးစားသည်။

မင်းဖြူ က ဖွေး ထက် ရှစ်နှစ်တောင် ကြီးတာ ဖြစ်သည်။ သူမက မင်းဖြူ နဲ့ လပိုင်းလောက်ပဲ ငယ်တာမို့ ဓ မျက်နှာကိုကြည့်ပြီး ကိုယ့်ထက် အသက်ငယ်မှာပဲလို့ သေချာပေါက် တွက်လိုက်တာပါ။

ထို့ကြောင့် အစ်မနေရာကနေ တရင်းတနှီး ပြောဆိုဖို့ ကြိုးစားရင်း ...

"မမမိုး ပြောတာ မောင်လေး နားလည်ရဲ့လား မသိဘူး၊ ဟိုလေ.. ဖွေး ကလည်း မောင်လေးကို ခင်တွယ်လာခဲ့တာပဲ၊ မင်းလိုပဲ သူ့ရင်ထဲမှာလည်း သံယောဇဉ်ဆိုတာ ရှိမနေနိုင်ဘူးလားဟင် .. ပြောရက်တယ်၊ လုပ်ရက်တယ်လို့ မတွက်ဘဲ သံယောဇဉ်တွေနဲ့ ဖလှယ်ပြီး .."

"မမမိုး တော်ပါတော့၊ ဖွေး နားလည်သွားပြီ"

ဖွေး မျက်ရည်တွေကို လက်ခုံနှစ်ဖက်နဲ့ ပွတ်တိုက်သုတ်သည်။ မျက်နှာပေါ်က ဆံပင်တွေကိုပါ မျက်နှာမော့ ခါပစ်လိုက်ပြီး ...

"သူ ပြောနေတာတွေမှာ အပိုတွေ မပါဘူးဆိုတာ ဖွေး နားလည်တယ်၊ ဒီမှာ .."

ဖွေး က သူ့မျက်နှာကိုပါ စေ့စေ့ကြည့်ကာ ...

"ရှင်က အရိုင်းအစိုင်း မဟုတ်ပါဘူး၊ ပညာတတ် လူယဉ်ကျေးတစ်ယောက်ပါ၊ မိန်းမတစ်ယောက်အပေါ်မှာ မသနားတတ်အောင်





မာကျောနေတဲ့ နှလုံးသားတစ်ခုမှာပဲ နူးညံ့မှု မရှိတာ၊ ကျေးဇူးတင်တယ် .."

ဖွေး ချာခနဲ လှည့်ထွက်သွားသည်။ မိုး ဘာလုပ်ရမှန်း မသိဘဲ ကယောက်ချောက်ချား ဖြစ်သွားစဉ် ဖုန်းသံ မြည်လာ၏။

"ဟိတ် .. နေဦး"

ဖွေး နောက်ကို ဓ ပြေးလိုက်သွားတော့ ဖုန်းနားထောင်ရင်း မိုး လည်း အပြေးအလွှား လိုက်ရ၏။

"ဖွေး .."

"ရှင် .. ဖယ်စမ်းပါ"

"နေဦး .."

ဖွေး အတင်းပြန်ရုန်းကာ မျက်ရည်တွေ အသစ်က ပြန်စကျလေသည်။

"ကိုယ်တို့ ဆွေးနွေးရအောင် .."

"ဘာလဲ .. ရှင် စကားအကုန် ပြောပစ်လိုက်ပြီးမှ .."

"မကုန်သေးဘူး"

ဖွေး လက်ကောက်ဝတ်လေးတွေကို အတင်းလိုက်ဖမ်းချုပ်ထားရင်း ပခုံးလေးတစ်ဖက်ကိုပါ ဖိဆုပ်ထားလိုက်ကာ ...

"ဟလို .. မောင် .. ဟိုလေ .. ဒီမှာ .."

ဖုန်းပြောနေသည့် မိုး ကို ဓ လှည့်ကြည့်၍ ...

"ခု လာမယ်လို့ ပြန်ပြောလိုက် အစ်မ"

ပြောပြီး ဖွေး လက်လေးကို ဆွဲခေါ်သွား၏။ မိုး ခေါင်းတွင်တွင်ညိတ်ကာ မင်းဖြူ ကို အကြောင်းပြန်ရင်း ကားပေါ်က စောင့်ဖို့ [illegible] လက်ချ ထွက်ခဲ့မိ၏။

ဒီကောင်လေး ဘာကောင်လေးဖြစ်ဖြစ် မျက်နှာ[illegible]တင်ထားသည့်ပုံစံလေးကို ကြည့်လိုက်ကတည်းက လမ်း[illegible]ထောင်း ထို



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေး မဟုတ်နိုင်တာကို တွက်မိပြီးသား ..။ ဟန်ဆောင်ပေးရုံ မဟုတ်ဘဲ တကယ် ဖြစ်သွားခဲ့မယ်ဆိုရင်လည်း ..၊

"ဘာဆွေးနွေးမှာလဲ .. ကိုကို ဖုန်းဆက်နေပြီ"

စောစောက စကားပြောခဲ့သည့်နေရာ အလွန်လောက်မှာပဲ နှစ်ယောက် မျက်နှာချင်းဆိုင် ရပ်မိကြသည်။ ဖွေး က မျက်ရည်တွေသုတ်နေရင်း မေးတော့ သူက ဖွေး လက်လေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်၍ ...

"မင်းဆီက သရုပ်ဆောင်ခ တောင်းမယ် ထင်လို့လား"

"မထင်ပါဘူး .. ရှင့်မာနတွေကို ဖွေး ထက် ဘယ်သူ ပိုသိမှာလဲ"

"ဒါဆိုရင် အခု မင်းဆီက ငါလိုချင်တာနဲ့ မင်း ဖြစ်စေချင်တာကို လိုက်လျောဖို့ အလဲအလှယ် လုပ်မယ်၊ အဲဒါ ဘာဖြစ်နိုင်မလဲ သိလား .."

ဖွေး မျက်တောင်မခတ် ငေးသွားသည်။ သူက စိုက်ကြည့်နေတာကို ပြန်ကြည့်ရင်း မျက်နှာလွှဲဖို့လည်း မေ့၏။ အပြုံးအရယ်မဲ့သည့် မျက်နှာထက်က မျက်ဝန်းတွေကို သူမ ဘယ်လိုမှ မခန့်မှန်းနိုင် ..။

"ဘာလဲ .. ခုလောက်ဆို .."

ပြောရင်း နာရီငုံ့ကြည့်လိုက်သဖြင့် ဓ က နာရီနဲ့ ဖွေး လက်ကို ထပ်ဆုပ်ကိုင်ပြီး ဖယ်ချလိုက်၏။

"မကြည့်နဲ့.. ငါ မင်းနဲ့ဆွေးနွေးမှာ သရုပ်ဆောင်ဖို့ မဟုတ်ဘူး"

"ဘာ!..."

"အခု လိုက်ခဲ့ဆိုရင် လိုက်မယ် .. ဒါပေမယ့် အပိုင်ရမှ ဖြစ်မယ်"

"အပိုင် .."

"ဟုတ်တယ် .."

သူ ပြောလိုက်တာကို ချက်ချင်း ခံစားမိသည်။ ဒါပေမယ့် မယုံနိုင်သည့်စိတ်က ဒါ မဖြစ်နိုင်ဘူးလို့ ငြင်းဆန်နေ၏။





"အခု လိုက်ပြီး မင်းအစ်ကိုနဲ့ မင်းအဖေဆီမှာ မင်းကို တောင်းမယ်၊ လက်ခံရင် ကိုယ့်ဘက်က ပါသင့်တဲ့လူကြီးတွေနဲ့ တခမ်းတနား လက်ထပ်ယူဖို့ ချက်ချင်း စီစဉ်မယ်၊ မင်းအစ်ကိုရဲ့လုပ်ကွက်အတိုင်း ခဏတဖြုတ် ပြဿနာရှင်းရုံပဲ အလိုရှိတာဆိုရင် မင်းကို ကိုယ် မရမက ပြန်ခိုးယူမယ်၊ အဲဒါတွေကို အခု သဘောတူတယ်ဆိုရင် ပြီးပြီ"

"ရှင် .. ရှင်က .."

"သူများနေရာမှာ ခဏတဖြုတ် ဝင်ထိုင်မပေးနိုင်ဘူးလို့ ကိုယ် ပြောပြီးသား"

သူ့မျက်ဝန်းမှာ ရယ်မြူးရိပ်တွေ ဆင်လာတော့ ပိုရှောသွားသည်။ ဖွေး သူ့ကို ငေးနေရင်း ငိုချင်လာတာ ဘာဖြစ်လို့မှန်း မသိ ..။

မျှော်လင့်ခဲ့ရတာတွေအားလုံးကို ဆုံးရှုံးခံနိုင်အောင် မျိုသိပ် ခံစားခဲ့ရတာ တနင့်တပိုး ..၊ တစ်ယောက်ပြီးတစ်ယောက် ပြောင်းလဲလွယ်တဲ့မိန်းမလို့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရင်း မေ့ဖျောက်ဖို့ ကြိုးစားတာလည်း မရခဲ့ဝါ ..။

သူ ဖွေး ကို ချစ်တယ်လို့ ပြောနေတာလား .. အပိုင်ရမှ ဖြစ်မယ် ဆိုတာ လူကိုလား . အချစ်ကိုလား၊ ဖွေး သူ့ကို ပေးချင်နေတာက အချစ်တွေ အကုန်လုံး ..။

"ဘာကြည့်နေတာလဲ .."

မျက်တောင်ခတ်ဖို့ မေ့လျော့ခြင်းသည် မျက်ရည်တွေ မြန်မြန်ဆန်ဆန် ပြည့်သိပ်ဖို့ ဖြစ်လာသလား မသိ ..၊ ဖွေး မျက်နှာလေး ငုံ့ပစ်လိုက်မှ မျက်ရည်တွေ ခုန်ပေါက်ဆင်းသွားသည်။

"ဖွေး .."

သူ ဖွေး ပခုံးလေးတွေကို မျက်နှာလေး မော့လာအောင် ဆွဲဖွင့်ပစ်၏။ ပြီးတော့ မျက်ဝန်းလေးတွေကို ငုံ့မိုးကြည့်ကာ ...

"ကိုယ် မင်းကို ပိုင်ဆိုင်ချင်တယ် .. မင်းရင်ထဲက အချစ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် တစ်ယောက်တည်း ပိုင်ထားချင်တာ၊ ဖြေစမ်းပါကွာ .. မင်း ကိုယ့်ကို ချစ်နိုင်မလား"

"ဟင့်အင်း .. မချစ်ဘူး"

"ဘယ်လို .."

ဖွေး မျက်နှာလွှဲပစ်ဖို့ ကြိုးစားသည်။ ဇ က အတင်း လိုက်ကစ် ကြည့်၏။

"ကိုယ် ပြောတာတွေအပေါ်မှာ မင်း မကျေနပ်ဖြစ်နေတာလား.. အဲဒါတွေကြောင့်ဆိုရင် .."

စကားမဆက်နိုင်တော့ဘဲ ဇ ရဲ့လက်တွေပါ ပြေကျသွားခဲ့၏။ တိတ်ဆိတ်ငြိမ်သက်သွားခဲ့ခြင်းက သက်မဲ့အရုပ်တစ်ရုပ်လို ရှိလျက်..

"ဟုတ်တယ် .. မင်း ငါ့ကို ငြင်းခဲ့ပြီးသား .."

မရိုးတရိ ပြောလိုက်ပြီး ကျွတ်ခနဲ ဖြစ်၏။ လမ်းမှာ သူ့ရင်ထဲက စကားတွေကို ပြောခွင့်ရဖို့ သူ ကြိုးစားခဲ့သည်။ 'မင်း သိသွားစေချင်တာပါ'လို့ တောင်းပန်တာတောင် သူမ ငြင်းဆန်ခဲ့တာ ခါးခါးသီး..။

သွားလာကြရင်း အမှတ်တရဆိုတာတွေ အများကြီး ရှိတတ်ကြတာပဲလို့ သူမ ပြောခဲ့သေးသည်။

"ငါ ဘာဖြစ်သွားတာလဲ မသိဘူး"

ဖွေး မျက်နှာလေးကို ဝေခွဲရခက်သော နှာကျင်မှုများနှင့် ပြန်ကြည့်မိ၏။ နှမ္မတ်လုပနေသည့် မျက်နှာလေးကို ဆုံးရှုံးခဲ့ပြီဆိုသည့် အသိကြောင့် ခံရခက်သည်။

ဟိုတစ်ခါ သူမ ငြင်းခဲ့တုန်းကလည်း မင်း အံကြိတ်နေခဲ့တာပဲ ဇ ..၊ ဘာဖြစ်လို့ ထပ်ပြီး မျှော်လင့်ခဲ့တာလဲ .. မင်းကို ပြန်ချစ်မှာပဲလို့ ဘာဖြစ်လို့ ထင်လိုက်တာလဲ ..။

"ဆောရီးပါ ဖွေး .. မင်းအတွက် ငါက စဉ်းစားရလောက်တဲ့လူမှ မဟုတ်တာ"





ပြောင်းလဲသွားသည့် သူ့မျက်နှာကို ဖွေး စူးစိုက်ကြည့်မိသည်။ တောထဲမှာ သူ ပြောဖို့ကြိုးစားတာကို ဖွေး ဘာဖြစ်လို့ ငြင်းခဲ့တာလဲ မသိဘူးလား ..။

အချစ်ဆိုတဲ့စကားကို ပြောဖို့ မထိုက်တန်သေးတဲ့ ကျွန်မအတွက် ပြောခွင့်ရှိတဲ့ ရှင့်ဆီက အချစ်တွေကိုမှ လိုချင်နေခဲ့လို့ပါ ..။

ရှင် မျှော်လင့်ထားနိုင်တာကို ကျွန်မ မုန်းလို့ သိရဲ့လား ..။

ဒီတစ်ခါလည်း ဖွေး ဆုံးရှုံးရပြန်ပါပြီ၊ မိန်းမတစ်ယောက်ရဲ့ ချစ်နိုင်ခွင့်က ဒါပဲလား ..။

"မင်း မငိုပါနဲ့ .."

သူမ မျက်ရည်တွေကို ဇ က အဓိပ္ပာယ်တစ်မျိုး ဖွင့်၍ မှဲ့သည်။

"မင်း မချစ်နိုင်တာကို ကိုယ် ဖွတ်တရွတ် လုယူလို့ မရဘူး၊ ဒါပေမယ့် မရရင် ရတာလောက်နဲ့ပဲ ကျေနပ်လိုက်ဖို့ထိတော့ ကိုယ် မပျော့ညံ့ချင်ဘူး၊ မင်း ခဏတစ်ဖြုတ်ပေးတဲ့နေရာကို ကိုယ် ဝင်မထိုင်နိုင်တာ ဆောရီးပါ"

သူ့အသံက အဖျားခတ်မှာ တိုးလျသွားခဲ့ပြီး ...

"ကိုယ် ပြောခဲ့တာတွေကို ဘာမှ မပြောခဲ့ဘူးလို့ပဲ မင်း သဘောထားလိုက် .. ကိုယ် ရုတ်သိမ်းပါတယ်"

"ဘာ!... ရှင် .. ရှင် ပြန်ရုတ်သိမ်းလိုက်ပြန်ပြီ .. ဟုတ်လား"

ဖွေး မျက်ရည်တွေ နောက်ထပ် သနားခံဖို့ ပြိုဆင်းလာကြတာလား .. ဒါမှမဟုတ် သူ့ကို တကယ် နာကြည်းမိပြီလား ..။ ဒါတော့ မဖြစ်နိုင်ဘူး ထင်သည်။

သူ ဘာတွေပြောပြော .. ဘယ်လို ရက်စက်ပါစေ သူ့ကို ဖွေး မမုန်းနိုင် ..၊ ချစ်နေမိသည်။ ကိုယ့်ရဲ့အချစ်ကို သူ တောင်းခံစေချင်သည်၊ ပေးချင်ပေမယ့် ပေးခွင့်မရနိုင်ခြင်း တစ်ခုသည်သာ ..

"လုပ်ပါ .. ရှင် ထင်မြင်ယူဆတာတွေ မှန်ပါတယ်၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါဦး ..''

ဖွေး ရှေ့ကို နည်းနည်းတိုး၍ သူ့မျက်နှာအောက်မှာ မေးဖျားလေး ပင့်၍ မော့လိုက်သည်။ မျက်ရည်တွေ လှုပ်လီလှုပ်လဲ့ ခိုတွဲနေသည့် မျက်ဝန်းလေးတွေက မေးစင်းယှက်ဖြာနေသည့် မျက်တောင်ရှည်တို့၏အောက်မှာ ကြေကွဲခြင်းတို့နှင့် ရီဝေနေခဲ့လျက် ...

''ကျွန်မ မျက်လုံးတွေကိုလေ .. ရှင် သေချာကြည့်ပြီး သုံးသပ်ပါဦး၊ ရှင့်အတွက် နောင်တရစရာတစ်ခုခု ထပ်တွေ့သေးရင် ရှင် နောက်ထပ် အချိန်မီ ရုတ်သိမ်းလို့ရအောင် ..''

နီရဲလှုပ်ခတ်နေသည့် နှုတ်ခမ်းသားလေးတွေက ဘယ်လောက်ထိ ဖိကိုက်ခံထားရသည် မသိ ..၊ ကတုန်ကယင် လှုပ်ခတ်လျက် သူ့ရင်ကို ဗလောင်ဆူစေမည့်စကားတို့ကို တစ်ခွန်းချင်း ဆိုနေသည်။

အပြင်းထန်ဆုံး ဆောင့်ခါသွားသည့် ရင်ခုန်သံသည် သူ့အသိအာရုံထဲမှာ ဖွေး ရဲ့မျက်နှာလေးကို တပ်မက်မြတ်နိုးခြင်းမှတစ်ပါး ဘာမှ မမြင်နိုင်တော့အောင် ဖြစ်ခဲ့ပြီး ...

''မင်းကို ငါ ..''

ဖွေး တစ်ကိုယ်လုံးကို ရင်ခွင်ထဲသွင်းကာ တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်မိသည်။ ပြီးတော့ မွှေမွှေမူးမူး နမ်းရှိုက်ခဲ့မိသော သူ့ရဲ့ရင်ခုန်သံတွေကို ပြန်ကြားနေခဲ့၏။

''မင်းကို ချစ်တယ် .. မပြောမိအောင် ဘယ်လို ထိန်းရမလဲ''

တတွတ်တွတ်ပြောနေရင်း ဖွေး ကို မရုန်းနိုင်အောင် အတင်း ပွေ့ပိုက်ထားမိသည်။ ပြန်လွှတ်ပေးလိုက်တဲ့အခါ မုန်းတယ်လို့ ရင့်ရင့်သီးသီးပြောပြီး ရိုက်နှက်ထွက်ပြေးသွားမလား ..၊ ဘယ်လို စကားလုံးတွေနဲ့ ပစ်ပေါက် ရက်စက်မလဲ ..။

သူ ဘာမှမကြားချင်၊ မကြားရခင်လေးမှာ တစ်စက္ကန့် တစ်မိနစ် ဖြစ်ဖြစ် ချစ်တဲ့အကြောင်းတွေ ပြောပြပြီး သူမကို ဤသို့ ပွေ့ပိုက်





ယုယချင်၏။

အသိစိတ်ဝင်လာသည့်အချိန်မှာ သူ ဆုံးဖြတ်လိုက်ပါသည်၊ စော်ကားမိခဲ့သည့်အတွက် သူမ အပြစ်ပေးသမျှ ကျေနပ်စွာ ခံယူဖို့ ..၊

''ဖွေး ..''

သူ့လက်တွေ ဖွဖွလေး ပြေကျသွားသည်။ ဖိဆုပ်ထားခဲ့သည့် ဖွေး ရဲ့လက်ဖဝါးလေးနှစ်ဖက်ကို ပွတ်သပ်ဖြန့်ထားပေးကာ ...

''ကိုယ် မိုက်ရိုင်းသွားတယ် .. မင်း ကြိုက်သလို အပြစ်ပေးပါ''

''ရှင် .. ကျွန်မ ကမ်းလှမ်းထားတာကို လိုက်လျောဖို့အတွက် တန်ရာတန်ကြေး ပြန်ယူလိုက်တာလား .. အဲဒါဖြေ ..''

''ဘာ .. ပြောတယ် ဖွေး .. မင်း ..''

တယုတယ ကိုင်နေခြင်းကနေ တင်းခနဲ ဖိဆုပ်ပစ်လိုက်ကာ ဖွေး လက်ကလေးတွေကို ကိုင်လှုပ်ပစ်၏။

''မင်း ငါ့ကို အဲဒီလောက်ထိ အထင်သေးနေလား''

အသံ၏တုန်ခါမှု အတိုင်းအတာအရ သူ့ဒေါသ ဘယ်လောက်ထိ မြင့်တက်သွားသလဲဆိုတာကို ဖွေး ခန့်မှန်းလို့ ရသည်။

ဒါပေမယ့် ဒေါသဖြစ်လို့မရ၊ မျိုသိပ်အုံဖွဲ့ခဲ့ရတာတွေကို ထုတ်ဖော်ကြေညာခွင့်မရလို့ ခံစားရတာချင်း ပြိုင်ကြရင် ဘယ်သူ နိုင်မလဲ..။

ဖွေး သူ့ကို ပြန်၍စိုက်ကြည့်နေမိသည့် မျက်ဝန်းတွေမှာ ကြောက်ရွံ့တောင်းပန်လိုခြင်း တစ်စက်လေးမှ မပါ ..၊

''ဖွေး .. မင်းရှေ့မှာ ရပ်နေတဲ့ ဇ ဆိုတဲ့ကောင်က အပြောအဆို အပြုအမူတွေ ရိုင်းချင် ရိုင်းနေလိမ့်မယ်၊ နှလုံးသားက အနက်ရှိုင်းဆုံးနေရာမှာ နူးနူးညံ့ညံ့ သီးသန့်ရှိနေခဲ့တာ၊ အဲဒါကို မင်း နှ[illegible] မိန်းမတစ်ယောက်ဆီက သာယာမှုကို ဒီလိုနည်းမျိုးနဲ့ ရအောင်ကြိုး စားတဲ့အထိ ငါ အောက်တန်းမကျဘူး''

''ရှင် လိုက်လျောရမယ်ဆိုရင် အပိုင်ရမှ ဖြစ်မယ်လို့ ရှင်ပဲ ပြော



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ"

"တောက် .."

ဒေါသရှိန်က ကြောက်စရာကောင်းအောင် မြင့်တက်လာသည်။ ရှင်းနေရတဲ့ပြဿနာက ရန်ငြိုးရန်စလည်း မဟုတ်သည်မို့ မျက်လုံးများနှင့် စစ်ခင်းနေရရင်း ...

"မင်း ငါ့ကို တော်တော် အထင်သေးနေခဲ့ပုံပဲ .."

ဇ ကိုယ့်ဒေါသကို ထိန်းချုပ်ထားလိုက်သည့် ပင့်သက်တစ်ရှိုက်နှင့် ပြောရင်း မျက်နှာလွှဲသည်။ ပြီးတော့ ပြန်လှည့်ကြည့်ကာ ...

"မင်းကို ငါ ချစ်တဲ့စိတ်နဲ့ မေ့မေ့မူးမူး နမ်းခဲ့မိတယ်၊ ငါ မှားပါတယ်"

သူ ဖွေး နဲ့ ရင်ဘတ်ချင်း ထိမတတ် ကပ်လိုက်ချိန်တွင် သူ့လက်ထဲမှာ ဓားမြှောင်လေးတစ်လက် ရောက်နှင့်ပြီးဖြစ်ကာ ...

"အသေသတ်သွားလိုက် ဖွေး .. မင်း သတ်ခဲ့တယ်ဆိုတာ လုံးဝ လက်သည်မပေါ်စေရဘူး၊ နောက်ထပ်တစ်ခု ပြောမယ် .. မင်းအချစ်ကို ငါမရဘဲ ငါမဟုတ်တဲ့ သတို့သားနေရာကို ငါ ဘယ်တော့မှ ဝင်ထိုင်မှာ မဟုတ်ဘူး၊ ရော့ .. ယူ .."

ဖွေး မျက်နှာလေး ဆတ်ခနဲ ငုံ့သွားကာ လက်ဖဝါးနှစ်ဖက်ထဲမှာ မှောက်ချပြီး ငိုသည်။ ပြီးတော့ သူ့ဓားကိုင်ထားသည့်လက်ကို တွန်းဖယ်ပစ်လိုက်ပြီး ...

"ရှင့်အချစ်ကို ဖွေး အစောကြီးကတည်းက မျှော်လင့်နေခဲ့တာ–သိရဲ့လား"

မျိုသိပ်နိုင်စွမ်းမရှိတော့ခြင်းသည် သူ့ထံမှ အချစ်ဆိုသည့် စကားသံကို ကြားလိုက်ရကတည်းက ပျော်ကျ စီးမျောခြင်းကို ဖြစ်စေခဲ့ပြီး–

"ရှင့်ကို ဖွေး အရမ်းချစ်တယ်"

သူ့ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ရင်း မျက်နှာလေး တိုးတိုက်ဖိကပ်





မိလျှင် သူ့အင်္ကျီရင်ဘတ်ပြင်မှာ ဖွေး ရဲ့မျက်ရည်တွေ စိုစွတ်သွားခဲ့၏။ မြတ်နိုးစွာ တင်းတင်းကျပ်ကျပ် ပွေ့ဖက်လာသည့် သူ့ရဲ့ အကြင်နာတွေမှာ မွန်းကျပ်သည်လို့လည်း မထင်မိပေ ..။

ဆံပင်တွေကို ဆွဲဖွမွှေနှောက်ပစ်ရင်း သူ့မျက်နှာနဲ့ ပွတ်ထိနေတာကိုလည်း ပျော်နေမိသည်။ စက္ကန့်တွေ တချပ်ချပ် ပြေးနေတာကို ရော အရာခပ်သိမ်းသော ကိစ္စအဝဝတို့ကိုပါ မေ့လျော့ခဲ့၏။

ထို့ပြင် သူ့ခါးမှာ ဖွေး လက်လေးနှစ်ဖက်နဲ့ ပြန်လည်ဖက်တွယ်ရင်း မျက်ဝန်းတို့ကိုလည်း မဖွင့်ဘဲ ...

"ဖွေး ရဲ့အချစ်ကို အလျော်အစားတစ်ခုအဖြစ် မပေးလိုက်နိုင်လို့ပါ၊ ရှင့်ကို ငြင်းခဲ့မိတာလည်း တိတ်တိတ်လေး ချစ်နေမိတဲ့ ကိုယ့်နှလုံးသားကို အထင်မြင်သေးသွားမှာ စိုးရိမ်လို့ပါ၊ ဖွေး လေ .. စပြီး မျှော်လင့်မိတဲ့အချိန်တည်းက ရှင် မျိုသိပ်နိုင်ခဲ့တာကို မချင့်မရဲ ဖြစ်ရသလို ရှက်လည်းရှက်တယ်၊ ရှင်တောင်မှ မဖြစ်သင့်ဘူးထင်လို့ မချစ်မိအောင် ထိန်းခဲ့တယ်၊ ဖွေး က ရှင့်ကို .."

"မဖြစ်သင့်ဘူးထင်လို့ ထိန်းတာမဟုတ်ဘူး၊ မြင်မြင်ချင်း ချစ်မိသွားတာ မဆန်းပေမယ့် မင်းမှာ ချစ်သူရှိပြီးသားဆိုတဲ့စိတ်နဲ့ ခြောက်လှန့်နေခဲ့တာ"

"ဟုတ်တယ် .. ဖွေး သိက္ခာမဲ့ခဲ့သလားဟင်"

သူ ဖွေး မျက်နှာလေးကို မော့ယူပြီး တစိမ့်စိမ့် ကြည့်သည်။

"အချစ်မှာ စီနီယာ မရှိဘူး၊ အချိန်ကာလ ကန့်သတ်ချက်တွေနဲ့ ချစ်ခွင့်ဆိုတာလည်း မရှိဘူး၊ ကိုယ်လည်း ရည်းစားထားခဲ့ဖူးတယ်၊ ဒါပေမယ့် မင်းကို ရင်ခုန်မိသလိုမျိုး .. မင်းကြောင့် စားမရ အိပ်မပျော် ဖြစ်ရတာမျိုး .. အချစ်အတွက် ဒုက္ခဆိုတာ မင်းနဲ့ကျမှ ကိုယ် ခံစားတတ်ခဲ့တာပါ၊ ကိုယ့်အချစ်က ကိုယ့်ဥပဒေပဲကွာ.. မင်းနဲ့ ကိုယ် ပြီးခဲ့တာတွေကို မေ့လိုက်ရအောင်နော်၊ ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးတဲ့ အချစ်



www.burmeseclassic.com

www.burmeseclassic.com



တွေ .. အကြင်နာတွေ .. ကိုယ် ဘယ်သူ့အပေါ်မှာမှ မလိုက်လျောခဲ့တဲ့ ကြည်ဖြူလိုက်လျောခြင်းတွေ အားလုံး မင်းကို ပေးမယ်၊ ကိုယ့်အတွက် ဘာပြန်ပေးမလဲ"

"ရှင့်ထက် မလျှော့နိုင်တဲ့ အချစ်တွေပေါ့"

"ဟား!..."

သူ့ရယ်သံတွေ ဖွေး နားထဲမှာ ရေခဲတောင်က ပျော်ဆင်းလာသည့် ပျားရည်မြစ်ကြီး စီးသွားသလို ..၊

"ဒီနေ့ ကိုယ် အရှမ်းကို ကျေနပ်သွားပြီ၊ ရတနာကုန်သည်သူဌေးကြီး ဖြစ်သွားပြီလို့ သိခဲ့ရတုန်းကတောင် မင်းအချစ်ကို ပိုင်ဆိုင်ခွင့် ရလိုက်တဲ့အပျော်ကို မီမှာ မဟုတ်ဘူး"

"ဘယ်လို .."

"နောက်တော့ ပြောပြမယ်၊ အခု ရင်ခုန်သံတွေကို အရင် နားထောင်ကြည့် .."

သူက ဖွေး ရဲ့ခေါင်းလေးကို သူ့ရင်ဘတ်နဲ့ ထိကပ်နေအောင် ဖိကိုင်ထားသည်။

"ကြားရလား"

"ကြားတယ်"

"ဘာတဲ့လဲ .."

"ချစ်တယ် .. ချစ်တယ်လို့ အော်နေတယ်"

"အိုခေ .. ဒါဆို ကိုယ့်အလှည့် .."

"ဟာ!... မသိဘူး .. သွား .. ကိုဇ .. နော်"

သူ့မျက်နှာကို အတင်းတွန်းဖယ်နေရင် ဖွေး တအားရယ်နေမိသည်။ ထိုစဉ် ...

"ဟယ်!... ဒုတ် .. ဒုက္ခ .. ဖွေး .. အဲ .."

မိုး ခြေလှမ်းတွေလည်း မှား .. စကားတွေ ထစ်ငေါ့ကာ ဖုန်း





ကိုင်ထားရင်း ပြန်လှည့်ပြေးရသည်။ သို့သော် ပြေးထွက်ခဲ့ပြီးမှ ရင်သွားပြန်ကာ ပြန်လှည့်မလို့ ကိုယ်တစ်ပတ်လည်ပြီးမှ ဖျတ်ခနဲ ကျေးနိုင်းလိုက်မိပြီး ...

"ခေါ် .. ခေါ်နေပြီ ဖွေး .. သွားမယ်လေ .. ပြီးရင် အဲလေ .. မပြီးလည်း အို .. မဟုတ်သေးပါဘူး၊ မမမိုး သွားနှင့်ပြီနော်၊ ဖွေး ရေ .. မြန်မြန်လုပ် .. ဩော် .. ဒီပါးစပ် .."

"မမမိုး မြင်သွားပြီ"

ဖွေး ပါးပြင်လေးတွေ နှင်းဆီပွင့်ဖတ်လေးတွေလို ပန်းသွေးစို့လျက် ဖူးပြည့်သည့် နှုတ်ခမ်းလေးကို ရှက်ရွံ့စွာ ဖိကိုက်ထားရင်း ငုံ့ပစ်လိုက်သည်။

ဇ ရယ်လိုက်ပြီး ဖွေး နှုတ်ခမ်းသားလေးတွေကို နှာခေါင်းလိမ်သလိုမျိုး သူ့လက်တွေနဲ့ မချင့်မရဲ ဆွဲလိမ်ပစ်မိလျက် ...

"အရှမ်းချစ်ဖို့ကောင်းတာပဲ၊ လာ .. ကိုယ့်ရင်ခွင်ထဲမှာ ခဏဝင်နေလိုက်"

"ဝင်တော့ ဘာဖြစ်မှာလဲ"

"မရှက်တော့အောင် သင်ပေးမယ်လေ"

သူ ပွေ့ယူလိုက်တဲ့အတိုင်း ဖွေး ရင်ထဲမှာ အလိုက်သင့်လေး ပါသွားခဲ့၏။ ဇ က ဖွေး ပခုံးလေးကိုဖက်၍ ပင်စိမ်းတန်းလေးတွေထဲကနေ အတူတူ လျှောက်ထွက်လာရင်း ...

"ကိုယ် ပြောပြီးသားနော် .. ဘယ်သူ သဘောတူတူ မတူတူ ကိုယ့်နောက်ကို လိုက်ရမယ်"

"ကိုကလည်း .. ဖွေး က .."

"ဘာလဲ မရဘူးနော် .. ကိုယ် ပြောပြီးပြီ"

"ဘာမှလည်း မပြောရသေးဘဲနဲ့ ခေါ်သတွက်ဖို့ပဲ ဖွေး ထ တို့ ခေါ်ခေါ်မခေါ်ခေါ် လိုက်မယ့်သူ .."



www.burmeseclassic.com

www.burmeseclassic.com



"အိုခေ .. ဒီကလည်း ဘယ်သူတားတား မတားတား မင်းရဲ့ လက်တစ်ဖက်ကို ဆုပ်ပြီး ရင်ဆိုင်ကျော်ဖြတ်ဖို့ ပြင်ဆင်ပြီးသား .."

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ရယ်မိကြသည်။ သူ့ပခုံးမှာ ခေါင်းတင်မှီရင်း သူ့မျက်နှာကို မော့ငေးတော့ နှဖူးပြေပြေလေးကို ဖ က လေနဲ့မှုတ်သည်။

ဖွေး သူ့နှာခေါင်းချွန်ချွန်ကို ဆွဲလိမ်ပစ်မိ၏။ လက်လေးကို ဖမ်းဆုပ်ထားပြီး သူ့နှုတ်ခမ်းနဲ့ ဖိကပ်နမ်းလိုက်တော့ ရင်ထဲမှာ နွေးခနဲ လှုပ်ခါသွား၏။

ဩော် .. ဩော် .. ကမ္ဘာကြီး သာယာနေပါလား ..၊

ကားဘေးမှာ ရပ်စောင့်နေရသည့်အဖြစ်ကနေ မိုး ကားထဲကို ဈွေ့ခနဲ ရောက်သွားသည်။

စိန်တိုက်ရှေ့ကို ဒီတိုင်း ဖြတ်လျှောက်လာကြရင်တော့ ခက်ပြီ..၊ သတိပေးလိုက်ဖို့အတွက် မိုး ကားဟွန်းတီးပစ်လိုက်တာ တီခနဲ ..၊

ချစ်လည်း ချစ်ကြ၊ သတိလည်း ထားဦးပေါ့ ..။

**လရောင်ကျူးရင့်**

၁



www.burmeseclassic.com